www.burmeseclassic.com


# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ကိုးနဝင်းမိုးလင်းဇရပ်သို့ကြွလာခဲ့သည်

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com

မောင်ညိုမှိုင်း(သန်လျင်)၊ လေးဖောင်၊ ထောင်မှူးကြီးသိန်းဝင်း၊ ဂေဃျမင်းသျှင်၊ မိုးတျ[illegible]ကိုယ်၊ နန်းရွှေရည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၆၈၀၅၁၂
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၉၉၀၅၁၂

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၂၊ ဇွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ . ၈၃
ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်) စီစဉ်သော ကိုးနဝင်းမိုးလင်းရင်သိကြလိမ့်မည် အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ / ကလောင်စုံ– ရန်ကုန်၊ စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၃၂၀–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်) စီစဉ်သော ကိုးနဝင်းမိုးလင်းရင်သိကြလိမ့်မည် အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ကိုးနဝင်း မိုးလင်းရင် သိကြလိမ့်မည်<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | သံသေဒဂေအောင်ဝါ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၉ |
| ၃။ | တစ်ခုသော တစ်ရံတစ်ခါ<br>*ဧေယျမင်းသျှင်* | ၆၉ |
| ၄။ | ဒုတိယမြောက်သားကောင်<br>*လေးမောင်* | ၁၃၄ |
| ၅။ | ဆာယိုနာရာ<br>*မိုးကျရွှေကိုယ်* | ၂၀၃ |
| ၆။ | မိုးသွန်နဲ့အပြိုင် အနိုင်မိုက်ကြလျှင်ဖြင့်<br>*နန်းရွှေရည်* | ၂၉၀ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

| ၁ |

ကျွန်တော်နှင့် ဤဘုန်းကြီးအိုတို့သည် နေ့စဉ်နံနက်တိုင်း မျက်နှာချင်းဆိုင် ဆုံတွေ့နေသည်မှာ (၁၅)ရက်၊ အရက်(၂၀)နီးပါးခန့် ရှိပြီဖြစ်၏။

မနက်စောစော (၆)နာရီမထိုးခင်မှာ ကျွန်တော်က ကျွန်းမာရေးအလို့ငှာ လမ်းလျှောက်၏။ လမ်းလျှောက်ပြီးပြန်လာလျှင် ဈေးသွား၏။

စားချင်တာဝယ်၏။

ဝယ်လာသမျှကို သားလုပ်သူက ဒိုင်ခံချက်၏။

ဒါ နေ့စဉ်နံနက်တိုင်း ကျွန်တော်တို့ရဲ့ နိစ္စဒူဝ အလုပ်ပဲဖြစ်သည်။



BURMESE CLASSIC .com



တစ်နေ့ ကျွန်တော် လမ်းလျှောက်နေစဉ် အနီဘုန်းကြီးအိုကို တွေ့ရခြင်းဖြစ်၏။

ဘုန်းကြီးအိုသည် အသက်(၈၀)ခန့် ရှိမည်ထင်ရ၏။ ညာဘက်ခြေ အနည်းငယ်နိမ့်နေ၍ လမ်းလျှောက်လျှင် ညာဘက်အခြမ်း နည်းနည်းနိမ့်နိမ့်သွား၏။

ကြိုးသိုင်းသပိတ်ကို လွယ်ထားသည်။

သက်န်းကို လက်ကတော့ထိုးရုံထား၏။

ဘုန်းကြီးအိုရဲ့ မျက်ခုံးမွေးများသည် ဖြူဖွေးနေ၏။ ဦးပြည်းပေါ်မှ ထိုးထိုးပြူပြူဆံပင်တို့ကလည်း အားလုံး ဆွတ်ဆွတ်ဖြူ၏။

ကုန်းတက်ကို နိမ့်တုံခြေလှမ်းဖြင့် တစ်လှမ်းခြင်း မှန်မှန်လျှောက်လာ၏။

ခါးအနည်းငယ် ကိုင်းသော်လည်း တောင်ဝေှးကိုအားမပြု။ ကုန်းတက်မှာမောလျှင် ခဏရပ်နား၏။

ပြီး ကောင်းကင်ကို မော့ကြည့်ပြီး ဆက်လျှောက်၏။

ကျွန်တော် ဘုန်းကြီးအိုကို အထူးသတိပြုမိသည်ကား အခြားမဟုတ်။

ဘုန်းကြီးအိုနှင့် ခွေးပေါင်းများစွာတို့ အကြောင်းပဲဖြစ်သည်။

ဘုန်းကြီးအိုသည် နံနက်အစောကြီး အလုပ်သမားများတောင် လမ်းပေါ်မရောက်သေး ...

ကြိုးသိုင်းသပိတ်ကြီးလွယ်၍ လမ်းမပေါ်ရောက်နေ၏။ ကျွန်တော်တို့ရပ်ကွက်သည် ဗဟိုကျသည့်ရပ်ကွက်ဖြစ်သည့်အပြင် ကတ္တရာခင်းလမ်းမကြီးကလည်း ဖြောင့်ဖြူးနေ၍ ကား၊ ဆိုင်ကယ်၊ ဂေါ်ဘီး၊



www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်သွားခရီးသည်များက ကျွန်တော်တို့ရပ်ကွက် အလယ်ဗဟိုလမ်းမကြီးကို အစိကအားပြု၍ သွားကြ၏။

လမ်းစုစုပေါင်း (၆)လမ်းရှိသည်။

လမ်းတိုင်းမှာ မုန့်ဟင်းခါးသည်၊ တိုရှည်သည်၊ မုန့်ပျားသလက်သည်၊ အသုပ်စုံသည်လည်း ရှိ၏။

ဘုန်းကြီးအိုသည် တိုရှည်ဆိုင်ရှေ့မှာ ရပ်၏။ ပြီး ... တိုရှည်တစ်ရာကျပ်တန် နှစ်ခုမှာ၏။

ရသော် ပိုက်ဆံပေး၏။

ပေးပုံမှာ လက်နှင့်ကိုင်၍မဟုတ်။ ဘုန်းကြီးအိုရဲ့ သပိတ်အဖုံးပေါ်မှာ မည်သူနံနက်စောစော လှူလိုက်မှန်းမသိရသည့် ငွေစက္ကူအချို့ ထင်သာမြင်သာရှိနေ၏။

ဘုန်းကြီးအိုက တိုရှည်သည် ကုလားမအား နှစ်ရာယူလိုက်၊ တစ်ရာယူလိုက် စသည်ပြောလေ့ရှိ၏။

အကယ်၍ ငါးရာတန်ဖြစ်နေလျှင် ...

တိုရှည်သည်ကုလားမ ပြန်အမ်းသည့်တိုင်စောင့်၏။ ပြီးနောက် ၎င်းတိုရှည်နှစ်ခုကိုကိုင်ပြီး ခပ်လှမ်းလှမ်းမှာ ရပ်နေလေသည်။

ရပ်သည်နှင့်တစ်ပြိုင်နက် ...

လမ်းထဲမှ ခွေးနီ၊ ခွေးနက်၊ ခွေးကျား၊ ခွေးအအုပ်များ၊ ခွေးအို၊ ခွေးနာပါမကျန် ဘုန်းကြီးအိုရှိရာသို့ အော်ဟစ်ပြေးဝိုင်းလာကြ၏။

သူတို့သည် ဘုန်းကြီးအိုလက်ထဲက တိုရှည်နံ့ကို ရှူရှိုက်ရင်း အူ ... အူ ... အီ ... အီ ... အိန် ... အိန် ... အိုင် ... အိုင် နှင့် အူမြူးနေကြ၏။





မြန်မာလို ပြန်ဆိုရလျှင် ...

"အရှင်ဘုရား ... အနံ့လေးက သင်းလိုက်ပါဘိနော်ဘုရား"

"အဲဒါ ဘာမုန့်လို့ခေါ်လဲဟင်"

"ဟိုကောင်ကုပ်ကျား ဘုန်းကြီးကျွေးရင် ငါအရင်စားမယ်နော်။ ငါက ခွေးခေါင်းသူကြီး"

"အဘ ဆာလွန်းလို့ပါ အောင်နက်ရာ။ အဘကိုဦးစားပေးပါနော် အောင်နက်"

"ကျွန်မ နို့မျက်နေလို့ပါရှင်။ ကလေးတွေကို ဦးစားပေးပါလားဟင် ... လို့"

ခွေးတို့၏ ဟန်ပန်အမူအယာ အသံနေအသံထားကိုကြည့်ပြီး ကျွန်တော် ဂမ္ဘီရစာရေးဆရာသည် သည့်နှယ် ဘာသာပြန်ပေးရချိမ့်မည်။

ခွေးတို့အထာကို ဘုန်းကြီးအိုသည် သိလေ၏။

သူသည် တိုရှည်ကို နည်းနည်းစီဖဲ့ပြီး ခွေးအားလုံးကို ကျွေးလေ၏။ ခွေးဆယ်ကောင်ခန့်အား တိုရှည်နှစ်ခုမျှ ဝေကျွေး၏။ ခွေးတို့သည် နောင်အခါ ဘုန်းကြီးအိုလာမည့်လမ်းထိပ်မှ နံနက်စောစော အသင့်ကြို၍နေလေ၏။

ဘုန်းကြီးအိုကလည်း နေ့တိုင်းဝတ္တရားမပျက် ဝယ်၍ကျွေး၏။

ခွေးအုပ်သည် ဘုန်းကြီးအိုရှေ့မှာ မတ်တတ်ရပ်၍ တောင်းသည်လည်းရှိ၏။

ခုန်၍ခုန်၍ လုစားတော့မည့်ဟန်နှင့် တောင်းသည်လည်းရှိ၏။ ဝိုင်း၍ လိုက်၍ ပတ်၍ မျက်နှာချိုသွေး၍ တောင်းသည်လည်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အသက် (၈၀)ကျော် ခါးကုန်းကုန်းနှင့် ဘုန်းကြီးအိုသည် ဘယ်ခွေးမစားရသေးဘူးဆိုတာကို သိ၏။

သိလျှင် ...

ထိုခွေးရှိရာကိုသွားပြီး ပါးစပ်ထဲအရောက် ခွံ့ကျွေးလေ၏။

သည်လမ်းထဲမှာပဲ တိုရှည်နှစ်ခုကုန်သော် ဘုန်းကြီးအိုက စကားလုံးဝမပြောဘဲ လက်နှစ်ဖက်ကိုခါပြ၏။

မရှိတော့ဘူး။

ကုန်ပြီ။

ခွေးတို့ကလည်း အင်္ဂလိပ်လို၊ မြန်မာလို ပြောစရာမလို ဘုန်းကြီးအိုလက်ထဲမှာ စားစရာကုန်မှန်းသိသော် အသီးသီး အသက ကိုယ့်အရပ်ရှိရာ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားမှသည် ...

သခင်ခွင့်ပြုထားသည့် အိမ်များရှိရာသို့ ပြန်လေ၏။

ဘုန်းကြီးအိုက ပြန်သွားသောခွေးအုပ် မပြန်သေးဘဲ ငုတ်တုတ်ထိုင်စောင့်နေသည့်ခွေးအုပ်။

ဘာလက်ကျန်လေးများ စွန့်ကြဲဦးမှာလည်းဟု အားကိုးတကြီး မျှော်လင့်ငေးမောကြည့်နေသည့် ခွေးများအားလုံးကို ချော့ပြီး ခေါင်းတညိတ်ညိတ်လုပ်၍ ရေလမ်းသို့ ခရီးဆက်လေ၏။

✿ ✿ ✿

| ၂ |

ရေလမ်းသို့ရောက်သောအခါ ဘိန်းမုန့်ဆိုင်ရှေ့မှာရပ်၏။ ဘိန်းမုန့်ငါးခုဝယ်၏။ ဘိန်းမုန့်သည်က စက္ကူနှင့်ထုပ်၍ ဘုန်းကြီးကိုကပ်၏။

ဘုန်းကြီးအိုက သပိတ်အဖုံးပေါ်မှ ငွေစက္ကူကို လက်ညှိုးထိုးပြပြီး ယူဟုဆို၏။

ဘိန်းမုန့်သည်က မယူ။ လက်အုပ်ချီ၍ ...

''လှူဒါန်းပါသည် ဘုရား''

သို့ကလို ဈေးသည်ကပြောတော့ ပါးစပ်က သာဓုမခေါ်။ ဦးခေါင်းကိုညိတ်ပြီး ဘိန်းမုန့်ထည့်သည့် ဈေးဗန်းကိုယူ ညာလက်နှင့် သုံးကြိမ်သပ်ပေးလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဈေးသည် (ဘိန်းမုန့်သည်) က လက်အုပ်ချီရင်းမှ သာဓု ... သာဓုပါဘုရားဟု ရှိရှိသေသေပြန်ပြောသည်ကို ကျွန်တော် နေ့စဉ် နီးပါးမြင်ရလေသည်။

ဘုန်းကြီးအိုသည် ဘိန်းမုန့်များကို သေးသေးလေးများဖြစ်အောင် ဖဲ့ဆိတ်ပြီး မိုးပေါ်မော့၍ ဝဲယာသို့ကြည့်၏။

ခေတ်ကြိုးပေါ်မှာနားနေသည့် ကျီးကန်းအုပ်ကြီးက ဘုန်းကြီးအိုကြီးနှင့် ဘိန်းမုန့်များကိုမြင်၏။

တအားအား အော်ကြ၏။

လူးလာပျံသန်း အော်ဟစ်ကြ၏။

ကျွန်တော်မှန်းဆပြီး မြန်မာပြန်ဘာသာပြန်ရလျှင် ...

"တို့အဖေကြီးလာပြီဟေ့ ... အားလုံးအသင့်ပြင်ကြ"

"ဘိန်းမုန့်တွေ အများကြီးဟ"

"နှမ်းစေ့လေးတွေတောင် ဒီကမြင်ရသဟဲ့"

"အဲဒါ ဘယ်သူ့ဘိန်းမုန့်တုံးဟဲ့"

"ထန်းပင်ကုန်း(၁)လမ်း ကိုလှဝင်းမိန်းမ ဘိန်းမုန့်ဟဲ့"

"ဟုတ်လား ...။ ဒါဆို စားကောင်းပြီပေါ့ဟေ့ ... ဦးလှဝင်းမိန်းမက ဘိန်းမုန့်ဖုတ်ရင် ဆီရွှဲရွှဲသုံးတာဟေ့"

"ဟိုကောင် ... နင့်အဖေကို သွားခေါ်ဦးလေ"

"ယောက်ဖရေ ... လာဟေ့ ...။ တို့ဘုန်းကြီးရောက်နေပြီ ကုန်သွားလို့ ငတ်ပေါက်ဖြစ်နေမယ် မြန်မြန်လာပါဟ ..."

ဤသို့ မြန်မာပြန် ဘာသာပြန်ရပေလိမ့်မည်။

အဘယ်ကြောင့်မူ ...

---





ကျီးအုပ်ကြီး ကောင်ရေတစ်ရာခန့်သည် ဘုန်းကြီးအိုကြီးကို မြင်သည်နှင့် ပျံဝဲအော်ဟစ် ခရီးကြိုဆိုကြ၏။

တောင်ပံရိုက်သံတဖြန်းဖြန်းကို ကြားရ၏။

ဘုန်းကြီးအိုက ဘိန်းမုန့်ဖဲ့စများကို မြေပြင်သို့ဖြန့်ကြဲ၍ ချပေးလိုက်သောအခါ ...

တဝုန်းဝုန်းတဖြန်းဖြန်း ပြေးပျံလာပြီး သုတ်ထိုး၍ ကောက်စားကြ၏။

အချို့သော ကျီးကန်းမကြီးများက ရလာသည့်အစာကို သူမစားဘဲ ခေတ်ကြိုးပေါ်၊ ဖုန်းကြိုးပေါ်နားနေသည့် သူတို့သားငယ်များကို ကျွေးနေကြသည်ကို မြင်ရသောအခါ ...

အလှူရှင်ဘုန်းကြီးအိုကြီးရဲ့ ရင်ထဲ ဘယ်သို့ရှိနေသည်မသိ။

မြင်နေရသူ ကျွန်တော့်ရင်ထဲမှာ လွန်စွာ ကြည်နူးချမ်းမြေ့ရ၏။

ကျွန်တော်က လေကောင်းလေသန့်ရအောင် လမ်းလျှောက်၏။

ဘုန်းကြီးအိုက ကသိုလ်ကောင်းရရန် နံနက်စောစောထ၍ ကောင်းမှုကုသိုလ်ပြု၏၊ လျှောက်၏။

နံနက်ခင်း၏အလှစစ်ကို ကျွန်တော်မြင်နေရသည်။

ကျီးကန်းအုပ်ကြီးသည် ဘုန်းတော်ကြီး ဘုန်းကြီးအိုရဲ့သပိတ်ပေါ်တောင် နားချင်အောင် ရဲတင်း၏။

ဘုန်းကြီးအိုလက်ထဲမှာ ဘိန်းမုန့်များကုန်သွားတော့ ဘုန်းကြီးအိုက ထုံးစံအတိုင်း လက်နှစ်ဖက်ကို ခါပြ၏။

---



www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်းများက မြေပြင်မှာရပ်၍ မော့ကြည့်နေကြ၏။ တချို့က ခွတ်ကြိုး၊ ဖုန်းကြိုး၊ သစ်ကိုင်းများပေါ်မှာနားရင်း အသံမျိုးစုံနှင့် အော်ဟစ်နေကြ၏။

"အရှင်ဘုရား ...နက်ဖြန်လည်း လာဦးနော်"

"သာဓုပါတော် ... သာဓု ... သာဓု ..."

"နောက်နေ့လည်း ကိုလှဝင်းမိန်းမဘိန်းမုန့်ပဲ ဝယ်ခဲ့နော် .. ဘုန်းဘုန်းကြီး"

သို့ကလို ပြောနေသည်ထင်ရရဲ့။

ဘုန်းကြီးအိုကြီးက တအားအား တကျိကျိ အော်ဟစ်ဝမ်းသာနေသည့် ကျီးကန်းများကို မော့ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်လို့ ရှေ့ဆက်လျှောက်လာ၏။

✿ ✿ ✿

## | ၃ |

❑

ပြောင်းဖူးဆိုင်ရှေ့မှာ ဘုန်းကြီးအိုကြီး ရပ်ပြန်၏။ ပြောင်းဖူးသုံးဖူးဟု လက်ညှိုးထိုးပြီး လက်သုံးချောင်းထောင်ပြ၏။

ပြောင်းဖူးသည်က ပြောင်းဖူးပြုတ်သုံးဖူးကို သပိတ်ပေါ်သို့ ကပ်တင်၏။ ဘုန်းကြီးအိုကား သပိတ်အဖုံးပေါ်မှ ပိုက်ဆံကို လက်ညှိုးထိုးပြ၏။

ပြောင်းဖူးသည်က ကျသင့်ငွေကိုယူပြီး ကန်တော့၏။

ဘုန်းကြီးအိုက ဆိုင်ရှေ့မှထွက်လာပြီး ကမ်းနံဘေးမြေကွက်လပ်မှာရပ်၏။

ဘုန်းကြီးအိုကိုမြင်သော် နိဗ္ဗာန်နှင့် ဆက်ရက်အုပ်တို့သည် ဝုန်းခနဲဝေါခနဲ ပြေးလာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဘုန်းကြီးအိုက ...

ပြောင်းဖူးများကို အစေ့ချွေပြီး နွားအုပ်ရှိရာသို့ ကြပ်ကျွေးလိုက်သောအခါ နွားအုပ်၊ ဆက်ရက်အုပ်နှင့် စာခေါင်းကြီးမျိုးစုံတို့သည် အတောင်ဖြန်းဖြန်းရိုက်ပြီး အားရဝမ်းသာ စားကြသောက်ကြလေသည်။

ပြောင်းဖူးသုံးဖူးကုန်သော် ဘုန်းကြီးအိုက နွားများကိုလက်ခါပြ၏။ နွားတို့ကလည်း သိ၏။ ဖုန်းကြီးပေါ်မှာနား၍ ဘုန်းကြီးအိုကို စိုက်ကြည့်နေကြ၏။

ဆိုရလျှင် ...

ဘုန်းကြီးအိုရဲ့ ဒါနကောင်းမှုကို ကျွန်တော် နေ့စဉ်မနက်လယ်းလျှောက်တိုင်း မြင်နေရ၏။

ခွေးအုပ်ကြီးကလည်း သူ့ကိုမြင်သည်နှင့် အူမြူး၏။

ကျီးအုပ်ကြီးကလည်း သူ့ကိုမြင်သည်နှင့် ဝမ်းသာအားရကြ၏။

နွားအုပ်ကလည်း သူ့ကိုမြင်သည်နှင့် မြေပြင်မှာအသင့် နေရာယူထားကြလေ၏။

ဘုန်းကြီးအိုကြီးရဲ့ အပြုအမူကို စိတ်ဝင်စားလွန်း၍ သူ့အကြောင်းကို စုံစမ်းကြည့်လိုက်သောအခါ ...

ဤဘုန်းကြီးအိုကြီးသည် ဒီမြို့ဒီနယ်သားမဟုတ်ဟု သိရ၏။ ဟို၊ ... ရှမ်းပြည်နယ်မှ ဘုန်းတော်ကြီး ဟုသိရ၏။

သပိတ်တစ်လုံးနှင့် နယ်စုံအောင်လှည့်၏။

ဝါတွင်းရောက်လျှင် သူ့ကိုလက်ခံသည့်ကျောင်းမှာ ဝါဆို၏။ လက်မခံလျှင် ကြုံရာဘုရားစေတီဝင်းမှာ တည်း၏။

တရားထိုင်၏။





သုသာန်ကမ္မဋ္ဌာန်းထိုင်၏။

ကြာတော့ ကျွန်တော်နှင့် ရင်းနှီးစပြုလာ၏။

ယခုလည်း စေတီပရဝုဏ်မှာ မိုတင်း၍နေသည်ဟု သိရ၏။ အချို့သော ဘုန်းကြီးကျောင်းများက သူ့ကို လိုလိုလားလား လက်ခံကြ၍ လိုလိုလားလားလက်ခံသည့်ကျောင်းကို သူအလှူခံရသည့် နဝကမ္မအလှူငွေများအား ဤကျောင်းမှ ပြန်ထွက်ကာနီး အချိန်ရောက်လျှင် အကုန်ပေးလှူသွားလေ့ရှိသည်ဟု သိရ၏။

ဘုန်းကြီးအိုကြီးနှင့် ရင်းနှီးသည့် ဘုန်းကြီးကျောင်းမှ ဦးဇင်းတစ်ပါးပြောပြ၍ သူ့အကြောင်း အတော်အတန်သိရလေ၏။

ဘုန်းကြီး၏ဘွဲ့အမည်မှာ ( ........ ) ဟု ခေါ်သည်။

ရှမ်းပြည်နယ်၊ ပင်လောင်းဇာတိသားဖြစ်သည်။ နောင်အခါ ဘုန်းကြီးအိုကြီးနှင့် ကျွန်တော် ရင်းနှီးသွားတော့မှ ဘုန်းကြီးအိုရဲ့ ဘဝဇာတိကို သိရတော့၏။

အမေနှင့်အဖေက ငယ်စဉ်ကလေးဘဝတုန်းက သူပုန်များသတ်၍ သေဆုံးခဲ့ရ၏။

ကျေးမွေးစောင့်ရှောက်သည့် ဆွေမျိုးမရှိ၍ ရှမ်းဘုန်းကြီးတစ်ပါးက ကောက်ယူမွေးစားခဲ့ပြီး ကိုရင်ဝတ်ပေးကာ ပညာသင်ပေးခဲ့သည်။

ကျေးရွာရှင် ရှမ်းဘုန်းကြီး ပျံလွန်တော်မူသွားချိန်မှစ၍ သပိတ်တစ်လုံးကိုပိုက်၍ နယ်စုံရပ်စုံလျှောက်သွား သင်္ချိုင်းမှန်သမျှ တရားထိုင် ...

ရသမျှ လှူခဲ့သည်မှာ ဘယ်ရွေ့ဘယ်မျှ မမှတ်မိတော့ဟုသိရ၏။



www.burmeseclassic.com

www.burmeseclassic.com



''မြို့ဘယ်နမြို့ ရောက်ခဲ့ပြီတုံး . . . ဘဘုန်း''

''အများကြီးကွ . . .''

''ဘယ်လောက်များတုံး''

''တစ်နှစ်ကို နှစ်မြို့နှုန်းနဲ့ နေခဲ့တာပ။ အခု အသက်(၈၅) ရှိပြီဆိုတော့ အများကြီးပါပေါ့နော''

''သင်္ချိုင်းကုန်းတိုင်းမှာ တရားကျင့်ခဲ့တာချည်းပဲလား''

''ဟုတ်ပနော . . .''

''သင်္ချိုင်း ဘယ်နှစ်ခုရှိသွားပလဲ''

''အများကြီးပဲ။ သင်္ချိုင်း သုံးရာကျော်မယ်ပ''

''သင်္ချိုင်းကုန်းမှာ ညဘက် တစ္ဆေသရဲတွေ မတွေ့ရဘူးလား''

''တွေ့တယ်''

''ဘယ်လိုတွေ့ရတာတုံး . . . ဘဘုန်း။ ပုံသဏ္ဌာန်ပြောပြပါဦး ဘုရား''

''မပြောကောင်းဘူး''

''ဘာလို့ မပြောကောင်းတာတုံး''

''ဝိနည်းတော်က ခွင့်မပြုဘူး''

''ဘဘုန်း . . .''

''ဘာတုံး . . .''

''သမထအား၊ ဝိပဿနာ အားကောင်းတော့ အကြားအမြင် မရဘူးလား''

''အဟင်း . . . ဟင်း . . . ဟင်း . . .''

''ပြောပါဦးဘုရား''

''ဘာလုပ်သိချင်ရတာတုံး''

---





''တပည့်တော် စိတ်ဝင်စားလို့ပါ''

''သူများပြောတိုင်းမယုံနဲ့။ ကိုယ်တိုင်ကျင့်ပါ''

''ကျင့်ရင် ရလားဘုရား''

''ရတယ်။ မယူနဲ့''

''ဘာဖြစ်လို့လည်း ဘုရား''

''ဝိပဿနာကြောင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုတဲ့ မဂ်ဉာဏ်ဖို ဉာဏ်ကိုယူ။ သမထကြောင့်ဖြစ်သည့် ဈာန်သမာဓိအကြားအမြင်ကို ယူ ပေါက်ရင် ဝိဇ္ဇာလမ်းကို ရောက်သွားလိမ့်မယ်။ ဝိဇ္ဇာရောက်ရင် နိဗ္ဗာန် ကိုသွားမည့် လိပ်စာပျောက်ရော။ အဲဒီလိပ်စာပျောက်ရင် ဘယ်ကိုလမ်း မှားပြီးရောက်မလဲ သိလား''

''မသိပါဘူး ဘုရား''

''ငရဲပြည်ကို လိပ်စာမှားပြီးရောက်ရော မှတ်ထား''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

❑

ယခုလည်း ရှမ်းဘုန်းအိုကြီးသည် ဘုရားထီးတော်သစ်ပြုပြင်တင်လှူမည့် စေတီတစ်ဆူပရဝုဏ်မှာ ရောက်နေ၏။

ဤဘုရားစေတီကလည်း ရပ်အစွန်မှာရှိ၏။

ရှေးဟောင်းဘုရားပျက်တစ်ဆူဖြစ်၏။ ဘယ်ခေတ်ဘယ်အခါတုန်းက မည်သူတည်ထားကိုးကွယ်ခဲ့မှန်းမသိ။

ခြကိုရှင်းရင်းက ကုန်းကိုပြိုရင်း ကုန်းပြိုထဲကနေ ရှေးဟောင်းအုတ်ချပ်များနှင့် ဘုရားပြိုပျက်အခြေကိုတွေ့၍ ခြရှင်က သာသနာပြုသည့်သဘောနှင့် အရပ်ကို စေတီတည်ရန်အပ်လေ၏။

ဆင်းရဲသားရပ်ကွက်ဖြစ်၍ ရှိစုမဲ့စုနှင့် ငွေနည်းနည်းရလိုက်၊ အုတ်တစ်ရာ၊ နှစ်ရာဝယ်လိုက် ဘိလပ်မြေလေးဝယ်လိုက်နှင့် တည်လာခဲ့လိုက်သည်မှာ ...





သုံးနှစ်ခန့်ကြာသည့်တိုင် ကိုးတောင်ပြည့်စေတီသဏ္ဌာန်တော့ ပီပီသသ ပုံပေါ်ခဲ့ပြီဖြစ်၏။

အရံစေတီမတည်နိုင်သေး။ ထီးတော်အလှူရှင်မပေါ်၍ ထီးတော် ဘယ်နားနေမှန်းမသိ။

သူတို့အရပ်ဒေသက ဘုရားကြီး၊ ဘုရားလတ်၊ စေတီကြီး၊ စေတီလတ်တို့ကတော့ သူဌေးတွေ၊ လုပ်ငန်းရှင်ကြီးတွေ၊ ကုန်သည်ပွဲစားတွေ၊ မြို့မျက်နှာဖုံးလူကြီးတွေ မတည်လှူဒါန်းကြ၍ ...

စေတီလည်း ဖြစ်ပုံမြန်၏။

ဘုရားလည်း ချက်ချင်းပွင့်၏။

သိမ်တော်ကြီးများဆိုလည်း တာဝတိံသာနတ်နန်းလို မကြာချက်ချင်း ဖြစ်ပေါ်လာ၏။

သိန်းတစ်ရာလှူသည့်အလှူရှင် ...

သိန်းငါးဆယ်လှူသည့်အလှူရှင် ...

သတင်းစာထဲမှာ ဓာတ်ပုံဝေဝေဆာဆာနှင့် ခမ်းနားထည်ဝါ၏။

ထီးတော်တင်ပွဲမှာ ရာတန်၊ ထောင်တန်၊ အုပ်လိုက်ဖြန့်ကျဲသည်။ မြင်ကွင်းများက အားရထည်ဝါလှသည်။ ဟောဒီရပ်စွန်ရွာစွန်က ဘုရားငုတ်တိုလေးခမျာ မျက်နှာငယ်လှ၏။

ယောဂီလိုလို၊ နတ်ကတော်လိုလို လူနှစ်ဦးက မြေအိုးနှင့်ထည့်ချက်စား အလှူခံပြီး ရသမျှငွေလေးကို ငါးပကခေါ်ရမလား ငွေထိန်းခေါ်ရမလား ...

အသားမည်းမည်း၊ ရိုးရိုးသားသား အဘိုးကြီးထံအပ်ပြီး စောစောကပြောသည့်အတိုင်း နည်းနည်းချင်းထပ်စု၍ ရသမျှလေးလှူနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည့် ... အညာတရုစေတီလေး။

ဒီမှာ ရှမ်းဘုန်းအိုကြီး သပိတ်တစ်လုံးနှင့် ကြွရောက်လာ၏။

"ဒကာကြီး ..."

"ဘုရား ..."

"ဒီစေတီဘုရား ဘာကြောင့် မပြီးသေးသတုံး"

"ငွေမရှိလို့ မပြီးတာပါဘုရား"

"ထီးတော်ရော တင်ပြီးပလား"

"ဝေလာဝေးပါဘုရား"

"ဂေါပကအဖွဲ့ရော ရှိလား"

"မရှိပါဘူးဘုရား။ ဟောဟိုက ယောဂီကြီး ဦးကြံ့တိုင်းနဲ့ နတ်ကတော် ဒေါ်မွှားဥတို့ ဒီနေရာမှာ အမိုပြုပြီး ဗေဒင်ဟောနတ်ဟောလို့ ရတာလေးနဲ့ လကုန်ရင် လိုက်အလှူခံလို့ရသမျှငွေလေး အားကိုးပြီး တည်နေရတာပါဘုရား"

"ဘယ်လောက်ကြာပတုံး"

"သုံးနှစ်ရှိပါပြီ ဘုရား"

"အင်း ... ကိုးတောင်ပြည့်စေတီကို သုံးနှစ်တည်ရတယ်ဆိုတာ ဘုန်းကြီး ဒကာကြီးတို့အရပ်ရောက်မှ ကြားဖူးတယ်။ ကိုင်း ... ကျုပ် တစ်လအတွင်း ဒီကိုးတောင်ပြည့်ဘုရား ထီးတော်တင်လို့ရအောင် ကျုပ် ဒီဘုရားမှာနေပြီး အစီအရင်ပြုမယ်၊ တရားထိုင်မယ်။ ခွင့်ပြုကြမလား"

"ဒီစေတီမြေဝန်းကျင်မှာ အရှင်ဘုရားတည်းခိုဖို့ ကျောင်းမရှိပါဘူးဘုရား"

"လေးတိုင်စင်နဲ့ နေနိုင်ပါတယ် ဒကာကြီးရဲ့"





"ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်သတုံး ဒကာကြီး"

"ဆွမ်းကွမ်းကိစ္စပါ ဘုရား။ ဒီအရပ်က လွန်စွာ ဆင်းရဲကြသမို့ ဟင်းထမင်းကို မမှန်ကြပါဘူးဘုရား။ ဒါကြောင့် ..."

"ကျုပ်မှာ သပိတ်တစ်လုံးပါ, ပါတယ် ဒကာကြီးရဲ့။ အရေးကြီးတာ ဒကာကြီးတို့ ဒီဘုရားစေတီကုန်းပေါ်မှာ ဘုန်းကြီးကို တစ်လပဲ နေခွင့်ပေးဖို့ပါ။ ဒကာကြီးတို့ ဒီကိုးတောင်ပြည့်စေတီ ထီးတော်နဲ့ တင့်တယ်တာ မြင်ချင်မဟုတ်လား"

"မြင်ချင်ပါတယ် ဘုရား"

"မြင်ချင်ရင် ကျုပ်လည်း ပါဝင်ကူညီ သာသနာပြုချင်လို့ပါ"

အသားမည်းမည်း အသက်ကြီးကြီး တစ်ဦးတည်းသော ... ဂေါပကလူကြီးက သက်ကြားအိုရှမ်းဘုန်းကြီးအိုကြီးကို မယုံမရဲကြည့်နေပြီး ..

ကိုယ့်ကိစ္စကိုယ် ရှင်းနိုင်သည်ဆိုတော့ ...

နောက်ဆုံး သံဃာညီစာရင်း။ လူညီစာရင်းနှင့် ကိုးတောင်ပြည့်ကုန်းပေါ်မှာ နေခွင့်ရလေ၏။

ဘုန်းကြီးအိုကြီးက ...

မိုးလင်းလျှင် ကုန်းပေါ်မှာ မပြည့်မစုံ စေတီကို မျက်နှာမူပြီး ဘုရားရှိခိုး၏။

ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်၏။

ငါးရက်မြောက်သောအခါ ဘုန်းကြီးအိုကြီးက ကြေးစည်အသေးတစ်ခု ရလာ၏။

ငင်းကြေးစည်ကို နံနက်နှင့်ည ဘုရားရှိခိုးပြီးပိုင်း အနှစ်ရှစ်



www.burmeseclassic.com

www.burmeseclassic.com



မှုက်နှာကို အမှုပေးဝေပြီးတိုင်း ကြေးစည်တီးခပ်၍ အမှုဝေ သာခုခေါ်၏။

နောက်ငါးရက်မြောက်သောအခါ လွန်စွာ အသံစည်လှသည့် ကြေးစည်ကြီးတစ်ခုကို ရှမ်းဘုန်းကြီးအိုကြီးရလာပြီး ဘုရားကုန်းပေါ်မှာ ဆင်လေ၏။

၎င်းကြေးစည်ကြီးကို နံနက်စောစော ဘုရားရှိခိုးပြီးသည်နှင့် အားရပါးရ ထုပြီးသောအခါ ...

အုံ့ဩဖွယ်ကောင်းသည်ကား ...

ကြေးစည်ထုသည့် အချိန်ကစ၍ ကျီးကန်းအုပ်ကြီးသည် ဘယ်ကနေဘယ်လို ရောက်လာသည်မသိ။

ကိုးတောင်ပြည့်ဘုရားပေါ်မှာ ကျီးများရောက်ရှိ နားခိုကြလေ၏။

နောက်တစ်နေ့ ကြေးစည်ထု အမှုဝေပြီးသောအခါ ခွေးများရောက်ရှိလာကြသည်ကို အံ့ဖွယ်မြင်တွေ့ကြရလေ၏။

ရွာထဲက ခွေးများလည်းပါ၏။ တစ်ခါမှမမြင်ဖူးသည့် ခွေးများလည်းပါသည်ဟု အသားမည်းမည်း ဂေါပကလူကြီးက ကျွန်တော့်ကို ပြောပြလေ၏။

"ခွေးတွေကို ဘယ်လို အစာကျွေးရတုံးအဘ"

"ခွေးတွေက အများကြီးပဲ၊ အကောင်သုံးလေးဆယ်လောက်ရှိမယ်။ ဘယ်တုန်းကမှ မလာမရှိတဲ့ ကျီးကန်းအုပ်ကြီးကလည်း ရှမ်းဘုန်းကြီးရောက်လာပြီး ကြေးစည်ကြီးတီး အမှုဝေသည့်အချိန်ကစပြီး ဘုရားကုန်းပေါ်ရောက်လာလိုက်တာ နေ့ရောညပါမပြန်ဘူး။ သစ်ပင်ဝါးပင်ပေါ် အိပ်ကြရဲ့ဗျာ။





ခွေးတွေလည်း အံ့ဩစရာပဲ စာရေးဆရာ။ စားစရာလည်း မတောင်းကြဘူး။ ကြေးစည်ရိုက်ရင် အူကြတယ်။ ကျန်တဲ့အချိန် အသံမကြားရဘူး တိတ်လို့။ ဟော ... နောက်နေ့လည်းကျရော ရှမ်းဘုန်းကြီးရဲ့သပိတ်ထဲမှာ ဆွမ်းတွေကို ပြည့်လို့ဗျာ။ အဲဒါ ပိုသမျှကို ကျီးရော ခွေးရော စားရသဗျ"

"ပြီးတော့ရော အဘ၊ ထီးတော်တင်ဖြစ်သွားပလား"

"မတင်ဖြစ်သေးဘူး။ ထီးတော်အလှူရှင်လည်း မပေါ်ဘူး။ အဲဒီမှာ ရှမ်းဘုန်းကြီးအိုကြီးက တစ်ည ထီးမရှိကိုးတောင်ဘုရားမှာ ဆီမီးပူဇော်တာများ ဘုရားအောက်ခြေမှာ ဖယောင်းတိုင်မီးကို မနည်းဘူး။

ဘုန်းကြီးကိုမေးကြည့်တော့ ဖယောင်းတိုင် (၅၅၅) တိုင်ပူဇော်ခဲ့တာတဲ့။ ကျုပ်တို့ကြားဖူးတာက ဆီမီးတစ်ထောင်ပဲ ကြားဖူးတယ်။ သူက ဆီမီး (၅၅၅) တိုင် ပူဇော်သတဲ့။

ဆီမီး ညဘက်ပူဇော်လို့ ဘုရားကိုပတ်လို့ မေတ္တာသုတ်ရွတ်တာများ ကျုပ်သိသလောက်ပြောရရင် တစ်ညလုံးရွတ်တာဗျို့။ သူရွတ်တော့ ယောဂီဝတ်နဲ့လူရော၊ နတ်ကတော်ကြီးရော မနေနိုင်ဘူး။ သူတို့ပါ မေတ္တာသုတ်ရသမျှ ဝင်ရွတ်ကြရော သန်းခေါင်တိုင်မှရပ်တော့တယ်။ အံ့ရောဆရာရေ ... မိုးလည်းလင်းရော ကားဆယ်စီးနဲ့ မိန်းမများ ရောက်လာပါရောခင်ဗျာ။

"ကားဆယ်စီး ..."

"ဟုတ်ပါ့ ...။ ဒေသန္တရလေ့လာရေးဆိုလား၊ ဘူမိဗေဒလေ့လာရေးဆို လား ခေါင်းဆောင်ဆရာမအမျိုးသမီးတစ်ဦး ဦးစီးပြီးလာကြတာဗျာ။ အဲဒါ ကျုပ်တို့ဘုရားကုန်းပေါ်ရောက်လာပြီး သာယာလွန်းလှဆိုပြီး ဂေတ်ပုံရိုက်ကြ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ရှေးဟောင်း ဂဝံကျောက်တုံးကျောက်ပြားတွေကို လေ့လာကြ၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ၊ ဂဝံကျောက်ဘုရားသမိုင်းကို မေးကြ စုံနေတာပဲဗျာ။ ကျုပ်တို့ကလည်း ဂဝံယဉ်ကျေးမှုသမိုင်းဆိုတာ မသိသလို၊ ဒီဂဝံအုတ်ကျောက်ရှေးဟောင်းစေတီပျက်ရဲ့ နောက်ခံရာဇဝင်ကိုလည်း မသိတော့ မပြောပြနိုင်ဘူးလေဗျာ။

ဒီမှာပဲ လေ့လာရေး ဆရာ၊ ဆရာမများ၊ ကျောင်းသူများက ရှမ်းဘုန်းကြီးအိုကြီးကို မေးကြမြန်းကြပါရောဗျာ။

ဒီမှာ ရှမ်းတိုင်းရင်းသူတစ်ဦးက ရှမ်းစကားနဲ့ မေးတယ်ခင်ဗျ။ ပထမ ဘုန်းကြီးအိုကြီးက မဖြေဘူး။ မပြောဘူး။ ဒါနဲ့ ရှမ်းကျောင်းသူက ရှမ်းစကားနဲ့ အတော်ကြာကြာမေးမြန်းတော့မှ ဘုန်းကြီးအိုကြီးက မြန်မာလို ပြောပါရောလား။ နောက်ပိုင်းသိရချက်က ရှမ်းကျောင်းသူ မေးတယ် ...

"ဘဘုန်း ရှမ်းမဟုတ်ကော"

" ...."

"ဘဘုန်းကို မြင်ဘူးနေတယ်နော"

"ဘယ်မှာမြင်ဘူးတုံး"

"နမ့်ဆန်း ရှမ်းသချိုင်းမှာ"

"ငါဟုတ်လို့လား"

"ဟုတ်မှဟုတ်"

"ဒါဆို အဲဒီတုန်းက ငါဘာလုပ်နေတုံး"

"ရှမ်းသချိုင်းမှာ တရားထိုင်ပါကော"

"ပြီးတော့ရော ..."

"နောက်တစ်သချိုင်း ပြောင်းပြန်ရော"





"တော်ပြီ ...။ နောက်ထပ် ငါ့အကြောင်းမမေးနဲ့။ မပြောနဲ့တော့။ အခု ဒကာမတို့ ဘာသိချင်တုံး"

"ဒီစေတီရဲ့ နောက်ခံရာဇဝင် မသိရဘူးလားဘုရား"

"သိရမယ်"

သိရမယ်လို့ပြောရော ဆရာမများနဲ့ ကျောင်းသူများအားလုံး ရှမ်းဘုန်းကြီးအိုအနီးမှာ စုဝေးရောက်ရှိလာကြပါရောခင်ဗျာ။

"အခုတည်နေတာ ကိုးနဝင်းကိုးတောင်ပြည့်စေတီလို့ ခေါ်တယ်"

"မှန်ပါဘုရား"

"ဒီစေတီရဲ့ မူလဒါယကာ ဘယ်သူလဲမသိရဘူး။ သို့သော် ဘုန်းကြီးတို့၊ ဆရာမတို့ ဒကာမကျောင်းသူကျောင်းသားများရဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ ဆွေတော်မျိုးတော်လို့ ယူဆရမှာပဲ။ ဘုန်းကြီးတို့ ဘဝဟောင်းနဲ့ဘဝသစ်ကို အကျိုးနဲ့အကြောင်း ဆက်စပ်ရင် လူလူချင်းလည်း ဆွေမျိုးမကင်းဘူး။ လူနဲ့တိရစ္ဆာန်လည်း အမျိုးမကင်းဘူး။ ဘာကြောင့်လည်း သိလား"

"ရှင်းပြပါဘုရား"

"ကဲ၊ ကဲ၊ အကျိုးကြောင့်လည်းကောင်း။ ကွယ်လွန်ခါနီး အာသန္နကံဇော အရှိန်ကြောင့်လည်းကောင်း။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ရာဂ၊ ကိလေသာ အစွဲအလမ်း၊ ဒါန သီလသာမက ဘာဝနာ သန့်စင်အစွဲအလမ်းများကြောင့် တစ်နည်း၊ ကုသိုလ်ကံစေတနာ၊ အကုသိုလ် ကံစေတနာတို့ကြောင့် သေပြီးချက်ချင်း ဘဝသစ်ပြုရာမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံများမှသည် နတ်ပြည်လူ့ပြည်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဘဝသစ်မဖြစ်ကာလအထိ ရှိကြဖြစ်ကြလားရာဂတိရှိကြတယ်။

ဒါကြောင့် လူနှင့် တိရစ္ဆာန်ပင်သည်လည်း တစ်ချိန်တစ်ခါ တစ်ဘဝတုန်းက အဆွေအမျိုး မတော်ဖူးခဲ့ဘူးလို့ ငြင်းမရဘူး။ ပရလောကသားနှင့် မိမိတို့သည်လည်း ထို့နည်းတူစွာ တစ်ချိန်တစ်ခါ တစ်ဘဝတုန်းက ဆွေမျိုးမတော်စပ်ခဲ့ဘူးလို့ ပြောလို့ရမလား''

''မရပါဘူး ဘုရား''

''အိမ်း ... ဒါကြောင့် အခု ဒကာမတို့ရောက်နေသည့် ဘုရားသည် ဆွေဘုရားမျိုးဘုရားလို့ မှတ်ထင်ရင် ကုသိုလ်ရပေသည်ပေါ့။ စေတနာကံ အကျိုးမယုတ်ပေဘူးပေါ့''

''ဒီစေတီရဲ့ မူလဒါယကာအမည်ကို သက်သေခံ ပေစာ၊ ကျောက်စာ၊ ပုရပိုဒ်စာမရလို့ မသိရပေမယ့် ဒါ ရှေးကျတဲ့ ပါဒခေတ်သုံး ဂဝံယဉ်ကျေးမှုအုပ်စုဝင်လို့ သဘောပိုက်ပါ။ ဂဝံခေတ်ဟာ ရှေးကျတယ်။

လွန်ခဲ့သည့်နှစ်ပေါင်း (၂၆၀၀)လောက် ဘုရားရှင်ပွင့်တော်မူချိန်ကတည်းက ပါဒနိုင်ငံတော် မွန်ပြည်နယ်၊ ပဲခူး၊ ဟံသာဝတီဒေသများမှာ ဂဝံအုတ်ကျောက်နဲ့ ဘုရားကျောင်းကန် နတ်လမ်းဆောက်သည့် ခေတ် ဖွံ့ဖြိုးခဲ့တယ်။

ဆိုရရင် ဗီးဖုတ်မြေအုတ်ခေတ် မပေါ်သေးသည့် ခေတ်တစ်လျှောက်မှာ ဂဝံအုတ်ကို ဓား၊ သံလျက်၊ ပုဆိန်၊ ရဲတင်းနဲ့ထုဆစ်ပြီး အဆောက်အဦးလုပ်တဲ့ခေတ် ရှင်သန်ခဲ့တယ်။ ဒါကို ဂဝံယဉ်ကျေးမှု ဘယ်ကလောက်ရှေးကျတယ်ဆိုတာ ဆရာမတို့ ပိုသိမှာပေါ့''

''ကိုးနဝင်းစေတီအကြောင်း ရှင်းပြပါဦးဘုရား''





မူလတုန်းကတော့ ခေတ်ပညာတတ် ကျောင်းသူတချို့က ရှမ်းဘုန်းကြီးအိုကို သာမာန်ဘုန်းကြီးအိုကြီးတစ်ပါးဟု ထင်မှတ်ခဲ့သော်လည်း ဂဝံယဉ်ကျေးမှုခေတ်အကြောင်းကို ရာဇဝင်သက္ကရာဇ်နှင့်ချီ၍ မင်းအမည်များပါ ညှပ်သုံးထည့်သုံး ဟောပြရှင်းပြနေတော့မှ ...

ဒါ ... စာသုံးလေးတန်းတတ်သည့် ဘုန်းကြီးအိုကြီးမဟုတ်မှန်း သဘောပေါက်သွားကြ၏။ ဘုန်းကြီးအိုကြီးကား သာမာန်မဟုတ်။

''အိမ်း ... ပြောပြမယ်ကွယ့်။ တို့များမြန်မာနိုင်ငံမှာ ကိုးနဝင်းစေတီတော်များကို အထူးတည်ထား ကိုးကွယ်ခဲ့ကြတာသည် မြန်မာသက္ကရာဇ် ၁၂၉၆ ခုနှစ်ခန့်က စခဲ့သကွယ့်။

ကိုးနဝင်းလို့လည်းခေါ် (ကိုးတောင်ပြည့်စေတီ)လို့လည်း ခေါ်ကြသလို ကပ်ကျော်စေတီ၊ ဆုတောင်းပြည့်စေတီ၊ မိုးကောင်းဘုရား၊ ပြည်လုံးအေးစေတီ၊ ပြည်တော်အေးစေတီ၊ ကမ္ဘာအေးစေတီလို့လည်း အမည်အမျိုးမျိုးနဲ့ ဝိသေသပြု ခေါ်ဆိုခဲ့ကြတယ်။ ထူးခြားလို့ပေါ့ ဒကာမတို့ ...''

''မြန်မာသက္ကရာဇ် ၁၂၉၆ ခုနှစ်ဟာ မြန်မာဗေဒင်ကိန်းခန်းအရ ကောလိဓာတ်ဆန်းတဲ့ နှစ်ဖြစ်တယ်။ မကာရန္တဗေဒင်လက်ရိုးမှာ သက္ကရာဇ်တည်ဘိ၊ ဖျည်းခံဒွိနှုတ်၊ သိတိကုတ်ပေ၊ ကြွင်းလေသေသ၊ ပါပစဉ်ဆက်၊ ဓာတ်သက်ဖြင့်ပယ်၊ အပယ်လောက်လျှင် ဓာတ်ဆန်းပင်တည်တဲ့။

တစ်ခါ ...

ကောဓာတည်ရေး၊ ဖျည်းခံဒွေးနှုတ်၊ သိတိကုတ်ပါ၊ ကြွင်းသေသာတွင် ပါ-သူ-မိတ်-ကော၊ မိန့်ဟောစဉ်ညီ၊ တာဝိ-စွာဒသ်၊ သောဠသ်-တိံသာ၊ စဉ်တိုင်းသာနှုတ်၊ မနှုတ်လောက်ရာ ဓာတ်ဆန်းလာတဲ့ အသိတိဓာတ်တွက်နည်းလက်ာလို့ ခေါ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာကောဇာသက္ကရာဇ်ကိုတည် ဖျည်းခံ့ဖို့နှုတ်လက်ာအရ ဖြစ်လို့ နောက်ပြန်ကောက်လိုက်တော့ ၂၀၅ ဖြစ်လာတယ်။ အဲဒီ ၂၀၅ ကို သက္ကရာဇ်ကနေနုတ်၊ နုတ်ကြွင်းကို (သီတိကုန်ပေ)လက်ာအရ (၈၀) နဲ့စားရတယ်။

ကောဇာသက္ကရာဇ် ၁၂၉၆ ခုနှစ်ထဲကနေ (၂၀၅)ကို နုတ်တော့ (၁၀၉၁) ရတယ်။ အဲဒါကို (၈၀)နဲ့စားတော့ (၅၁) ကြွင်းတယ်။ အဲဒီစားကြွင်း (၅၁)ထဲကမှ ပါပခါတ်သက် (၂၂)ကိုနုတ်တော့ (၂၉) ကြွင်းရော။ အဲဒီ (၂၉) ထဲကနေ သူရဲ့ခါတ်သက် (၁၂) ကို တစ်ခါ ထပ်နုတ်တော့ (၁၇) အကြွင်းရပြန်ရော။ အဲဒီ (၁၇) အကြွင်းထဲကမှ အမြိတ္တာတ်သက် (၁၆) ကို ထပ်နုတ်လိုက်တော့ (၁) အကြွင်းရရော မဟုတ်လား။

ကောင်းပြီ ...။ (၁)အကြွင်းကို ကောလီခါတ်သက် (၃၀) နုတ်တော့ မနုတ်လောက်တော့ဘူး။ ဒါကြောင့် ၁၂၉၆ ခုနှစ်ကို ကောလီ ခါတ် စတင်ဆန်းသည့်နှစ်လို့ ခေါ်ကြတာပေါ့။

နောက်တစ်ချက် ...

၁၂၉၆ ခုနှစ်ကို (၃) နဲ့ပြစ်ပြစ်၊ (၉) နဲ့ပြစ်ပြစ်စားရင် အကြွင်း မရှိဖြစ်တယ်။ ဒါကြောင့် (ကြွင်းကျေ၊ နဝင်းကျေ)နှစ်လို့ ခေါ်ပြန်တယ်။

တစ်ခါ ၁၂၉၆ ခုနှစ်ကို နက္ခတ် (၂၇) လုံးနဲ့ စားရင်လည်း ပြတ်တယ်။ ဒါကြောင့် (သတ္တဗိသကျေသောနှစ်)လို့လည်း ခေါ်ကြပြန် တယ်ကွယ့်။

နောက်တစ်ခါ ၁၂၉၆ ကို (၁၂)ရာသီစက်တစ်ပတ်ပြည့်သည့် (၁၀၈)နဲ့စားပါကလည်း အကြွင်းမရှိ (၁၂)ရာသီစက် တစ်ပတ်ပြည့်သဖြင့် (ပြည်စန်းနက္ခတ် ပြီးသောနှစ်) လည်း ဖြစ်ပြန်သကိုး။





ဒါကြောင့် (၁၂၉၆) ခုနှစ်လည်း ကောလီခါတ်ဆန်းသောနှစ် ကြွင်းကျေ နဝင်းကျေ၊ သတ္တဗိသကျေပြီး ပြည်စန်းပြီးသည့်နှစ်လည်း ဖြစ်သည့်အတွက် ကောလီခါတ်ဆန်းသမို့ ...

မြန်မာပြည်ကြီး ကောင်းစားတော့မယ် ...

ရွှေမိုးငွေမိုး ရတနာမိုးရွာတော့မယ် ...

မြန်မာပြည်ကြီး အေးချမ်းသာယာတော့မယ် ...

ဒါကြောင့် ကိုးလက်သစ်၊ ကိုးမိုက်၊ ကိုးထွား ကိုးတောင်ရှိ သည့် ကိုးနဝင်းစေတီ တည်ထားပူဇော်ကြပါလို့ ပညာရှင်များကရော ဗိဇ္ဇာပညာရှင် အောင်မင်းခေါင်တို့ကရော အကြံပြုတိုက်တွန်းကြသမို့ ကိုးတောင်ပြည့်စေတီများ အရပ်ရပ်အမြို့မြို့ အရွာရွာမှာ တည်ထားကိုး ကွယ်ကြရသကိုး ဒကာမတို့ရဲ့''

''မှန်ပါဘုရား။ အရှင်ဘုရားရှင်းပြမှ ဘာကြောင့် ကိုးနဝင်း ကိုးတောင်ပြည့်စေတီများ တည်ထားရသလဲ၊ ကိုးကွယ်ရသလဲကို သဘော ပေါက်ရကြောင်းပါဘုရား''

''ဒါကြောင့် ရှေးအဆို ရှိပါပကောကွယ် ...

ဘုရားလေးငယ်ငယ်

ကိုးတော်ပြည့်တယ်(တည်)

ငယ်သာငယ် ကယ်ဆယ်မည့်ဘုရား၊

ခါတ်ကောလီ နယ်မကူးခင်

ပူကြအများ တဲ့ ...''

''ဘုန်းဘုရား''

''ပြောပါ ဒကာမကြီး''

''ကောလီခါတ်ဆိုတာ ဘယ်လို အဓိပ္ပာယ်ပါလဲဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒါ အဓိကမေးရမယ့် အချက်ပဲ။ ခေတ်သက် ဆိုတာရှိတယ် ဆရာမကြီးရဲ့။ ပါပခေတ်သက်သည် ခေတ်သက်များမှာ အပုဆုံး အညံ့ဆုံးခေတ်သက်ပဲကွယ့်။ သူရဿခေတ်ကလည်း အညံ့အဆိုး လေးပုံသုံးပုံရှိသည့် ခေတ်ပဲ။ အမြီးတွဲခေတ်ကရောတဲ့။ သူကျတော့ အညံ့ တစ်ဝက်ရှိတယ်၊ အကောင်းတစ်ဝက်ရှိတယ်။ 'ကောလီခေတ်'အခါကျ တော့ အနှစ်(၃၀)ရှိတယ်။ အားလုံး သုခခေတ်၊ မင်္ဂလာခေတ် အခါ ကောင်း အချိန်ကောင်း ခေတ်သက်နှစ်ပဲ။

ပါပခေတ်သက် (၂၂)၊ သူရဿခေတ် (၃၀)နှစ်၊ အားလုံးပေါင်း ရင် (အသီတိခေတ်) ၈၀ နှစ်ရှိတယ်။ ဒါကြောင့် ကောလီခေတ်ကျပြီး နဝင်းကျော်တဲ့နှစ်မှာ ကိုးနဝင်း (ကိုးတောင်ပြည့်)စေတီများ တည်ထား ကြတယ်လို့ အဓိပ္ပာယ်ရှိပါတယ်။ နောင်အခါမှာတော့ ကိုးတောင်ပြည့် စေတီ တည်ထားကိုးကွယ်ကြရင် ရပ်ရွာနိုင်ငံအေးချမ်းတယ်လို့ မှတ် ယူပြီး တည်ထားကိုးကွယ်သွားကြတာပါပဲ"

ကြည့်စမ်းပါဗျာ။ စာရေးဆရာရယ်၊ ကျုပ်တို့က ရောက်စတုန်း က ဒီရှမ်းဘုန်းကြီးအိုကြီးကို သပိတ်တစ်လုံးနဲ့ လျှောက်သွားနေသည့် မြေလျှောက်တောထွက် ဘုန်းကြီးအိုကြီး။ စိတ်မနှံ့ချင်သလို ဘုန်းကြီး အိုကြီးလို့ထင်ပြီး သနားသဖြင့်ရော ညစောင့်၊ လူစောင့်သဘောရော့ ဒီမှာထားတာဗျ။

ဘုရားရေ ...

ရှမ်းဘုန်းကြီးအိုကြီးက တက္ကသိုလ်ကျောင်းအသီးသီးက ခေတ် ပညာတတ် ဆရာမများ၊ ကျောင်းသားကျောင်းသူများကိုပြန်ကာ ဘုရား သမိုင်း၊ မင်းသမိုင်း၊ အခါတော်သမိုင်း၊ ပညာကိန်းခန်းများကို အကျအန ရှင်းပြလိုက်ရော။





ကြည့်စမ်း ...

ပညာရှင်တွေ အံ့သြသွားကြရော၊ လေးစားသွားကြရော။ ပြန်ခါ နီးလည်းကျရော အားလုံးစုပေါင်းပြီး ကုသိုလ်ဖြစ် အလှူငွေထည့်ဝင် သွားကြတာ။

အဲဒီနေ့က နည်းနည်းနောနောငွေလားဗျာ။

ကျုပ်တို့ နှစ်နဲ့ချီပြီး အလှူခံနေတာ ဒီလိုများပြားတဲ့ ငွေ ဘယ်ခါမှ မရဖူးဘူး။

ဆရာမများ ကျောင်းသားကျောင်းသူများ ပြန်သွားပြီးရော ကျုပ်ကိုလှမ်းခေါ်တယ်။

"ကိုကျောင်း"

"ဘုရား"

"အလှူငွေများတယ်"

"မှန်ပါဘုရား"

"ဒကာကြီးတစ်ယောက်ထဲ ထိန်းသိမ်းရင် မသူတော်များရဲ့ အန္တရာယ်နဲ့ ကြုံရလိမ့်မယ်"

"မှန်ပါ ဘယ်လိုစီစဉ်သင့်ပါသလဲ ဘုရား"

"ရပ်လူကြီးတွေထံမှာအပ်ပြီး လိုအပ်တဲ့ကိစ္စများမှာ ခွဲဝေသုံး စွဲသင့်တယ်"

ဒီမှာပဲ နတ်ကတော် ဒေါ်မွှားဥနဲ့ အင်္ဂရတ်ဆရာ ယောက်ကြီး ဦးကြုံတိုင်းတို့က ဝင်ရောက်ကန့်ကွက်ကြပါရော။

"အရှင်ဘုရား"

"ဘာတုံး ဒကာမကြီးတို့"

"ဒီဘုရားစေတီ စ,တည်တုံးကလည်း ဘယ်လူကြီးမှ မပါကြ ပါဘူးဘုရား။ ကျွန်မတို့ သုံးဦးနဲ့ မူလပိုင်ရှင်ကသာ အစွမ်းကုန်မ တည်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ဟိုအလှူခံဒီအလှူခံလို့ ရတာနဲ့ ပြုလုပ်ခဲ့ရတာပါ။ အရှင်ဘုရားရဲ့ သီလ၊ သမာဓိကြောင့်ပဲဖြစ်ဖြစ်၊ ဒီစေတီရဲ့ တန်ခိုးကြောင့်ပဲဖြစ်ဖြစ် ဖြစ်ချိန်တန်လို့ဖြစ်လာသည့် လာဘ်အလှူငွေကို အရပ်လူကြီးတွေထံ အပ်ပြီး လက်ဝေခံသုံးရတယ်ဆိုတာ အမိပ္ပာယ်မရှိပါဘုရား''

ဒီမှာ ဦးကြုံတိုင်းကလည်းပြောတယ်။

''ကျုပ်တို့ဘာသာကျုပ်တို့ ပြီးအောင်လုပ်မယ်။ ဘယ်သူမှ ငွေအပ်စရာမပါဘူး''

''ဒါဆို ဒကာကြီးတို့၊ ဒကာမကြီးတို့ ဘယ်လိုစီစဉ်ချင်ကြသတုံး''

''အခု အလှူငွေ ဘယ်လောက်ရပါသလဲ အရှင်ဘုရား''

''ငါးသောင်းကျော်ပါ''

''ဦးဘိုးကျောင်းပဲ ထိန်းသိမ်းထားပါ။ ထီးတော်ဝယ်ဖို့ အရေးကြီးတယ်မဟုတ်လား''

''ဟုတ်ပါတယ် ကိုကြုံတိုင်း''

''ထီးတော်က တစ်သိန်းနီးပါကျမယ်လို့ သိရတယ်ရှင့်''

''ကျုပ်တို့ ဘုရားစေတီ ပွင့်လာပါပြီဗျား။ နောင်လည်း အလှူငွေ ဝင်လာမစဲရှိမှာပါ။ တစ်သိန်းပြည့်ရင် ထီးတော်ဝယ်လှူယုံပေါ့ဗျား ဟုတ်ဘူးလား ဒေါ်မွှားဥ''

''ဟုတ်ပ ကိုရင်ကြုံတိုင်းရယ်''

''လုံခြုံအောင် ထိန်းနိုင်တယ်ပေါ့''

''ဒီအရပ်မှာ သူခိုးသူဝှက် မရှိပါဘူးဘုရား''

နတ်ကတော် ဒေါ်မွှားဥက ရင်ကော့ပြီး အာမခံလိုက်ရဲ့။ ဒါနဲ့ အလှူငွေအားလုံးကို ကျုပ်ကပဲ ယာယီထိန်းသိမ်းထားလိုက်တယ်။

❁ ❁ ❁

[ ၅ ]

❑

တစ်နေ့သောအခါ ပြဿနာတစ်ခု ကြုံရလေတော့၏။

စေတီတော်လေးကို တာဝန်ယူထိန်းသိမ်းတည်ဆောက်နေသည့် အသားမည်း ဘုရားလူကြီး ဦးကျောင်း၏အိမ် အဖောက်ခံရလေ၏။

အိမ်အဖောက်ခံလိုက် ရသဖြင့် ဘုရားပြုပြင်တည်ဆောက်ရေး အလှူငွေကျပ်ငါးသောင်းလည်း သူခိုးလက်သို့ ပါသွားလေ၏။

''အရှင်ဘုရား . . . အကုန် သူခိုးလက်ကို ပါသွားပါပြီဘုရား''

ရှမ်းဘုန်းအိုကြီးက ဘာမှမပြောပါဘူး။ ဆိတ်ဆိတ်နေသည်။

''ကိုကျောင်း''

''ဘာတုံး နတ်ကတော်ကြီး''

''ရှင်က ငွေကို ဘယ်လိုထားလို့တုံးတော်''



www.burmeseclassic.com

www.burmeseclassic.com



"သေတ္တာထဲမှာ သော့ခတ်သိမ်းထားတာ။ သူခိုးက သော့ကို ဘယ်လိုလုပ်ဖွင့်ယူသွားလဲ မသိဘူး"

"တော် အထားမှားတာရော မဖြစ်နိုင်ဘူးလား"

နတ်ကတော်ဒေါ်ဖွားဥက အသားမည်းကိုကျော်ရဲ့ မျက်နှာကို မယုံကြည်သလို မျက်လုံးနဲ့ကြည့်ပြီး မေးလိုက်သည်။

"ကျုပ် အထားမမှားဘူး ဒေါ်ဥ"

"ခင်ဗျားသားတွေရော စိတ်ချရလို့လား ကိုကျော်ရဲ"

အဂ္ဂိရတ်ယောဂီကြီး ကိုကြံ့တိုင်းကလည်း ထပ်ခွပ်ပြန်သည်။

"ကျုပ်သားနှစ်ယောက်လုံး မေးကြည့်ပြီးပြီ။ သူတို့လှုပ်ရှားမှုကိုလည်း စစ်ဆေးမေးမြန်း စုံစမ်းပြီးပြီ။ ကျုပ်သားတွေမလုပ်ဘူး။ ဒီလိုလုပ်တဲ့လူစားမျိုးလည်း မဟုတ်ဘူး"

"ဒါဆို ဒီငွေကို ဘယ်လိုလုပ်မလဲ"

"ဒီလိုရှိတယ် ဒေါ်ဖွားဥ။ ခင်ဗျားတို့ယုံကြည်လို့ ကျုပ်ကိုအပ်ခဲ့တာပဲ။ စိတ်ချရအောင် ရပ်ရွာလူကြီးတွေထံအပ်မယ်လို့ ဘုန်းကြီးစီစဉ်တုန်းက ခင်ဗျားတို့ နှစ်ဦးစလုံး ကန့်ကွက်ခဲ့တာဥစ္စာ။ ကျုပ်လည်း တတ်နိုင်သမျှ ထိန်းသိမ်းထားတာပဲ။ မသမာသူကြောင့် ပါသွားဆုံးရှုံးသွားတာကို ကျုပ်ဘယ်လိုမှ မတတ်နိုင်ဘူး။

"ဒီလိုနဲ့ ပြီးရတော့မှာပေါ့လေ။ ဟင်း ... ဟင်း ... ဟင်း"

"ဟုတ်ပဗျာ။ ဗို ..."

နတ်ကတော် ဒေါ်ဖွားဥနဲ့ ဦးကြံ့တိုင်းတို့က ငွေထိန်းဦးကျော်ရဲကို မသင်္ကာလို့ ရိထေ့ထေ့စကားဆိုကြ၏။

"ဒကာကြီး"

"ဘုရား"

---

စိတ်ကူးသစ်စာပေ



"ငွေအားလုံး မရှိတော့ဘူး။ ဟုတ်လား"

"မှန်ပါဘုရား"

"ခဲတွေ၊ လူကြီးတွေတိုင်ရင်လည်း သံသရာက ရှည်နေမယ်။ ပြောစရာ၊ ကဲ့ရဲ့စရာ၊ မယုံသင်္ကာဖြစ်စရာတွေ များနေတယ်။ ရှိစေတော့ ဘုရားတည်မည့်ငွေ၊ ဘုရားထီးတင်ရန် ရည်စူးထားသည့်ငွေကို သုပ်ရက်သည့် လူမသမာတွေကို ဘုရားရိုက်ချင်ရိုက်မှာပေါ့။

ဘုရားက ခွင့်လွှတ်သည့်တိုင် ပုဂ္ဂိုလ်တွေက ခွင့်လွှတ်ချင်မှလည်း ခွင့်လွှတ်မှာပေါ့။ ဒီစေတီ ရက်ပိုင်းအတွင်း ထီးတော်သစ်ကပ်လှူနိုင်အောင် ဘုန်းကြီးကြိုးစားပြီး အဓိဋ္ဌာန်ပြုပါဦးမယ် ဒကာကြီးတို့။ ပြီးတဲ့ကိစ္စပြီးပစေ မေ့လိုက်ကြတော့"

ရှမ်းဘုန်းအိုက အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မှာစိုး၍ တိုတိုနှင့် ရပ်ပစ်လိုက်၏။

သည့်နောက် ...

နောက်နေ့မှစ၍ ဘုရားကုန်းပေါ်မှာ အဓိဋ္ဌာန်ဝင်လေ၏။ မိုးလင်းသည်နှင့် မျက်နှာသစ်သန့်စင် ဘုရားရှိခိုးအမှုပေးဝေပြီး ကောင်းကင်ကိုမော့ကြည့်၍ ...

မဟာဝေဒဗ္ဗမန္တာန်တော်ကြီးကို နံနက်တိုင်းရွတ်၏။ ဤ ကိုးတောင်ပြည့်ဘုရားစေတီ ထီးတော်တင်မည့်သူ အမြန်ရောက်ရှိပါစေဟု အဓိဋ္ဌာန်ပြု၏။

အဓိဋ္ဌာန် ကိုးရက်စေ့ပြီးသောအခါ ရှမ်းဘုန်းသည် ဘုရားစေတီရှေ့ သရက်ပင်မှာ စာတစ်ခုချိတ်ဆွဲလိုက်၏။

စာ၏အဓိပ္ပာယ်မှာ ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

တနင်္ဂနွေသား
ဘုရားထီးတင်လိမ့်မည်
ဘုရားလေးငယ်ငယ်
ကိုးတောင်ပြည့်တည်
ငယ်သာငယ် ကယ်ဆယ်မည့်ဘုရား
ဓာတ်ကောလိ နယ်မကူးခင်
ပူးကြအများ . . .

ဟု ရေး၍ ကတ္တူစက္ကူနောက်ခံနှင့် ချိတ်ဆွဲထားလေ၏။

၎င်းနောက် ရှမ်းဘဘုန်းသည် သပိတ်ကြီးကိုလွယ်၍ ဆွမ်းခံကြွရန် တောင်ကုန်းစေတီမှ ဆင်းလာ၏။

ထိုနေ့ကစ၍ ရှမ်းဘဘုန်းအိုကြီး ဤကိုးနဝင်းကုန်းသို့ ပြန်ကြွမလာတော့။

လိုက်၍စုံစမ်းလည်း ဘယ်သွားမှန်း၊ ကြွမှန်းမသိရတော့။

ဒါနှင့်အတူ . . .

စိပ်ပုတီးကြီး လည်ပင်းမှာဆွဲပြီး အင်္ဂရိတ်ဖိုထိုးသည့် ယောဂီကြီးဦးကြွယ်တိုင်းနှင့် နတ်ကတော် ကြီးဒေါ်ဖွားဥတို့လည်း ဘဘုန်းအိုမရှိသည့်နေ့မှစ၍ ဤကိုးနဝင်းစေတီကုန်းကို စွန့်ခွာလို့ ထွက်သွားကြလေတော့သည်။

ခုတော့ ရေးဟောင်းဘုရားပျက်၊ အသစ်တည် ကိုးနဝင်းကိုးတောင်ပြည့်စေတီမှာ အသားမည်းငွေထိန်း တစ်ဦးတည်းသောစေတနာရှင် ဦးကျောင်းကြီးတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တော့၏။

ဦးကျောင်းကြီးသည် ဘုရားကုန်းပေါ်မှာ ပုတီးစိပ်၏။

သမထထိုင်၏။





ကျေးဇူးရှင် ရှမ်းဘဘုန်းကို ရည်စူး၍မေတ္တာပို့၏။

သတိတရဖြစ်၍ လွမ်းသလိုရှိနေ၏။

တစ်နေ့သောအခါ ဘုရားကုန်းရှိရာသို့ ကားငါးစီးနှင့် ငါးဦး ရောက်လာကြလေ၏။

ထူးဆန်းသည်ကား အားလုံးသည် တနင်္ဂနွေသားချည်းဖြစ်နေ၏။

သူတို့သည် ဘုရားရှေ့ သရက်ပင်က စာကိုဖတ်ကြ၏။ လက်ဘကို ရှတ်ကြ၏။

သူတို့ချင်းလည်း မသိကြ။ သရက်ပင်က စာနှင့် ကဗျာကို ဖတ်ပြီး ချက်ချင်း ထီးတော်အလှူငွေ ထည့်လေ၏။

"တစ်သိန်းကျပ်ပါ ခင်ဗျား . . ."

"အမည် ဘယ်လိုရေးမှတ်မှာပါလဲ အလှူရှင်ကြီးခင်ဗျား"

"ဦးအောင်သိန်းလို့ မှတ်ပါခင်ဗျား"

"ကျုပ်လည်း ထီးတော်ဘိုး တစ်သိန်းကျပ်ဗျာ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲခင်ဗျာ။ အမည်လေး တဆိတ် . . ."

"ဦးအောင်လှပါ"

"ကျွန်တော်လည်း တစ်သိန်းပဲဗျို့"

"ဟုတ်ကဲ့ အမည် . . ."

"ဦးအောင်မြင့်"

"ဗျာ . . ."

ဒီလိုနှင့် ဦးအောင်သိန်း၊ ဦးအောင်လှ၊ ဦးအောင်မြင့်၊ ဦးအောင်သန်း၊ ဦးအောင်မိုး စသည့်'အောင်'ပါသည့် တနင်္ဂနွေသားငါးဦးတို့သည်

www.burmeseclassic.com



ငွေငါးသိန်းကို ချက်ချင်းလက်ငင်း လှူသောအခါ ဦးကျောင်းလူ အံ့အားသင့်သွားခဲ့ရ၏။ ရှမ်းဘုန်းကြီးအိုကြီးရဲ့ မျက်နှာကို ပြေးမြင်နေ၏။

ဒါနဲ့အတူ ငွေကိစ္စ အတွေ့အကြုံရှိခဲ့ပြီမို့ ဟိုအလှူရှင်ငါးဦးကို အကူအညီတောင်းပြီး ထီးတော်ကို ရန်ကုန်ရွှေတိဂုံဘုရားဈေးမှာ နေ့ချင်းပြန် ဝယ်လိုက်ကြ၏။

အလှူရှင်များကလည်း ထီးတော်ဝယ်ပြီးသည့်တိုင် ငွေပိုနေ၍ အရံစေတီလေးဆူအတွက် ထီးတော်အသေး လေးဆူထပ်ဝယ်ပြီး . . .

အရံစေတီလေးဆူကို မုခ်လေးမုခ်အနီးမှာ သူတို့ငွေထပ်၍ ထည့်ကြပြန်လေ၏။

တနင်္ဂနွေနေ့သို့ ရောက်သောအခါ တနင်္ဂနွေသား 'အောင်' ငါးဦးတို့သည် ရဟန်းသံဃာတော်ကြီးများ၏ စီမံဆောင်ရွက်မှုနှင့် ထီးတော်အသီးသီးကို တင်ကြလေ၏။

ပြီး . . . ဘုရားအံနေကတာ တင်ကြ၏။

ရွှေမိုးငွေမိုး ရွာကြ၏။

ဗျောသံစည်သံတို့ ဟိန်းဟိန်းထနေ၏။

သာဓုခေါ်သံတို့က စည်ဝေလျှံနေ၏။

လူများစွာတို့ကိုလည်းကောင်း၊ ရဟန်းသံဃာ အရှင်သူမြတ်များကိုလည်းကောင်း အာဟာရတို့ဖြင့် ဆက်ကပ်လှူဒါန်းကျွေးလေ၏။ လူအုပ်ကြီးသည် ကြဲပက်နေသည့် ရွှေမိုးငွေမိုးများကို အလုအယက်ကောက်၍ ပျော်ရွှင်မြူးတူးနေကြ၏။

ငင်းလူအုပ်ကြီးကိုကြည့်ပြီး လူနှစ်ဦးသည် အတော်လှမ်းလှမ်းမှ ရပ်ကြည့်မှောကြည့်ရင်း မျက်ရည်များ ပါးပြင်ပေါ်စီးကျနေကြ၏။

သူတို့နှစ်ဦးသည် မျက်နှာကို ပုဆိုးပိုင်းနှင့် အုပ်ချထား၏။





အခြားသူများမဟုတ်ပေ သူတို့နှစ်ဦးကား . . .

အင်္ဂရိတ်ယောဂီကြီး ဦးကြံ့တိုင်းနှင့် နတ်ကတော်ကြီး ဒေါ်မွှားဥတို့ဖြစ်ပေသည်။

သူတို့နှစ်ဦးသည် ကိုးတောင်ပြည့်ဘုရားစေတီဝန်းကျင်သို့ မလာနိုင် မကပ်ရဲကြ။

သူတို့မျက်နှာများမှာ အသီးအဖုများနှင့် ရောဂါဖြစ်နေ၏။ ခန္ဓာကိုယ်ပေါ်မှာလည်း အရေတွန့်ရွဲ့ယားနာများ ပေါက်နေကြ၏။

နောင်အခါ ရှမ်းဘုန်းကြီးအိုကြီးနှင့် ကျွန်ုပ်ပြန်ဆုံရသောအခါ ၎င်းအကြောင်းကို မေးကြည့်ဖြစ်ခဲ့သည်။

"ဘဘုန်း . . . အင်္ဂရိတ်ယောဂီကြီး ဦးကြံ့တိုင်းနဲ့ နတ်ကတော်ဒေါ်မွှားဥတို့ ကိုယ်ပျက်သလိုဖြစ်သွားကြတယ် ဘုရား"

"အိမ်း"

"အဲဒါ ဘာဖြစ်လို့ပါလဲ ဘုရား"

"ဘုရားထီးတော်အတွက် ရည်စူးထားသည့် အလှူငွေကို နှစ်ယောက်ပေါင်းပြီး ခိုးယူသုံးစားလို့"

"ဗျာ . . . ဟုတ် . . . ဟုတ်ရဲ့လား ဘုရား"

"ဘုန်းကြီးသိတာ ကြာပါပြီ"

"ခင်ဗျာ ဘဘုန်းက ဘယ်လိုလုပ်သိတုံး"

"မပြောကောင်းလို့ မပြောပါရစေနဲ့။ ထားပါ။ တစ်နေ့ ဘုန်းကြီး အဓိဋ္ဌာန်ပြီးလို့ အခြားတစ်မြို့ကို ပြောင်းသွားခဲ့တယ်။ မကြာပါဘူး ကိုကြံ့တိုင်းနဲ့ နတ်ကတော်ဒေါ်မွှေးဥတို့ ဘုန်းကြီးရှိရာကို ရောက်လာကြတယ်။

မျက်ရည်လည်ရွဲနဲ့ ငိုပြီး တောင်းပန်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျောင်းကြီး ခေတ္တထိန်းသိမ်းထားသည့် ဘုရားထီးတော်တင်ရန် အလှူငွေငါးသောင်းကျပ်ကို သူတို့နှစ်ဦး ပူးပေါင်းပြီး သောက်စားလိုက်ကြ နဲ့သေတ္တာဖွင့်လို့ ခိုးယူ အလွဲသုံးစားလုပ်ခဲ့မိပါတယ်လို့ ဝန်ခံကြတယ်။

ကယ်ပါဦးဘုရားတဲ့။

ဘာကြောင့်လည်းဆိုတော့ အဲဒီငွေသုံးပြီးသည့်နေ့ကစပြီး တစ်ကိုယ်လုံး ယားယံလာလိုက်တာ ဘယ်ဆေးနဲ့မှ ကုလို့မရတော့ဘူး။ ခုတော့ အရေပြားရောဂါသည်ဘဝကို ရောက်ကုန်ကြပြီပေါ့''

''အိုး ...ဖြစ်မှဖြစ်ရပလေ''

''အဲဒါ ပြောလိုက်ရတယ်။ ဒီကိစ္စ ငါကယ်လို့မရဘူး။ ဒီပြစ်မှုကို ငါကျူးလွန်လည်း ငါခံစားရမှာပဲလို့ ပြောဆိုဆုံးမပြီး သွားကြ ... ကိုးတောင်ပြည့်ဘုရားမှာရှိတဲ့ အပိုင်အဆိုင်အစောင့်အရှောက်များကိုရော၊ ဘုရားရှင်ကိုရော၊ အလှူရှင်များကိုပါ လက်အုပ်ချီရှိခိုးပြီး တောင်းပန်ကြ။ သူတို့ခွင့်လွှတ်ရင် ပျောက်ပါလိမ့်မယ်လို့ ပြောလိုက်ရတယ်ပဲ'' ဒကာကြီးစာရေးဆရာ။

*(ကျမ်းကိုး ။ စာရေးဆရာ ထီလာ-မောင်လှဝေ၏ ဓာတ်ကောဇ် ဆောင်းပါးကို ကျမ်းကိုးပြုပါသည်။)* ကျေးဇူးပါပဲ ဆရာကိုလှဝေခင်ဗျား။

မောင်ညိုမှိုင်း(သန့်လျှင်)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ဆွမ်ပရာဘွန်စခန်းဟုခေါ်တွင်နေကြသော ဒရုခရဲဘက်စခန်းမှာ ကျွန်ုပ်တာဝန်ထမ်းဆောင်ရသော စခန်းဖြစ်သည်။ မြစ်ကြီးနား-ဆွမ်ပရာဘွန်သွား ကားလမ်းနံဘေးတွင် တည်ရှိသည်၊ ကားလမ်းဟုဆိုသော်လည်း ကျောက်ကြမ်းခင်းလမ်းအဆင့်တောင်မရှိပါ၊ တောခမ်းကြမ်း၊ မြေလမ်းသာဖြစ်ပြီး၊ (၁၀ပေ) ခန့်သာ ကျယ်ဝန်းပါသည်။

ရေတိုက်စားမှုနည်းသော နေရာများတွင်တော့ ကျောက်ခင်းလမ်းယောင်ယောင်ကလေးများကို တွေ့ရပါသေးသည်။ အင်္ဂလိပ်ခေတ်ကတည်းက ဖောက်လုပ်ခဲ့သော တောင်ဆင်းတောင်တက်၊ တောင်ပတ်လမ်းဖြစ်သည်။ သက်တမ်းကလည်း နှစ် (၁၀၀) ကျော်ပေပြီ။





ချောင်းကူး၊ မြောင်းကူး သံဘီလီတံတား၊ မြို့တံတားများကလည်း ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်နှင့်ဂျပန် စစ်ဖြစ်ပွားမှုကြောင့်လည်းကောင်း စစ်အပြီး (KIA) အဖွဲ့က မိုင်းခွဲသဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဆောက်လုပ်ခဲ့သော သံတံတားများ၊ အကောင်းတစ်ခုမှ မကျန်ရစ်တော့ပါ။ ကျွန်ုပ်တို့စခန်းများဖွင့်မှ အသစ်ယာယီဆောက်လုပ်ထားသော သစ်သားတံတားများသာ အစားထိုးကျန်ရှိပါတော့သည်။

မြစ်ကြီးနားမြို့နှင့် ကျွန်ုပ်တို့တာဝန်ကျသော ဒရုခရဲဘက်စခန်းမှာ (၈၅)မိုင် ဝေးပါသည်။ မြစ်ကြီးနားမှလာလျှင် ကျန်ခရန်ရွာ၊ တန်ဖွဲ့ရွာ (မြစ်ဆုံ) အင်ဂျစ်ရွာ၊ ဖုံအင်ခရွာ၊ ဆွတ်ခါးရွာနှင့် မလီခကမ်းစပ်မှ ရွာကြီးဖြစ်သော တီယန်စွပ်ရွာကိုကျော်မှ ကျွန်ုပ်တို့၏ ဒရုခချောင်းဘေးရှိ ရဲဘက်စခန်းကို ရောက်မည်ဖြစ်သည်။ စခန်းဆောက်စက ကျွန်ုပ်တို့လွန်စွာပင်ပန်းခဲ့ကြသည်။

ထူထပ်သော တောင်စောင်းမှ တောကြီးကိုရှင်းပြီး မြေညှိ၊ မြေဖို့၍ နိုင်မာသော ရဲဘက်စခန်းကြီးကို တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ တောင်စခန်းအင်္ဂါရပ်ဖြင့် ကိုက်ညီစေရန် ပထမဦးစွာ ကျုံးမြောက်၊ ကျုံးလှန်စည်းရိုး နစ်ထပ်ကာရသည်။

ပြီးမှ ရဲဘက် (၅၀၀)ဆန့် ရင်ကွဲဘားတိုက်ကြီး (၅)လုံးကို စနစ်တကျတည်ဆောက်ရသည်။ ရဲဘက်များအတွက်လည်း မိလ္လာရောင်မိုကြီး၊ ထမင်းစားဆောင်များကိုလည်း ဆောက်လုပ်ရပါသေးသည်။ လက်သမားပစ္စည်းစုံလင်စွာဖြင့် ကျွမ်းကျင်သော လက်သမားပညာရှင်များက ဆောက်လုပ်ကြခြင်းလည်းမဟုတ်ပါ။

သို့သော် ကျွန်ုပ်တို့ ထောင်အရာရှိများမှာ စခန်းသို့ မ[illegible]ခဏ ထွက်ရတတ်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် ကျွမ်းကျင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်သည်။ ရဲဘက်များအနေဖြင့်လည်း မြို့သားများမှလွဲ၍ ကျန်သူများမှာ သစ်ခုတ်၊ ဝါးခုတ်၊ တိုင်ကျင်းတူး၊ တဲဆောက်၊ ဓနိမိုး၊ နှီးချည်တက်လျှင်ပင် ကျွန်ုပ်တို့ ကြီးကြပ်မှုဖြင့် လက်သမားဖြစ်ပေပြီ။

အဆောက်အဦဆောက်ရန်လည်း တောတွင်း၌ ကြိမ်၊ ဝါး၊ သစ်အမျိုးမျိုးနှင့် အမိုးမိုးရန် တောင်ထန်း၊ ရေငန်းနှင့် စလူရွက်တို့က ပေါလှသည်။ ကျွန်ုပ်တို့ အကျဉ်းဦးစီးဌာန အထက်အရာရှိများအနေဖြင့်လည်း တောတွင်း၌ စခန်းချရန် ရိက္ခာနှင့် လက်နက်ပစ္စည်းလောက်သာ တတ်နိုင်ပါသည်။

ကျန်သည့်အပိုင်းများကိုတော့ စခန်းချရမည့် တာဝန်ခံ ထောင်အရာရှိကဦးဆောင်ပြီး ရဲဘက်များကို ခိုင်းစေသွားရုံသာ ဖြစ်တော့သည်။ အလွန်အကုန်အကျသက်သာသော ရဲဘက်စခန်း ဆောက်လုပ်ခြင်းဖြစ်တော့သည်။

ဒရှခ၊ မူလ ယာယီစခန်းဟောင်းမှာ ဒရှခချောင်းတစ်ဖက်ကမ်း အင်္ဂလိပ်ခေတ်က ဆောက်လုပ်ခဲ့သော ဘီလီတံတားပျက်ကြီးတစ်ဖက်ထိပ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်သွား ကားလမ်းဟောင်းနံဘေးတွင် တည်ရှိပါသည်။

ထိုစဉ်က (KIA) နှင့် ငြိမ်းချမ်းရေးမရသေးသဖြင့် လုံခြုံရေးမကောင်းပါ။ ဤမှာဘက်ကမ်းရှိ ခလရ (၃၇) တပ်စွဲထားသော တပ်ကုန်းနှင့် ချောင်းခြားနေသောကြောင့် ကိုက် (၄၀၀) ခန့် ဝေးပါသည်။ ယခု ကျွန်ုပ်တို့ဆောက်လုပ်ထားသော ဒရှခရဲဘက်စခန်းသစ်ကတော့ ခလရ (၃၇) တပ်ကုန်းအောက်ခြေ ဆွမ်ပရာဘွမ် သွားကားလမ်းဟောင်းနံဘေးတွင် ကပ်လျက်တည်ရှိပြီး စနစ်ကျသော စခန်းသစ်ဖြစ်၍ လုံခြုံရေး





လည်း ကောင်းပါသည်။ ဒရှခချောင်းလက်တက် အနီးတွင်ရှိသဖြင့် ရေလည်းအဆင်ပြေပါသည်။

စခန်းသစ်မှာ ကားလမ်းနှင့် ခလရ (၃၇) တောင်ကုန်းကြား တစ်ဧကခန့်သာ ကျယ်သော နေရာကလေးတွင် တည်ဆောက်ထားရခြင်းဖြစ်သည်။ ဝန်ထမ်းနှင့် ရဲဘက်လူအင်အား (၆၀၀) ကျော်ခန့် နေနိုင်ရမည့် စခန်းဖြစ်၍ နေရာကျဉ်းမြောင်းသော်လည်း အခြားရွေးချယ်ရန် နေရာမရှိပါ။ လုံခြုံရေးနှင့် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောနေရာကို အဓိကထား ရွေးချယ်ရခြင်းဖြစ်သဖြင့် ဤနေရာကလေးကို ရွေးချယ်အခြေချရခြင်း ဖြစ်ပါသည်။

စခန်းသစ်ဆောက်လုပ်မည့်နေရာအား ရွေးချယ်ပြီးသည်နှင့် လူအင်အားဖြင့် တစ်ပတ်ခန့် တောရှင်းရပါသည်။ တောရိုင်းဖြစ်သဖြင့် အမည်မသိ အမြဲစိမ်းလန်းသော သစ်ပင်ကြီးများ ထူထပ်စွာပေါက်ရောက်နေပြီး ကြိမ်ရုံ၊ ဝါးရုံ၊ ရေငန်းတောနှင့် တောငှက်ပျောရုံများ၊ တောင်ထန်းတောများအား ပင်ပန်းကြီးစွာဖြင့် ရှင်းလင်းကြရပါသည်။

ပင်ပန်းရခြင်း အကြောင်းရင်းက လူအင်အားကောင်းသော်လည်း လက်နက်မပြည့်စုံသောကြောင့်ဖြစ်သည်။ သစ်ပင်ကြီးများအား ခုတ်ဖြတ်ရန် ပုဆိန်မရှိ၊ ငါးမန်းလွှမရှိ၊ ဓားမတိုများဖြင့်သာ ခုတ်ရပြီး အမြစ်ဆုံဖော်ရန်အတွက်လည်း ပေါက်ချွန်းမရှိ၊ သံတူရွင်းမရှိပါ။ ပေါက်ပြား၊ ဝါးချွန်၊ သစ်ချွန်များဖြင့်သာ တူးဆွရခြင်းဖြစ်ပါသည်။

သစ်ပင်ကြီးများအောက်ခြေတွင် အရွက်ချွန်ချွန် သေးသေး သစ်မွှေးပင်ပေါက်များ၊ ငွေပန်းပင်နှင့် အလွန်လှသော ဆေးမြင်းမွှာပင်များ၊ ၎င်းအပင်ခြေရင်း၌ မြင်းမွှာပုံစံဥများက မြေပေါ်ပေါ်၌ ဥစုသည်၊ ဆွဲနှုတ်လိုက်လျှင် 'ဝှပ်'ခနဲ မြည်၍ သွေးရောင်အရည် ပျစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



များထွက်လာသည်။

ငင်းအရည်က လူများ၏ ဝမ်းတွင်းကလီစာရောဂါများနှ လိပ်ခေါင်းရောဂါ ယောကျ်ားအားဆေးအဖြစ် အလွန်အသုံးဝင်ေ ဖက်ဝင်ကြောင်း၊ နောက်ပိုင်းရှမ်းမှုဆိုးဆေးဆရာ ကျော်ထွေးက ပြော သဖြင့် သိရတော့သည်။

ကျော်ထွားဆိုသူမှာ နဂိုက ဆင်ဦးစီးမုဆိုးဆေးဆရာဖြစ်သည် ဆင်မုန်ယိုလျှင် ကျွေးရသော ဘိန်းကိုဆောင်ထားရင်း ခန္တီးမြို့ပေါ်တ လာစဉ် ဘိန်းမှုဖြင့် အဖမ်းခံရ၍ ထောင်ကျလာသူဖြစ်သည်။

ဝါးရုံများကို မှီတွယ်၍ မြင့်မားစွာပေါက်နေသော သစ်ပ ပင်ကြီးများ၊ ကျွန်းနက်နှင့် မဟော်ဂနီပင်များအပြင် အညာဒေသမှ တွင်ပေါက်ရောက်တတ်သည့် လက်သံပင်များကိုလည်း တွေ့ရပါသေ သည်။

စခန်းသစ်ဆောက်လုပ်မည့်နေရာမှာ သစ်တောထူထပ်သဖြင့် တောရှင်းရင်း တိုင်လုပ်ရန်၊ ဆင့်လုပ်ရန်၊ မျှောသားများရရှိပြီး အခင်း နှင့် အမိုးတန်းများအတွက် ဝါးပေါသည်၊ အမိုးနှင့် အကာအတွက် တော့ တောင်ထန်းပင်များက တောထနေသည်၊ ချည်နှောင်ရန်အတွက် တော့ နီးဝါးအပြင် ကြိမ်၊ အမျိုးမျိုးလည်း ပေါလှသည်၊

စခန်းရောက်စ၊ တစ်ပတ်၊ နှစ်ပတ်လောက်ကတော့ မြို့မ ပါလာသည့် စားစရာ၊ အခြောက်အခြမ်းများကြောင့် အဆင်ပြေသေ လည်း နှစ်ပတ်ခန့်ကျော်တော့ ဟင်းချက်စားစရာ အခက်အခဲဖြစ်လာ ပါသည်။ ရိက္ခာစုံအဖြစ်ထုတ်ပေးသော အသားငှုး၊ ငါးပူးများမှာလည်း မလတ်ဆတ်သဖြင့် မစားရဲပါ။ ကုလားပဲဟင်းဖြင့်သာ နှစ်ပါးသွားနေ ရတော့သည်။

---

**စိတ်ကူးသစ်စာပေ**



ကျွန်ုပ်တို့က အမဲလိုက်တတ်ပြီး လက်နက်ပြည့်စုံသော်လည်း နယ်မြေဒေသ မအေးချမ်းသဖြင့် တောမလည်ရဲပါ။ ပတ်ဝန်းကျင်၌ သစ်တောကြီးရှိသော်လည်း အောက်ပြည်အောက်ရွာသားများအတွက် စားသောက်၍ ရသည့် စားပင်၊ သီးပင်ကို မရှာဖွေတတ်ပါ။

သစ်တောကြီးတစ်ခုလုံး၊ ကျွန်ုပ်တို့မသိသော၊ မရင်းနှီးသော မမြင်ဖူးသော သစ်ပင်မျိုးများက များပါသည်။ ထို့ကြောင့် မုဆိုးကျွန်တော် သားကောင်ပေါသော တောထဲတွင် သေနတ်ပိုက်ပြီး ငုတ်တုတ်မေ့နေရ ပါတော့သည်။

ထို့ကြောင့်ပင် စခန်းနှင့်နီးရာမှာ ရွာများမှ လာရောက်ရောင်း ချတတ်သည့် ဈေးသည်များကို မျှော်ရသည်။ သူတို့ကလည်း တစ်ပတ်၊ တစ်ကြိမ်တောင် မလာတတ်။ သူတို့လာလျှင် ဘာပစ္စည်းပါပါ ပြိုက်ခနဲ ကုန်သည်တို့ကြောင့် ကျွန်ုပ်တို့တွင်ရှိသော ငွေကြေးများမှာ သုံးစရာ မရှိ၍ ပိုလျှံနေပါသည်။ ရောင်းကုန်မရှိလျှင် ဝယ်စရာငွေကြေးဆိုသည် မှာ အသုံးမတည့်ပါတော့ချေ။

မြစ်ကြီးနား၊ ကားကြိုယာဉ်တန်းကတော့ ရိက္ခာပို့ခြင်းနှင့် စစ် ဆင်ရေးရှိမှ လာတတ်သည်။ ယာဉ်တန်းကြုံလျှင်တော့ နောက်တန်းက ပြည့်စုံအောင် ထောက်ပံ့တတ်ပါသည်။ တောင်ပြိုလမ်းပိတ် တံတား ပျက်သော မိုးကာလတွင်တော့ ထမင်းပင် နှစ်မှန်အောင် စားရပါ့မလား မသိနိုင်တော့ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၂

တစ်နေ့မနက်ခင်းတွင် ကျွန်ုပ် လချုပ်အစီရင်ခံစာကို ရုံးစာရေး အေးငွေနှင့် ရေးသားနေခိုက်၊ တပ်ကြပ်အေးဆောင်က ရဲဘက်တစ်ဦး ကို ခေါ်လာပြီး ...

''ဆရာ ... ဒီရဲဘက်က ဆရာနဲ့ စကားပြောချင်လို့တဲ့။ စည် ရိုးဝင်းထဲမှာတော့ သူက ဆေးဆရာပဲ။ ရဲဘက်တွေ၊ ဝမ်းကိုက်တာနဲ့ ငှက်ဖျားရောဂါကိစ္စတွေကိုတော့ သူက အလွန်နိုင်တယ်။ ဒီပတ်ဝန်း ကျင်က ဆေးမြစ်၊ ဆေးဥနဲ့ ကုသပေးတာနဲ့ ပျောက်တယ်ဆရာ''

''ကဲ ... ထိုင်ပါဦး။ နာမည် ဘယ်လိုခေါ်သလဲ''

''ကျော်ထွားလို့ ခေါ်ပါတယ်ခင်ဗျာ''





''အပြင်မှာ ဘာလုပ်သလဲ။ ဘာမှုဖြစ်ပြီး ထောင်ကျတာလဲ။ ဘယ်လောက်ကျသလဲ''

''ကျွန်တော် အပြင်မှာတုန်းက ဆင်ဦးစီး၊ မှဆိုးဆေးဆရာပါ။ ဆင်မှန်ယိုရင်ကျွေးရတဲ့ ဘိန်းမဲကို လွယ်အိတ်အထဲမှာ ဆောင်ထားရင်း ခွန်းမြို့ကို ညောင်ရွှေလိုက်အပို့မှာ အဖမ်းခံရပြီး ထောင်(၇)နှစ်ကျပါ တယ်။ ကျွန်တော့်ဆင်လိမ္မာကြီး ကောက်ရကိုလည်း ရဲက သိမ်းဆည်း သွားပါတယ်။

''အခုတွေ့ချင်တဲ့ကိစ္စကို ပြောပါဦး။ ဝန်ထမ်းဖြစ်စေ၊ ရဲဘက် ဖြစ်စေ၊ ကိုယ်ကူညီနိုင်သမျှ အကူအညီပေးပါ့မယ်။ အားမနာတမ်း ပြောပါ''

ကျွန်တော် စခန်းဆောက်တဲ့ လက်သမားဘုတ်ကပါ။ ကျွန်တော် က မြန်မာပြည်မြောက်ပိုင်းသား၊ ခန္တီးရှမ်းလူမျိုးပါ၊ ဒါကြောင့် ဒီဒေသနဲ့ မသိမ်းပါဘူး။ ဒီတောထဲမှာ စားသောက်ဖို့ကောင်းတဲ့ အပင်နဲ့ ဆေးဖက် ဝင်တဲ့အပင်ေ အလွန်ပေါပါတယ်။

ဆရာတို့လို အောက်ပြည်၊ အောက်ရွာကလာတဲ့သူတွေအနေ နဲ့တော့ မကျွမ်းကျင်ရင် ဘာပင်မှန်းသိမှာတောင် မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်အနေနဲ့ တတ်နိုင်သမျှ ကူညီချင်ပါတယ်။ ကြက်ထောင်၊ ငှက် ထောင်၊ အမဲကောင်းကောင်း ကျွန်တော်ရှာတတ်ပါတယ်။

ဆရာတို့အတွက် အသားငါးရှာရင်း ရဲဘက်နဲ့ ဝန်ထမ်းတွေ အတွက်လည်း ဆေးမြစ်ဆေးဥရှာရင်း ကျွန်တော် တောယဲသွားချင်ပါ တယ်။ ကျွန်တော် ထွက်မပြေးချင်ပါဘူး။ ဆရာကြိုက်သလို သစ္စာရေ တိုက်နိုင်ပါတယ်။ ကျွန်တော် သောက်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . . ငါလည်း မြန်မာပြည်အနှံ့အပြားက ထောင်တွေအထဲမှာ နှစ်ပေါက်အောင် တာဝန်ထမ်းဆောင်ခဲ့ဖူးလို့ အမဲလိုက်ရင်း မုဆိုးဖြစ်ခဲ့ပါတယ်။ ဒီရောက်မှ ဒီနယ်မြေကမအေးချမ်းတော့ တောမလည်ရဲလို့ တောထဲတောင်ထဲနေပြီး အစားအသောက်ဆင်းရဲလှသကွာ။ ငါ ကော့သောင်းဆီအုန်းစခန်း၊ တနင်္သာရီရိုးမအခြေမှာ နေတုန်းကတော့ နေ့တိုင်းလိုလို ချေ၊ ဆတ်၊ တောဝက်၊ တောကြက်၊ ရစ်၊ ဒေါင်းတစ်မျိုးမျိုးရတတ်တော့ ဝန်ထမ်းရဲဘက် အစုံစိတာပေါ့ကွာ"

"ကျွန်တော် ဒီဘက်တောကို ကျွမ်းပါတယ်ဆရာ။ ဒီတောထဲမှာ ကြက်၊ ငှက်နဲ့ ငါးအပြင်၊ စားကောင်းတဲ့ ဟင်းသီး၊ ဟင်းရွက်တွေကိုပါ ကျွန်တော်ရှာပေးပါ့မယ်။ ဆရာတို့နေ့စဉ် ဖွယ်ဖွယ်ရာရာ ဟင်းတွေနဲ့ ထမင်းမြိန်စေရပါ့မယ်။ ကျွန်တော် အချက်အပြုတ်လည်း တတ်ပါတယ် ဆရာ"

"ချက်တာ၊ ပြုတ်တာက ကိုယ့်လူတွေရှိပါတယ် ပြဿနာမရှိပါဘူး။ ချက်ဖို့ပြုတ်ဖို့ပစ္စည်းသာ ပြဿနာဖြစ်နေတာပါ။ ဒီတော ဒီတောင်မှာ ငါတို့ မမြင်ဖူး၊ မသိမရင်းနှီးတဲ့ အပင်တွေက အတော်များတယ်ကွ။

ဟိုတစ်နေ့ကလည်း ဒရခချောင်းကမ်းစပ်မှာ ရေချိုးရင်း ကမ်းပါးမှာပေါက်နေတဲ့ ကင်ပွန်းချဉ်ပင်လို အပင်မျိုးက အရွက်နုတွေကို ချက်နိုင်းတာ ခါးလိုက်တာကွာ စားမရအောင်ပါပဲ။ နောက်မှသိရတာ ဆူးရစ်ပင်တွေတဲ့လေ"

"နောက်ဆို ကျွန်တော်နေ့စဉ် ရှာပေးပါ့မယ်ဆရာ။ ဒီတော ဒီတောင်မှာ နားလည်ကျွမ်းကျင်ရင် စားကောင်းတဲ့ အသီးအရွက်တွေ





ရှိပါတယ်ဆရာ။ ကမ္ဘာမှာနာမည်ကြီးတဲ့ ဂျင်ဆင်းဆေးမြစ်ဆိုတာကိုလည်း ကားလမ်းဘေးမှာတင် တွေ့နိုင်ပါတယ်။ အပင်ကို လူသိနည်းသေးပါ။ ကျွန်တော့်အဖေက ဆေးဆရာဆိုတော့ ကျွန်တော် ကျွမ်းကျွမ်းဝင်ဝင် သိပါတယ်ဆရာ"

"အေးကွာ . . . မင်းကိုပဲ အားကိုးရမှာပေါ့။ ဒါပေမဲ့ ငါတို့စခန်း ထွက်လာတာ (၆)လ မပြည့်သေးတော့ မင်းကို ခြေချင်းဖြုတ်ပေးဖို့ အကျဉ်းထောင်ဥပဒေအရ ငါ့မှာအခက်အခဲဖြစ်နေတယ်။ ခြေချင်းနဲ့ တောလည်ရမှာကလည်း မင်းမှာမလွတ်မလပ်ကြီးနဲ့ မကောင်းပါဘူးကွာ"

"ကျွန်တော် မြစ်ကြီးနား ပိုးစာခြံရဲဘက်စခန်းမှာ ဆရာတို့အဖွဲ့ထက် အရင်စောရောက်တာကြောင့် အဲဒီစခန်းမှာ နေသားရက်နဲ့တွက်ရင်တော့ ဒီလကုန်ရင် (၆)လ တင်းတင်းပြည့်ပါပြီဆရာ။ ကျွန်တော် ထောင်ကျဝရမ်းကို ဆရာတို့ အသေးစိတ် စစ်ဆေးကြည့်ရှုနိုင်ပါတယ်"

"ဟေ . . . ဟုတ်သလား။ မင်းက အရင်ရောက်တဲ့ အဖွဲ့ကကိုး။ . . . ဒါဆိုရင်တော့ ပိုကောင်းတာပေါ့၊ မနက်ဖြန် လကုန်ရက်ပဲ။ ခြေချင်းဖြုတ်ပေးမယ်။ လက်သမားအဖွဲ့နဲ့ ဖိုကြီးအဖွဲ့ကိုလည်း ခြေချင်းဖြုတ်ပေးစရာရှိနေတာနဲ့ အတော်ပါပဲ"

"ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်တော် ထွက်မပြေးပါဘူး။ ဒီတောဒီတောင်က ကျွန်တော့်အိမ်ပါ။ ပြေးချင်ရင် အစောကတည်းက ပြေးနိုင်ပါတယ်ဆရာ။ ဆွမ်းပရာဘွမ်တောက ဖုံအင်ခတောင်ကျော်တာနဲ့ ကျွန်တော်တို့ဒေသ လုံခင်း၊ ခန္တီးတောနဲ့ ဆက်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ကောင်းပါပြီကွာ။ ဒီနေ့ပဲ ခြေချင်း ဖြုတ်ရမယ့် ရဲဘက်စာရင်း ငါ့ရုံးအဖွဲ့ကို လုပ်ခိုင်းလိုက်မယ်။ နောက် တန်းစခန်းက ခွင့်ပြုချက်မရသေးပေမဲ့ ငါက ကြိုတင်ပြီး စာရင်းတင် ပြီးတာနဲ့ ဖြုတ်ပေးမယ်။ စိတ်ချမ်းချမ်းသာသာ နားနေပေရော့ ... ကျော်ထွားရေ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပြီး ဝမ်းသာလှပါတယ်ဆရာ"

✿ ✿ ✿

| ၃ |

❑

နောက်တစ်နေ့မနက်စောစော၌ပင် ကျွန်ုပ်၏ ကတိအတိုင်း မှဆိုးကျော်ထွားနှင့် လက်သမားအဖွဲ့၊ မိုးကြိုးထမင်းချက်အဖွဲ့တို့အား ကျွန်ုပ်ခြေချင်း ဖြုတ်ပေးခဲ့ပါသည်။

မုဆိုးကျော်ထွားကတော့ ကြိုတင်စီစဉ်ထားဟန်တူသည့် ပေါက် ကိုင်း၊ နင်းကိုင်း၊ ကြိုးများကိုယူ၍ လွယ်အိတ်တစ်လုံးလွယ်ကာ တစ်ဦး တည်း တောသို့ဝင်သည်။ နေ့လယ် ထမင်းစားချိန်ပြန်လာတော့ မက် လင်ချဉ်သီး၊ ရှင်ကောက်ညွှန့်၊ တောင့်ပျော့ဖူး၊ တောင်ချဉ်ပေါင် (၁) ပိန်းရိုးအနီပင်ကြီးများ ပါလာသည်။

အချက်အပြုတ်လည်း ကျွမ်းကျင်သူဖြစ်၍ သူ့လက်ရာ၊ မဆိုး ဟင်းမှာ စား၍ အလွန်ထမင်းမြိန်သည်။ နှစ်ရက်သုံးရက်ကြာလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ မှဆိုးကျော်ထွားသည် တောတွင်းမှရရှိသော အသီးအရွက်သာမက တောငှက်၊ တောကြက်နှင့် ရစ်ဒေါင်းများ မကြာခဏရတတ်သဖြင့် ကျွန်ုပ်တို့အဖို့ ယခင်ကထက် အသီးအရွက်ဟင်းအပြင် အသားဟင်း များလည်း တိုးလာပါသည်။

မှဆိုးကျော်ထွားမှာ ငါးမရလျှင် ရေချိုးပြန်တတ်သော မှဆိုးမျိုးတော့မဟုတ်။ အသားမရလျှင် ငါးရအောင်တော့ ရှာလာကတ်သည်။ ကျွန်ုပ်ကိုဦးစားပေး၍ ရှာဖွေလုပ်ကျွေးခြင်းဖြစ်ပါသည်။

တစ်နေ့ညနေတွင် မှဆိုးကျော်ထွား အပြန်နောက်ကျနေသဖြင့် ကျွန်ုပ် စိတ်ပူနေမိသည်။ KIA ကြီးစိုးသော သားရဲပေါသည့် ဤတောဤတောင်တွင် မှဆိုးကျော်ထွားအား၊ တစ်ဦးတည်း တောတွင်းလွှတ်ရသည်ကို ကျွန်ုပ် စိတ်ပူနေမိခြင်း ဖြစ်သည်။

နေဝင်ခါနီးမှ မှဆိုးကျော်ထွား လွယ်အိတ်ဖောင်းဖောင်းကြီးကိုလွယ်၍ တောတွင်းမှ ပြန်ရောက်လာသည်။ လွယ်အိတ်အတွင်းမှ ပစ္စည်းများကို ထုတ်လိုက်တော့ တောကြက်ဖတစ်ကောင်နှင့် ရစ်ဒေါင်းဖိုတစ်ကောင်အပြင် ကျောက်ငါးကြင်း (၂)ကောင်လည်း ပါလာပါသေးသည်။

"ကျော်ထွားရေ ...မင်းအပြန်နောက်ကျလို့ ငါစိတ်ပူနေမိတာ။ နောက်နေ့တွေကျရင် မင်းနဲ့အဖော်လုပ်နိုင်မယ့် စိတ်ကြိုက်ရဲဘက်တစ်ယောက်ယောက် ရွေးစမ်းကွာ။ တောထဲသွားတာ တစ်စုံတစ်ရာဖြစ်ရင် ကူညီနိုင်အောင် အဖော်ကောင်းတစ်ယောက်တော့ လိုမယ်ထင်တယ်။ ဒီနေ့ ဘာကြောင့် နောက်ကျရတာလဲ"

"နောက်လိုက်အဖော်လိုမှန်း ကျွန်တော် စဉ်းစားမိပါတယ်ဆရာ။ ရှာလည်း ကြည့်မိပါသေးတယ်။ ဒါပေမဲ့ စိတ်ကြိုက်မတွေ့သေးဘူးဆရာ။ နောက်ပြီး မှဆိုးနောက်လိုက်ဆိုတာက မှဆိုးအလုပ်ကို ဝါသနာပါပြီး တောလည်းကျွမ်းမှ ဖြစ်တာပါဆရာ။

ကျွန်တော်မှာ လက်နက်ပါတာမဟုတ်တော့ အနည်းဆုံး ခြေသံမလုံရင်တောင် အန္တရာယ်ရှိနိုင်တယ်။ ပေါက်ကိုင်း၊ နင်းကိုင်းမှာ မှီနေတဲ့ တောကောင်တွေ၊ ကြောက်လန့်ပြီး ထွက်ပြေးနိုင်တယ်။ တောမှဆိုးအလုပ်ဆိုတာ ဆရာသိတဲ့အတိုင်း စည်းကမ်းတွေရှိပါတယ်။

လေတင်၊ လေအောက်နားလည်ရမယ်၊ ခြေသံလုံပြီး တောတိုးဘတ်ရမယ်။ ဆေးလိပ်၊ ကွမ်းရာမစား၊ မသောက်ရဘူး။ တောကောင်တွေလို တောနဲ့တစ်သားတည်းညီအောင် နေတတ်၊ ထိုင်တတ်ရမယ်။ ခအောင့်အီးသည်းခံနိုင်ဖို့ အလွန်အရေးကြီးပါတယ်ဆရာ။

ဒီနေ့ ကျွန်တော်အပြန်နောက်ကျတာက ရွှေမှဆိုးလုပ်နေလို့ပါ။ ဆရာ့အတွက် ရွှေစင်နှစ်ရွှေးသားလောက် ကျွန်တော်ကျင်ခဲ့ပါတယ်။ ကျင်ဗိုင်းနဲ့ ပစ္စည်းကိရိယာက ကိုယ်ပိုင်မရှိတော့ ဒရုခချောင်းကွေ့က ထားဝယ်လင်မယား အနားယူတဲ့အချိန်ကျမှ သူတို့ဆီက ရွှေကျင်ပစ္စည်းတွေကို ငှားပြီး ကျင်နေရလို့ နောက်ကျတာပါဆရာ။

ဒီဒရုခချောင်းက 'ရွှေ'အလွန်ထွက်တယ်လို့ သိရတယ်ဆရာ။ ထားဝယ်လင်မယားဆိုရင် မနက်၊ ညနေ အေးအေးဆေးဆေးကျင်တာနဲ့ ရွှေရွှေးကြီး လေးငါးရွှေး ရတတ်တယ်ဆရာ။ ဒါကြောင့် ကျွန်တော်နေ့တိုင်း ကျင်မယ်ဆရာ။

နေ့တိုင်းညနေ အဝင်နောက်ကျရင် စိတ်မပူပါနဲ့ဆရာ၊ ကျွန်တော့် ဒီအနားက ဒရုခချောင်းကွေ့မှာတင် ရှိပါတယ်။ အဲဒီမှာ ထားဝယ်လင်မယားက တဲထိုးပြီး ရွှေကျင်နေတာဆရာ။ လသားအရွယ်ကလေးတစ်ဦးလည်းရှိတယ်။ ကျွန်တော်နဲ့လည်း အတော်ခင်နေတယ်။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူတို့ကို အသားမပေးနိုင်ပေမဲ့ တောထွက်ဟင်းသီးဟင်းရွက်ကတော့ ပေးနိုင်ပါတယ်ဆရာ။ ဒါကြောင့် ကျွန်တော် သူတို့မိသားစုနဲ့ ခင်နေတာ။ ကဲ . . . ဆရာ၊ ဟော့ဒီမှာ ကြည့်ပါဦး''

မုဆိုးကျော်ထွားသည် ၎င်း၏ လွယ်အိတ်အတွင်းမှ ပင်နီစလင်ပုလင်းလေးတစ်လုံးအား ထုတ်ပြပြီး ပုလင်းလေးအတွင်း၌ ရေနှင့်အတူ အနယ်ထိုင်နေသော မည်းမည်းအမှုန်ကလေးများအား တွေ့ရသည်။

မုဆိုးကျော်ထွားက ၎င်း၏ လွယ်အိတ်အတွင်းမှ နောက်ထပ်ပင်နီစလင် ပုလင်းလေးထဲသို့ လောင်းထည့်ပါသည်။ မည်းမည်းအမှုန်ကလေးများ ပြဒါးရည်ဖြင့် စုစည်းသွားချိန်တွင် လက်ကိုင်ပဝါဖြူတစ်ထည်အား ထုတ်၍ ပြဒါးရည်များအား သွန်ချလိုက်ရာ၊ ရှိုးရှိုးရေများ၊ လက်ကိုင်ပဝါပိတ်စမှ ထွက်ကျသွားပြီး ရွှေများစုစည်းကပ်နေသည့် ပြဒါးသာ လက်ကိုင်ပဝါအတွင်း ကျန်ရှိနေပါတော့သည်။

ထို့နောက် ပြဒါးထည့်သော ပုလင်းလေးအား အောက်မှခံ၍ လက်ကိုင်ပဝါအား စုစည်း၍ ညှစ်ချလိုက်ရာ ပြဒါးမှာ ပုလင်းကလေးထဲကျသွားပြီး မည်းမည်းအမှုန်ကလေးများသာ လက်ကိုင်ပဝါအတွင်း၌ ကျန်ရှိနေခဲ့ပါသည်။

လက်ကိုင်ပဝါအတွင်းမှ ရေလိုနေသော အမှုန်ကလေးများကို အလုံးကလေးဖြစ်အောင် ညှစ်နယ်ပြီးနောက် လက်ဖြင့်ကောက်ယူ၍ အနီးရှိ မီးဖိုတွင်းမှ ထင်းမီးစတစ်စကို ကောက်ယူပါသည်။ ထို့နောက် မီးလောင်နေသော မီးခဲစပေါ်သို့ ရွှေမှုန်အလုံးကလေးအားတင်ပြီး ဝါးပြောင်းကလေးဖြင့် တမှုးမှုးမှုတ်သည်။





ရွှေလုံးကလေးမှာ မီးစား၍ နီရဲလာပြီးနောက် ချေးညှော်ကင်းစင်၍ ရွှေဝါရောင်ပြောင်းလဲလာပါသည်။ ထိုအခါက်ရွှေရိုင်းတုံးကလေးကို လက်ဖြင့်ကိုင်၍ မုဆိုးကျော်ထွားက ကျွန်ုပ်အားပြသည်။

ကျွန်ုပ် ကိုင်ကြည့်မည်ပြုစဉ် မုဆိုးကျော်ထွားက . . .

''ဆရာ မကိုင်နဲ့ ပူမယ်''

ဟု ပြောကာ ပထမ ရွှေမှုန်ကြိမ်းထည့်လာသော ပင်နှင်စလင်ပုလင်းကလေးထဲသို့ ပြောင်းထည့်ပြီး . . .

''ဆရာ . . . ဒီမှာရော့ . . . ရွှေရိုင်း၊ ရွှေကြီးတစ်ရွှေးသား။ အခေါက်ရွှေပေါ့။ သိမ်းထားပါ။ ကျွန်တော် နောက်နေ့တွေလည်း ရှာပေးဦးမယ်။ တောလည်တာမှာ အဖော်လိုပေမဲ့ ရွှေကျင်တာတော့ အဖော်ကလေးရရင် ကောင်းမယ်ဆရာ။ ကျင်ဝိုင်းနဲ့မဟုတ်ဘဲ မျှောတိုက်ပြီး ကျင်နိုင်ရင် ရွှေမှုံတွေ မြန်မြန်နဲ့ များများရတာပေါ့''

''နေပါဦး . . . ကျော်ထွားရဲ့၊ ငါ့ကျတော့ မကိုင်နဲ့ ပူမယ်တဲ့။ မင်းကိုင်တော့လည်း မပူပါလား။ ဘယ်လိုဖြစ်တာလဲကွ''

''မီးနဲ့ အရည်ပျော်ထားတဲ့ရွှေ ပူတာပေါ့ဆရာရယ်။ ကျွန်တော်က ခဲဆေး၊ ပြီးဆေး၊ မျိုးစုံထိုးထားလို့ မပူတာပါ။ ကျွန်တော်က မြွေဆိပ်လည်းပြီးတယ်၊ မီးလည်းပြီးတယ်ဆရာ''

လူထူးဆန်း မုဆိုးကျော်ထွားဖြစ်သည်။ စာမည်ကျော် ဆေးဆရာကြီးသားဖြစ်၍လည်း ပြီးဆေးများ၊ ထိုးပေးထားခြင်းဖြစ်ပေမည်။ သို့သော် ကျွန်ုပ်အနေဖြင့် မြွေဆိပ်ပြီးသူကို ကြားဖူးမြင်ဖူးခဲ့သော်လည်း၊ မီးပြီးသည့်လူကိုတော့ မမြင်ဖူး။ မတွေ့ဖူးပါ။ အာဂမုဆိုး ကျော်ထွားဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကျော်ထွားမှာ ဆေးဆရာကြီးသားပီပီ စခန်းတွင်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ ဝမ်းကိုက်၊ ဖျားနာထိခိုက် ဒဏ်ရာရခြင်းများအတွက်လည်း သူပင်တောတွင်းရှိ ဆေးရွက်၊ ဆေးမြစ်၊ ဆေးဥများနှင့် ကုသပေးရာ ပျောက်ကင်းချမ်းသာကြ၍ မုဆိုးကျော်ထွားမှာ ဒရှာစခန်း၌ စခန်းမြန်မာသမားတော်တစ်ဆူအဖြစ် ဝန်ထမ်းရဲဘက်အလွန်လေးစားကြသည်။ အားကိုးယုံကြည် ချစ်ခင်ကြသည်။

သို့သော် မုဆိုးကျော်ထွားက ဘဝင်မမြင့်။ ကျွန်ုပ်အပေါ်တွင်တော့ ကျွန်တစ်ဦးက သခင်အပေါ် ပြုစုသလို ခြေသုတ်ပုဆိုး မွေ့ယာကျိုးနယ် ပြုစုရှာသည်။ ရလာသော တောကောင်သားကိုလည်း ကျွန်ုပ်ကိုသာ ဦးစားပေးကျွေးသည်။ သူက အရိုးအရင်းသာ စားရှာသည်။

မုဆိုးကျော်ထွား ချက်ကျွေးသော ညစာ၊ မက်လင်ချဉ်သီးနှင့်ကျောက်ငါးကြင်းချဉ်ရည်ဟင်းမှာ အလွန်စားကောင်းသည်။ ကုလားပဲနှင့် တောင်ကုက်ပျောဖူးဟင်းမှာလည်း မုန့်ဟင်းခါးဟင်းနံ့ရနေပြီး အရသာရှိလှသည်။

တောင်ချဉ်ပေါင်ခေါ် ပိန်းရိုးနီပင်အား ကြော်ထားသောဟင်းမှာ ချဉ်ပေါင်ရွက်ကြော်လိုအရသာရှိပြီး မယားပါ။ ငှရင်ကောက်ညွှန့်ကြော်ကတော့ စိမ်းစော်နံ့လွန်းလှသည်။ တစ်လခန့်ကြာအောင် စားကြည့်တော့လည်း စိမ်းစော်နံ့ခြင်း၊ ပျောက်သွားပြီး ပဲသီးစိမ်းအတောင့်ကြော်စားရသလို အရသာတွေ့လာပါသည်။

တစ်နေ့တွင် မုဆိုးကျော်ထွား တောကပြန်လာပြီး ရစ်ဒေါင်းဆီပြန်ဟင်းနှင့် အရိုးအရင်းကို ဆိတ်ဖူးခပ်၍ ဟင်းချိုအဖြစ်လည်းကောင်း၊ မှိုဟင်းကိုလည်း အချိုချက်ပေးပါသည်။ ညစာစားရာတွင် အဆင်ပြေပြီး အစပ်တည့်လှသဖြင့် . . .





"ကျော်ထွားရေ . . . ဘယ်က အချိုမှုန့်ရလို့လဲကွ။ မင်းဟင်းတွေက အတော်ချိုတာပဲ။ မှိုကရော . . . ဘာမှိုလဲ။ အဆိပ်အတောက်ပါတဲ့မှိုလည်း ဖြစ်နေဦးမယ်။ ငါကတော့ မင်းကိုယုံကြည်လို့ အဝစားလိုက်ပြီ ဘေးဖြစ်လာရင်တော့ မင်းပဲ ဆေးကုပေရော့"

"စိတ်ချလက်ချ စားစမ်းပါဆရာရယ်။ ဒီဘက်ပိုင်းမှာ အဆိပ်အတောက်ပင်က ရှားပါတယ်။ လိုအပ်ရင်တောင် မနည်းရှာယူရတာမျိုးပါ။ အဆိပ်အတောက်ရှိတဲ့ မှိုကခြေကျဉ်းပါတယ်ဆရာ။ လက်နဲ့မှိုပွင့်ကို ချေကြည့်ရင် အမည်းရောင်ပြောင်းသွားတတ်တယ်။

အခုစားရတဲ့မှိုက ဝါးမှိုပါ။ ဝါးပင်အခြေမှာပေါက်တာ အဆိပ်မရှိပါဘူး။ အရသာကတော့ ရိုးရိုးမှိုတွေလောက်မကောင်းဘူး။ ဟင်းတွေချိုတာကတော့ သဘာဝဟင်းချိုရွက် ခပ်ထားလို့ပါဆရာ။ ဒီတောထဲမှာ ဘယ်က အချိုမှုန့်ရမှာလဲ ဆရာရယ်"

"အေး . . . ကောင်းတယ်ကွာ။ နောက်တစ်ခါ ဒီလိုမျိုးချက်ရင်တော့ ခလရ (၃၇) တပ်ကုန်းက ဗိုလ်မှူးကျော်ဝင်းဆီလည်း ဟင်းပို့လိုက်ပါဦး။ စားစေချင်လို့ပါကွာ။ ငါက မင်းကောင်းမှုကြောင့် ဟင်းကောင်းစားရတော့ ထမင်းမြိန်တယ်။ ဗိုလ်မှူးကိုလည်း ဟင်းကောင်းကလေးစားရတော့ သတိရတယ်ကွာ"

"ဟုတ်ကဲ့ဆရာ။ နောက်တစ်ခါကျရင် ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဆရာ ထမင်းမြိန်တယ်ဆိုလို့ ကျွန်တော်ဝမ်းသာလှပါပြီ။ ဒါနဲ့ ဆရာ အောင်ဝါဆိုတာ ကြားဖူးပါသလား"

"မင်းပြောတာ ငှက်နာမည်လား။ ငါ မကြားဖူးဘူး။ အောင်လောင်းငှက်ကိုတော့ မြင်ဖူးတယ်။ သူက အောက်ချင်းငှက်နဲ့ ဆင်တူပေမဲ့ ပိုကြီးတယ်။ နှုတ်သီးနှစ်ထပ်ကြီးနဲ့ အဝါနဲ့ အနက်ကြားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဝါဆိုတာက ငှက်မဟုတ်ဘူးဆရာ။ သူက ကြောင်လို အကောင်မျိုး။ သံသေဒဖသစ်ပင်နွယ်က ဖြစ်လာတာ"

"ဟ . . . မင်းဟာက ကြောင်လိုအကောင်မျိုးလည်း ပြောသေး။ သစ်ပင်နွယ်က အဲ့ဒီလောက်အကောင်ကြီးကြီး၊ သံသေဒဖြစ်နိုင်ပါ့မလား"

"ဆရာရယ် . . . ဝေဠုဝတီမင်းသမီးဟာ ဝါးပင်ကပေါက်ဖွား လာတာလို့ ဗုဒ္ဓဝင်မှာ အသေအချာရှိတာပဲ။ အခုခေတ် ဆရာကြားဖူး ကြားမှာ။ တွေ့ဖူးမှာကတော့ နှစ်ကြာလာတဲ့ ပဲပုပ္ပနံနွယ်ကနေ မြွေဖြစ် လာတာရယ်၊ သစ်ရွက်၊ ဝါးရွက်တွေကနေ နံကောင်ဖြစ်လာတာတွေ လေဆရာ"

"အေး . . . ဟုတ်တယ်ကွ။ နှစ်ချို့ပဲပုပ္ပနံပင်က မြွေဖြစ်လာ တာတော့ ကြားဖူးတယ်။ မမြင်ဖူးသေးဘူး။ ဝါးရွက်က နံကောင်ဖြစ် လာတာကိုတော့ ကိုယ်တိုင်တွေ့ဖူး၊ ကြုံဖူးတယ်"

"အဲ့ဒီလိုပဲဆရာ။ အောင်ဝါဆိုတာကလည်း နွယ်ပင်ကြီးက နေ တဖြည်းဖြည်း သန္ဓေတည်၊ အသက်ဝင်ပြီး ကြောင်လိုအကောင် မျိုး ဖြစ်သွားတာ။ သူက အလွန်ထူးဆန်းပြီး ဂမ္ဘီရဆန်တယ်။

နွယ်ပင်ကနေ အဖုအထစ်ဖြစ်လာပြီး အကောင်ပုံသဏ္ဌာန် တဖြည်းဖြည်းပြောင်းလဲလာပြီး အင်္ဂါစုံလို့ ညဘက်ရောက်တာနဲ့ ပထမ ဦးစွာ ခေါင်းပိုင်းက နွယ်တန်းကြီး ပြုတ်ကျသွားတယ်။ အသက်လည်း ဝင်လာတာနဲ့ ရုန်းကန်တဲ့အရှိန်ကြောင့် အမြီးကနွယ် ပြုတ်ကျမသွား ခင် လူကစောင့်ပြီး အဝတ်နဲ့အုပ်ဖမ်း။ မပြုတ်သေးတဲ့ အမြီးနဲ့ဆက်နေ တဲ့ နွယ်ဖန်းကို ခုတ်ဖြတ်နိုင်ရင် အောင်ဝါကောင်ကို အပိုင်ရတာပါပဲ ဆရာ။





အဲ့ဒီအောင်ဝါကောင်ကို ဖမ်းမိရင် လိုသလို ခိုင်းစားနိုင်တယ် ဆရာ။ သူက နေ့ပိုင်းမှာ အရုပ်လိုပဲ။ စင်စာစ်ခုမှာ တင်ထားရင် ငြိမ် နေတတ်တယ်။ ညပိုင်းကျရင်တော့ အသက်ဝင်လှုပ်ရှားပြီး အောင်ဝါ အောင်ဝါနဲ့အော်ပြီး တောတွင်းအနံ့ လျှောက်သွားတော့တာပါပဲ။

သူ့ကို ရှေးကမြှုပ်နှံထားတတ်ကြတဲ့ မြေအောက်ရတနာပစ္စည်း ပျောက်ကွယ်နေတဲ့ မြေအောက်က သဘာဝအဖိုးတန် တွင်းထွက်ရတနာ ပစ္စည်းတွေကို ရှာခိုင်းရင် အိပ်မက်ပေးပြီး နေရာကို ပြတယ်ဆရာ။ သူတစ်ပါးပစ္စည်းကို ခိုးခိုင်းရင်လည်း ခိုးပေးတယ်ဆရာ။ အောင်ဝါဆို တာက ဘက်စုံသုံး ဂမ္ဘီရပစ္စည်းပဲ။ မသူတော်တွေလက်ထဲ ရောက်သွား ခင်တော့ အတော်ဒုက္ခပေးမယ့် သတ္တဝါပဲ"

"မင်းအကောင်က တယ်စွမ်းပါလားကွ။ မသူတော်တွေလက်ထဲ ရောက်သွားရင်တော့ အတော်ချိုမွှေမယ့် အကောင်ပဲ။ ဒါနဲ့ မင်းကိုယ် တိုင်ရော မြင်ဖူးသလား . . . ကျော်ထွားရေ"

"ခန္တီးဘက်က တောထဲမှာ ကျွန်တော်ကိုယ်တိုင် မြင်ဖူးခဲ့တယ် ဆရာ။ အောင်ဝါပိုင်ရှင်မုဆိုးဟာ တစ်နှစ်အတွင်း ကျိကျိတက်ချမ်းသာ သွားတယ်။ အခုလည်း ကျွန်တော် အဲ့ဒီလို အောင်ပါဖြစ်မယ့်နွယ်ကြီး ကို ချောင်းကွေ့တစ်ဖက်ကမ်းမှာ တွေ့ထားတယ်ဆရာ။

ကိုယ်လုံးနဲ့အမြီးက ပီပြင်နေပြီ။ ခေါင်းက နားခေါင်းနဲ့မျက်စိ၊ နားရွက်တွေ ပီပြင်လာဖို့ပဲ စောင့်ရတော့မှာ တစ်လလောက်တော့ စောင့် ရဦးမယ်ထင်တယ်။ ကျွန်တော် နေ့တိုင်းသွားကြည့်နေတာ တစ်ပတ် လောက်တောင် ရှိပြီဆရာ"

"သူ့ကို ဘယ်လိုမွေးရတာလဲ။ ခိုင်းရင်ကော သူက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပြန်မှုပေးတာလဲ။ ဘာကျွေးရသလဲ။ မွေးတဲ့သူကိုရော အန္တရာယ် ပေးတတ်သလား''

''အောင်ဝါဆိုတာက သဘာဝလွန် ဂမ္ဘီရပစ္စည်းဆိုတော့ စ တစ်ခုအပေါ်မှာ ထားရုံပါပဲ။ ဘာမှလည်း ကျွေးစရာမလိုပါဘူး။ ည ပိုင်းမှာ အလိုရှိရာပြောပြီး သူ့ကိုနိုင်း။ ညပိုင်း သူပျောက်သွားလိ မယ်။ သန်းခေါင်ကျော်မှာ ပိုင်ရှင်ကို အိပ်မက်ပေးပြီး လမ်းညွှန်လိ မယ်။

မနက်မိုးလင်းတော့ စင်ပေါ်မှာ သူပြန်ရောက်နေလိမ့်မယ် ဘာမှ အန္တရာယ်မပေးပါဘူးဆရာ။ အဲပိုင်ရှင်လုပ်သူက နိုင်းရင်တော ပစ္စည်းခိုးပေးရုံတင်မက လူပါသတ်ဆို သတ်တတ်တယ်ဆရာ။ အဲ အခါမှာတော့ အောင်ဝါဟာ အလွန်ကြောက်စရာကောင်းတဲ့ သတ္တ ဖြစ်သွားပြီ။ နိုင်းစေတဲ့ပိုင်ရှင်ရဲ့ အကောင်းအဆိုးပေါ်မှာ မူတည် တယ်ဆရာ''

''အင်း ...သတိတော့ အတော်ထားရမယ်ထင်တယ်။ ဆိုတာ လောဘသားကွ၊ ဒေါသ၊ မောဟလည်း မကင်းဘူး။ မင်းအော ဝါက ဂမ္ဘီရအရုပ်ဆိုပေမဲ့ အလွန်ထက်မြက်ပြီး ကြောက်စရာကောင် အရုပ်ထင်ပါရဲ့ကွာ''

''ဒါနဲ့ ...အဲဒီအကောင်ရှိတဲ့နေရာနဲ့ စခန်းနဲ့ အတော်ဝေ သလား''

''မဝေးဘူးဆရာ။ ကျွန်တော်တို့ စခန်းတောင်ဘက် ခ ချောင်းလက်တက်၊ တစ်ဘက်ကမ်း ချောင်းကွေ့နားမှာဆရာ။ ထားဝ လင်မယားတဲနဲ့ တစ်ဖက်ကမ်းမှာပါ။ ဒါပေမဲ့ သူတို့လင်မယားက တေ ထဲမဝင်ရဲတော့ မသိကြပါဘူးဆရာ''





''အေး ...အေး ...အကောင်ပိပြင်ချိန်နီးတော့ ပြောကွာ။ ိုးအပ်တာတွေ အကုန်ငါစီစဉ်ပေးမယ်။ ဘာတွေလိုအပ်သလဲ ကြိုတင် ပြောထား။ ငါအသင့်ရှာပြီး ဆောင်ထားပေးမယ်။ လူကော မင်းကို ညီဖို့ များများလိုသလား''

''မလိုဘူး ဆရာ။ နှစ်ယောက်ဆိုရင် ရပြီ။ တစ်ယောက်က အောင်ဝါကောင်ကို အဝတ်နဲ့ထုပ်ပြီး မိမိရရကိုင်ဖို့နဲ့ တစ်ယောက်က ျှိုးများနဲ့ ဆက်နေတဲ့နွယ်ကို တစ်ချက်တည်းနဲ့ ခုတ်ဖြတ်နိုင်မဲ့ ဓား က်ထက်တစ်ချောင်းပဲ လိုပါတယ်။ ဪ ...ဆရာ ညဘက်ကြီး ုပ်ရကိုင်ရမှာဆိုတော့ ဓာတ်မီးကောင်းကောင်းတစ်လက်တော့ လိုပါ ယ် ဆရာ''

''အေး ...အေး ...အချိန်ကျခါနီး ငါ့ကိုပြော။ ငါ့မှာ ားသောင်းကဝယ်လာတဲ့ ပသျှူးဓားကောက်နဲ့ ရှစ်ခဲထိုး၊ အမဲလိုက် တ်မီး၊ အသင့်ရှိတယ်။ အကူလူကတော့ မင်းစိတ်ကြိုက်ရွေးထား၊ ခန့်သင့်ရင် ငါပါ သေနတ်ထမ်းပြီး လုံခြုံရေးအတွက် လိုက်လာ ယ်''

''ဟုတ်ကဲ့ပါဆရာ''

နောက်တစ်နေ့တွင် မုဆိုးကျော်ထွားအား ရွှေကျင်ရာတွင် အကူ စရန် ကျွန်ုပ်၏အရာရှိဖိုမှ ကုလားကလေးမောင်စိန်အား ထည့်ပေး က်သည်။ ကုလားကလေးမောင်စိန်မှာ လက်မှုပညာကျွမ်းကျင်သူဖြစ် ပြင့်လည်းကောင်း၊ အချက်အပြုတ်တတ်ပြီး လုပ်ငန်းတာဝန်ကို စေ့ငှ သချာသူဖြစ်သဖြင့် ထည့်ပေးလိုက်ခြင်းဖြစ်သည်။

ညနေ သူတို့ပြန်လာတော့ ရွှေ (၃) ရွေးခန့် ရရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . ကုလားကလေး မောင်စိန်တော်ပါပေတယ်။ ဥ နီးတယ်။ ကျွန်တော် တစ်ထွာပြတာ သူက တစ်တောင်မြင်တယ်။ ကျွန်တော်တို့နှစ်ယောက်ဆိုတော့ ကျင်ဝိုင်းငှားပြီး မကျင်တော့ဘဲ စပ်မှာ မျောစင်ဆောက်ပြီး မြေသယ်လိုက် ရေလောင်းလိုက်နဲ့ အ တယ်ဆရာ။

အခု ကျွန်တော်တို့မှာလိုနေတာက ရွှေကျင်ငှက်ပျော ဆရာ။ သူက ငှက်ပျောဖတ်အပေါ်ယံအမှေးကို ခွာလိုက်ရင် အ ကလေးတွေပါတယ်။ အခု ကျွန်တော်တို့သုံးနေတာက ရိုးရိုးတော ပျောပင်က အဖတ်ဆိုတော့ အဖတ်သေးတယ်၊ အခွံပါးတယ်။ ကလေးတွေကသေးတော့ ရွှေဖမ်းအား မကောင်းဘူးဆရာ။

ရွှေကျင်ငှက်ပျောဆိုတာက အပင်ကြီးပြီး အခေါက်ထူ၊ ကျယ်တယ်။ အသီးမသီးဘူး။ ရွှေကျင်ဖို့အတွက် သက်သက်စိုက် ကြတာ။ အဲဒီငှက်ပျောဖတ်ကမှ အပေါက်ကလေးတွေကျယ်ပြီး ရွှေ အားကောင်းလို့ အလုပ်ဖြစ်မှာဆရာ"

"ဘယ်မှာရနိုင်မလဲ . . . ကျော်ထွားရယ်။ ငါတို့စခန်းက နဲ့မှမနီးတာ။ တောခေါင်ခေါင်မှာ စခန်းဆောက်ထားရတာလေ"

"တီယန်စွပ်ရွာမှာ ရနိုင်တယ်ဆရာ။ ဒါပေမဲ့ (၅) မိုင်ေ ဝေးတယ်။ အထက်တက်ရင်တော့ ကဝဘန်ရွာမှာ ရနိုင်တယ်ထင် ဒီကနေ (၃) မိုင်လောက်တော့ ဝေးတယ်"

"ရတယ် ကိစ္စမရှိဘူး။ ငါ ဝန်ထမ်းတစ်ယောက်ကို ရွှေ က ဦးသိန်းရွှေတို့အဖွဲ့ဆီ စာပို့လွှတ်စရာရှိတယ်။ သူတို့က က မှာအခြေချပြီး တဲတဲဆောက်နေကြတာ အဆင်ပြေပါတယ်"





နောက်တစ်နေ့တွင် ဝန်ထမ်းတစ်ဦးအား စာပို့လွှတ်ရင်း ကျင်ငှက်ပျောဖတ်များ ရရှိလာသဖြင့် မဆိုးကျော်ထွားတို့ အလုပ် သွားကြသလို၊ ကျွန်ုပ်လည်း စခန်းသို့ ရဲဘက်သစ်များနှင့် ရိက္ခာ များ လာမည်ဆို၍ ရဲဘက်၊ ဘားတိုက်များ တိုးချဲ့ဆောက်လုပ် ရိက္ခာဂိုဒေါင်များ အသစ်ဆောက်လုပ်ရခြင်းတို့ကြောင့် အလုပ် သွားတော့သည်။

တစ်ပတ်ခန့်ကြာတော့ CONVOY ယာဉ်တန်း၊ ကားအစီး(၂၀) ဖြင့် ရောက်ရှိလာသည်။ ရဲဘက်သစ်များအား နေရာချထားပေးပြီး များအား လုံခြုံစွာ သိမ်းရသည်။ မိုးကကျတော့မည်ဖြစ်သည်။

သို့သော် ဆွမ်ပရာဘွန်လို နေရာဒေသက မိုးတွင်းကာလ ပေါက်သော်လည်း မိုးက လစဉ်ရွာတတ်သည်။ ပွင့်လင်းမနေဘဲ အုံ့မှိုင်း သာရာသီဥတုရှိသည်။ ထို့ကြောင့် မိုးတွင်းစာကျွေးနိုင်ရန် ကျွန်ုပ် ရိက္ခာ ဆောင်းနေရခြင်းဖြစ်သည်။

ထို့ကြောင့် တစ်ပတ်ခန့် ကျွန်ုပ် မအား။ အေးဆေးစွာမနေရ။ န်ထမ်းသစ်များလည်း ပါလာ၍ တာဝန်ခွဲဝေချထားပေးရသည်။ ကျွန်ုပ် လက်အောက်ရှိ နောက်တန်းထောင်မှူး ဦးအာချွန်၊ ရှေ့တန်းတာဝန်ခံ ထောင်မှူးဦးအောင်ကြီးတို့၏ လုပ်ငန်းလုပ်ကိုင်ရာတွင် စနစ်ကျမှုကြောင့် တော်ပါသေးသည်။

မနက်မိုးလင်းမှ မိုးချုပ်၊ အလွန်တာဝန်ပိနေသဖြင့် ကျွန်ုပ်နှင့် မဆိုးကျော်ထွားတို့ အေးဆေးစွာ စကားမပြောဖြစ်သည်မှာ ကြာချေပြီ။ သို့သော် ညစဉ် အိပ်ရာဝင်ခါနီးအချိန်တွင်တော့ မဆိုးကျော်ထွားက င်းတို့ကျင်ယူရရှိခဲ့သော ရွှေမှုန်များကို အပ်လေ့ရှိသည်။

ရွှေကျင်ငှက်ပျောဖတ် ရရှိပြီးကတည်းက မဆိုးကျော်ထွားပြော သလိုပင် ရွှေရိုင်းများ တစ်နေ့လျှင် လေး၊ ငါး ရွေးခန့် ရရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကျော်ထွားက အပ်သည်။ ကျွန်ုပ်က သိမ်းသည်။ ပင်ပန်းလွန်း ယခင်ကလို အချိန်ယူပြီး စကားမပြောနိုင်။ ညစာစားပြီး ကျွန်ုပ် အိပ်ရာ ဝင်သည်။ မနက်စောစောကြီး ထရသည်။

ဤကြားထဲ ယာဉ်တန်းအပြန်တွင် နောက်တန်းဆေးရုံသ ရဲဘက် (၂၀) ယောက်အား တင်ပို့နိုင်ရန် နောက်တန်းနှင့်ညှိ၊ အစော ဝန်ထမ်းစီစဉ် စသဖြင့် အလုပ်ရှုပ်ရပြန်သည်။

ယာဉ်တန်းပြန်သွားမှ ကျွန်ုပ်တို့လုပ်ငန်း ပုံမှန်ပြန်ဖြစ်သွား ပါသည်။ ညဘက်တွင် ညစာစားပြီးသည်နှင့် မီးလုံ့ရင်း မုဆိုးကျော်ထွာ နှင့် စကားအေးဆေးစွာ ပြန်လည်ပြောဖြစ်ကြသည်။

''ကျော်ထွားရေ . . . မင်းအောင်ဝါကောင်အခြေအနေ ဘယ် လို ထူးသလဲ။ ငါလည်း ယာဉ်တန်းလာတာနဲ့ ရိက္ခာသိမ်း၊ ဝန်ထမ်း ရဲဘက်သစ်တွေ နေရာချထားနဲ့ အတော်အလုပ်ရှုပ်သွားတယ်။ မနက် စောစောထ ညအတော်မိုးချုပ်မှ အိပ်ရာဝင်နဲ့၊ မင်းနဲ့တောင် အေးအေး ဆေးဆေး စကားမပြောဖြစ်ခဲ့ဘူး''

''ဟုတ်ပ့ါ ဆရာရယ်။ ကျွန်တော်တို့ လုပ်ငန်းဘက် စိတ်ဝင် စားနေလို့ မိုးချုပ်မှပြန်ရောက်တော့ ဆရာပင်ပန်းနေတာနဲ့ စကားမပြော ရတော့တာပါ။ အောင်ဝါအခြေအနေ ထူးလာပြီဆရာ။ ခေါင်းက မေးရိုး နဲ့ နားရွက်ထွက်လာပြီ။ မျက်ရစ်လည်း ပေါ်လာပြီ ပိပြင်ဖို့ပဲ လိုတော့ တာ။

တစ်ပတ်လောက်ကြာရင် အသေအချာ ပိပြင်ပေါ်လွင်လာမှာ ပါဆရာ။ နောက်ပြီး ကျွန်တော်တို့ ရွှေမှုန်တွေ အများကြီးရရှိနိုင်မဲ့နေရာ လို့ ယူဆရတဲ့ နေရာခွင်တစ်ခုကို ကျွန်တော်တို့ တွေ့ထားတယ်။





• ချောင်းထဲမှာ မဟုတ်ဘူးဆရာ။ ချောင်းနှုတ်ခမ်း၊ ကမ်းပါး တောင်းမှာ၊ ယခင်က နေရာဟောင်းပဲ၊ မြေဂူတစ်ခုပဲထင်ပါရဲ့။ အဲဒီ နားတစ်ဝိုက်မှာ ရွှေကျင်တာ အတော်ရတယ်ဆရာ။ ဒါကြောင့် ကျွန် တော်တို့ ဂူထဲကိုဝင်ကြည့်ချင်နေတာ ဂူထဲမှာ ရွှေမှုန်ကြောရှိနေနိုင်တယ်။ ဂူကို ရှင်းလင်းရမယ်ဆရာ။ ချုံနွယ်တွေနဲ့ ပိတ်နေတာ။ မိုင်းထောင် ထားတာတို့ မြွေပါးကင်းပါး ပေါ်တာတို့လည်း ဖြစ်နိုင်တယ်''

''ဒါဆို ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တွေ အိန္ဒိယကို ဆုတ်အပြေး ချန်ထားခဲ့တဲ့ ရတနာပစ္စည်း လက်နက်ပစ္စည်းတွေလည်း ရှိနေနိုင်တာပေ့ါ။ ဒီဘက်အပိုင်း မြစ်ကြီးနားပတ်ဝန်းကျင်မှာ အင်္ဂလိပ် နဲ့ တိုက်ပွဲကြီးတွေ အတော်များများ ဖြစ်ပွားခဲ့တယ်''

''ဟုတ်မှာပါဆရာ။ ဂူကတော့ သဘာဝကျောက်ဂူမဟုတ်ဘဲ မြေဂူဖြစ်လို့ လူတွေ တမင်တူးဖော်ထားမှန်း သိသာပါတယ်''

''အေး . . . အေး . . . ကျော်ထွားရေ၊ တစ်ရက်လောက် သစ်ခွ ရှာမယ်ဆိုပြီး အကြောင်းပြထွက်ကြတာပေ့ါ။ ငါကလည်း ရတနာသိုက် တို့ ရှေးဟောင်းပစ္စည်းတွေ လက်နက်တွေကို ဝါသနာပါတယ်လေ''

''ဟုတ်ကဲ့ပါဆရာ။ ပိတ်ရက်တစ်ရက် သွားကြတာပေ့ါ။ ဓား တို့၊ တူရွင်းတို့၊ ပေါက်ဆိန်တို့တော့ လိုမယ်ထင်တယ်ဆရာ။ ဂူဝက ချုံ နွယ်တွေနဲ့ပိတ်နေပြီး ချောင်းရေဝင်လို့ထင်ပါတယ်။ မြေသားက အတော် ထူပြီး ဖုံးနေပြီး အထဲမှာ သေတ္တာပျက်လို မဲမဲပစ္စည်းတွေတော့ တွေ့ရ တယ်''

''အေး . . . အေး . . . ကောင်းတယ်။ လက်နက်ပစ္စည်းတွေကို ငါ ဆလက (တံတား) အဖွဲ့က ငှားထားပေးမယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

❑

နောက်တစ်နေ့ သောကြာနေ့ ည(၉)နာရီအချိန်ခန့်တွင် ကျွန်ုပ်နှင့် မုဆိုးကျော်ထွားတို့ ညစာစားအပြီး ထုံးစံအတိုင်း ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြသည်။

"ကျော်ထွား … မင်းအောင်ဝါက အသက်မဝင်သေးဘူးလား။ မင်းပြောတဲ့ တစ်လတောင်ပြည့်တော့မယ်"

"ဟုတ်ပါ့ ဆရာရယ်။ ကျွန်တော်သိထားတာက အောင်ဝါအသက်ဝင်ခါနီးရင် ကလေးတွေချက်ကြွေသလို နှုတ်ခမ်းနဲ့ အမြီးနဲ့ ဆက်သွယ်ထားတဲ့နွယ်ဟာ သိမ်ပြီး ခြောက်လာတယ်။ အခုတော့ ဒီအတိုင်းပဲ [illegible]မှမထူးတော့ ရက်ကိုခန့်မှန်းဖို့ ခက်နေတယ်ဆရာ။ ကျွန်တော်လည်း နေ့တိုင်း သစ်ပင်ပေါ်တက်ပြီး အသေအချာကြည့်တာပါပဲဆရာရယ်"





"ထိုက်ရင်ရမှာပေါ့ကွာ မစွဲလမ်းပါနဲ့"

ထိုစဉ် 'အောင်ဝါ … အောင်ဝါ … အောင်ဝါ' ဟူသော အသံစူးစူးကလေးကို ကျွန်ုပ် ကြားလိုက်ရသဖြင့် အသေအချာ နားစွင့်ထောင်ရာ မုဆိုးကျော်ထွားပြောသော ဒရုခချောင်းကွေ့ဘက်ကဖြစ်နေမှန်း အသေအချာ သိလိုက်ရသည်။

"ကဲ … ကျော်ထွားရေ ဘယ်လိုလဲ"

ဟု ကျွန်ုပ်က မေးထိုးပြရာ …

ကျော်ထွားက …

"ကဲ … ဆရာ အချိန်ကျပြီ။ ကျွန်တော်တို့ အမြန်သွားစို့။ ဘုလားလေး မောင်စိန်လည်း မနက်ဖြန် ကျွန်တော်တို့ တောထဲဝင်မှာမို့ ဖိုထဲမှာပဲ အိပ်နိုင်းထားတယ်။ ဆရာလည်း လိုက်မယ်ဆိုရင် အသင့်ပြင်ပါ"

"အေး … အေး …"

သို့နှင့် ကျွန်ုပ်တို့ဆရာတပည့် (၃) ဦး တုတ်တားကိုယ်စီဖြင့် စခန်းမှ ထွက်ခဲ့ကြသည်။ ဒရုခချောင်းစပ်ရောက်တော့ မုဆိုးကျော်ထွားက ဦးဆောင်ပြီး သွက်သွက်လှမ်းခဲ့ကြသည်။ ကျွန်ုပ် ပြည်မကယူဆောင်လာသည့် EVEREADY HUNTER LIGHT (၈) ခဲထိုး အမဲလိုက်ဓာတ်မီးကြီးက ဤနေရာတွင် အသုံးတည့်လှသည်။

ချောင်းကွေ့ရောက်တော့ သစ်ပင်ကြီးတစ်ပင်ပေါ်မှ ရှန်းကန်လှုပ်ရှားပြီး 'အောင်ဝါ … အောင်ဝါ' ဟူသောအသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ မုဆိုးကျော်ထွားနှင့် မောင်စိန်တို့ သစ်ပင်ကြီးပေါ်သို့ အပြေးတက်ကြသည်။ ကျွန်ုပ်က အောက်မှ မီးထိုးပြသည်။ နွယ်ကြိုးမှ လှုပ်ရမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထွားတို့ သစ်ပင်ပေါ်အရောက် 'ဝုန်း' ဟူသောအသံကြီးကို ကြားလိုက်ရသဖြင့် ကျွန်ုပ် မီးထိုးကြည့်လိုက်ရာ ကြောင်ဝါကြီးတစ်ကောင် မြေပေါ်ခုန်ဆင်း၍ တောတွင်းဝင်ပြေးတော့သည်။

"လွတ်သွားပြီ ဆရာရေ့၊ နည်းနည်းနောက်ကျသွားတယ်"

ထိုစဉ် . . .


"အောင်ဝါ . . . အောင်ဝါ . . . အောင်ဝါ"

ဟူသောအသံကြီးကို (၃) ကြိမ်တိုင်တိုင် ကြားလိုက်ရသည်။

ထိုစဉ် ကျော်ထွားက သစ်ပင်ပေါ်မှ ဆင်းလာပြီး ကျွန်ုပ်ထံမှ လက်နှိပ်ဓာတ်မီးတောင်းယူ၍ ချောင်းလက်တက်ကမ်းပါးယံရှိ မြေဂူအားပြသည်။ ပါလာသော ဓားများဖြင့် ဂူဝအားရှင်းလင်းပြီး အတွင်းသို့ ဓာတ်မီးဖြင့်ထိုးကြည့်တော့ ပြန့်ကျဲ၊ ပေါက်ပြဲနေသော ရွှေမှုန်အိတ်များကို တွေ့ရသည်။

ဤဂူအနီးအနားတွင် ရွှေကျင်၍ ပိုရသည်ဆိုခြင်းမှာ ပေါက်ပြဲနေသော ရွှေမှုန်အိတ်များမှ ရွှေမှုန်များ ရေစီးဖြင့်မျောပါလာ၍ ဖြစ်ပေလိမ့်မည်။ မည်သို့ဖြစ်စေ အောင်ဝါဟူသော ကျွဲရကြောင်လွတ်သွားသော်လည်း ကျွန်ုပ်တို့ ရွှေပုံရတနာသိုက်ကြီးကို မမျှော်လင့်ဘဲ ရရှိလိုက်ခြင်း ဖြစ်ပေသည်။

ထောင်မှူးကြီးသိန်းဝင်း


www.burmeseclassic.com

www.burmeseclassic.com

| ၁ |

"ဘဝန္တဂူ၊ သယမ္ဘူလျှင်၊ နှစ်ဆူစကြာ၊ ဒေသနာဖြင့် သုနာပရန်၊ နက်သန်ဌာနရှိ၊ တမ္ဘဒီသို့၊ ပါရမီရင့်နှ၊ ဝေနေစုကို မျှော်ရှုရွယ်ရည်၊ ကျွတ်အံ့လည်သော်၊ မြန်ပြည်အခေါင်၊ မန်းရွှေတောင်ဝယ်၊ လရောင်စက်ဝါ၊ လက္ခဏာနှင့်၊ မျက်နှာကြည်မြ၊ ရွှန်းရွှန်းပသည်၊ စန္ဒမုခီ၊ နတ်နာရီလျှင်၊ သိင်္ဂီစံဦးသစ်၊ မျှော်ရစ်သို့၊ ကျစ်လစ်ဖွံ့ထွား၊ ရင်ညွှံ့သားကို၊ တရားညွတ်နူး၊ ပန်းနှယ်ခူး၍၊ ကျေးဇူးလေးနက်၊ လှူဒါန်းဆက်သော်၊ ရွှေငှက်ကရဝိတ်၊ တောင်လုံးငြိမ့်မျှ၊ ထိတ်ထိတ်သံဝှန်၊ ရင့်ကာတွန်သို့၊ ဆင်းကြွန်အင်ညီ၊ မယ်ဒေဝီအား၊ ဝဇီနက်တံ၊ ဗျာဒိတ်သံဖြင့်၊ တောင်ရံနီးနိမ့်၊ ဖြိုးဖြိုးသိမ့်သည့်၊ ငြိုးငြိမ့်ပဲ့တင်ခတ်တီးတည်း"

ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာနှစ် ၂၄၀၀ ရှိသောအခါတွင် ဤနေရာ၌ မြို့ကြီးတည်အံ့။ 'စန္ဒမုခီ' ဘီလူးမသည်လည်း ထိုအခါ မင်းဖြစ်အံ့။ ပြည်ရွာအေးချမ်းသာယာလျက် ငါဘုရားသာသနာ စည်ပင်အံ့။

(ကုန်းဘောင်ရာဇဝင်)

✿ ✿ ✿

| ၂ |

မနေ့တစ်နေ့ကကို လွန်သောနှောင်းနှောင်းအတိတ်တွေ၊ ပုဂ္ဂိုလ်တွေ၊ အဖြစ်အပျက်တွေသည် တဖြည်းဖြည်း အရောင်လွင့် မှေးမှိန်ပျက်ပြယ်လျက် ကွယ်ပသွားတတ်ရိုးဖြစ်သည်။ သုံးနှစ်လား၊ ဆယ်နှစ်လား၊ နှစ်တစ်ရာလား။ 'သေသောသူ ကြာလျှင်မေ့' တဲ့။

ပစ္စုပ္ပန်ထဲမှာ နစ်ကျွံမြုပ်ဝင် ကူးခတ်စီးမျောနေကြရင်းက ထိုထိုအတိတ်တွေဆီ စိတ်ဦးမလှည့်နိုင်သည်လည်း ဖြစ်ကောင်းဖြစ်မည်။

ပစ္စက္ခ၏ ရှင်သန်ဝေစည် လင်းလက်တောက်စားနေမှုတွေကို နှောင်းအတိတ်၏ အမွေပေပဲဟု ဝေမျှမှီတာမှားဖို့ကိုပင် စိတ်အေးနေမရင့်မား မပွဲဖြိုးနိုင်သည်လည်း ဖြစ်နိုင်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲ . . . တချို့၊ တချို့ အဖြစ်အပျက်များ၊ ပုဂ္ဂိုလ်များဆိုလျှင် ဘာမျှမကြာလိုက်သေးသည့်တိုင် သမိုင်းနွံထဲမှာ မြုပ်သွားကြရပြီ။ တချို့များ လွဲလွဲမှားမှား၊ ဟိမ်းတိမ်းမှေးမှေးတွေ မှတ်ကမ်းတင်ထားခြင်းကို ပင် ခံနေကြရပြီ။ ဖြေ့ုကမဲ၊ မေ့ကဖြူနေသည်ပျှ။ ဤသည်ကလည်း သမိုင်း၏ လောကဓံတစ်ခုပေလား။

တိတိပပဖြင့် ဘဝင်ကျကျ မဆုံးဖြတ်နိုင်သေး။

ရင်ထဲ၌ နိုးလိုးခလုကြီး တင်းခံနေဆဲဖြစ်သည်။

အကူးသဖြင့် ကိုယ်ကိုယ်တိုင် နှိုက်နှိုက်ချွတ်ချွတ် သိထားလေ့လာစေ့ငုထားမိသည့် ဖြစ်ရပ်မျိုး၊ ပုဂ္ဂိုလ်မျိုးနှင့်နွယ်သော တရွဲ့တစောင်းများကို ငုတ်တုတ်ပစ်ကြီး ထိုင်ထိုင်ကြည့်နေရတတ်သည့် အခါကာလမျိုးမှာ မခံချင်လှသည့် ထိုဇော၊ ထိုစိတ်ဝေဒနာတွေက ပြင်းလှဘိ။ ပူလောင်လှဘိ။

✿ ✿ ✿

| ၃ |

❑

ယခုတစ်လောကလေးမှာပင် ထိုသည့် ခလိုးခလုကြီးက ပိုဆိုးလာခဲ့သည်။ အမေ မအေးသန်းနှင့် ကိုရင်သန်းနိုင် (သာဂီ၊ လက်ထောက်ထောင်မှူး၊ ညွန်ချုပ်ရုံး၊ အကာစ)တို့၏ ကျေးဇူးပြုမှုနှင့် ဦးကံညွန့် (ထောင်မှူးကြီး၊ မန္တလေးဗဟိုအကျဉ်းထောင်) ၏ အထောက်အထား စာတပ်ပုံတွေကို ခဲခဲခက်ခက် ရှာဖွေပေးပို့မှုတို့ကြောင့် "အကာလမရဏ ရှင်းတမ်း"၊ "အကာလမရဏပုံပြင်' ဝတ္ထုနှစ်ပုဒ်ကို စိတ်ဆောဉာဏ်ဆော၍ ရေးဖွဲ့မိခဲ့ပြီဖြစ်လေရာ ထိုဝေဒနာတွေက ပိုဆိုးလာခြင်း ဖြစ်ပုံရ၏။

"စာရေးဆရာရယ် . . . လူဆိုတာ ကိုယ်လုပ်ချင်တာတွေ၊ လုပ်သင့်တာတွေကို အထိုက်အလျောက် လုပ်ခဲ့ပြီးပြီ။ လုပ်ခွင့်ရခဲ့ပြီး

---



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုရင်ပဲ ပြီးပြီပေါ့။ ငြိမ်ငြိမ်နေဖို့ပဲ ရှိတော့တာပေါ့။ တကယ်တမ်းက သမိုင်းဟာ လူတွေနဲ့မဆိုင်ပါဘူး။

လူတွေနဲ့ တသီးတခြားကင်းနေလွတ်နေတဲ့ လူ့ဖြစ်စဉ် မှတ် တမ်းကြီးသက်သက်ပါ။ သမိုင်းက လူတွေကိုလုပ်နေတာ မဟုတ်ဘူး လူတွေလုပ်ထားကိုင်ထားသမျှကိုသာ သမိုင်းက ထောက်ထောက်ထား ထား ကမ္ပည်းတင်ရတာတဲ့တာမျိုးပါ''

မိတ်ဆွေကြီး မှန်းသော်တာက သည်သို့ တွေးတွေးဆဆ ပြော ရှာသေး၏။

''ဒီမယ်ဗျ ... ဆမ်းမားဆက်မွန်ဆိုတဲ့ နာမည်ကျော် စာရေး ဆရာကြီးက ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိသဗျ။ 'ဘာပဲဖြစ်ဖြစ်၊ ကျွန် တော်ကတော့ အမေ့လျော့ခံဖို့ အသင့်ပြင်ထားတယ်။ တစ်နေ့မှာ ကျွန် တော့်နာရေးကြော်ငြာ တိုင်းသတင်းစာထဲပါလာရင် သူတို့က ဟောဗျာ ဘယ်လိုလဲ၊ ဒီလူကြီးသေတာ ကြာလှပြီ အောက်မေ့နေတာလို့ ပြော မယ်။ အဲဒီအခါ ကျွန်တော့်တစ္ဆေကတော့ ခစ်ခနဲရယ်မိမှာအမှန်ပဲ' တဲ့

တကယ်ကတော့ဗျာ ...သမိုင်းဆိုတာဟာ တချို့အဖြစ် အပျက်၊ တချို့ပုဂ္ဂိုလ်၊ တချို့ အရေးအခင်းကြီးတွေကို ခပ်မြန်မြန် မေ့ လျော့ပစ်ပယ် ခြင်းမခံရလေအောင် အားကြိုးခနဲ့ ကျားကန်ပေးထား တဲ့ ထိန်းကြိုးသာသာတွေပဲ မဟုတ်ဘူးလားဗျာ။

ပြောပြကြေးဆိုရင် သမိုင်းက လူတွေကို ထိန်းမထားနိုင်ဘူး ဗျ။ ကိုယ့်လူတွေက ကိုယ်ထင်တာ ကိုယ်လုပ်နေကြတာရယ်။ အဲဒီတော့ ခင်ဗျားဘာသာ ကြားဝင်ပြီး အရမ်းခံစား မနေနဲ့ဗျ။ အသက်တိုလိမ့် မယ်''။





ရှေးဟောင်းသုတေသနသမား ဖိုးညာဏ်ဝေကဖြင့် ခပ်လျော့ လျော့ ခပ်ပေါ့ပေါ့၊ လျော့ရျေးချ လေသံပေး၍ ဖျောင်းဖျသည်။

''ဒါပေမဲ့ ... ဗျာ''

သို့နှင့်တိုင် ...ကျွန်တော်က မလျော့ချင်သေး။ စောဒက တက်ကြည့်ချင်သေးသည်။ ပါးစပ်လွယ်ရာစကားလုံးကို ကောက်ကာ ကောက်ကာ ရှာမတွေ့၍သာ 'ဒါပေမဲ့ ... ဗျာ' ဖြင့် ငြိမ်နေလိုက်ရ၏။

''ဒါပေမဲ့ ...ဟောဒီမန္တလေးတောင်တော်ပေါ်ကိုရောက်၊ ဟောဒီဗုဒ္ဓဒိတ်ပေး ကိုယ်တော်မြတ်ကြီးကိုဖူး၊ ဟောဒီ မြေကြီးနှစ်ကောင် ဟောဒီမန္တလေးတောင်ဝန်းကျင်ရဲ့ ဆွတ်ဆွတ်ပျံ့ပျံ့ အနံ့အသက်၊ ဆင်မြင်ကွက်၊ လှကောင်းလှရာ၊ ချစ်ကောင်းချစ်ရာ အမှုအရာကလေး တွေနဲ့ တွေ့တွေ့တင်တင် မျက်နှာချင်းဆိုင်မိရပြီဆိုမှဖြင့် ကျုပ်လည်း ဘာလိုပဲ ကျုပ်တို့ဘုန်းဘုန်းကြီးကို သတိရမိ၊ လွမ်းမိလိုက်တာမှ ကြီးပဲဗျို့။ ပြီးတော့လည်း ...

မှန်းသော်တာက စကားမဆက်။

ဟိုး အရှေ့ဖက် မိုးကုတ်စက်ဝိုင်းခုံးကြီး၏ အနားစွန်းမှာ ခပ် ရေးရေးခပ်မှိုင်းမှိုင်း။ မှိန်ပျပျထင်ချင်ယောင်ပြုနေသည့် ရှမ်းတောင်မင်း တောင်စဉ်၊ တောင်လျှိုင်း၊ တောင်တံတိုင်း၊ အထပ်ထပ်တွေကိုလည်း ကောင်း၊ မျက်စိဖြင့် တပ်အပ်မမြင်နိုင်သည့်တိုင်အာရုံကို ကဲကဲမှန်မှန် ထားသည့် ရန်ကင်းတောင်၊ ငါးရံ့မင်းတောင်များကိုလည်းကောင်း မှိုင်မောနေ‌ေဟန်ထင့်။

'ဟူး' ခနဲ သက်ပြင်းသဲ့သဲ့ ဖော့ဖော့ချသံက သူ့စကားအဆုံး ပိုင်းကို စိတ်ဝမ်းမသက်မသာ အဆုံးသတ်ပေးလိုက်သလိုလို။



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါကတော့ ဟုတ်တယ်ဗျ . . . ကိုဇော်မြင့်ရဲ့။ ကျုပ်တော မန္တလေးချက်မှုပ် ရှာနေပြည်ထိုင်ဆိုတာတောင်မှ လွှမ်းလွှမ်းရှိဝိုင်း ဟော ဒီဗျာဒိတ်ပေး ကိုယ်တော်မြတ်ကြီးဆီကို မြေကြီးနှစ်ကောင်ဆီကို ပြ ပေဘာ့ သစ်ဆိမ့်ကျောင်းတိုက်ရဲ့ကျောဖက် မန္တလေးတောင်ကြားထဲက ပင်းကုန်းမင်းတရားကြီးရဲ့ ကုသိုလ်တော် '**နဂါးရေကန်တော်**'၊ ဘုန်း ဘုန်းကြီး ဦးနန္ဒိယသူရိယ သီတင်းသုံးနေထိုင်တော်မူခဲ့ဖူးတဲ့ ကျောင်း လိုဏ်ဂူကြီး '**နန္ဒမူလဂူ**' စတာ၊ စတာတွေဆီကို ခြေဦးပေါက်ပေါက် လာဖြစ်ခဲ့ရတာချည်းပဲ။ တစ်ခါတစ်ရဲ့ မိသားစုလိုက်၊ တစ်ခါတစ်ရံတော့ လည်း ဘုန်းမောင်တစ်ကိုယ်တည်းပလေ''

''အင်း . . . မန္တလေးက ဘုန်းဘုန်းကြီးကို မေ့နေလောက် ကြပြီဗျ။ ကျုပ်တို့ ဟောဒီမန္တလေးတောင်တော်ကြီး ဒီလို သာတော သာမောဖြစ်နေတာကို မြင်ကြရတဲ့အခါ ရသေ့ကိုယ်တော်ကြီး ဦးခန္တီ ရဟန်းပျိုများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော်အရှင်ဦးဇောတိကတို့ကိုပဲ မြေ မြင်ကြတာများတယ်။

သီပေါအရှင်နှစ်ပါး ပါတော်မူပြီးကာစကတည်းက ကိုလိုနီ သူ တားပြ အင်္ဂလိပ်ပြည်သိမ်းမြို့သိမ်းတပ်ဖွဲ့တွေရဲ့ လက်အောက်မှာ စစ်ဖက် ဆိုင်ရာ နယ်မြေ (ဝါ) တပ်မြေ (Contonment area) အဖြစ် အမျိုးမျိုး အဖျက်အဆီးခံနေရတဲ့ အခြေအနေထဲကနေ သူ့ရဲ့ဘဝက် ပါရမီဘုန်း တန်ခိုးသြဇာနဲ့ ဝင်ရောက်ထိန်းသိမ်းပြုစုပေးခဲ့တဲ့ ကိုလိုနီခေတ် မန္တလေး တောင်တော်ရဲ့ ဒါယကာဘုန်းဘုန်းကြီး ဦးနန္ဒိယသူရိယ (ရွှေတောင် ကြားဆရာတော်၊ ရွှေယပ်တော်ဆရာတော်) ကိုဖြင့် သိကြဖူးတဲ့သူ မရှိ တော့သလောက်ပဲ။ လွှမ်းလွှမ်းတတရှိဖို့များဖြင့် ဝေးပ''







မင်းတုန်းမင်း၏သမီးတော် ရှင်မင်းထပ်၊ သမီးသုစာတာဒေဝီမှ ရှာဖွေသည်၊ ဦးနန္ဒိယသူရိယ (သို့) မန္တလေးတောင်ကြားဆရာတော် (သို့) ရွှေယပ်တောင်ဆရာတော်

မန္တလေးတောင်တော်အား ကိုလိုနီခေတ်မှာ
ပထမဦးဆုံးပြုစုထိန်းသိမ်းခဲ့သူ
ဆရာတော်ဦးနန္ဒိယသူရိယထုန်းထုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့လို မမေ့နိုင်သေးတဲ့လူတွေလည်း ရှိပါသေးတယ် ဗျာ။ နှစ်ပေါင်းတစ်ရာဆိုတာ လူ့သက်တမ်းနဲ့ယှဉ်ရင် ဘာကြာ၊ ဘာ ဝေးသေးတာမှတ်လို့။

လူတွေကိုက ပေါပေါင်တောက်စားနေတတ်တဲ့ ဝင်းဝင်းလက် လက်ဆိုတာတွေကိုမှ အရေးပါလုချည့်လုပ်ပြီး လက်မွန်မဆွ တော့ ချို့ရှင်း အောက်ခြေသိမ်းကစလို့ တစိုက်မတ်မတ် လုံ့လဉဿဟာ ထုဆစ်တည်ဆောက်ခဲ့ကြဖူးတဲ့ ရှေးရှေးကပုဂ္ဂိုလ်တွေ၊ အကြောင်းရာ တွေ၊ ကုသိုလ်တွေကို လွယ်လွယ်မေ့ပစ်၊ မျက်နှာလွှဲတတ်ကြလွန်းလို့



၁၂၂၉ ခုနှစ်ရွာမြင်၍ သက်တော် (၈၂) တွင် ပျံလွန်တော်မူသော 'သ[illegible]' ဘွဲ့တံဆိပ်ရ ဆရာကြီးဦးမြ[illegible]ပုံ

## ဒုတိယမန္တလေးတောင်တော်၏ ဒါယကာ ဦးခန္တီကိုယ်တော်ကြီး

စိတ်ကူးသစ်စာပေ





တောင်တော်ဆုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ဂု ဟာ၊ ပ) အဖွဲ့ဥက္ကဋ္ဌရုပ် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးဇောတိကပုံ

## တတိယမန္တလေးတောင်တောင်အား ပြုပြင်ထိန်းသိမ်းခဲ့သည့် ဆရာတော်ဦးဇောတိက

"အလှမ်းမဝေးပေါင်၊ မန္တလေးတောင်၊ မြွေကြီးနှစ်ကောင်၊ သွားလို့ဖူးရအောင်" ဆိုတဲ့ သီချင်းသံနဲ့အတူ တောင်လုံးညွတ်မျှ မန္တလေး တောင်တော်ကြီးအနှံ့ ပျားပန်းခပ်ဘုရားဖူးတွေလာကြ၊ ဘုန်းဘုန်းကြီး

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကုသိုလ်တော်၊ ဗျာဒိတ်ပေးကိုယ်တော်ကြီးနဲ့ ဘုရားဒါယကာ မြေ
နှစ်ကောင်ကို တအံ့တဩလာဖူးကြ၊ အလှူငွေတွေ ထည့်ဝင်လှူဒါန်းကြ
ဘာသာခြေး ဘာသာစိတ်တွေ ထက်သန်နိုးကြားကြ။

မန္တလေးမှာ သီပေါအရှင်နှစ်ပါး ပါတော်မူပြီးတဲ့နောက် အ
လောက် 'ဟုန်းဟုန်းထ' ခဲ့တာမျိုး ပထမဆုံးအကြိမ် ကြုံခဲ့ရတာပေ
ဖြင့် ဘုန်းဘုန်းကြီးက မန္တလေးတောင်တော်ကို စတင်ပြုပြု၊ ဘုရားတ
ဆောင်။ ကျောင်းကန်တွေကိုပြုပြင်၊ အသစ်တည်တန်ရာတွေကို တ
ခဲ့တဲ့ အဲဒီကာလက ဖွေဆော်ဦးပဲတဲ့။

အင်္ဂလိပ်ကိုလိုနီအစိုးရက ဘုန်းဘုန်းကြီးရဲ့ ခြေအလှမ်း လ
အလှုပ်ကို အသေးစိတ်စောင့်ကြည့်ဖို့ စုံထောက်ဖက်ဆိုင်ရာဌာနတ
ကိုတောင် မန္တလေးမှာ သီးသန့်လာဖွင့်ထားခဲ့ရသတဲ့ဗျား။

"အေးလေဗျာ . . . ကျုပ်တို့ကြားခဲ့ဖူးတဲ့ စကားစဉ်စကာ
ဆက်တစ်ခုရှိတယ်။ ဘုန်းဘုန်းကြီးက မိန့်ခဲ့တာတဲ့။ **"အထက်မှာ
မန္တလေးတောင်တော်၊ အောက်အရပ်မှာ ရွှေတိဂုံစေတီတော်မြတ်
ကြီး၊ အဲဒီတတ်တော်မွေတော်နှစ်ဌာနက ရွှေရောင်တဝင်းဝင်း
တောက်စားနေသမျှ ကာလပတ်လုံး ထေရဝါဒဗုဒ္ဓဘာသာနဲ့ မြန်မာ
ဘုန်းကျက်သရေ မညှိုးမမှိန်၊ မကွယ်ပဘူး" တဲ့ဗျ။**

အဲဒါကြောင့် ဘုန်းဘုန်းကြီးက သူ့ဘဝတစ်လျှောက်၊ တစ်သက်
မန္တလေးတောင်တော်ကြီးကို သူ့အသက်လောက် မြတ်နိုးတနာ
ရှိပြီး သူ့နှလုံးသည်းပွတ်လိုကို ဖက်တွယ်စောင့်ရှောက်ခဲ့တာတဲ့"။

"သာဓုဗျာ . . . သာဓု . . . သာဓု"





"ဒါနဲ့ . . . ဘုန်းဘုန်းကြီး သီတင်းသုံးခဲ့ဖူးတဲ့ ကျောက်လိုဏ်ဂူကြီးနဲ့ ဘုန်းဘုန်းကြီး လူ့ဘဝမရောက်မီကတည်းက အိပ်မက်အရ ဘိုးတော်မင်းတုန်းမင်းတရားကြီး တည်ထားပေးခဲ့တဲ့ 'နဂါးရောက်နတော်'၊ ဂျပန်ခေတ်မှာ ဗုံးဒဏ်ကြောင့်ပျက်စီးခဲ့ရတဲ့ ဘုန်းဘုန်းကြီးရဲ့ ငွေကောင်ကြားကျောင်းကလေး၊ ဘုန်းဘုန်းကြီး ခန္ဓာဝန်ချသည်အထိ သီတင်းသုံးခဲ့တဲ့ ဝါးတဲကျောင်းနေရာကလေးတွေမှာ အထိမ်းအမှတ်ပြတိုက်ကလေးတွေဆောက်ဖို့နဲ့ မန္တလေးတောင်ခြေ၊ မြွေကြီးနှစ်ကောင်ကို ဘုန်းဘုန်းကြီး စတင်ခေါ်ယူခဲ့တဲ့ ရတနာပုံတိရစ္ဆာန်ဥယျာဉ် [ယခင် မြန်မာဘုရင်၏ လေ့တော်သားများနေထိုင်ခဲ့သည့် 'လင်းဇင်းရပ်ကွက်' နေရာဖြစ်သည်။ (စာရေးသူ)] မှာ ဘုန်းဘုန်းကြီးရဲ့ အထိမ်းအမှတ်ပြတိုက်ဆောက်ကြဖို့ ကိစ္စတွေကရော အဆင်ပြေပြီလား"

မွန်းသော်တာက တရုတ်စံကားပင်ကြီးအရိပ်မှာ ရုတ်ခနဲ ဖင်မှုဒိုင်လိုက်ရင်းက ကျွန်တော့်ကို အကြည့်ဝေ့ရင်း မေး၏။

ဘဏ်ဖေကြီးကလည်း သူ့နှုတ်မှ အဖြေစကားကို ငံ့လင့်နေလေဟန် လည်ပင်းရှည်ကြီး ဆွေတစ်စောင်းနှင့်။

"အေး . . . မှန်တာပြောရရင် အလှူရှင် ရှာနေတုန်းပဲ။ ငါကတော့ တရေးဆရာဘဝဟာ မင်းတို့အသိသားနဲ့။ တိမ်နေမြုပ်နေ၊ ငုပ်နေတဲ့ သမိုင်းအပိုင်းအစတွေကို သင့်ရာသင့်ရာမှာ ပေါ်လာတည့်လာထွန်းလာအောင် စေ့စေ့ငုငုတူးဆွဖော်ထုတ်ပေး၊ ရှိကောင်းသင့်တဲ့ အရပ်ဌာနမျိုးမှာ တင့်တောင်းတင့်တယ်ရှိစေအောင် ညွှန်ပေး၊ ညွှန်းပေး။ အဲသလောက်ပဲ စွမ်းနိုင်တာလေ။ အစစပြည့်စုံပြီးမြောက်ဖို့အထိ ကျူးခင်နိုင်အောင်ဖြင့် လက္ခဏာရေးက ပါးရှားလွန်းတတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''အင်း ....''

မှန်းသော်တာ၏ 'အင်း' ရှည်ကြီးက ဆွေးတမြေ့မြေ့ရှိလှ

''ကိုယ်နိုင်တာ၊ လုပ်ကောင်းသင့်ရာတွေက ကြေတာပ
ကွယ်။ မြန်မာ့သာသနာသမိုင်း၊ မန္တလေးတောင်တော်ရဲ့ သမိုင်းအ
ဘုန်းဘုန်းကြီးရဲ့ ကျေးဇူးတွေနည်းတာမှ မဟုတ်တာဘဲကလား။

အဲဒီကောင်းမှုကုသိုလ်ရဲ့ အတုံ့အတင် ပါရမီဆက်ပဌာန်းအ
အဖြစ်နဲ့ ဘုန်းဘုန်းကြီးနဲ့ဆိုင်ရာတို့ ရည်စူးရည်မှန်းထားတဲ့ စိတ်
တွေ၊ ကုသိုလ်တော်တွေဟာလည်း ပြုစုထောက်မမယ့်သူတွေ မလွဲမ
ပေါ်လာဦးမှာပါ''

''ဟုတ်တယ် ...ဟုတ်တယ်။ လောလောဆယ် 'ဂမ္ဘီ
လောကမဂ္ဂဇင်း' မှာ ကိုရင် ခုတစ်လောရေးနေတဲ့ ဘုန်းဘုန်းကြီး
ဘဝ ဖြစ်ရပ်ဆန်းကြယ်၊ ဂမ္ဘီရကိစ္စတွေကိုသာ အရေးလည်အပတ်
အောင်သာ ကြိုးစားရေးပေး။ မြုပ်နေငုပ်နေတဲ့ ဘုန်းဘုန်းကြီးရဲ့ ပဋ္ဌာ
ဆက်ဘဝ အနွယ်တော်တွေ အလျှိုလျှိုပေါ်လာကြပြီး ဘုန်းဘုန်းကြီ
အထိမ်းအမှတ်တွေဟာ မန္တလေးတောင်တော်မှာ တစ်စစ ပြည့်စုံသွ
လိမ့်မယ်''

''အင်း ...ဟုတ်တော့ဟုတ်ပါတယ်။ ဘုန်းဘုန်းကြီး ခွ
ဝန်ချခဲ့တာပဲ ၁၉၆၀ တစ်ပိုက်ကျဆိုတော့ ဘုန်းဘုန်းကြီးရဲ့ ဒကာရင်
တွေ အဆက်အနွယ်တွေ ကောန်မှုချ ရှိနေကြဦးမှာပါ။ ပြီးတော့ သာသနာ
ဘုန်းကံဆိုတာကလည်း ရှိသေးတာကိုးနော့''

''မှန်တယ် ...လောကမှာ ယုတ္တိဗေဒနည်းကျ တွေးဆကြ
ယူလို့မရနိုင်တဲ့ လျှို့ဝှက်နက်နဲ ဆန်းကြယ်လွန်းတဲ့ 'ဂမ္ဘီရ' ဆိုတာမျိုး
တွေကိုများ ကြုံကြိုက်ခဲ့မယ်ဆိုရင် ...''

---





''ဘာလဲ ...များဒိတ်ပေးကိုယ်တော်မြတ်ကြီးကို ဘုန်းဘုန်းကြီးစတင်တည်ခဲ့စဉ်တုန်းက 'ဂမ္ဘီရမြွေကြီး' နှစ်ကောင် ပေါ်လာခဲ့သလိုမျိုးလား''

''အင်း ...''

သူ့ 'အင်း' ကို ကျွန်တော်မကြား။

ဘုန်းဘုန်းကြီးနှင့် သူ့မြွေကြီးနှစ်ကောင်အကြောင်းတွေကသာ အာရုံမှာ လာထင်သည်၊ လာစီးသည်။

ရုတ်ခြည်း ငြိမ်ကျသွားကြသည့် မှန်းသော်တာနှင့် ဉာဏ်ဝေတို့ နှစ်ယောက်သားသည်လည်း သည်အကြောင်းတွေကိုသာပဲ တွေးမြင်နေကြပုံရ၏။

မင်းလွင်တို့ ပြာပြာမှိုင်း၍ ရီရီဝေဝေ မှုန်ချင်သည်။

'မဏ္ဍလေးတောင်တော်' သည် ကုန္ဒြေကြီးလှ၏။

ဟိုးခပ်ဝေးဝေးက သူ့သမိုင်းကိုပင် သူပြန်ဖတ်နေရှာသလား။

အော် ...'မဏ္ဍလေး'၊ 'မန္တလေး' မြို့ကြီးကျက်သရေ ကျွန်တော်တို့ ရွှေမန္တလေး။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## | ၄ |

❑

'မဏ္ဍလေးဆိုတဲ့ ရွှေတောင်တော်''

''အဘရေ . . . အဘ''

''ဆရာကြီးခင်ဗျာ . . . ဆရာကြီး . . .။ တစ်ဆိတ်လောက်ကြည့်စမ်းပါဦး ဆရာကြီး''

မိုးစင်စင်ပင် မလင်းချင်သေး။

ဝေလီဝေလင်း မှုန်ရီရီအရုဏ်အတက်၌ အုတ်အုတ်ကျက်ကျက် လူသံတပြောပြောတွေကို ကြားရ၏။

မုဒ္ဒါနုသသတိဘာဝနာတွင် ထုံထားသည့် အာရုံကို ဂရုမမူပြု သိမ်းဆည်း၍ ပုတီးပတ်ကို ကန့်လိုက်ရသည်၊ ဆရာကြီး 'ဦးဘေ' နိုး





နေခဲ့သည်မှာ မိုးထိကျောင်းတိုက်ကြီးဆီမှ တုံးကြီးခေါက်သံ သုံးချက်ကြားကတည်းက ဖြစ်သည်။

ပန်းပဲလည်းလုပ်၊ ဆေးလည်းကုသည့် တိုင်းရင်းဆေးဆရာကြီး ဦးဘေသည် တပည့်လက်သား ကူဖော်လောင်ဖက်တွေ တစ်လှေကြီး ရှိနေသည့်တိုင် ရတနာသုံးပါးနှင့် စင်သောယုံကြည်သော ကိစ္စများ၌ သဟဿ က ဝေယျာဝစ္စကုသိုလ်မြောက်အောင် ကိုယ်တိုင်လုပ်ရမှ ကျေနပ်သူ ဖြစ်သည်။ ပါရမီဖြည့်ဖက် သူ့ဇနီးသည် မမင်းခကိုပင် အကိုင်ခံချင်တတ်သူမဟုတ်။

သူ့အကျင့်၊ သူ့သီလ၊ သူ့ရတနာသုံးပါး ညွှတ်ကိုင်းမှုကို ဒီလင်းဇင်းတစ်ရပ်ကွက်လုံးက သိထားကြပြီးဖြစ်သည်။ [မန္တလေးတောင်ခြေရှိ ယခု ရတနာပုံတိရစ္ဆာန်ဥယျာဉ်နှင့် အပန်းဖြေကစားကွင်းနေရာ ဖြစ်၏။

ရတနာပုံခေတ် (၁၈၆၃–၁၈၈၅ အေဒီ) တွင် ဘုရင့် လှေတော်အမှုထမ်းများအား နေရာချထားပေး နေထိုင်စေခဲ့သည်။ ဗြိတိသျှခေတ်တွင် တပ်နယ် (ကန်တော်မင်ဝရိယာ) အဖြစ် မန္တလေးတောင်တော်နှင့်အတူ အင်္ဂလိပ်စစ်တပ်က သိမ်းထားခဲ့သည်။

တချို့သော လူနေအိမ်များ ကျန်နေရစ်ခဲ့သေးသည်၊ မူလအမည် 'လင်းဇင်းရပ်' အမည်ပဲ တွင်နေခဲ့၏။ (၂၇ မေ ၁၉၅၉) တွင် ကျင်းပသည့် 'မန်းရာပြည့်ပွဲ' အတွက် ရပ်ကွက်ကြီးကို ဖျက်သိမ်းခဲ့ပြီး ရာပြည့်ကွင်းကြီးအဖြစ် တည်ခဲ့သည်၊ 'န . ဝ . တ' အစိုးရအဖွဲ့လက်ထက်၌ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်နှင့် အပန်းဖြေကစားကွင်းကို တည်ဆောက်ဖွင့်လှစ်ခဲ့ရာ ယခုတိုင်ဖြစ်၏။ (စာရေးသူ)]

ယခုလည်း သူတို့ ဘိုးအို ဘွားအို ဇနီးမောင်နှံနေကြသည့် ကျွန်းသားနှစ်ထပ်အိမ်ကြီး၏ တံခါးကို တဗုန်းဗုန်းထုရင်း ခေါ်သံအော်သံ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြားနေရသည်။ ဒီဇုတ်နှင့် ငထိုက်ကလေးတို့ အသံတွေ၊ 'ဘာတွေများ ဖြစ်နေကြပြန်ပါလိမ့်မလဲ။ ဒီကလေးတွေ . . . ဝင်းတံခါး မပိတ်မိလို့ သူခိုးသူဝှက်တွေများ ဝင်ပြန်လေရော့သလား။ ဘာတွေ ဘယ်လိုပျောက်ပျောက်ရှရှ ရှိနေကြပြန်ပါလိမ့်မလဲ။ တယ်ခက်တဲ့ကလေး တွေပဲ'။ စိတ်ထဲ တနုံနုံဖြင့် တံခါးမကြီးကို လှပ်ရသည်။

"ဟဲ့ . . . အကောင်မိုက်တွေ၊ မိုးသောက်အရုဏ်ကြီးမှာ ဘောက်မဲ့ကြောင့် တံခါးကို အသံမြည်အောင် တဗုန်းဗုန်းထုနေရသတုံး။ 'မင်္ဂလာဆိတ်၊ လာဘ်ဦးတိတ်' တတ်သဟဲ့။ တယ်ခက်ကိုးကွယ့်"

"အဘ . . . အဘ"

"ဆရာကြီးခင်ဗျာ"

"တယ် . . . ဒီအကောင်တွေဟာလေ . . . ဘာလဲဟဲ့ မြူးတူး ပြတဲနဲ့"

"ဟို . . . ဟို . . . ဟိုလေ . . . အဘ"

"အတွာဆရာကြီး . . . အတွာ . . ."

တဟိုဟို၊ တဟာဟာတွေနှင့်ပင် ဝိုင်းထောင်က ပန်းပဲဖိုထန်း ရှက်တဲဆီ လက်ညှိုးတညွှန်ညွှန် ဖြစ်နေကြသည်။ ဝိုင်းဝိုင်းလည်နေ သည့် သူတို့မျက်ဝန်းသူငယ်အိမ်တွေက တစ်စုံတစ်ရာ အထိတ်တလန့် အရေးအခင်းနှင့်ကြုံနေရကြောင်း သိသာနေ၏။

ဆရာကြီး ဦးဘေ၏စိတ်၌ သိလိုစိတ်များ တလှပ်လှပ်ခုန်ပေါက် ၍ ထလာသည်။

"ပြောစမ်းကွယ် . . . ဘာတွေဖြစ်နေကြသလဲဆိုတာ"

"မြွေ . . . မြွေကြီးတွေ . . . အဘ . . . မြွေကြီးတွေ"

"ဟေ . . ."





"ဟုတ်တယ် ဆရာကြီး . . . ရောနှစ္စ အကောင်ကြီးတွေရယ်။ နှစ်ကောင်ကြီးများတောင်။ အဖိုနဲ့အမ နှစ်ကောင်။ တစ်စုံထင်တာပဲ"

"ဟယ် . . . သေချာကြရဲ့လားဟဲ့။ မထိတ်သာ မလန့်သာ ရှိ လိုက်တာများ . . . မင်းတို့ဟာက"

"ပန်းပဲဖိုရုံထဲက အဘထိုင်လေ့ရှိတဲ့ ကွပ်ပျစ်ကြီးပေါ်မှာခင်ဗျ။ အခွေလိုက်ကြီးတွေ ပုံပုံကြီး ငြိမ်နေကြလေရဲ့။ တစ်ကောင်ချင်း အခွေ ပုံကြီးက စပါးပုတ်ခပ်သေးသေးတစ်လုံး မှောက်ထားသလောက်ရှိတယ် ဘရဲ့"



ရှာဓိတ်မယောဂ်ဆရာကြီး ထုလုပ်ခဲ့ကြ ပြသထားရှိသော မြွေကြီးမှ [illegible]

အလှမ်းမဝေးပေါ်ပေါ်၊ မန္တလေးတော်
မြွေထိုးနှစ်တော် သွားဖို့ထည့်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... မီးတိုင်ချက်ယူပြီး မင်းရှေ့က လမ်းပြစမ်းကွယ်။ ဒီလို လူနေလူထိုင် စည်ကားတဲ့ရပ်ကွက်ထဲကို ဒီလောက်ကြီးတဲ့မြွေကြီးတွေက လူမသိသူမသိ မြုန်းစားမြင်းစားကြီး ခုတ်ခုတ်ထိ ရောက်လာမင့်ဟာ၊ အကြောင်းထူးတစ်ခုခုတော့ဖြင့် ရှိရမှာပဲ။ ဖြစ်နိုးဖြစ်စဉ် သာမာန်ကိစ္စလောက်တော့ ဟုတ်ပုံမရဘူးဟဲ့ ... ထိုက်ကဲ"

တွေးထားသည့်အတိုင်းပင် ဖြစ်သည်။

ရောမမြွေကြီးတွေ ဖြစ်နေ၏။ ဘယ်လိုမြွေမျိုးလဲ တိတိပပ ခွဲခြားမသိတတ်နိုင်၊ ဝပါးကြီးလား၊ ဝပါးအုန်းလား။ တောကြီးမြွေဟောက်လား။ ကြီးသည့်မှ တော်တော့ကိုကြီးသည့် မြွေကြီးတွေဖြစ်သည်။ သူ့အခွေပုံထဲသို့ သူတို့ဘာသာ ခေါင်းဝှက်ထားလျက် ပုံပုံထွေးထွေးကြီးတွေ ငြိမ်နေကြ၏။

သို့နှင့်တိုင် ...

မြွေကြီးတွေ၏ ကိုယ်မှ အရောင်တလက်လက် ထွက်နေသည်ကဖြင့် ဆန်းနေတော့သည်။

"ဟယ်တော် ... တကယ့်မြွေကြီးတွေပါကော"

"အေးဟဲ့ ... ရှင်မင်းခေါ် ညည်းလည်း ရောက်လာခဲ့ပြီလား။ အင်း ... ကုသိုလ်ဆက်၊ ပဋ္ဌာန်းဆက်ဆိုတာမျိုးများ တယ်ဆန်းကိုး။ ဘဝက်၊ ဘဝလမ်းတွေရဲ့ ဂဏ္ဍိရာ ဂဏ္ဍိရာကိစ္စတွေပဲလေကွယ်၊ ဘယ်နှယ် ရှင်မင်းခေါ် ညည်းအိပ်မက်တွေက အဟုတ်တကယ် ဖြစ်လာနေပါကော လားကွယ့်"

"ဟုတ်ပတော် ... အံ့များအံ့ချင်စရာ"

လွန်ခဲ့သည့် နှစ်ရက်ခန့်ကပင် ရန်ကင်းတောင်မှ ဘုရားဖူး ဧည့်သည်တွေ ရောက်မည်၊ ထွေရင်းမျိုးချာတွေထဲက ဖြစ်သည်။ သူတို့နှင့်အတူ မဂ္ဂလာကျက်သရေ၊ ကုသိုလ်အစီးအပွားတွေ ဆောင်လာသိမ့်မည်။ ကောင်းစွာ လက်ခံသိမ်းဆည်း ပြုစုထားကြတဲ့။ 'မဏ္ဍာလေးတောင်တော်' ကို သာသနာ့ပြုကုသိုလ်ယူကြမည့် ပါရမီရှင်များ ဖြစ်၏တဲ့။ ဒေါ်မင်းခေါ်အိပ်မက်ကား စင်းစင်းကြီး မှန်နေသည်။

"ဂဲကွယ် ... ပရိတ်ရေနဲ့ အောင်သပြေညွှန့်လေးများ သုံးလေးခက် သွားယူခဲ့ကြစမ်းပါ။ တို့များရဲ့ ပါရမီဆက် ဧည့်သည်တော်ကြီးတွေကို ကြိုဆိုလက်ခံကြရအောင်။ ရွှေမန်းတောင်တော်ရိပ်ကို ခိုလာဝင်လာတဲ့ ကုသိုလ်ရှင်ကြီးများကို အန္တရာယ်ကင်း၊ ဝေးရှင်းပရိတ်တော်ရေ ပဋ္ဌာန်းတော်ရေကလေးများ ဖျန်းပြီး ကံဖွင့်ပေးလိုက်ကြရအောင်"

"ဟုတ်ကဲ့ ... အဘ"

"မောင်ထိုက်က မြွေဆရာကြီး ဦးလုံးအိမ်ဆီကို ပြေးချည်ကွယ်။ အဘက အခေါ်လွှတ်လိုက်တယ်လို့လည်း ပြောခဲ့။ ပြီးတော့ 'ဒီလို ဒီပုံ'ဆိုတာကို အကျိုးသင့်အကြောင်းသင့်များလည်း ရှင်းပြခဲ့ဦး။ ကြားရဲ့လား"

"ဟုတ်ကဲ့ ..."

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

"အိမ်း . . . ဒကာလုံးရယ်။ သင်းတို့ဓမ္မာများကြောင့် ဒီရွှေဗိမ္မာရပြီဆိုမှဖြင့် ကျေနပ်လောက်စရာ ရှိရောပလေကွယ်။ ဘယ့်နှယ် ဒကာလုံးကိုခေါ်ပြီး တိုင်ပင်မိကာမှပဲ 'မဏ္ဍလေးတောင်တော်' ကို သာသနာပြုဖို့ ရောက်လာကြတဲ့ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်များကို ဖမ်းယူပြီး မြေအလယ်မှာ ပြစားနေရသေးတယ်လို့ အရပ်ရပ်နေပြည်ကြားလို့မှ မကောင်းနိုင်တော့ဘူး။ မြေသူတော်ကောင်းကြီးတွေမို့သာပဲ၊

မြောက်ပြင် 'မီးပါဈေး' [ယခု 'မိဘာဈေး' ဟု တွင်နေသည်။ (စာရေးသူ)] ကနေပြီး မန္တလေးမြို့ပေါ် ရပ်ထဲဝန်းထဲ၊ လေးမြင်လေး ရပ်နှံ့နေပြီဆိုး ဟုတ်စ။ ငွေစတောင် ၃၀၀ လောက်ရပတဲ့။ ဟုတ်စ . . ဒကာလုံး။





"တင်ပါ့ဘုရား"

"ဟယ် . . . အဲသလိုဆိုလည်း . . . ဒီဘုရားဒကာနဲ့ ဒကာမကြီး
ွကို ကျုပ်ကို အရှင်းအပြတ်လျှုလိုက်ပေတော့ . . . ဟုတ်လား။ ဒီလို
တယ် ဒကာလုံးရဲ့။ သတ္တဝါတွေမှာ ကိုယ်စီကိုယ်စီ လျှောက်ရမယ့်
င်းနဲ့ 'ဆောင်' ရမယ့် 'အလုပ်တာဝန်' တွေဆိုတာ ရှိတတ်ကြစမြဲ

အထူးသဖြင့် လောကထဲကို သီးသီးသန့်သန့်လုပ်စရာ အလုပ်
တာတစ်ခုခုနဲ့ ရောက်လာတတ်ကြတဲ့ ပုဂ္ဂိုလ်၊ သတ္တဝါတွေမှာ သူတို့
ာပဲ ထမ်းရွက်ရမယ့် ကိစ္စကြီးတွေ ရှိနေတတ်ကြတယ်။ မြင်ဖို့ သိဖို့
ွယ်နိုင်တဲ့ ဂမ္ဘီရကိစ္စတွေပကိုး။

အဲဒါကို ကိုယ့်တစ်ဝမ်းတစ်ခါး အကျိုးစီးပွားအတွက်နဲ့ ပိတ်
ံပင်ပင် အဟန့်အတားပြုမိခဲ့ရင် ဘာသာသာသနာအတွက် ရောမ
ကျိုးဖျက်ဆီးမှုကြီးကွယ့် . . . မောင်လုံးရဲ့ ကြားရဲ့လား"

"တင်ပါ့ဘုရား"

ဘုန်းဘုန်းကြီး ဦးနန္ဒိယသူရိယသည် ပြာလွင်လွင် မိုးသား
ာက်ခံနှင့် မန္တလေးတောင်မင်း၏ ခြေခင်းလက်ခင်းသာယာပုံကို ခေတ္တ
ိုက်၍ အာရုံဝင်နေမိလိုက်သေး၏။

"အင်း . . . ဘုန်းတော်ကြီးဘုရားက . . . အဲ . . . နေဦး၊
ုန်းတော်ကြီးဘုရားဆိုသဟာကော ဘယ်သူ့ကို ရည်ညွှန်းတာတုံး . .
ဆိ ဒကာလုံး"

"မိန့်တော်မူပါဘုရား"

"အေး . . . ရတနာပုံမြို့တည်နန်းတည် သာသနာ့ဒါယကာ
င်းတုန်းမင်းတရားကြီးပကွယ်။ ငယ်မည်မောင်လွန် ('မောင်လွင်')တဲ့။
သိရှိ ပဝရဝိဇယာ နန္ဒယသပဏ္ဍိတ တြိဘုဝနာဒိတျာဓိပတိမဟာဓမ္မ



www.burmeseclassic.com

www.burmeseclassic.com



ရာဇာဓိရာဇာ' တဲ့ ‥ ဘွဲ့မည်ရှည်က။ အင်္ဂလိပ်နှစ် ၁၈၅၃ ခုနှစ်ကနေ ၁၈၇၈ ခုနှစ်အထိ စည်းစိမ်နှစ် (၂၆) နှစ်၊ အိမ်နိမ့်စံ (၃၈) နှစ်နဲ့ သက်တော် (၆၄) နှစ်မှာ လွန်တော်မူခဲ့တဲ့ ကျုပ်ရဲ့ ဘိုးတော်မင်းတရားကြီးပ ဒကာလုံးရယ်''

''တင်ပါ''



[ မင်းတုန်းမင်း ]

မင်းတုန်းမင်းတရားကြီး (၁၈၅၃-၁၈၇၈ အေဒီ)

စိတ်ကူးသစ်စာပေ



''သာသနာ့ဒါယကာ မင်းတုန်းမင်းကြီးဟာ မြန်မာသက္ကရာဇ် ၂၂၁) ခုနှစ်မှာ 'မြတောင်မြို့စား' သေနတ်ဝန်ကြီး (သတိုးမင်းကြီး ာမင်းလှကျော်သူ) ကို တာဝန်ပေးပြီး ရွှေနန်းသုံးပန်းပု ပညာရှင် ကို ဘုရားရှင်ရဲ့ အရပ်တော်ပမာဏရှိ၊ သဏ္ဍာန်တော်တူ မတ်ရပ် ပ်ပွားတော်မြတ်ကြီးတစ်ဆူကို ထုလုပ်စေခဲ့တယ် ‥‥ဒကာလုံးရဲ့။



ဗျာဒိတ်ပေးဗုဒ္ဓမြတ်စွာဘုရားရုပ်ပွားတော်ကြီး (တုန်းတုန်းကြီး ဦးနန္ဒိယသူရိယ၏ ကုသိုလ်တော်)

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နန်းမြို့တော်ဘက်ကို မျက်နှာတော်ပြုစေလတ်ပြီး မတ်ရပ် တော်ဗျာဒိတ်ပေးဟန် မုဒြာနဲ့ ထုလုပ်စေခဲ့တာပဲ။ ပြီးတော့ ညီတော် အာနန္ဒာရဲ့ ပုံတော်ကိုလည်း မျက်နှာတော်ငဲ့မြှောက် လျှောက်ထား သဏ္ဌာန်သပ္ပာယ်စွာ ထုလုပ်စေခဲ့တယ်။

ရုပ်ထုတော်များပြီးတဲ့အခါ သစ်စေးသရိုးကိုင်စေလျက် ရွှေ ကိုယ်တော်ကြီးကို လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူပူဇော်ခဲ့တယ်။ တ တယ်သပ်ရပ်တဲ့ တန်ဆောင်းပြသာဒ်တော်နဲ့တကွ မဏ္ဍပ်လေးတော် တော်ထိပ်မှာ ပူဇော်တော်မူထားခဲ့တယ် ....ဒကာလုံးရဲ့"

"တင်ပါ့"

[၁၂၂၁ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက် (၇၊ မတ် ၁၈၆ တွင် ဘုရားရှင်၏ ရွှယ်တော်ပွားကို မဟာလောကမာရဇိန်ဘုရားတွင် ဌာပနာခဲ့သည်။ တောင်အရပ်တွင် သိဟိုဠ်မှ ပင့်ဆောင်သည့် မဟာ ဗောဓိပင်ကိုစိုက်သည်။

ယင်းနေ့တွင်ပင် လောကမာရဇိန် ဘုရားပရဝုဏ်အတွင်း ရွှေ နန်းပြသာဒ်ဖြင့် ဗျာဒိတ်ပေးရုပ်ပွားတော်မြတ်ကြီးကို စတင်ထုလုပ်ပူဇော် ခဲ့သည်။ မြတောင်မြို့စား သေနတ်ဝန်ကြီး၏ ကုသိုလ်တော် 'ရွှေလိ မဲဇာ' သစ်တောကြီးအတွင်းမှ ဝန်ကြီးအား အိပ်မက်ပေး၍ နတ်ဆက် သည်ဆိုသည့် နှစ် ၁၀၀ ကျော်သက်တမ်းရှိ ကျွန်းသစ်လုံးကြီးတစ်လုံ တည်းဖြင့်သာ ထုလုပ်ပူဇော်စေခဲ့ခြင်းဖြစ်သည်။

၁၂၂၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် (၁၆၊ မေ ၁၈၆၅) တွင် မဟာသက္ကျမာရဇိန်ကျောက်တော်ကြီး ဘုရားမျက်နှာတော် ဖွင့် အခမ်းအနားနှင့်အတူ ဗျာဒိတ်ပေးရုပ်ပွားတော်မြတ်ကြီးအား ရွှေ စက်သွန်းချ လှူဒါန်းပူဇော်တော်မူခဲ့သည်။ (စာရေးသူ)]





"အဲဒီသာသနာ့ဒါယကာ မင်းကြီးကရော ဘာကြောင့် ဗျာဒိတ် ပေးမုဒြာပုံတော်ကိုမှ ရွေးပြီး ထုလုပ်ပူဇော်တော်မူခဲ့ရသလဲ။ အဲဒါကို ရော ဒကာလုံးတို့ သိကြရဲ့မှတ်လား"

"တင်ပါ့။ မင်းတုန်းမင်းတရားကြီးဟာ စန္ဒမုခိဘိလူးမဘဝ (အချို့ 'အန္ဒမုခီ' ဟုလည်း မှတ်ကျွဲရေးရိုးပြောရိုးရှိသည်။ (စာရေးသူ)]က မန္တလေးတောင်ကို ဒေသစာရီ ကြွချီတော်မူလာတဲ့ ဗုဒ္ဓဘုရားရှင်အား သားမြတ်အစုံကို ပန်းနှယ်ခူး၍ လှူဖူးသော ကုသိုလ်ဆက်ကြောင့် ဘုရား သာသနာနှစ် ၂၄၀၀ မှာ သာသနာပြုဘုရားဒါယကာ မင်းတုန်းမင်းကြီး ဘဝနဲ့ သာသနာပြုမင်းတစ်ပါးအဖြစ် ဘုန်းတန်ခိုးကြီးတဲ့ မင်းထီးတစ်ဆူ ဖြစ်မယ်ဆိုတဲ့ ဗျာဒိတ်စကားခြွေခဲ့တာကို အကြောင်းပြုပြီး ဗျာဒိတ်ပေး မုဒြာတော်ပုံ ထုလုပ်ပူဇော်ထားခဲ့တာလို့ ရှေ့စကားစဉ် မှတ်သားခဲ့ရ ဖူးပါတယ်ဘုရား"

"အမယ် ...ကျုပ်ဒကာကြီး ဦးဘောကလည်း တယ်အကြား အမြင် နှံ့စပ်ပေမင့်ကိုး။ ဟုတ်တယ် ...ဟုတ်တယ်။ အဲဒါ အမှန်ပဲ။ ဒါပေမဲ့ သာသနာ့ဒါယကာကြီးရဲ့ ကုသိုလ်တော်မူလဗျာဒိတ်ပေးဘုရား ကိုယ်တော်မြတ်ကြီးဟာဖြင့် ယခုခေတ်၊ ယခုအခါ နောင်လာနောက်သား များ မဖူး၊ မမျှော်နိုင်ကြရတော့ဘူးကွယ့်"

"ဘောက်မဲ့ကြောင့်များတုံးဘုရား"

"အိမ်း ...လောကဓံလို့ပဲ ပြောရတော့မှာပလေ။ ဖြစ်သမျှ အရာရာတိုင်းဟာ ပျက်ဖို့တွေချည်းပဲကိုးကွယ့်၊ ဒကာတို့ရဲ့၊ မြန်မာနှစ် ၁၂၄၄ ခုနှစ် ရွှေကျီးမြင့်ဘုရားအနီးကစပြီး လောင်လိုက်တဲ့ မီးဘေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ အနောက်ပြင်က လူနေအိမ်ခြေတွေ၊ ဘုရားဇေချောင်းကန်ဆေ သာမကဘဲ မင်းတုန်းမင်းတရားကြီးရဲ့ ကုသိုလ်တော် မန္တလေးတော ပေါ်ရှိ စေတီ၊ ရုပ်ပွား၊ ဘုရား၊ တန်ဆောင်း၊ စောင်းတန်း၊ ပြသ အရပ်ရပ်တို့လည်း မီးကြီးခပြီး ပျက်စီးခဲ့ရတာယ်။ ဗျာဒိတ်ပေး ရွှေ တော်မူ ကိုယ်တော်ကြီးပါ မကျန်ခဲ့ဘူးလေ''

''အို ...ဘုရား ...ဘုရား''

ကြားလိုက်ရသည့် မြွေဆရာကြီး ဦးလုံး၊ ဆေးဆရာကြီးဦးဆေ နှင့် ဖနီးဒေါ်မင်းခတို့ခမျာ ရင်တလုပ်လုပ် တုန်အောင်ပင် နမြောတ ယူကြုံးမရ ဖြစ်လိုက်ကြရလေ၏။

[ရွှေမြို့တော် မန္တလေးသည် မီးဘေးမီးဒဏ်မကြာခဏ ကြုံ ရသော မြို့ကြီးဖြစ်၏။ (၈ ၊ မတ် ၁၈၆၁ ခရစ်နှစ်) တွင် မှန်နန်းတော ကြမ်းကို ဆေးလိပ်မီးက စ၍လောင်ခဲ့သည်။ (၁၃၊ ဂျူလိုင်၊ ၁၈၆ တရုတ်တန်းတွင် (ရွှေလှအိမ်မှစ၍ လောင်ခဲ့ရာ အိမ်ခြေအတော်များများ ပျက်စီးဆုံးရှုံးခဲ့ရ၏။

(၂၃၊ ဧပြီ ၁၈၆၇) ၌ စွယ်တော်စင်မြောက်ဘက် သေနတ် အစုတွင် ယမ်းစည်ပေါက်၍ မီးလောင်ခဲ့သည်။ (၁၈၊ ဧပြီ ၁၈၇၂) တွ တစ်မြို့လုံးအနှံ့ မီးကြီးလောင်မီးကျ၏။ (၂၅၊ ဖေဖော်ဝါရီ၊ ၁၈၈ သီပေါမင်းနန်းတက်ပြီး ရက်ပိုင်းအတွင်း အနောက်ပြင်မီးလောင်သည်

အိမ်ခြေ ၂၀၀ ကျော်၊ ရွှေရေးဆောင်ကျောင်းတိုက်နှင့် မဟာ မုနိဘုရားအနောက် စောင်းတန်းကြီးပါ ပြာကျခဲ့ရ၏။ (၁၈၊ ဖေဖော်ဝါ ၁၈၈၃) တွင် နန်းမြို့တော်တောင်ဘက် ဥဒ္ဒတိုက်သံဆင့် မြေမ်အိမ်မှစ မီးကြီးလောင်ပြန်သည်။







သီပေါမင်းနှင့် စုဖုရားလတ်

(၂၅၊ မတ် ၁၈၈၃)၊ (၃၊ ဧပြီ ၁၈၈၃) နှင့် (၅၊ ဧပြီ၊ ၁၈၈၃)၊ (၁၆၊ ဧပြီ ၁၈၈၃) တို့၌ ရက်ပိုင်းသာခြား၍ မြို့တော်အနှံ့ မီးကြီးများ လောင်ခဲ့၏။ (၂၈၊ ဖေဖော်ဝါရီ ၁၈၈၄) မှာ ရွှေမြို့တော် တောင်ပြင် သင်းဖင်းတန်းရပ်ကွက်လုံးကျွတ် မီးလောင်ခဲ့သည်။ (၂၃၊ မတ် ၁၈၈၄) အရှေ့ပြင် မီးလောင်သည်။ (၉၊ ဧပြီ၊ ၁၈၈၄) ၌ အနောက်ပြင်မှ စ၍ ဘစ်နေ့တည်း မီးခုနစ်ကြိမ်လောင်သည်။

တစ်မီးမငြိမ်းသေးမီ နောက်တစ်မီးလောင်၏။ အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရသည်။ မန္တလေးတောင်တော်ပေါ်ရှိ သာသနိကအဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံမှန်သမျှအားလုံးနီးပါး မီးဘေးသင့်ခဲ့ရသည်။ မဟာမုနိဘုရားကြ
မှစီးကျခဲ့သည့် ရွှေအလေးချိန်ပင် ၅၄၅၀ ကျပ်သား ကျော်ရှိခဲ့သည်
(စာရေးသူ)]

''အဲသည်တော့ ကျုပ်က ကျုပ်ဘိုးတော်ကြီးရဲ့ ကုသိုလ်တော
ဗျာဒိတ်ညွှန် ရွှေရုပ်တော်မှုဘုရားကြီးကစလို့ မဏ္ဍလေးတောင်တော
တစ်ခုလုံးကို သာသနာပြုဖို့ စိတ်ကူးထားတယ်။ အခုတော့ဖြင့် တော
တော်တစ်ခုလုံးလည်း အင်္ဂလိပ်စစ်သားတွေရဲ့လက်ချက်နဲ့ ရစရာမ
အောင် ပျက်စီးကုန်ပြီကောလေ။ အချိန်မီအခါမီ မထိန်းသိမ်းနိုင်ကြ
ရင်ဖြင့် အင်း . . . မတွေးဝံ့စရာကြီးပဲ ဒကာတို့ရေ . . .''

''တင်ပါ့ဘုရား''

''ဒကာကြီးတို့ပဲ စဉ်းစားကြည့်ကြဦးလေ။ ရတနာပုံခေတ် တစ်
ခေတ်လုံး ရွှေမြို့တော်အနောက်ပြင်နဲ့ မြောက်ပြင်မှာ ကျောင်းတိုက်
ကြီးပေါင်း ၇၈ ကျောင်းရှိတဲ့အနက်က ၁၂၄၅ ခုနှစ် မီးဘေးကြီးမှာ
ကျောင်း ၅၄ ကျောင်း မီးလောင်ပျက်စီးခဲ့ရတယ်။

ရွှေမြို့တော်အနောက် ပြည်ကြီးကျက်သရေရုပ်၊ ရွှေကျီးမြင့်
ဘုရားအရှေ့ မိုးနဲ့စားဟောင်းဝင်းမြောက်ဘက်ကစပြီး လောင်လိုက်တဲ့
မီးဟာ မြောက်ပြင်သူ့ရဲဈေး [သူ့ရဲကြီး၊ သူ့ရဲအမှုထမ်းတို့ နေထိုင်ရာ
ရပ်ကွက်၌ ရှိသောဈေး။ (စာရေးသူ)] အထိ ကုန်ပါလေရော။ အဲဒီမီး
က မငြိမ်းသေးဘူး။

နန်းမြို့တော် အနောက်ဝင်းတော်မှူး ဝင်အိမ်ကစပြီး နောက်
ထပ် မီးရွဲလောင်ပြန်တယ်လေ။ မြောက်ဖက်ကို ရွှေပြည်မှန်ကင်းအဝုံ
မာရာဘင်အရှေ့မြောက်၊ ထားဝယ်အနောက်ကွက်၊ အရှေ့ကွက်အိမ်များ။
မြို့ရိုးပေါ်က ပြအိုးပြသာဒ်၊ လေးသိန်းတံခါးပြသာဒ်၊ နန်းစဉ် ကျိုတော်
များပါ တစ်ခဏချင်း ဟုန်းဟုန်းတောက်ပြီး ပြာဖြစ်သွားလေရဲ့။





အဲဒီမီးကြီးကြောင့် ကျုပ်တို့ မန္တလေးတောင်တော်ပေါ်က
သာသနာ့ဒါယကာ မင်းတရားကြီးရဲ့ ကုသိုလ်တော်တွေ မီးခကုန်ပါရော
လား။ 'အနိစ္စ၊ အမြဲမရှိ၊ အနတ္တ ကိုယ်စိုးကိုယ်ပိုင်မဟုတ်' ဆိုတဲ့တရား
ကို မျက်မြင်ထင်ရှား ပြသွားခဲ့တာပလေ။

''အဲဒါတွေထက် ပိုပြီးရင်နာစရာကောင်းခဲ့တာက မီးကြီးခ
ပြီးလို့ ကျောင်းတွေကန်တွေကို ပြင်ဆင်ဆောက်လုပ်ဖို့မှ မစီမံရသေး
ဘူး။ သီပေါအရှင်နှစ်ပါးက ပါတော်မူရပြန်၊ တိုင်းခြားသား ကုလားဖြူ
ကုလားမည်းတွေက နိုင်ငံကို အဓမ္မသိမ်း၊ ခုန မီးကြီးသင့် မီးခခဲ့တဲ့
ကျောင်းတိုက်ကြီးရဲ့နေရာတွေမှာ သင်းတို့ စစ်တပ်တွေချထား၊ မြင်းပြိုင်
ကွင်းလုပ်ခဲ့ကြသလေ။ ယာယီစံနေရတဲ့ ဘုန်းကြီးကျောင်းတိုက်ကြီးတွေ
ကိုလည်း မန္တလေးအနောက်ပြင် ရွှေတစ်ချောင်းအနောက်ဖက်ကို ပြောင်း
ပစ်ခဲ့ကြတယ်။

အဲဒီကတည်းက ကျုပ်တို့ မန္တလေးတောင်ဟာ ကျီးနဲ့ဖုတ်
ဖုတ်ဖြစ်ခဲ့ရတော့တာပဲ။ တိုင်းခြားသား၊ လူမျိုးခြားမိစ္ဆာတွေ ခြေကုပ်
ယူထားခဲ့ကြတဲ့ ပစ္စန္တရာဇ် အရပ်ဖြစ်ခဲ့ရ၊ သာသနာကောခဲ့ရတာပဲ။

''အခု . . . ကျုပ်က အဲဒါကို ပြန်ပြီးအသက်သွင်းမယ်။ ကျုပ်
ဘိုးတော် ဘဝရှင်မင်းတရားကြီးရဲ့ မဏ္ဍလေးတောင်တော်ကို ရောင်
တော်ဖွင့်မယ် . . . ဟုတ်စ''

''သင့်မြတ်လှပါဘုရား''

''မန္တလေးတောင်တော်ကို ပြုပြင်ရောင်တော်ဖွင့်ဖို့ဆိုတာ
တောင်ဦးတောင်ဖျား တောင်တော်ထိပ်က ဗျာဒိတ်ပေးဘုရားကြီးကို မူလ
ပကာတိကဲ့သို့ ပြန်လည်ထုလုပ် ကိုးကွယ်နိုင်ဖို့လိုတယ်။ အဲဒါကြောင့်
အဲဒီက အရင်စပြီးလုပ်ဖို့ စိုင်းပြင်းနေတယ်။




www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက ပါရမီဆက်၊ ပဋ္ဌာန်းဆက်ဖြစ်တဲ့ 'မြွေကြီးနှစ်ကောင်' ဘုရားဒကာကြီးနဲ့ ဒကာမကြီးတို့ဟာ အဲဒီလုပ်ငန်းကြီးဆောင်ရွက်ရာ မှာ ဘေးရန်ကင်းဖို့၊ လုံခြုံအေးချမ်းဖို့ စောင့်ရှောက်ပေးကြပေလိမ့်မယ်။


ပြီးတော့ ဗျာဒိတ်ပေးရပ်ပွားတော်မြတ်ကြီးကိုထုလုပ်တဲ့ ပန်းပု လက်သမားပညာရှင်တွေ၊ အလုပ်သမားတွေလည်း နားချိန်အားချိန် များမှာ ပျော်ရွှင်ကြည်မွေ့စရာလည်း ဖြစ်ကောင်းလိမ့်မယ်။



ထီးတျိုးစည်ပေါ်တ် ...ကျွန်သဘောက်ဘ၀ ဖြားဖြားဝပ်ဝပ်တျခဲ့ရသည့် ရွှေမန္တလေး
(၂၉၊ နိုဝင်ဘာ၊ ၁၈၈၅ အေဒီ)







ရှေးခေတ် မန္တလေး မြင်းပြိုင်ကွင်း

မန္တလေးတောင်ခြေဘ်ရိပ်က ရွှေကျောင်းကြီးတွေ
နေရာမှာ အစားဝင်လာတဲ့ ဗြိတိသျှမြင်းပြိုင်ကွင်း
(ယခု၊ မန္တလေးတောင် ဂေါက်ကလပ်နေရာ)

ဒီမြွေကြီးနှစ်ကောင် ဒါယိကာ၊ ဒါယာမကြီးတို့ရဲ့ ဘဝဘဝ ပဋ္ဌာန်းဆက် ပါရမီဆက်ရှိခဲ့ဖူးကြတဲ့ပုဂ္ဂိုလ်တွေ အနယ်နယ်၊ အရပ်ရပ် က ရောက်လာကြပြီး ကုသိုလ်ဆက်ကြလိမ့်မယ်။ မန္တလေးဘောင်တော် ကြီးဟာလည်း ရှေးနည်းအတိုင်း ပြန်ပြီး စည်ပင်ဖွံ့ဖြိုးလာပေလိမ့်မယ် ဒကာကြီးရဲ့။

အဲဒါကြောင့် ဟောဒီက ဘုရားဒကာကြီးတွေကို ကျုပ်အလွှဲ ပါတယ်။ ဒကာလုံးက ကျုပ်ကို လျှပါ။ ဒကာကြီး ဦးဘောနဲ့ ဒကာမကြီး



www.burmeseclassic.com

www.burmeseclassic.com




ဒေါ်မင်းခတို့ကလည်း မန္တလေးတောင်တော်ကြီးကို ဖူးစုခွင့်ရပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ ရှိရစ်ကြပေတော့''

''တင်ပါ့ဘုရား''

''တင်ပါ့ဘုရား''

''အိမ်း ... သာဓု ... သာဓု ... သာဓု''



စိန်မြန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရ၊ တစ်ရံခါက မြန်မာ့တံ
(ဘုရင်ခံ ဆာချားလ်စ်ခရော့စ်ဝိတ်၏ အိမ်တော်အသွင်ပြောင်းခဲ့
ရသည့် နန်းမြို့တော်မြေနန်းပြဿဒ်ဆောင်)

စိတ်ကူးသစ်စာပေ



ဦးနန္ဒိယသူရိယကိုယ်တော်ကြီးသည် ကြုံကြိုက်လာသည့် ကံအခွင့်အလမ်း၏ ဆန်းကြယ်ပုံများကို ဆိတ်ငြိမ်စွာ သုံးသပ်နေမိလေသည်။

''မန္တလေး ... မင်္ဂလာလေး။ တိုင်းကြီးပြည်ကြီး ကျက်သရေရွှေမန္တလေး''

ပြာလွှင်လွှင်နောက်ခံအခင်းအကျင်း၌ 'မင်္ဂလာ' တောင်တော်သည် တင့်တယ်ငြိမ်သက်လွန်းလှပေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

''အိမ်း . . . ဦးနန္ဒိယ ကိုယ်တော် ဦးစီးစီမံနေသပဆိုမှဖြင့် အောင်မြင်ချောမောနေရာကျပေမှာပဲ . . . မောင်ဘအောင်။ အခုလည်း ဘုန်းတော်ကြီး ကြားကြားနေရသမျှကတော့ မန္တလေးတောင်တော်ပေါ်က ဗျာဒိတ်ပေးဘုရားကြီးသီတင်းသုံးမယ့် တန်ဆောင်းကြီးနဲ့ စောင်းတန်းမှာ ဘုရားဖူးဝေနေယျတွေနဲ့ ကြိတ်ကြိတ်တိုး စည်ကားနေဆိုကွယ့်။ ဟုတ်စ''

''တင်ပါ့ဘုရား။ ဘုရားတပည့်တော်များ မဟာလောကမာရဇိန် ကုသိုလ်တော်ဂေါ်ပက အဖွဲ့ဝင်များကိုယ်တိုင် တမြန်နေ့က တောင်တော်ပေါ်ကိုတက်ပြီး အခြေအနေကြည့်ခဲ့ရတာဖြင့် မန္တလေးတောင်ဟာ သာသနာ့ရောင်တော် တရှိန်ရှိန်တပြောင်ပြောင် ပွင့်လာဦးတော့မယ့် နိမိတ်လက္ခဏာများကို တွေ့ခဲ့ရပါဘုရား။





ဘုရားဖူးဝေနေယျများနဲ့ နာမည်ကြီးလှတဲ့ 'မြွေကြီးနှစ်ကောင်' ကိုလည်း တွေ့ခဲ့ရပါဘုရား။ ဘုန်းတော်ကြီး ဦးနန္ဒိယရဲ့ ကုသိုလ်တော် 'ဗျာဒိတ်ပေးကိုယ်တော်မြတ်ကြီး' ကလည်း ပဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးရဲ့ မှုလရုပ်ပွားတော် မြတ်ကြီးအတိုင်းပဲ လုံးတော်၊ ရုပ်တော်၊ သဏ္ဍာန်တော်တစ်ထေရာတည်း တူလှပါတယ်ဘုရား။ သပ္ပာယ်တော်မူလှပါတယ်ဘုရား''

''အိမ်း . . . သာဓု . . . သာဓု . . . သာဓု''

''သို့ပေသော်လည်း စိတ်ဝမ်းမချမ်းမြေ့စရာများကိုလည်း မြင်ခဲ့တွေ့ခဲ့ရသေးတယ်ဘုရား''

''အိမ်း . . . မောင်ဘတူရဲ့။ မင်းအမြင်ကလေးများကိုလည်း လျှောက်စမ်းပါဦးကွယ့်။ မင်းလည်း လက်ရှိမင်းတိုင်ပင် အမတ်တစ်ယောက်ပဲမဟုတ်လား။ မန္တလေးတောင်တော်ရဲ့ သာသနာ့အရေးဟာ သွေးအေးထားရမှာမျိုး မဟုတ်ဘူးလေကွယ်''

''တင်ပါ့ဘုရား။ မန္တလေးတောင်ဘက်ကို ကန်တော်မင်မြေ (ဘယ်နယ်)အဖြစ် တပ်ထားတာကို ဦးစွာပထမ အစိုးရမင်းများက ဖယ်ရှက်အောင် ဦးစားပေးစီမံရမှာပါပဲဘုရား။ ဒီအင်္ဂလိပ်စစ်တပ်နဲ့ စစ်သားတွေ ခြေချင်းလိမ်ပြီး ဘုရား၊ စေတီ၊ တန်ဆောင်း၊ ပြဿာဒ်၊ သာသနိကအဆောက်အအုံတွေကို ထင်သလို ဖျက်ဆီးထားကြတာများဟာ မဖူးမမြင်ရက်စရာ၊ ရင်ကျိုးစရာပါပဲဘုရား''

''ဟဲ့ . . . ဟိုတစ်လောလေးက သမာဓိမြို့ဝန် ရွှေပြည်မောင်မောင်ကလေးတို့၊ ဦးဘောတို့၊ ကျောက်စာဝန်ကြီး တော်စိန်ခိုတို့တစ်တွေက မန္တလေးတောင်တော်ပေါ်က စစ်တပ်တွေကိုဖယ်ရှားပေးဖို့နဲ့ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများက သာသနိကပစ္စည်းတွေကို ဖျက်ဆီးသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယူနေတာ၊ ဌာပနာတိုက်တွေဖောက်ပြီး ကျောက်မျက်ရတနာ အဖိုးတန် ပစ္စည်းတွေကို ခိုးယူနေကြတာတွေကို အရေးယူပေးဖို့ ဘုရင်ခံမင်းကြီး 'ဆာသာကေဝိုက်' (Sir Thirkekl White) ဆီကို စာနဲ့ပေနဲ့ တင်ပြကြသေးဆိုကွယ့်။ သားတော် ပျဉ်းမနားမြို့စားမင်းသားကြီးက တိုက်တွန်းခဲ့တာတဲ့။ ဟုတ်စကွယ့်''

''တင့်ပါဘုရား''

သာသနာပိုင် 'တောင်ခွင်ဆရာတော်ဘုရားကြီး'က ထန်းချောဖျာပေါ်ဝယ် ငြိမ်လျက် စဉ်းစားနေတော်မူသည်။

လက်ရှိတွင် မန္တလေးတောင်တော်ကို ပြုစုနေဆဲဖြစ်သည့် ဦးနန္ဒိယကိုယ်တော်၏ အရေးကိစ္စများကို နှလုံးသွင်းမိနေခြင်းဖြစ်၏။

ဦးနန္ဒိယ ကိုယ်တော်သည် ရဟန်းဝါ (၅)ဝါ အရတွင် ရွှေဘိုနယ်၌ လွှန်ဗွာ ဘုန်းကြီးခဲ့ဖူးသည့် ကိုယ်တော်ဖြစ်သည်။ အလောင်းမင်းတရားကြီး ဝင်စားသည်ဟုပင် ဆိုသူတို့က မိုပိုသာသာ ကဲကဲလွန်လွန် ဆိုနေကြသည်။

ဆိုမည်ဆိုကလည်း ဆိုထိုက်၏။

ရွှေဘိုမြို့ရှိ အလောင်းမင်းတရားကြီး၏ ကောင်းမှုတော်စေတီတစ်ဆူသည် အုတ်အင်္ဂတေတစ်ပိုင်းတစ်စနှင့် ပြိုပျက်လျက်ရှိရာ မည်သူမျှ ဆက်တည်၍မရဘဲ ပုဂ္ဂိုလ်ရှစ်ဦးတိုင် လက်လျှော့ထားခဲ့ရသည်။ ငွေအား၊ လူအား အစုံအလင်ရှိပါငြားလည်း မည်သို့မျှ ပြီးစီးအောင်ဆက်၍ မတည်နိုင်ခဲ့ကြ။ ပန်းရံညံ့၍ အင်္ဂတေညံ့၍ကား အလျဉ်းမဟုတ်။

'မိမိတည်ထားခဲ့သည့်ဘုရားကို မိမိကိုယ်တိုင် လူဝင်စားမဟုတ်ခဲ့သော် တည်၍ မရနိုင်စေသတည်း' ဟု ဘုရားတည်ကျောက်စာက အခိုင်အမာရေးထိုးထားလေရာ ရွာနေပြည်ထိုင်တို့က ဤ'အလောင်း





ဘုရားကုသိုလ်တော်စေတီ' ကို မည်သူတည်၍ အောင်မြင်လေမည်နည်းဟုသာ မျှော်တလင့်လင့် ရှိနေကြ၏။

ထိုအချိန်မှာပင်၊ တိုက်တိုက်ဆိုင်ဆိုင် ဦးနန္ဒိယကိုယ်တော်လေးက စေတီကို ပြုပြင်ခွင့်တောင်းလာခဲ့ခြင်းဖြစ်သည်။ ယခင် ပုဂ္ဂိုလ်များကဲ့သို့ မည်သည့်နေရာကမျှ ကွဲအက်ခြင်းမရှိ။ ပကတိ ပြီးစီးအောင်မြင်အောင်တည်ထားနိုင်ခဲ့သည်။ သည်တွင် 'ဒီကိုယ်တော်ကလေးဟာဘကယ်ပဲ အလောင်းဘုရား လူဝင်စားဖြစ်လို့သာ တည်နိုင်တာ' ဟု ရွှေဘိုနယ်သားတို့ အယုံကြီး ယုံခဲ့ကြသည်။

ထို 'အလောင်းဘုရားကုသိုလ်တော်စေတီ' ကို တည်ထားပြီးသည်၏နောက် ဘုန်းရှိန်ကံရှိန် ဟုန်းဟုန်းထနေစဉ် မန္တလေးတောင်တော်မြတ်၏အရိပ်အောက်သို့ သာသနာပြုရန် ခိုဝင်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယခုလည်း 'ဗျာဒိတ်ပေးရပ်ပွားတော်မြတ်ကြီး' နှင့် 'မြွေကြီးနှစ်ကောင်' က နာမည်တွေ ဟီးဟီးထလာနေပြန်ပြီ ဖြစ်သည်။

''ဦးနန္ဒိယကိုယ်တော်က နွယ်တော်တစ်ဦးဆိုဘုရား။ ပြီးတော့ နဂါးပြည်က လာတယ်ရယ်လို့လည်း လူပြောသူပြောများသေးသတဲ့။ မန္တလေးတောင်တော်ပေါ်မှာ ဦးနန္ဒိယကိုယ်တော် သီတင်းသုံးခဲ့တဲ့ 'ဦးနန္ဒိယဂူ' အောက်က 'နဂါးရေကန်' ဆိုတာဟာကော ဒီကိုယ်တော်အတွက် သူ့ဘိုးတော်မင်းတုန်းမင်းတရားကြီးက တကူးတကန့်တည်ထားပေးခဲ့ရတာဆိုဘုရား''

''အိမ်း ... အဲဒါလည်း တို့များငယ်ငယ် ရဟန်းငယ်ဘဝ ဘုန်းက ကြားခဲ့ရဖူးတဲ့ ဂမ္ဘီရအတ္ထုပ္ပတ္တိတစ်ပုဒ်ဖြစ်သကွယ့် ... ဒီလို ဒီလို''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

(၁၂၃၄) ခုနှစ်၊ နတ်တော်လထဲက ဖြစ်သည်။

နန်းတော်အတွင်းရှိ မင်းတုန်းမင်းတရားကြီး ရှေ့တော်သို့ ပဲ (ဟံသာဝတီနယ်) ဘက်မှ အသက် (၄၀) အရွယ်ခန့်ရှိ 'မောင်ရဲ' သူ ဆားကျင်းပိုင်ရှင် ပုဂ္ဂိုလ်တစ်ဦး အဖူးမြော်ဝင်ခစားလာခဲ့၏တဲ့။

''မြန်မာမင်းသည် သာသနာကို လွှမ်းစွာချီးမြှောက်သော သနာ့ဒါယကာ မင်းဖြစ်ပါ၍ 'နဂါးကြီး' တစ်ကောင်က ကျေးတော် ကျွန်တော်မျိုး ခံလိုပါသည်။ ရွှေနန်းတော်သို့ 'မောင်ရဲ' ရောက် တစ်လကြာလျှင် ရွှေဖဝါးတော်အောက်သို့ အဖူးအမြော်ဝင်ပါမည်။

''နဂါးတို့မည်သည် အသရေရှိသော အရပ်ဒေသတွင်သာ နေ ထုံးစံ၊ နေနိုင်သည်ဖြစ်ပါ၍ မင်္ဂလာရှိသော အရပ်ဌာနတွင် ကြာ သည့် ရေကန်တော်ကြီး ပြုလုပ်ထားပေးပါမည့်အကြောင်း 'မောင် အား 'နဂါးတမန်တော်' အဖြစ် ကြိုတင်ခစားစေတော်မူပါသည်။





''အချိန်ကာလရောက်ရှိခဲ့သော် မှန်နန်းတော်နှင့် မိဖုရားကြီး ဆောင်တော်များတွင် နဂါးအခိုးအရောင်များ အလျှံတပြောင်ပြောင် င်ရှားပြပါလိမ့်မည်''

ဤထူးထွေဆန်းကြယ်သော အံ့အံ့သြသြစကားများကို မောင်ရဲ ာင်လျှောက်သည့်အခါ မြင်းကွန်းမြင်းခုန်တိုင် မင်းသားများ၏ သူပုန် ကန်အရေး၊ အိမ်ရှေ့စံညီတော် ကနောင်မင်းသားကြီး ကံတော်ကုန်ခဲ့ သည့်အရေး၊ ကနောင်မင်းသားကြီး၏သားတော် ပတိမ်းမင်းသားက ာ့ပခင်၏ နောက်လိုက်နောက်ပါ တပ်ပါဗိုလ်ခြေစုရုံး၍ ရွှေဘိုနယ်ဖက် ဲ့ အာခံထွက်ခွာသွားသည့် အရေးတို့ဖြင့် စိတ်ဝမ်းမအေးလှသည့် င်းတရားကြီးသည် ယာယီမျှ ချမ်းမြေ့ကြည်နူးတော်မူသည်ထင့်။

မောင်ရဲကို နန်းမြို့တော်အတွင်းမှာပင် ကံကြေးအိမ်ရာ၊ လစာ ေးထားပြီး မောင်ရဲလျှောက်တင်သည့်အတိုင်း 'နဂါးရေကန်တော်' ကြီး ကို မန္တလေးတောင်တော်ပေါ်တွင် တည်စေခဲ့သည်။

မန္တလေးတောင်ရံဖြစ်သည့် ရွှေတောင်၊ ငွေတောင်တို့အကြား လယ်ကြောတွင် အနောက်မျက်နှာက ကျောက်ရိုးဆည်၍ ကျောက်ကိုး တွင်း ဒိုင်းနမိုက်ဖြင့် ခွဲဖောက်တူးဖော်စေပြီး ရေကန်တော်ကြီး တည် စေခဲ့ခြင်းဖြစ်သည်။

ဤ 'နဂါးရေကန်တော်'၏ လက်စခြေစ အပျက်အစီးအကြွင်း ကျန်၊ နေရာများကို 'မဟာခေမိကာရာမ' သစ်ဆိမ့်ကျောင်းတိုက် ကြီး၏ နောက်ကျောဖက်၊ 'မန္တလေးတောင်ဂေါက်ကလပ်' ၏ အရှေ့ က်ထိပ်အနား တောင်စောင်း၏အတွင်းပိုင်းတွင် တွေ့နိုင် မြင်နိုင်သေး သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝှင်းရေကန်နေရာဟောင်း၏ အနီးတွင် ဘုန်းဘုန်းကြီး ဦးနန္ဒိ သူရိယ သီတင်းသုံးနေထိုင်တော်မူခဲ့ဖူးသည့် 'ဦးနန္ဒိယဂူ' ဟုခေါ်သ ဂူကြီးတစ်လုံးလည်း ယနေ့တိုင် ရှိနေသေးသည်။ ယုံတမ်းပုံပြင်ဒဏ္ဍာ စကားဟု အလွယ်တကူ မှတ်ချက်ပြုရန် ခက်လှ၏။ (စာရေးသူ)]

မောင်ရဲကလည်း မောင်ရဲမှမောင်ရဲ။

ရွှေမြို့တော်သို့ ဝင်စဉ်တုန်းအခါကလည်း မှူးမတ်၊ ဆင်းရဲသ ကျွန်တော်မျိုးများ ထွက်ဝင်မြဲ မလွယ်ပေါက်ကမဝင်။ အဓိပတိတံ တော်က ဝင်လာခဲ့သည်။ တံခါးနီဗိုလ်နှင့် တံခါးနီအမှုထမ်းတို့က ဆီးခြင်းကိုပင်မခံ။ 'နဂါးတမန်' ဖြစ်ကြောင်းပြောပြီး တံခါးနီဗိုလ် ဘုရင်မင်းတရားကြီးအား လျှောက်စေခဲ့၏။

တစ်ဖန် 'နဂါး' သည် ရွှေမြို့တော်သို့ ရောက်ခဲ့သည်မှန်ေ မှန်နန်းတော်နှင့် မိဖုရားကြီးတို့၏ အဆောင်တော်များမှာ 'နဂါးအ အရောင်ပြပါလိမ့်မည်ဟု (၃) ကြိမ်တိုင်တိုင် ဝံ့ဝံ့စားစား တင်လျှော နေပြန်သည်။

မင်းတုန်းမင်းတရားကြီး၏ သမီးတော် ရှမ်းမင်းသမီးသုဓာ ဒေဝီမှ ဘုန်းဘုန်းကြီးအလောင်းအလျာ မင်းသားငယ်ကို ဖွားမြင်တေ သောအခါ မောင်ရဲလျှောက်သည့်အတိုင်း မှန်နန်းတော်နှင့် မိဖု အဆောင်များမှ အနီးအရောင် တပြောင်ပြောင်ထွက်ခဲ့၏ ... တဲ့

''အင်း ... ဒီလိုဆိုတော့လည်း ဦးနန္ဒိယကိုယ်တော်ဟာ မဟုတ်ပါဘဲလားဘုရား။ အထက်အညာ'ကသာ'ဘက်က သစ်ကုန်သ ကြီး ဦးမြသာအပြောတော့ ကသာထီးချိုင့်နယ်သစ် ကုန်သည် ယောက်ထံမှာ ရောင်းမယ်ဆိုရင်ရေမြုပ်နေတတ်ပြီး မရောင်းတော့ ဆိုမှ ရေပေါ်၊ ပေါ်လာတတ်တဲ့ ကျွန်းတုံးကြီးတစ်တုံး ရှိသတဲ့ဘုရ





အဲဒါကို ဦးနန္ဒိယကိုယ်တော်က သတင်းစကားကြားတော့ သူ့ ကာတွေလွှတ်ပြီး အဲဒီသစ်တုံးကြီးကို ပိုင်ရှင်သစ်ကုန်သည်ထံက လှူကြ ကားကြုံနဲ့ အလှူခံလိုက်သတဲ့။ သစ်ကုန်သည်က ဝမ်းမြောက်ဝမ်းသာ လိုက်တဲ့အပြင် မန္တလေး၊ မင်းတဲ–အီကင်းဆိပ်အရောက် သူ့စရိတ် သယ်ယူလှူခဲ့ပါသတဲ့ဘုရား။ ပြောသားအလိုတော့ သစ်တုံးကြီးမှာ က ဗျာဒိတ်ပေးကိုယ်တော်ကြီးရဲ့ သဏ္ဌာန်တော်၊ နိမိတ္တရုပ်ဆင်းသွင် တော်က ရှင်းရှင်းကြီး ပေါ်နေဆိုတာကိုးဘုရား''

''အေး ... အကြည်ညိုလွန်ကဲပြီး စကားကား၊ စကားချဲ့ ယ်ဆိုပေသိ မြတ်စွာဘုရားရဲ့ အနန္တတန်ခိုးတော်ပေကပဲ။ တို့များ မန်လူတွေ သိနိုင်ခဲမှုဟဲ့။ ဟုတ်ချင်လည်း ဟုတ်ပေမပ။ ဂမ္ဘီရာ အရာတွေကိုး။ တောင်တောင်အီအီတွေ တွေးပြီး ကိုယ့်ဘာသာ ဖြစ်မယူမိကြ၊ မသိမ်းဆည်းမိကြစေနဲ့ကွယ်။ ကြားလား ... ကျောင်း ကာ''

''တင်ပါ့ ဘုရား ...''

ဲ့ပေသိ ...'စိန်ကောင်းကျောက်ကောင်းရောင်းရာ ဝယ်ရာ ဆေးရိုးသည် ကန့်လန့်ကန့်လန့်' ဆိုသလိုပဲဘုရား။ ဦးနန္ဒိယ ကိုယ်တော်ရဲ့ သာသနာပြုလုပ်ငန်း၊ 'ဗျာဒိတ်ပေးရုပ်ပွားတော်မြတ်ကြီး' သည်ထားကိုးကွယ်မှု၊ မန္တလေးတောင်တော် ရောင်တော်ဖွင့်လုပ်ငန်းတွေ အဖျက်အမှောင့်တစ်ခုက နိုးလိုးခုလုကြီး ဖြစ်ဖြစ်နေတယ် ဘုရား''

''အေး ... လျှောက်စမ်းပါဦးကွယ့်။ စစ်ဘက်၊ ပုလိပ်ဖက် အဟန့်အတားများရှိကြလို့လား။ ဦးနန္ဒိယကိုယ်တော်ရဲ့ သာသနာပြု လုပ်ငန်းတွေကို အဆီးအကာမရှိစေရလို့ ဝိတိုရိယဘုရင်မကြီးနဲ့ အိန္ဒိယ ရင်ခံချုပ်ကြီး 'လမင်တို'တို့က အခွင့်အမိန့် ပေးထားပြီးဆို ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုယ်တော်ရတနာဂီရိစံမင်းကလေး နတ်ရွာစံလို့ မန္တလေးပြန်ကြွလာ[...] ကကည်းက အဲဒီအခွင့်အမိန့်တွေက တစ်ပါတည်း ပါလာခဲ့တာပဲမဟုတ်[...] လား''

''တင်ပါ့ ...၊ အခုတော့ဖြင့် အရေးပိုင်နဲ့ မန္တလေးတော်[...] တော်တပ်နယ်အာဏာပိုင်တွေက မျက်စိဒေါက်ထောက်ကြည့်နေကြတ[...] ပါပဲဘုရား။ တစ်စုံတစ်ရာတော့ဖြင့် ဖွက်ဖွက်ဖက်ဖက် မရှိကြသေးပါဘု[...] ဘုရား။ နို့ပေတဲ့ ... သိပ်မကြာခင် အခြေအနေတစ်မျိုးတစ်ဖုံ ပြောင်[...] လိမ့်မယ် ထင်ရတာပါပဲ ဘုရား''

''ဟေ ... ဘောက်မဲ့ကြောင့်''

''ဦးနန္ဒိယကိုယ်တော်ရဲ့ ဗျာဒိတ်ပေး ရုပ်ပွားတော်မြတ်ကြီ[...] နဲ့ မြွေကြီးနှစ်ကောင် ဇာတ်လမ်းမှာ 'စံစီခင်လေး' ဆိုတဲ့ မာတုကာ[...] တစ်ယောက်က ထဲထဲဝင်ဝင်ကြီး ဝင်ဖွက်ဖက်နေလို့ ခြေရှုပ်နေလို့[...] ပဲဘုရား''

''ဘယ်သူကွယ့် ... မောင်ဘတူရဲ့''

''စံစီခင်လေးပါတဲ့ဘုရား''

''အယ် ... ဘယ်နယ့်နာမည်ကြီးလဲကွယ့်''

''မှန်ပါဘုရား။ 'ခင်လေး' ဆိုပေမဲ့လည်း ခေသူမဟုတ်[...] ကပါဘုရား။ ဥစ္စာပေါ၊ ရုပ်ချော တောင်ရိုးသူ မြို့စားကတော်တစ်ဦး[...] တဲ့ဘုရား။ 'စံစီ' ခေါ်တဲ့ တရုတ်အမတ်ကြီးတစ်ဦးနဲ့ လောင်းတ[...] ကစားကြရာမှာ တရုတ်အမတ်ကြီးက အရှုံးကြီး ရှုံးခဲ့ရတဲ့အတွက် အဲ[...] အမတ်ကြီးကပဲ 'စံစီ'၊ ဘွဲ့ဟပ်ပေးပြီး အမည်ပြုလိုက်လို့ 'စံစီခင်လေး[...] လို့ အမည်တွင်လာတာတဲ့ဘုရား။ ကိုယ်ရံတော်အခြွေအရံမိန်းကလေး[...] မာတုကာမတွေကလည်း များမှများပဲတဲ့''





''သြော် ... သြော်''

''အဲဒါဘုရား ... မယ်မင်းကြီးမ 'စံစီခင်လေး' က ဦးနန္ဒိယ ကိုယ်တော် ရာဇသွေး၊ မဟာဆီမဟာသွေးပါတာ အစင်းသိထားလေ တော့ သူ့ပါးစိန်နားကပ်အရောင်နဲ့ ပါးပြောင်ရလေအောင် ဦးနန္ဒိယ ကိုယ်တော်ရဲ့ 'ဗျာဒိတ်ပေး'ရုပ်ပွားတော်မြတ်ကြီး ထုလုပ်ပူဇော်ရာမှာ ကြီးကြပ်စီမံနေရုံမျှသာမက တောင်တော်ရဲ့ အရေးအရာများမှာလည်း ခေါင်းအစ ခြေအဆုံး ပါလေရာငါးပိချက် ဝင်လုပ်နေတော့တာပဲတဲ့ ဘုရား''

''အိမ်း ... တို့များ သာသနာပြုအလုပ်ဆိုတာ ဘုန်းကံအရှိန် ဩဇာပါးရှားတဲ့ အခါများမှာ နွမ်းခြောက်ရှိရော်ပြီး ကာလကြာတော့ သတတ်သလိုပဲ၊ လောကဓံအတက်လေးပါးနဲ့ ကြုံကြိုက်ရပြန်တဲ့အခါ လည်း ပစ္စည်းလေးပါး၊ အခြွေအရံ၊ လာဘ်သပ်ပကာ၊ အကျော်အစော တွေက အလှိုင်းတကြီး ပေါ်မှပေါ်ကိုး။

အဲဒီတော့ ရေလွှမ်းတဲ့အပင်များ ရှိရော်သေရပြန်သလို ပုပ်ရိပြီး သေပြန်ရော။ အဲဒီသဘောကို တယ်သတိထားတတ်ရတယ်။ အဲဒါကြောင့် တို့ဘုရားရှင်က 'အပ္ပမာဒေန သမ္ပာဒေထ' လို့ မပြတ်ဆုံးမခဲ့ ဘာပေါ့ကွယ်''

''ဦးနန္ဒိယကိုယ်တော်ကတော့ ဘာပြောမှာတုန်းဘုရား။ သူ့ တရားနဲ့သူ၊ သူ့အလုပ်နဲ့သူ၊ သူ့ကုသိုလ်စိတ်ဓာတ်တွေနဲ့သူ အမြဲမပြတ် အာရုံကပ်ထားတာမို့လား။ ဗျာဒိတ်ပေးကိုယ်တော်မြတ်ကြီး အမြန်ဆုံး ပြီးစီးအောင်မြင်ပြီး သူ့ဘိုးတော်သာသနာ့ဒါယကာ မင်းတုန်းဘုရင်ကြီး ရဲ့ကုသိုလ်တော်၊ မန္တလေးတောင်တော်မြတ်ကြီးကိုပဲ ရောင်တော်မှို့ နေ့နေ့ညည နလုံးသွင်းနေရှာပေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းကြီးမက ဗျာဒိတ်ပေးဘုရားရဲ့ အရှေ့မြောက်ဘက် အနိမ့်ပိုင်းတောင်ရံမှာ တစ်ထပ်အုတ်တိုက်ကလေးတောင်မှ ဆောက်ပြီး သူ့အခြံအရံများနဲ့ နေ့နေသေးသတဲ့ ဘုရား။ ဦးနန္ဒိယကိုယ်တော်ကြီး ရဲ့ သာသနာပြုအလုပ်နဲ့ ရည်မှန်းထားတဲ့ ကုသိုလ်တော်တွေဟာ တစ် သာသနာလုံးအတွက် သာဓုအနုမောဒနာ ခေါ်စရာပါ။ နို့ပေတဲ့ ... အင်း ... အဲသည် 'စံစီခင်လေး' ကြောင့်များ ...''

''အိမ်း ... ဦးနန္ဒိယ ကိုယ်တော်ရဲ့ စေတနာနဲ့လုပ်ရပ်က တော့ဖြင့် သံသယ ဝင်စရာမရှိပါဘူးကွယ်။ အခု 'ရွှေရပ်တော်မူဗျာဒိတ် ပေးဘုရားကြီး' ထုလုပ်နေတာနဲ့ တောင်တော်ပေါ်က ပြဿဒ်တွေ၊ စောင်း တန်းတွေ ဆောက်လုပ်နေတာပဲ တစ်နှစ်နဲ့ ရှစ်လနီးနီးရှိပြီ ... ဟုတ် လား။

ဗျာဒိတ်ပေးဘုရားကြီး ထုလုပ်ပူဇော်မယ့် သစ်တုံးကြီးကို မင်းတဲ အီကင်းဆိပ်ကနေ မန္တလေးတောင်ခြေအရောက် စက်အား လူအားနဲ့ သယ်ပေးကြတာလည်း အင်္ဂလိပ်စစ်တပ်ကပဲ။ ရုပ်ပွားတော်ကြီးပြီးရင် တောင်ပေါ်ရောက်အောင် စက်ကြိုးနဲ့ဆွဲတင်ပေးဖို့အထိ ကူညီမယ်ဆို တာလည်း အင်္ဂလိပ်စစ်တပ်ပဲလေ။

အဲသလို ... ဘာသာခြား၊ တိုင်းခြားသားတွေကို သူ့သာသနာ ပြုလုပ်ငန်းရဲ့ အစိတ်အပိုင်းအဖြစ် ဝင်ပါလာအောင် ထဲထဲဝင်ဝင် ကြိုး ပမ်းနိုင်တာကိုက ဦးနန္ဒိယကိုယ်တော်ရဲ့ သတ္တိနဲ့ ပါရမီပဲ ...ဒကာ တို့ရဲ့''

''အဲဒီအထဲမှာ အခု (၁၂၆၉) ခုနှစ်နှောင်းပိုင်းမှာ လယ်ဝေး မြို့က 'ရန်အောင်မြင် (ရွှေလက်လှ)ဘုရားကြီး' ကို မဟာမုနိရုပ်ပွားတော် မြတ်ကြီးနဲ့ သဏ္ဌာန်တူတည်ခဲ့တဲ့ 'ရသေ့ကြီးဦးခန္တီ' ကလည်း မန္တလေး





တောင်တော်ကို ဘက်စုံပြုပြင်မွမ်းမံပြီး သာသနာပြုပါရစေလို့ လျှောက်သင်း အတွင်းဝန်မင်းနဲ့ သားတော်ကြီး ပျဉ်းမနားမင်းသားကြီးတို့ကို နောက်ခံ ထားလို့ ကြိုးစားနေပြန်တယ်ဘုရား။

တစ်နေ့ကပဲ ရသေ့ကြီးရဲ့ ဒကာမောင်ကျော်သိန်းနဲ့ပဲ မန္တလေး ရဲ့ မြို့မျက်နှာဖုံး လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တွေက ရသေ့ကြီးဖက်ကို စိတ်ယိုင်များသွားကြရင် ဦးနန္ဒိယကိုယ်တော်အတွက် အခက်ပဲဘုရား''

တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးသည် မျက်စိကိုမှိတ်၍ စဉ်းစားနေတော်မူသည်။

မန္တလေးမြို့၏ သာသနာရေး အသင်းအပင်း၊ အဖွဲ့အစည်း များကား အပြိုင်အဆိုင် များလှ၏။ 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း'။ သူ့ဆရာ, ကိုယ့်ဆရာ၊ ကိုယ့်သံဃာ, သူ့သံဃာ၊ ကိုယ့် ဘုန်းကြီး, သူ့ဘုန်းကြီး ဂုဏ်တုဂုဏ်ပြိုင်တွေ များထွေလွန်းလှ၏။ တိုင်း တစ်ပါးသားအုပ်ချုပ်သူ ကုလားဖြူတို့အလိုကျ သာသနာအရေးကို သပ် လျှိုသွေးခွဲနေကြသည်လည်း အနန္တ။

''အဆိုးဆုံးကတော့ဘုရား ... ဦးနန္ဒိယကိုယ်တော်က မင်း ဘုန်းမင်းတရားကြီးရဲ့ မြေးတော်၊ မဟာဆိမဟာသွေးအနွယ်တော် စင်စစ် တစ်ဦးမို့ 'မင်းလောင်း' ရယ်လို့ ဝါဒလွှင့်နေကြတာပဲဘုရား။ ရတနာ သိမ်ပိုင် သီပေါဘုရင်ကလေးကိုပဲ ဗြိတိသျှတွေက ထီးနန်းအရိုက်အရာ ပြန်လွှဲပေးတော့မလိုလို၊ ဝိတိုရိယဘုရင်မကြီးကပဲ အရင်ဘဝဘဝတွေ က မောင်နှမတော်ခဲ့ဖူးတာမို့ စည်းမျဉ်းခံဘုရင်အဖြစ်နဲ့ပဲ ဦးနန္ဒိယကိုယ် တော်ကို ဘုရင်လုပ်ခိုင်းထားဦးတော့မလိုလို ကောလာဟလတွေ လုပ်ကြံ ဖြန့်ဖြူးနေကြလားနေကြရဲ့။ မြေကြီးနှစ်ကောင်ရယ်၊ ဗျာဒိတ်ပေးရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပွားတော်ကြီးရယ်ကြောင့် တစ်စစစည်ကားလာတဲ့ မန္တလေးတောင်ရဲ့ အရေးကာလည်း ကြုံကြိုက်တိုက်ဆိုင်နေပြန်ဆိုလေတော့ ... ဟူး ... ခက်တယ်ဘုရား''

''ဘယ့်နှယ်ကွယ့် ... မောင်ဘအောင်၊ မင်း ဘယ့်နှယ်ပြော လိုက်တယ်''

''တင်ပါ့ဘုရား ... ဦးနန္ဒိယကိုယ်တော်ဟာ မင်းလောင်းတဲ့ ဘုရား''

''အို ... ဘုရား ... ဘုရား ... ဘုရား။ မကြားကောင်း မနာသာ ကြုံကြီးစည်ရာတွေကွယ် ...''

✿ ✿ ✿

| ၇ |

❑

''အဲဒါပဲ ကိုအောင်ခန့်ရေ ... ဘုန်းဘုန်းကြီးကို မင်းလောင်း အဖြစ်နဲ့ မင်းခဲပြောက်တန်ဆာ ငါးပါးတွေဝတ်ပြီး မန္တလေးတောင်မှာ လူသူစုရုံးနေပါတယ်လို့ သူ့ဒကာမအရင်းခေါက်ခေါက် 'စံစီခင်လေး' ဆိုတဲ့မိန်းမက အရေးပိုင်ဆီ ဦးတိုက်လျှောက်ထားပြီး တိုင်လို့တဲ့ဗျား။

အခု ... ဘုန်းဘုန်းကြီးကို နန်းမြို့ထဲက ဘုရင်ခံအိမ်တော် အထူးအချုပ်ခန်းမှာ ချုပ်ထားလိုက်ကြပြီ။ စစ်ကြဆေးကြ၊ မေးကြမြန်း ကြတာတွေကိုလည်း ပိုက်စိပ်တိုက်ပြီး လုပ်နေကြလေရဲ့။ မကြာခင် အသစ်ဆောက်ပြီးသွားတဲ့ ထောင်သစ်ကြီးက ထောင်ကြီးချုပ်ကို ပို့ကြ တော့မှာတဲ့''

''ဟောဗျား ... ဟုတ်မှဟုတ်ရဲ့လား ဆရာဘေရယ်။ ဘုန်း ဘုန်းကြီးလို တရားရှင်ကြီးကိုများ စွပ်စွပ်စွဲစွဲရှိလိုက်ပလေ။ ဘုန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ ဆုကြီးပန်ပါရမီဝလေ့ကို ခင်ဗျားတို့၊ ကျုပ်တို့ အနီးနေတပည့် ရင်းတွေ အခင်းသိနေကြတာပဲဥစ္စာ။ လောကီစည်းစိမ်ကိုများ မမက်မော၊ မတွယ်တာလိုက်ပုံ၊ စက်ဆုပ်တတ်လိုက်ပုံဟာ သူ့ခွေးတစ်ကောင်နာဗျားမကျန်းရှိသလောက်တောင် စောင်းငဲ့ကြည့်တတ်တာမျိုးမှ မဟုတ်ဘဲဟာကိုး ... နောဗျား ... ရှင်မင်းခ''

''ဟုတ်ပ ... ဘုရားဒကာရယ်''

သည်သတင်းက လင်းဖင်းရပ်ကွက်ကလေး၌သာ ဝကွက်၍ ကျောက်ချရပ်မနေ။ မန္တလေးတောင်တော်နှင့် ဆက်စပ်နီးနွယ်သမျှ အထက်၊ အောက် အညာအကြေတို့သို့ လေနှင့်အတူ ပျံ့၏။

ဒကာရင်းချာတွေမှာ နှလုံးကြေကွဲ မချမ်းမမြေ့ဖြစ်ကြရသည်။

''တစ်ခါသားမှာ ဘုန်းဘုန်းကြီးကို ဆွမ်းကပ်ရင်း လျှောက်မိခဲ့ပါသေးရဲ့ရှင်။ ဒီ 'စံစီခင်လေး' ဆိုတဲ့မိန်းမက ရသာရင် ဘနမှုးသိုက်တူးမဲ့ မိန်းမစားမျိုး။ သာသနာရေးကိစ္စက ရုပ်ပြ၊ ဟန်ပြ၊ ဇန်းပြလုပ်နေတာရယ်။

သူ့မိန်းမတွေ တရုန်းရုန်းနဲ့ ဘုန်းဘုန်းကြီးကို ကြည်ညိုကိုးကွယ်ဖို့လာကြတဲ့ ဝန်ကတော်၊ မှူးကတော် မင်းပိုင်းစိုးပိုင်းတွေထဲကို ထွေးလုံးရစ်ပတ် လုပ်ချင်နေတာက ကဲကဲရယ်။ ဘုန်းဘုန်းကြီးကိုလည်း 'မင်းလောင်း'၊ 'မင်းလောင်း' နဲ့ ဝိတိုရိယဘုရင်မကြီးက ကိုယ်တိုင်တောင်လာပြီး နေ့ချင်းညချင်း နန်းတင်ပေးဦးတော့မလိုလို သတင်းလွှင့် ဖြန့်ချိပေးနေတာလည်း သင်းပဲ။ ဒီမိန်းမကို သတိထားပါဘုရားလို့။ ဘုန်းဘုန်းကြီးရဲ့ ဓမ္မလမ်းကို အဆီးအတား၊ ဆူးညှောင့်ခလုတ်ဖြစ်လာနိုင်တယ်လို့''





''အင်း ... အဲဒီတော့ ... ဘုန်းဘုန်းကြီးက ဘာများမိန့်တုံး။ ထုံးစံအတိုင်းပဲမဟုတ်လား''

''တွေးသာကြည့်တော့လေ ... ကျောင်းဒကာ၊ တရားဓမ္မကိန်းနေတဲ့ တရားရှင်ရဲ့နှုတ်က ဘာအသံထွက်လာမှာလဲလို့။ ဟဲ့ ... မယ်ခရယ် တဲ့။ အဲ ... ဘုန်းဘုန်းကြီးက ကျွန်မကို ထူးထူးခြားခြား 'မယ်ခ' လို့ သွေးရင်းသားရင်းတွေလို တရင်းတနှီး မိန့်တတ်တာလေ။

သတ္တဝါတွေဟာ ကံနှင်ရာအတိုင်းလွင့်နေရတဲ့ အနတ္တအမှုန်အမွှားတွေဟဲ့ ... တဲ့။ ပြုဆဲအခါ စေတနာ၊ ပြုပြီးသောအခါ ကံတဲ့။ အမှုကိစ္စတစ်ခုကို မပြုမီ၊ ပြုတုန်းပြုဆဲမှာ စေတနာကအားကြီးသော အထောက်အပံ့အဖြစ် ဦးစီးပေသော်လည်း ပြုပြီးသွားတဲ့အခါ စေတနာက ချုပ်ပျောက်သွားပြီး 'ကံ'ဆိုတဲ့ အရှိန်သတ္တိကလေးက တစ်သံသရာလုံး မပျက်မကြေဘဲ ပါသွားတော့မှာ ... တဲ့။

ကောင်းကံက ကောင်းတဲ့အကျိုးပေး၊ ဆိုးကံက ဆိုးတဲ့အကျိုးပေးပြီး သုံးဆယ့်တစ်ဘုံမှာ ပေါ်လိုက်နစ်လိုက်ဖြစ်ပျက် ကြုံတွေ့ကြရဦးမှာ ... တဲ့။ 'အတ္တဟိအတ္တနော နာထော'၊ ကိုယ့်အကျိုးစီးပွားဖြစ်ရာဖြစ်ကြောင်းကို ကိုယ့်စေတနာ၊ ကိုယ့်ကံကပဲ ပြဋ္ဌာန်းမှာ ... တဲ့။

ဘောက်မဲ့ကြောင့် ကိုယ့်လက်ပေါ်ကျလာတဲ့မီးပွားကို ပူတယ်လို့ ကြောင့်ကြမစိုက်ဘဲ သူ့တကာအရေး၊ ကိုယ်အရေး လုပ်နေပြန်တာတဲ့။ အချိန်တွေ နှမြောလိုက်တာဟယ် ... တဲ့။ မှတ်ထား ...။ ကံဟောင်းဝဋ်ကြွေးရှိရင် ငါမှမဟုတ်၊ ဘယ်လိုပုဂ္ဂိုလ်သတ္တဝါမျိုးမှ ပြေးမလွတ်ရှောင်မလွတ်ဘူးတဲ့။

ကံနဲ့ဝဋ်နဲ့ကလည်း သူ့အလုပ်သူလုပ်၊ ကိုယ်ကလည်း ကိုယ့်လမ်းကိုယ် တည့်တည့်လျှောက် ... တဲ့ရှင့်။ ကောင်းကောင်းအဆု



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်းခံရပြီး တစ်နာရီနီးပါး ငုတ်တုတ်သား တရားထိုင်ခဲ့ရသရှင့် ကဲ ..."

"အဲ ... အဲသလိုပါဆို၊ တို့ဘုန်းဘုန်းကြီးက ..."

ဆရာဒကာရင်းဖြစ်၍ ဘုန်းတော်ကြီး၏ အကျင့်ဝသီကို ထိထိ ပပ အတွင်းအပြင် သိထားကြပြီးဖြစ်သည်။

သူ့အိပ်ရာ၊ နေရာထိုင်အခင်း၊ ခြေညောင်းလက်ဆန့်ပြုမြဲ ထမ်း ပလပ် ပက်လက်ကုလားထိုင်ကလေးတွေပေါ်မှာ သူ့ခွေးတွေက အစွင့် သားတက်ခွေ၍ မှိန်းနေအိပ်နေလျှင်ပင် သူ့ခွေးတွေ အနေအထိုင်ပျက် မည်စိုး၍ဟု ကျောင်းပျဉ်ကြမ်းခင်းကိုပင် ဖွဖွကလေးနင်း၍ လျှောက် တတ်သူ၊ ချောင်းကလေးမျှပင် သဲ့သဲ့မဟန့်ဘဲ ကျောင်းကပြင် လေသာ စင်္ကြံ၌ တရားထိုင်ချင်ထိုင်၊ ဆေးလိပ်တစ်တို့နှင့် ပုံ့ပုံ့ကလေး ငြိမ်ချင် ငြိမ်နေတတ်သူ။ ဒီလို ဘုန်းတော်ကြီးမျိုးကား ရှားတော့ရှားပါး။

မင်းစည်းစိမ်ထားလို့ ဆွမ်းခံသပိတ်ထဲမှ ဆွမ်း၊ ဆွမ်းဟင်း တစ်နပ်စာကိုပင် ပတ္တပိဏ်မှုတင် အကျင့်မြတ်ဖြင့် ခံယူသုံးဆောင် ရောင့် ရဲတတ်သူ။

'ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး' ပေးလှူလာသမျှကို တစ် ထိုင်တည်းရေစက်ချ၍ သံဃိကပစ္စည်းအဖြစ် သံဃာအား ခေါက်ခေါက် ရက်ရက် ပြန်လှူပစ်လေ့ရှိသူ။

အနာမာသဝတ္ထုငွေကို လက်ခံဖို့ ဝေးစွ။ ကျပ်လား၊ ပြား လား၊ မူးလား၊ ပဲလားပင် စေ့စေ့ငုငု ခွဲခွဲခြားခြားမသိသူ။

ပုဂံမင်း၏ မိဖုရားခေါင်ကြီး 'သီရိတိလောကမဟာရတနာဒေဝီ' နှင့် ယင်း၏ညီမတော် သရစိမ်းမိဖုရားတို့သည် ဗြိတိသျှ–ဘားမား မဟာ ဝန်ရှင်တော်မင်းကြီးအပါအဝင် အင်္ဂလိပ်အစိုးရပိုင်းဆိုင်ရာတို့နှင့် အလွမ်း





သင့်လှလေရာ သီပေါမင်းတရားကလေး၊ အရှင်မ စုဖုရားလတ်တို့၏ အချစ်တော်ဖြစ်ခဲ့ဖူးသည့် ဘုန်းတော်ကြီးအား လိုလားဟန်မရှိ။ အခွင့် သင့်တိုင်း အကျိုးအကျပ်ဖြစ်စေအောင် ဖီလာဆန့်ကျင် ဖိနှိပ်ခဲ့စမြဲ။ ယင်းအရေးကိစ္စများကိုလည်း မမှုခဲ့။

ဘိုးတော်ကောင်းမှု ဗျာဒိတ်ပေးရွှေရပ်တော်မူ ရုပ်ပွားတော် မြတ်ကြီးအား 'မဏ္ဍလတောင်တော်ထိပ်' ၌ အမြန်ဆုံး ပင့်ဆောင် ကိုးကွယ်နိုင်ရေး၊ မန္တလေးတောင်တော်ကို နိုင်ငံ့မျက်နှာ၊ သာသနာ့ မျက်နှာအဖြစ် တင့်တယ်ဝေစည်ရေးကိုသာ တစိုက်မတ်မတ်၊ နှလုံး သွင်း ဖြောင့်နေခဲ့သည်သာ။

"ဦးခန္တီကိုယ်တော်ကလည်း ပျဉ်းမနားမင်းသားကြီးတို့၊ သမာဓိ မြို့ဝန် ဦးဘေတို့၊ မြူနီစီပယ်လူကြီး ရွှေပြည်မောင်မောင်ကလေးတို့၊ မင်းတိုင်ပင်အမတ် ဦးဘတူတို့၊ ရွှေလက်ဝါး ဦးကျော်ရန်တို့ စတဲ့ မြို့ မျက်နှာဖုံးအင်အားနဲ့ မန္တလေးတောင်တော်ကို ပြုစုနိုင်ဖို့ အကြံတိအနယ် လုံးပန်းနေလေရဲ့။

အရေးပိုင်နဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေကလည်း ရသေ့ကြီး ဖက် ခပ်ယိုင်ယိုင်။ ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ ကိုဘဖေအောင်တို့ လူစုတွေနဲ့ အဲဒီ 'စံစိခင်လေး' ဆိုတဲ့ မိန်းမက 'တဖောင်းဖေးနဲ့ မျက် ချေး' ဖြစ်နေလေတော့ ဗျာဒိတ်ပေးရွှေရပ်တော်မူ ဘုရားကြီးကိစ္စက လွဲပြီး ကျွန်တောင်တော်ရဲ့အရေးတွေကို ရသေ့ကြီးကိုပဲ လွှဲပေးတော့ မလိုလိုလည်း သိုးသိုးသန့်သန့် ကြားနေရတယ်။ တို့ဘုန်းကုန်းကြီးက ဈောဖြင့် နကမှုတိပဲ"

"ဟာ ... ဆရာဘေကလည်း ... 'မင်းလောင်း' လုပ်နေပါ တယ်လို့ အတိုင်အတောခံရလို့ စစ်ကြဆေးကြဖို့ လာမင့်။ အဲပါလေ



www.burmeseclassic.com

www.burmeseclassic.com



လာဖမ်းကြတော့တောင် ဘာတစ်ခွန်းဟာခဲ့လို့တုံး။ သက်နှင်းကလေးပြ ရုံပြီး သပိတ်နဲ့ပေယပ်ကလေး ကောက်လွယ်လို့ လိုက်ကြွသွားခဲ့တာ ပဲဟာ''

''ဆန်းချက်ကတော့ ရှင်ရေ ...။ ခါတိုင်း ဘုန်းဘုန်းကြ ဘယ်နေရာကြွကြွ တရုန်းရုန်း တအုန်းအုန်း ပြေးရှုပြေးရှုနဲ့ လိုက် ကျ အကောင် လေး။ ငါး၊ ခြောက်ဆယ် ခွေးအုပ်ကြီးဟာဖြင့် ဒီတစ် ငြိမ်ချက်သားကောင်းလို့။ တုတ်တုတ်ကလေးတောင် မလှုပ်ဘူး။ ဘယ် လိုများ ဆုံးမထားသလဲ မသိတတ်ပေါင်ရှင်။ အံ့ရော ... အံ့ရော''

ဘုန်းတော်ကြီး၏ အနီးနေကပ္ပိယကြီး ဘအိုကဖြင့် သိသည် သိလွန်နေ၍ ပိုပြီး စိတ်လက်မကောင်းဖြစ်နေ၏။

''အိမ်း ... ဒုက္ခ ... ဒုက္ခ။ သတ္တဝါတစ်ခု ကံတစ်ခုပေကို ကွယ့်။ အကြောင်းကြောင့် အကျိုးဖြစ်တတ်တဲ့ ပဋ္ဌာန်းဆက်တရားတေ က ရှိနေသေးလေတော့ ကံကြွင်းကံစတွေက အကျိုးပေးလေဦးမှာပလေ ဓေတနာတွေက ဖြစ်ခဏ၊ ပျက်တတ်တဲ့သဘောပေမင့် ပြုပြီးကံ၊ က သတ္တိတွေက တည်ရစ်ကြွင်းရစ်ပြီး အကျိုးပေးဖို့ အခွင့်အခါကိုပဲ စော နေ၊ ချောင်းနေတတ်ကြတာကလား။ အိမ်း ... အနိစ္စ၊ ဒုက္ခ ... အန တွေပါကော ... ဘုရား ... ဘုရား''

''အေး ... ဝဋ်ကြွေးတို့တင်ရှိမှဖြင့် ကျေအောင်ဆပ်ရမှာ ဒကာတို့။ နင်တို့လည်း နင်တို့ဘဝကုသိုလ်နဲ့ နင်တို့နေရစ်ကြပေဦး အချိန်တန်တော့လည်း ကံကကျေးသမျှ စားကြရမှာပ ... ဟုတ်စ''

လူရယ်သူရယ်ဖြင့် အရိပ်အယောင်ပင်မမြင်။

သို့နှင့်တိုင် ဘုန်းတော်ကြီးက သူ့ခွေးတစ်သိုက်အလယ်





ထန်းပလပ်ကုလားထိုင်ပေါ်၌ ခြေတွဲလွဲချထိုင်လျက်သားက တစ်ပါးတည်း မိန်နေသည်ကို ဘအိုမြင်နေရ၏။

ခွေးတစ်အုပ်က ငြိမ်လို့။

''စည်းစိမ်ဆိုတာမျိုးဟာ မီးပဲ။ တကယ်ထိရင် တကယ်ပူတာ၊ တကယ်လောင်တာ။ မလှုံ့ပစ်ရက်ဘဲ ဆုပ်ကိုင်ထားလေလေ၊ တငွေ့ငွေ့ လောင်မြိုက်ပြီး ပူလေလေ၊ လောင်လေလေပဲ။

''လူတွေဟာလေ ဒီမီးကို ငြိမ်းနိုင်၊ သတ်နိုင်တဲ့ ရေစင်ရေ ချက်ကို ဘေးချထားပြီး ငုတ်တုတ်ထား အလောင်ခံနေကြတာဗျ။ ကျုပ် တို့မူနယ်မှာ မီးလောင်ခဲ့ရင် လောင်လေသမျှကို ငြိမ်းဖို့ရေက အဆင် သင့်။

အဲ ... ကိုယ့်အပူကိုယ်သွားပြီး မငြိမ်းချင်ဘဲ ပူနေလောင် နေရတာကိုမှ သဘောကျလှချည့်ဆိုလည်း မတတ်နိုင်ပေဘူး။ အဲတော့ ကာတို့လည်း ကိုယ့်မီးကိုယ်ငြိမ်းပြီး အေးအေးနေရစ်ကြ။ ကျုပ်တော့ ဟောင်းကြွေးဟောင်းလေး ဆပ်ချေဦးမယ်''

ငြိမ်နေသည့် ခွေးတွေက လူစကားနားလည်ဘိသို့ တအီအီ အင်အင် အသံပြုလာကြသည်။ ရင်မှလာသော ဝမ်းခေါင်းသံကြီး နှင့်။ တချို့ခွေးအိုကြီးအိုမတွေက မျက်ရည်ပူတွေ စီးကျလျက်။

ဘုန်းဘုန်းကြီးကို အင်္ဂလိပ်စစ်သားတွေဖမ်းခေါ်ဖို့ ရောက်မလာ သေးမီ အရင်နေ့ ညနေခင်းပိုင်းကဖြစ်၏။

'ကြေးမြင့်မိပုရား' အိမ်တော်မှ ဆွမ်းတော်အုပ်ကို သူ့ခွေး စ်ပြုတောင်အား စွန့်ရင်း ကျေးရင်း တတွတ်တွတ် ဆုံးမတော်မူနေ ဖြစ်မှန်း နောင်မှ ဘအို စဉ်းစားမိခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့ . . . ဒါဆိုရင်ဖြင့် ဆရာဘေရယ်။ ဗျာဒိတ်ပေး ရွှေ တော်မူ ကိုယ်တော်ကြီးသီတင်းသုံးမယ့် အာရုံခံတန်ဆောင်းကြီးထဲ သာသနာပြု ဘုရားဒါယကာ၊ ဒါယကာမ မြွေကြီးနှစ်ကောင်ကို ဘုန်းဘုန်းကြီး ဘယ့်နှယ်စီမံခဲ့တုံး"

"အင်း . . . ဗျာဒိတ်ပေးဘုရားကြီးလည်း ထုလုပ်ပူဇော် ပြီးပြီ။ နေသားတကျ တောင်တော်မြတ်အပေါ် တင်လှူပူဇော်ဖို့ကိ ကျန်တော့တာ။ အဲ 'စံစီခင်လေး' နဲ့ 'မင်းလောင်း' ပြဿနာတွေ လည်း ကျွက်စီကျွက်စီ အုံကြွလာနေတော့ ဘုန်းတော်ကြီးကိုယ်တိုင် မြွေဆရာကြီး ဦးလုံးတို့၊ ကျုပ်တို့တွေကို သယ်ယူစေပြီး 'အဘယ် ခေါ်တဲ့ ရန်ကင်းတောင် ကျောက်လိုဏ်ဂူကြီးဆီ လွှတ်လိုက်ခဲ့ပါပြီ။

ကျုပ်ရဲ့ ဘုရားဒကာ၊ ဘုရားအမတို့လည်း အလိုရှိရာ သွ ကြပေဦး။ ဘဝသံသရာမှာ ကျင်လည်နေကြတုန်းဆိုမှဖြင့် တွေ့ကြ ကွဲ ဓမ္မတာပေကိုး။ ကဲ . . . ခုများဖြင့် ဒီတစ်ဘဝတော့ ဒီမျှသာနဲ့ပဲ ကြဦးစို့ရဲ့' လို့ ဘုန်းတော်ကြီးက မိန့်သဗျာ။ မြွေကြီးနှစ်ကောင် အကြာကြီးငြိမ်နေပြီးမှ လိုဏ်ခေါင်းကြီးထဲ ဝင်သွားကြလေရဲ့"

"ဘုန်းဘုန်းကြီး အဆင်မှပြေပပ့ါမလား ကျောင်းဒကာ"

"ဘုန်းဘုန်းကြီး ဆုံးမခဲ့သလို ကံစီမံရာပလေ။ လောက တာသဘောကို ဘယ်သူလွန်ဆန်နိုင်ဦးမှာတဲ့လဲ"

"ဩော် . . . ဒုက္ခ . . . ဒုက္ခ . . . ဒုက္ခ"

✿ ✿ ✿

[ ၈ ]

❑

အချိန်ကား လင်းအားကြီး။

ယခင်က မင်းတုန်းမင်းတရားကြီးနှင့် သီပေါဘုရင်ကလေး မင်းနှစ်ပါးစံတော်မူခဲ့သည့် မြေနန်းပြဿဒ်အဆောင်တော်သည် ယခု ဘုရင်ခံအိမ်တော် ဖြစ်နေခဲ့ရပြီ။

အဆိုပါ ဘုံမြင့်ပြဿာဒ်ဆောင်ပေါ် ဝဲယာတွင် တည်ဆောက် သော နန်းဆောင်များသည်လည်း ဘုရင်ခံ၏ ဝန်ထမ်းများနေသည့် ဆောင်များ ဖြစ်နေကြလေပြီ။

ရွှေနန်းတော်ကြီး၏ အရှေ့မျက်နှာ ဇဟိုစင်မှလည်း နာရီ ကြားသည့် စည်သံကင်းဆိတ်၍ နေပါပကော။

နန်းဆောင်အတွင်း ခုတင်ညောင်စောင်းထက်၌ အလူးအလွန့် ပ်အခတ် တစ်ရွှေ့တစ်တွန့်မရှိ။ ကမ္ဘဌာန်းသတိဖြင့် ငြိမ်သက်နေ ာ ဘုန်းဘုန်းကြီးကို ဖူးမြော်ရင်း ဘအို ထထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရွယ်ကြီးလာမင့်မှတော့ ဘာကမှ မကောင်းချင်တော့ ကလား။ အိပ်ကောင်းခြင်းလည်း အိပ်မပျော်တတ်တော့ဘူး။ အင်း ... ဒုက္ခ ... ဒုက္ခ"

တစ်ကိုယ်တည်း ညည်းတွားရင်း ခြေညောင်းလက်ဆန့်ပြု ထ၍ ထိုင်လိုက်မိခြင်းဖြစ်၏။ သူ့အသံဗလံတွေကြောင့် ဘုန်းတော်ကြီး အာရုံနောက်သွားမည်ကိုလည်း စိုးရသေးသည်။

"မောင်အို ... နိုးပလား"

ဟော ... ဘုန်းတော်ကြီး၏အသံ။ မျောက်တစ်ကောင် ခြေလက်မငြိမ်နိုင်သည့် မိမိကိုယ်ကိုသာ ဘာသာအပြစ်ဖွဲ့မိရတော့ မိမိကြောင့် ဘုန်းတော်ကြီး၏ တရားအလုပ် ပျက်သွားရပြီ။

"တင်ပါ့ဘုရား"

မရဲတရဲလျှောက်ရင်း ညောင်စောင်းခြေရင်း၌ ပုံ့ပုံ့ကြုံ့ကြုံ့ထိုင် နေမိရ၏။

"အိမ်း ... ခလုတ်ထိတော့လည်း အမိတကြရှာတော့တာ ကွယ့်။ သတ္တဝါဝေနေယျများ မသိသားဆိုးရွားလိုက်ကြပုံနယ် ... က ကို ကုန်ပါလေရောလား"

အသံတော်က ငြိမ်တိတ်၍ သွားပြန်လေသည်။

ဘုန်းတော်ကြီး၏ ဝသီက သည်သို့သာလျှင်ဖြစ်၏။ ဘုန်းတော ကြီး ကျိန်းစက်နေသလား၊ တရားရှုမှတ်ဆင်ခြင်နေသလော ဘအို ခြား၍မသိ။ မည်သည့်အခါကာလကမျှလည်း ကျောတစ်ပြားချ၍ လျော စက်သည်ကို မမြင်ခဲ့ရဖူး။

သူ့ထန်းပလက်ကုလားထိုင်ဟောင်းကလေးပေါ် ထိုင်လို ထိုင်၊ သစ်သားခုတင်ဟောင်းကလေးအပေါ်၌ တရားမှတ်လိုက မှတ်





ပြုဖြစ်သည်။ သို့ငြိမ်နေရာမှနေ၍ တစ်ချီတစ်ခါ အသံတော်က ထွက် တတ်ခြင်းဖြစ်သည်။

"မောင်အို ... ကြားလား"

"တင်ပါ့ဘုရား"

"ဘိုးတော်မင်းကြီးနဲ့ ဦးရိုးတော် ရတနာဂီရိစံမင်းတရား လေးကို နန်းဦးမှာ ကိုးကွယ်ထားခဲ့တဲ့ နန်းစဉ်ရုပ်ပွားဆင်းတုများထဲ 'ပန်းပေါင်းဘုရား' ကိုယ်တော်မြတ်ကြီးကို သင်းတို့ အင်္ဂလန်အထိ တော်လောဘ ဦးစီးပြီး သယ်သွားကြသကွယ်။ ကြားလား"

"တင်ပါ့"

"အင်း ... အခုတော့၊ တိုင်းခြား မြေခြား ဘာသာခြားတွေ မှာ ရုပ်ပွားတော်မြတ်ကြီးကို မရှိမသေထားမိကြ၊ ပြုမူဆက်ဆံမိကြ ဘေးဥပါဒ်တွေ တွေ့နေကြပြီကောကွယ့်။ 'ဒီဘုရား မကောင်းဘူး'

ဘုရင်မကြီးက ဒီဘုရားကိုယ်တော်မြတ်ကြီးကို မြန်မာပြည် ပို့စေပြီး ( )တာပဲ့တာများကို ပြုပြင်စေဖို့ ရွှေသင်္ကန်း ပြန်ကပ်လှူ ဒို့ သင့်လျော်ရာအရပ်ဒေသမှာ ထားရှိပူဇော်ကိုးကွယ်စေဖို့ ဘုန်းကြီး ကို အပ်စေခဲ့ပြီကောကွယ့် ..."

"အလို ... ဘုရား"

"အေး ... အေး ... မောင်အိုရေ ... မကြာခင် သင်းတို့ ဘုန်းကြီးဆီ ရောက်လာကြလိမ့်မယ်။ အကြောင်းကြောင်းနဲ့ ပေး နေရတဲ့ ကံဟောင်းကြွေးဟောင်းတွေလည်း ကျေပြီထင်ပကွယ်။ သည်တော့ မောင်အိုက အခု ကုသိုလ်တော်ဘုရား ဂေါပကမောင်ဘ ကောင်ဆီကို သွားပေဦးတော့။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခွင်သာသနာပိုင်ကြီးကို လျှောက်ပြီး 'မြတ်စောညီနောင် ဘုရားနှစ်ဆူအနီးမှာ နေရာချထားစီမံနိုင်ဖို့ ပြင်ဆင်ထားကြချေလို့ 'အင်္ဂလန်ပြန်ပန်းပေါင်းဘုရား ကိုယ်တော်မြတ်ကြီး' အဖြစ် ကိုးကွယ် ကြရအောင်။

''တင်ပါ့''

''နောက် ... ဒကာကြီး ဦးဘေနဲ့ ဒကာမကြီး ရှင်မင်းခ ကိုလည်း မဟာမုနိဘုရားကြီး စောင်းတန်းက မှန်စီရွှေချဆရာကြီးဘို ပြန်နဲ့ အသိပေးတိုင်ပင်ထားကြလို့။ ဘုန်းကြီးရဲ့ ကျောင်းဒကာ၊ အလှူ ဒကာ ပါရမီရှင်များက လှူဒါန်းလာသမျှကိုလည်း စာရင်းနဲ့တကွ လက် ထားချေလို့ ... ဟုတ်စ''

''ဘယ် ... ဘယ်လို၊ ဘယ်သူတွေများလဲ ဘုရား''

''ရော် ... ဒကာကြီး ဦးဘေတို့ သိပါသလေ။ ဘုန်းကြီးမိန့် သလိုသာ သွားပြောချေပါ။ ခုချိန်ဆို ကျုပ်ကျောင်းက ပါရမီဆက်ဒကာ များကလည်း မျှော်တလင့်လင့် ဖြစ်နေရှာကြပေါ့''

တည့်တည့်ပြောမှ ရိပ်မိရ၏။

ဘုန်းတော်ကြီး၏ ဝေနေယျကျောင်းခွေးတစ်အုပ်ကြီးကို ပြော နေခြင်းဖြစ်သည်။

ဘုန်းတော်ကြီး အာရုံတန်းလိုက်သည့် သာသနာရေးကိစ္စများ အတွက် အနာမာသဝတ္ထုငွေ လိုအပ်လာသည့်အခါတိုင်း၊ သူ့ကျောင်း ခွေးတွေက ဘယ်ကရလာမှန်းမသိ၊ ရှာယူလာလေသည့် ရတနာထုပ် ဥစ္စာထုပ်တွေကိစ္စကို ဘအို တစ်စွန်းတစ်စ ကြားဖူးထားသည်။

ဘုန်းတော်ကြီးနှင့် သူ့ခွေးတွေ၏ သံယောဇဉ်ကား ကြီးလွန်း လှ၏။





''ပြီးတော့ ... မောင်အို''

''ဘုရား''

''ဘုန်းကြီး စွန့်လိုက်တော့မယ်ကွယ်''

''ဘာကိုလဲဘုရား''

''မန္တလေးတောင်တော် ဝေယျာဝစ္စကိစ္စတွေ အပါအဝင် အရာ ားလုံးကိုပဲပေါ့ကွယ် ... မောင်အိုရဲ့''

''ဘယ်လို ... ဘယ်အကြောင်းများကြောင့်ပါလဲ ဘုရား''

''စွမ်းနိုင်သူတွေ ဆောင်ကြပါစေကွယ်။ ဘုန်းကြီးမှာပေည်း ဘုန်းကြီးသာလျှင် ဆောင်ရွက်လို့ရမယ့် သာသနာ့တာဝန်ကြီးကို အခု တွေ့ပြီကွယ်။ အဲဒီအလုပ်ကြီးက ဘုန်းကြီးကို တကယ်လိုအပ်နေ၊ တကယ် စောင့်မျှော်နေရှာတာကွယ်။ သနားစရာ၊ ဂရုဏာထားစရာ ဝေနေယျ များတွေလည်း တယ်ဒုက္ခများ နေကြပေသကိုး''

''တင်ပါ့ ... ဘယ်ဆီကို ကြွသွားတော့မှာပါလဲဘုရား''

''ဘယ်ကိုမှ မကြွပါဘူးကွယ်။ နို့ပေတဲ့ ... ဒီတိုင်းကြီး မြို့ ကြီး လူ့ပြည်လူ့အသိုက်အမြုံကြီး စည်စည်ပင်ပင်ရဲ့အလယ်မှာ ကျောက် ရေစ်တော့ပျဉ်ဘ် ပစ္စန္တရာဇ် ခေါင်ခေါင်အရပ်လို လူ့ဒုက္ခသည်တွေချည်း ငုပ်ဝေးဝေး ရှိနေကြတဲ့။

အရှင်လတ်လတ်ကြီး ဒုက္ခဘုံထဲရောက်နေကြတဲ့ လူ့ငရဲကြီး ဆီကိုတော့ ဘုန်းကြီး ကြွရပေလိမ့်မည်။ ရေကြည်ရေသန့် တစ်ပေါက် တစ်စက်ကလေးဖြစ်ဖြစ် ခမျာများကို တိုက်ဖို့ကျွေးဖို့ လုံးပန်းရပေလိမ့် ဦးမည်။ လူ့ပြည်လူ့လောကက ဖယ်ထားချန်ထားခံရတဲ့ သီးခြားဒုက္ခ သည် လူ့ရွာကလေးတစ်ရွာဆီကို ဘုန်းကြီးကြွရပေဦးမယ်''

ဘာတွေကိုရည်၍ ဘယ်လို မိန့်နေလေသည် ဘအိုမသိ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက လှိုက်၍လှိုက်၍ ဝမ်းပါးညှိုးရော်လာနေမိသည်ကို သာ ဘာသာကြိတ်၍ ခံစားနေရ၏။ ဘုန်းတော်ကြီးစကားတွေက ဆ သည်။ ဘယ်လိုကြီးရယ်မှန်းမသိ။

''အင်း . . . ငြိတွယ်ခြင်းဆိုတဲ့ (လဂ္ဂတိ) တရားက လွတ် ဆိုတာ ခက်သားကလား။ လောကရဲ့ ပရိယာယ်၊ မာယာတွေကလည်း ပိပိပြားပြား လှည့်စားတတ်သကိုးကွယ့်။ ဘုန်း၊ တန်ခိုး၊ သြဇာ၊ အရေ ပါ အရာကျယ်မှုတွေနဲ့ နိစ္စဓူဝ ထွေးလုံးရစ်ပတ်ပြီး ငြိတွယ်ပြီး တကယ် ဓမ္မရဲ့ အနှစ်သာရသဘောတွေကို မေ့လျော့၊ ဗဟိဒ္ဓသာသနကြီးထူထောင် ဖို့ဆီ အာရုံလွဲသွားမိသကွယ်။ ကံကြီးပေလို့ . . . မောင်အိုရေ့၊ သံသရာ တစ်ဆစ်ချိုးပြီး ဆုံးဆုံးသားနစ်ဦးတော့မလို့။ မယ်မင်းကြီးမ 'မိခင်လေး' နဲ့ အရေးပိုင်ကိုတောင် ကျေးဇူးတင်နေရသေးသည်။


ကျန်နေသေးတဲ့ ဘဝသက်တမ်းတိုတိုကလေးမှာ အမိပ္ပာယ် ရှိရှိ ကိုယ်ရောစိတ်ရော တုံးတုံးချရမယ့် တကယ့်အလုပ်ကြီးကို အခုမှပဲ တွေ့ရပေတော့သကွယ်''

''တင်ပါ့ . . .။ ဘယ်အရပ်ဒေသက ဘယ်လိုအလုပ်မျိုးများ လဲ ဘုရား''

''အကျဉ်းထောင်ကြီးထဲမှာ ထောင်ကျအကျဉ်းသားတွေ ဒုက္ခ ရောက်နေကြရှာတဲ့ ထောင်ကြီးလေ . . . မောင်အိုရဲ့။ အဲဒီမှာ ရတနာ သုံးပါးရဲ့ အရိပ်ကွယ်နေကြရှာသကွယ့်။ တိုင်းခြားဘာသာခြားတွေရဲ့ နှိပ်စက်ညှင်းပန်းမှုတွေအောက်မှာပဲ ဒုက္ခများနေကြရှာသကွယ့်။ အထူး သဖြင့် သေဒဏ်အပြစ်သားတွေခမျာ ကြိုးစင်တက်ခါနီးတောင် ဘဝ ကူးကောင်းအောင် အာရုံပြုစရာ ဘုရားသံ တရားသံ မကြားရရှာဘူး တဲ့ကွယ်''

စိတ်ကူးသစ်စာပေ





နန်းမြို့ထဲက ငရဲဘုံ

''သြော် . . .''

သည်မျှသာပဲ၊ သည်မျှသာပဲ ဘအို မြည်တမ်းနိုင်တော့၏။ တစ်လောကလုံးက 'မင်းလောင်း' ဟု ဖွတ်အမွှေသမုတ်ကြလျက် သူ့ သာသနာ့ပြုအလုပ်တွေကို ဖီလာကန့်လန့်တိုက် ဖျက်လိုဖျက်ဆီးပြုနေ ကြသည့်တိုင် . . .၊ ဘုန်းတော်ကြီး၏ နှလုံးသားကား ဤသို့ပေတကား။ မျက်ရည်တို့ ဝဲကနဲအိုင်လာသည်။

ဘအိုသည် ဘုန်းတော်ကြီးကို ပျပ်ဝပ်စွာ ဦးခိုက်ရှိခိုးလျက် တော့၏။

လင်းကြက်ဖြင့် ဆော်လေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၉ |

❑

ယနေ့ကာလတွင် ...

မန္တလေးတောင်တော်မြတ်ကို ဘုရားဖူးရောက်ဖြစ်ခဲ့ကြလျှင် ဘုန်းဘုန်းကြီး ဦးနန္ဒိယသူရိယ (မန္တလေးတောင်ကြားဆရာတော်၊ ရွှေယပ်တောင်ဆရာတော်) ၏ ကုသိုလ်တော် 'ဗျာဒိတ်ပေးရွှေရပ်တော်မူရုပ်ပွားတော်မြတ်ကြီး' နှင့် ဘုရားဒါယကာ 'မြွေကြီးနှစ်ကောင်' တို့ကို အဓိကရ ဖူးတွေ့ကြရပေလိမ့်မည်။

အနည်းငယ် ဖွေဖွေရှာရှာ ဖူးတတ်သူများအတွက် 'အောင်ခြင်းရှစ်ပါး ကန္ဒကုဋီတိုက်' အတွင်းတွင် စံနေတော်မူသည့် ဘုန်းဘုန်းကြီး၏ ကုသိုလ်တော်၊ ကုန်းဘောင်မင်းဆက် နန်းစဉ်ကိုးကွယ်တော်မူခဲ့သည့် **'အင်္ဂလန်ပြန် ပန်းပေါင်းဘုရားကြီး'** ကို ဖူးတွေ့နိုင်ပါသည်။

အနောက်ဖက်စောင်းတန်းမုခ်အနီး 'မဟာခေမိကာရာမ' ခေါ် သစ်ဆိမ့်တိုက်ကြီး၏ ကျောဖက်၌ ဘုန်းဘုန်းကြီးမဖွားမြင်မီ ဘိုးတော်မင်းတုန်းမင်းတရားကြီးအား 'မောင်ရဲ' လျှောက်ထားခဲ့၍ တည်ထား





တော်မူသည့် 'နဂါးရေကန်တော်' နှင့် 'ဦးနန္ဒိယဂူ' ကြီး အမှတ်တရအဖြစ် ရှိနေရစ်ပါသေးသည်။

ဘုန်းဘုန်းကြီး ဦးနန္ဒိယကို ကိုယ်တိုင်ကိုယ်ကျ သိခဲ့ရဖူးခဲ့ရသူများ အဘိုးအဘွား အမိအဘတို့မှသည် စကားစဉ်စကားဆက် သိမှတ်ခဲ့သူများလည်း ရှိကြပေလိမ့်ဦးမည်။

ကျွန်တော်ကဖြင့် ၁၉၀၇ ခုနှစ်မှသည် ၁၉၆၄ ခုနှစ်၊ ဘုန်းဘုန်းကြီး လူမသိသူမသိ ကြိတ်ကြိတ်ခဲခဲမရှိပဲ ခန္ဓာဝန် စွန့်သွားတော်မူသည်အထိ (၅၇)နှစ်တိုင်တိုင် တစ်ပါးတည်း တစ်ကိုယ်တည်း ဖွဲ့နှဘဲ သည်းထန်စွာ လုံ့လပြု ကြောင့်ကြစိုက်တော်မူသည်များကိုသာ အာရုံစွဲကျက် လက်အုပ်ချီ၍ မဝချင်၊ ညွှတ်နူးကြည်ညို၍ မဆုံးနိုင်။

အချိန်တွေ၊ ကာလတွေ ... ရွေ့လျားလာခဲ့လေရာ မန္တလေးနန်းမြို့အတွင်းက ကိုလိုနီခေတ် အကျဉ်းထောင်ဟောင်းကြီးသည်ပင် ၁၉၉၂–၉၅ ကာလများအတွင်း ကျွန်တော်ကိုယ်တိုင် စီမံကိန်းတာဝန်ခံထောင်မှူးကြီးအဖြစ် ကြီးကြပ်တည်ဆောက်ခဲ့ရသည့် ဓံကုန်းသုသာန်မြေနေရာရှိ 'အိုးဘိုထောင်သစ်ကြီး' သို့ ဖျက်သိမ်းပြောင်းရွှေ့ထားခဲ့ပြီဖြစ်သည်။

'လေးကျွန်းအောင်မြေ' နန်းမြို့တော်ကြီးအတွင်းတွင် နယ်ချဲ့၏ အမွေခံအကျဉ်းထောင်ကြီးလည်း မရှိတော့ပါပြီ။

သို့နှင့်တိုင် ...။

တစ်ခုသော တစ်ရံတစ်ခါကမူ ...။

မေတ္တာဖြင့်

**ဇေယျမင်းညွှန့်**

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

တောတောင်များအတွင်းဆိုသည်က မာယာများသည်။ ပရိယာယ်ကြွယ်သည်။ လှည့်စားတတ်သည်။ တစ်ခါတစ်ရံ စိတ်ကြည်နူးမှုပီတိကိုလည်း ဖြစ်စေသည်။ တစ်ခါတစ်ရံတော့လည်း စိတ်ကိုချောက်ချားစေတတ်သည်။

လှို့ဝှက်သည့်အသွင်ကိုလည်း ဆောင်သလို၊ ရိုးသားပွင့်လင်းတဲ့မာယာကိုလည်း ဆောင်တတ်သည်။ ထိုအချက်ကို တောကျွမ်းပါသည်ဆိုသည့် မုဆိုးများတို့ကိုပင် လှည့်စားအနိုင်ယူသွားတတ်ကြသည်ကို သည်ဖြစ်ရပ်က သက်သေခံလျက်ရှိနေပေသည် ...။

တစ်နေ့ ...

ထိုတစ်နေ့ဆိုသည်က (ရှစ်လေးလုံး)အရေးအခင်းကြီးဖြစ်ပြီးသည့်နောက်ပိုင်း နိုင်ငံတော်အစိုးရက တိုင်းပြည်လုံခြုံရေး လိုအပ်ချက်အရ မုဆိုးကိုင်သေနတ်များကို ပြန်လည်သိမ်းဆည်းလိုက်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အမဲပစ်မထွက်ရသည့်အချိန်၊ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော 'လေ မျက်နှာရွာ'ဆီသို့ မရောက်တာကြာခဲ့ပြီမို့ သမီးနှင့်သားကိုခေါ်ကာ က တော့ရန် ထွက်လာခဲ့ကြသောခရီးတစ်ခု။

ကိုယ့်ကားနှင့် ကိုယ်ထွက်လာခဲ့ကြသည်မို့ လမ်းတစ်လျှော ဆားမလောက်၊ ညောင်တုန်း၊ ကျောင်းကုန်း၊ ပန်းတနော်၊ အသုတ် ရေကြည်၊ ငသိုင်းချောင်း စသည့်မြို့များကိုကျော်ဖြတ်ရင်း လမ်းဘေး ဝဲယာ ရှုခင်းမျိုးစုံကိုကြည့်ကာ လွမ်းမောဖွယ်ရာခံစားရင်း ထွက်ခွာလာ ခဲ့ကြပေသည်။

လေးမျက်နှာဆိုသည်က ယခုအခေါ် ဧရာဝတီတိုင်းဒေသကြီ ၏ ထင်ရှားသည့် မြို့ကလေးတစ်မြို့ပင်။ သဘော်ဆိပ်ကမ်းမြို့ကလေ တစ်မြို့ဖြစ်ပြီး သာသနာ့အာဇာနည်များဖြစ်ကြသည့် ရွှေဟင်္သာဆရာ တော်ဘုရားကြီး၊ ထွဋ်ခေါင်ဆရာတော်ဘုရားကြီးနှင့် ယခုလက်ရှိ အောင် ဆန်းဆရာတော်ဘုရားကြီးတို့၏ ဇာတိချက်မြှုပ်ရာ မြို့တစ်မြို့ပင်။

ကားလမ်းတစ်ကျော မောင်းနှင်လာခဲ့ရာ အိုင်သပြုရွာကို ရောက်ခဲ့သည်။ ထိုရွာစားသောက်ဆိုင်တွင် ဗိုက်ဖြည့်လိုက်ကြပြီး ဆက် လက်ထွက်ခဲ့ကြရာ ညနေ (၅)နာရီခန့်တွင် မြို့ကိုဝင်လာသည်။

မြို့အဝင် 'သံသရာငြိမ်းအေးစေတီတော်' မြတ်ဘုရားကို ဝင် ရောက်ဖူးမြော်ကန်တော့လိုက်ကြပြီး ခရီးဆက်ခဲ့ကြရာ လမ်းဘေးဝဲယာ တို့တွင် ယူကလစ်ပင်တန်း၊ ထင်းရှူးပင်တန်းတို့အပြင် ဂန္ဓမာပန်းတို့ ၏ ရနံ့မွှေးမွှေးကို ရှူရှိုက်ကြရင်း ဟိုယခင် ရွာနီးစပ်ချုပ်များဖြစ်ကြ သည့် ကျောင်းကုန်း၊ ရေကြည်၊ အသုတ်၊ ဟင်္သာတ အင်္ဂပူ၊ ငသိုင်း ချောင်း၊ ကျုံ့လို၊ လှော်ကထား၊ ရှမ်းရွာ၊ ခတ္တာ၊ ထိန်ငူ၊ ခမောက်စု စသည့်ရွာများကို ဖြတ်ကျော်ခဲ့ရသည်ကြောင့် အမောတို့ ပြေပျောက်၍





ပင်သွားသလို ခံစားလိုက်မိသည်က အမှန်။

ဟိုယခင်အချိန်က ထိုကျေးရွာများဆီသို့ သွားရောက်လိုပါက လှေ၊ လှည်း၊ ခြေလျှင်ဖြင့် အပင်ပန်းခံသွားကြရသည့် နေ့များတို့ပင်။ ယခုမူ ရွာဆီသို့ ကားနှင့် တိုက်ရိုက်သွားနိုင်၊ ပြန်နိုင်သည့်အတွက် အအံ့တသြပင် ဖြစ်သွားမိသည်က အမှန်။

လေးမျက်နှာမြို့ဆိုသည်က ဧရာဝတီမြစ်ခွဲဖြစ်သည့် ငဝန်မြစ် က ထိုရွာကို ဖြတ်သန်းစီးဆင်းနေသည်။ အစိုးရရုံးစိုက်ရာရွာကလေး တစ်ရွာ ဖြစ်သလို၊ ရွာကိုလည်း ခုံကြီးပိုင်း၊ တပ်သပိုင်း၊ ဈေးပိုင်းဟူ၍ ပိုင်းခြားထားသည်။

ယခု (မြို့ဟောင်းမှမြို့သစ်)သို့ ပြောင်းရွှေ့နေထိုင်ကြသည့် နေရာကလေးပင်။ ပင်မစီးပွားရေးလုပ်ငန်းမှာ သင်စိုက်ခြင်း၊ သင်ဖြူး ဘုရက်လုပ်ခြင်းကို အဓိကထားလုပ်ကိုင်ကြသည့် ရွာကလေးပင်။ ယခု ကျွန်တော်တို့သွားနေသည်က ငဝန်မြစ်ဘေးရွာဆီသို့။

ရွာ၏အရှေ့ဘက်မှာ ဟင်္သာတမြို့ရှိ၏။ တောင်ဘက်မှာ ရေ ကြည်၊ ကျုံပျော်၊ သာပေါင်းရွာတွေရှိပြီး မြောက်ဘက်တွင် အင်္ဂပူရွာရှိ ၏။ အနောက်ဘက်မှာတော့ ထူးထူးခြားခြားအနောက်ရိုးမ (ခ)ရခိုင် ရိုးမကြီးကရှိနေသည်။

တပ်ဝပိုင်း (တောက်ဝ) မှာ အဖေ့ညီမ ကျွန်တော့်အဒေါ် ဒေါ်စောရှင်အိမ်ရှေ့ ကားထိုးရပ်လိုက်တော့ အိမ်သူအိမ်သားမိသားစု များက လိုက်လှဲဖော်ရွှေစွာနှင့် ကြိုဆိုနေကြသည်။ ကျွန်တော်တို့လာ မည်ကို ကြိုတင်အကြောင်းကြားထား၍ လာမည်မှန်းသိ၍ စောင့်နေကြ ခြင်းလည်းဖြစ်သည်။

ပြီးနောက် ခေတ္တအပန်းဖြေလိုက်ကြပြီး ကိုယ်လက်သုတ်သင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ညနေစာစားလိုက်ကြပြီး အဖန်ရည်သောက်နေစဉ် အခြားဆွေမ
များတို့နှင့် တူ၊ တူမများ လာရောက်နှုတ်ဆက်ကြသည်။ မပြန်ခ
ထမင်းစားဖိတ်ကြနှင့်မို့ တော်တော်နှင့် အိပ်လို့ကမရ။

ထိုသို့ လာရောက်နှုတ်ဆက်ကြသူများထဲတွင် ငယ်စဉ်ကာ
က လက်တွဲကာ ရိုးမကြီးအတွင်း ဝင်ရောက်အမဲပစ်ခတ်ဖူးသည် 
ငယ်ချင်းမုဆိုးတစ်ယောက်ကိုလည်း မမျှော်လင့်ဘဲ တွေ့လိုက်ရပေသည်

"ဟေ့ကောင် ... ဘိုလေး ... မင်း ငါ့ကိုကော သတိရ
လားကွ။ မင်းက မြို့ကိုရောက်နေတော့ တသွေးတမွေးကိုးကွ။ သာ
သမီးပါတယ်ဆို။ ဘယ်မှာတုန်းဟ"

အသက်အရွယ်က (၆၅)နှစ်ခန့်၊ သျှောင်တစ်စောင်းနှင့် ခေါ
ပေါင်းကိုလည်း ပေါင်းထားသည့်အတွက် နှုတ်ဆက်နေသူကို ကျွန်တော်
မသိ။ လျှပ်တစ်ပြက် ငယ်ရုပ်ဖော်လို့ကလည်း ဖော်လို့မရ။ ကျွန်တော့်
နာမည်ကိုခေါ်ပြီး အရိုးခံအတိုင်း ရင်းနှီးစွာ လာရောက်နှုတ်ဆက်နေ
သည်မို့ အလွန်ခင်မင်ရင်းနှီးခဲ့ဖူးသည့် ငယ်သူငယ်ချင်းတစ်ယောက်
ဖြစ်မည်ဟုတော့ တွေးမိသည်။

သို့သော် ဘယ်လိုတုံ့ပြန်ရမည်ကို ဘဲဥမစရှာမရသလို သူ
ကလည်း ဘယ်သူရယ်လို့ ဖွင့်မပြော။ အဒေါ်နှင့်ညီများ၊ညီမများမျက်နှာ
ကိုလှမ်းကြည့်ကာ အကူအညီတောင်းသော်လည်း ပြုံးစိစိနှင့်တုံ့နှိုဘာမေ
ထိုသူက ကျွန်တော့်အရှေ့ ဝင်ထိုင်လိုက်တော့မှ အဒေါ်ဖြစ်သူက ...

"နင်တို့တွေ ကွဲကွာသွားကြတဲ့နှစ်တွေက နည်းမှမနည်းဘဲ
ကိုးဟဲ့။ အနေဝေးတော့ ငါ့တူက ဘယ်မှတ်မိတော့မလဲ။ နင်နဲ့ ရိုးမကြီး
ထဲမှာ အမဲပစ်နေတဲ့ ထင်ကျော်လေဟယ်။ ခုတော့ စွယ်စုံထင်ကျော်ဆို
လား၊ ဘာလားပဲ"





အဒေါ်ပြောလိုက်သည့် စကားအဆုံးတော့ ကျွန်တော်အမှတ်ရ
သွားလိုက်ပြီမို့ သူ့ကိုလှမ်းဖက်လိုက်ရင်း ...

"ဟာ ... ထင်ကျော်၊ ငါ့သူငယ်ချင်း ထင်ကျော်ရယ် ...
ပဲ ငါမှတ်မိတယ်ကွာ။ ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်။ ခုလိုဆုံ
ကြရတာ။ ဟိုမှာထိုင်နေတာ ငါ့သမီးနဲ့သားလေကွာ"

"ဟုတ်လား ... ကျောင်းသားတွေလားကွဟင် "

"သမီးကြီးက စီးပွားရေးနဲ့ကျောင်းပြီးပြီ။ သားကတော့ ရှေ့နေ
ပိုင်းပဲကွ။ ဥပဒေနဲ့ ဘွဲ့ယူပြီးသားလေ။ ငါ မင်းကို မမှတ်မိတာ ခွင့်
လွှတ်နော် သူငယ်ချင်း။ ခု ဘာလုပ်နေသေးလဲ။ စီးပွားရေးပေါ့ကွာ"

"မင်းသိတဲ့အတိုင်း တို့ရွာက သင်ဖြူးဖျာရွာဆိုတော့ သင်
ပင်နီးပေါ့ကွ"

ကျွန်တော်က သူ့ကို ဖက်လဲ့တကင်း ပွေ့ဖက်နှုတ်ဆက်တောင်း
နေသည့်အတွက် သူ အလွန်ဝမ်းသာပီတိ ဖြစ်နေရှာသည်။ အဖန်
ရည်နှင့် လက်ဖက်ကိုစားကြရင်း ရေးဟောင်းနှောင်းဖြစ်တို့ကို ပြောဆို
ကြရင်း ယူဆောင်လာသည့် အမှတ်တရပစ္စည်းတို့ကိုပေး၍ သားနှင့်
သမီးကို ကန်တော့ခိုင်းလိုက်ပြီး သူက ဆုပေးနေစဉ် ...

"ဒါနဲ့ မေးရဦးမယ်ကွာ။ မင်းနာမည် ထင်ကျော်ကနေ စွယ်စုံ
ထင်ကျော်ဆိုတာ ဘယ်လိုဖြစ်တာလဲကွ။ ပြောပါဦး"

ကျွန်တော့်အမေးကြောင့် သူ ငိုင်တွေတွေ ဖြစ်သွားသည်ကို
မြင်လိုက်ရသဖြင့် တောင်းပန်မည်အလုပ် သူက ...

"အေးပါကွာ ...။ မင်းတို့မိသားစုတွေ ရွာကိုစွန့်ပြီး မြို့
တက်သွားပြီးတဲ့နောက် ငါ့အဖြစ်တွေကို မင်းသိအောင် ပြောပြချင်
လို့လာခဲ့တာပါ။ ငါပြောပြပါ့မယ်။ ဒါပေမဲ့ အချိန်မရဘူးကွ။ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



ညနေ မင်းတို့သားအဖတွေ အိမ်မှာညနေစာစားကြကွာ။ အဲဒီတော
အေးအေးဆေးဆေးပြောပြမယ်။ စောစောလာခဲ့ကြ။ ခု မင်းတို့သိထာ
ဖို့က အဲဒီနာမည်ကို ထောင်ကပေးလိုက်တာကွ။ ငါထောင်ကလွတ်တာ
တစ်လလေက်ပဲရှိသေးတာ''

''ဟုတ်လား သူငယ်ချင်း။ ငါ စိတ်မကောင်းလိုက်တာကွာ
ဘာမှုလဲ။ ဘယ်ထောင်လဲ ပြောပါဦးကွ''

''ထောင်ကတော့ သာယာဝတီထောင်ပဲ။ ပုဒ်မက ၃၀၂၊ မြ
နဲ့ ၁၉(စ)လေ။ တစ်ပေါင်းတည်း သက်သက်ညှာညှာမို့ (၁၀)နှစ်ပဲကွ''

''ဟာ ... သုံးမှုပေါင်းပြီး တစ်ပေါင်းတည်း ချလိုက်တယ်
မင်းကိုတပ်လိုက်တဲ့ပုဒ်မတွေက လူသတ်မှု၊ အစိုးရနဲ့မလွတ်မကင်းထ
အမှု၊ လက်နက်မှုဆိုတော့ ကြည့်ရတာတော့ မင်း ဓားပြတိုက်ရင်း လ
သတ်မိသလား၊ အစိုးရပစ္စည်းနဲ့ မလွတ်မကင်းရှိလို့ လူသတ်မိသလာ
တစ်ခုခုပဲနဲ့တူတယ်ကွ''

''အေး ... မင်းခန့်မှန်းတာတစ်ခုမှ မဟုတ်ဘူး။ မနက်ဖြ
စောစောလာမှ ငါရှင်းပြမယ်။ ခုညဉ့်နက်နေပြီ သွားတော့မယ်နော်''

''အေး ... လာခဲ့မယ်၊ ငါ့အကြိုက် မင်းသိတယ်နော်။ တော
တာတောင်စာလေးကို ချက်ထား။ တို့သားအဖလာခဲ့မယ် စောစော''

ညဉ့်(၉)နာရီထိုးနေပြီမို့ ဝမ်းသာအားရ လက်ဆောင်ပစ္စည်
တို့ကိုယူကာ ပြန်သွားသည့် သူ့ကျောပြင်ကိုကြည့်ရင်း သက်ပြင်းမော
တို့ကို ရှိုက်ထုတ်ပစ်နေလိုက်မိပေသည်။ ထိုစဉ် အဒေါ်ဖြစ်သူက ...

''သနားစရာပါကွယ်။ အလှူအတန်းကြီးလုပ်နေရင်း ကုသိုလ်
က်ခေရတာပါကွယ်''တဲ့လေ။

✿ ✿ ✿

[ ၂ ]

အစ်မဖြစ်သူ မနှင်းနွယ်တို့အိမ်တွင် နံနက်စာကို သားအဖ
စားလိုက်ကြပြီး ခုနကြီးပိုင်းတွင်နေသည့် ကိုထင်ကျော်အိမ်သို့ ဆက်
သွားလိုက်ကြသည်။ သူတို့မိသားစုက ကျွန်တော်တို့သားအဖကို ဝမ်း
သာအယ်လဲ ဆီးကြိုကြသည်။ သားနှင့်သမီးက လှည်းမစီးဘူးကြသဖြင့်
လှည်းကိုနွားတစ်ကာ သူ့သမီးများက ခေါ်ဆောင်သွားကြသည်မို့ အိမ်
တွင် ကျွန်တော်တို့နှစ်ယောက်ထဲရယ်သာ။

''မင်း နည်းနည်းပါးပါး လုပ်သေးလားကွ။ ဟေ ...''

''ဟဲ့ဒကာ ... ငါ့ကျောင်း ဆိုင်းမတီးနဲ့''

ကျွန်တော်က ဘယ်လက်ကိုကာလျက် ညာလက်က ဦးခေါင်း
နောက်မှ ကပြလိုက်သည်ကိုကြည့်ရင်း တဟားဟားရယ်မောလျက်
သဘောအကျကြီးကျကာ ပြောလိုက်သည်က ...



www.burmeseclassic.com

www.burmeseclassic.com



''မင်း ခုလိုပြောတော့ ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်
ငါစီစဉ်ထားတာတွေ အလကားဖြစ်မှာစိုးလို့ ရင်တထိတ်ထိတ်နဲ့ကွ။ မ
သဘောကို ခုလိုသိလိုက်ရတော့ ပျော်လိုက်တာ။ ငါ ခုလိုမပျော်ရတ
ကြာပြီပဲ။ ခုလို ငယ်သူငယ်ချင်း ပစ်ဖော်ပစ်ဖက်၊ မိုက်ဖော်မိုက်ဖ
တွေ ဆုံကြတုံး ကြုံကြတုန်း ကဲလိုက်ကြရအောင် ငါအားလုံး စီစဉ်ထ
တယ်ကွ''

ပြောပြောဆိုဆိုနှင့် စားပွဲတွင် အရက်၊ ဖန်ခွက်၊ ဆော်
အမြည်းပေါင်းစုံတို့က အသင့်စီစဉ်ပြီးသားအသင့်။ ကြည့်ရသည်မှာ
မိသားစုက ကျွန်တော့်ကလေးတွေကို အပြင်သို့ တစ်နည်းနည်းဖြ
ခေါ်ထုတ်သွားဖို့အတွက် ကြိုတင်စီစဉ်ထားသည့်သဘောမျိုး။ နှစ်ဦးသာ
စားပွဲဝိုင်းတွင်ထိုင်ကာ သောက်စားနေလိုက်ကြရင်း နှစ်ခွက်လော
သောက်လိုက်တော့ သူကပင်စတင်ပြီး . . .

''သူငယ်ချင်း . . . ငါ့အဖြစ်က ဒီလိုကွ''

ထိုသို့အစချီလိုပြီး ဖန်ခွက်ထဲမှ အရက်ကိုမော့ချလျက် ကြ
သားကြော်ကို ဝါးစားလိုက်ရင်း ဆက်ပြောလိုက်သည်က . . .

''မင်းတို့မိသားစု၊ ရောင်စုံသူပုန်နဲ့ ကရင်သောင်းကျန်းသူဖေ
ဒဏ်ကို မခံနိုင်လို့ မြို့ကိုပြောင်းသွားကြပြီးနောက် ငါက ရွာမှာမှ
လုပ်ငန်းနဲ့ပဲ အသက်မွေးဝမ်းကျောင်းနဲ့ ရွာမှာစားသောက်ပြီး ဘ
ကို ရပ်တည်နေရတဲ့အချိန်လေကွာ''

သူပြောလိုက်သည့်စကားကြောင့် ထိုအချိန်ကနှင့် နောက်
ကြောင်း ပြန်သတိရလိုက်သည်။ ကျွန်တော်တို့နေထိုင်ကြသည့် မြန်မာပြ
အခြေအနေကို ပြန်လည်တွေးဆနေလိုက်မိပေသည်။ ဟုတ်သည်ပဲလေ
ထိုအချိန်ကာလက သမိုင်းနောက်ကြောင်းက ကျွန်တော့်ဦးနှောက်အတွင်
ကွက်ကွက်ကွင်းကွင်း ပြန်ပေါ်လာသည်က . . .

---

စိတ်ကူးသစ်စာပေ



မြန်မာနိုင်ငံ အတိတ်သမိုင်းကို လှမ်းကြည့်လိုက်မည်ဆိုလျှင်
ရှုံးခံခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရသည့်အဖြစ်ကို
ရုပ်ရှင်ပိတ်ကားတွင်ကြည့်နေရသလို ပြန်လည်မြင်လိုက်ပေသည်။ အတိတ်
သမိုင်းကိုလည်း ပြန်ကြည့်လိုက်ဦးလေ။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာ ဗြိတိသျှတပ်ဖွဲ့ဝင် (၄)သောင်း
က် တစ်သောင်းငါးထောင်ခန့်ကို မြန်မာတွေက ဓား၊ လှံ၊ လေးမြား
နှင့် သုတ်သင်ခဲ့သည်။ ဒုတိယစစ်ပွဲနဲ့ တတိယစစ်ပွဲတို့တွင်လည်း
ခံမဲ့ အရှုံးမပေးစိတ်ဓာတ်နဲ့ ရရာလက်နက်ဖြင့် နယ်ချဲ့ကို တွန်း
ခဲ့ကြသည် မဟုတ်ပါလား။

အဲဒီအချိန်၊ ၁၈၈၆ခုနှစ်၊ ဇန်နဝါရီ(၁)ရက်နေ့စွဲနဲ့ ကျွန်တော်
နိုင်ငံ ဗြိတိသျှဘုရင်မလက်အောက်ကို ကျရောက်ခဲ့ပြီလို့ ကြေညာ
သော်လည်း မြန်မာပြည်အနှံ့အပြား ဗြိတိသျှကို ခုခံတိုက်ခိုက်မှုတွေ
တိုင်းပြည်နဲ့ လူမျိုးတိုင်းအလိုက်။

အဲဒီမှာ အင်္ဂလိပ်စာရေးဆရာ အေတီကျူစတီးဝပ်ရေးခဲ့
သော ဘုရားပုထိုးစစ်ပွဲစာအုပ်ကို မြန်မာ့တော်လှန်ရေးသမားများနှင့်
တ် ပြီး ရေးသားထားသည့်အချက်ကို လှမ်းမြင်လိုက်ရင်း ပါးစပ်မှ
ရွတ်နေလိုက်မိသည်။

''နယ်ချဲ့ကျူးကျော်မှုကို ခုခံတိုက်ခိုက်ခဲ့ကြသော တိုင်းနိုင်ငံ
သီးသီးတွေထဲမှ လူမျိုးတွေထဲမှာ မြန်မာတိုင်းရင်းသားတွေကတော့
ဗြိတိသျှအဖို့ နှိမ်နင်းရအခက်ဆုံး၊ ခေါင်းအမာဆုံး၊ ဖွဲ့သတ္တိအပြင်းဆုံး
လူမျိုးတွေဖြစ်ပါတယ်''ဆိုသည့်စာသားကို ပြန်လည်သတိရအောက်
မေ့လိုက်သည်။ သူ့ကိုတော့ ဘာမှပြန်မပြော။ သူပြောသည့်စကားကို
နားထောင်နေခိုက်တွင် . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတစ်နေ့ကို ငါဘယ်သောအခါမှ မေ့ပျောက်လို့မရတော့
တဲ့ နေ့တစ်နေ့ပေါ့ကွာ။ သားဖြစ်သူက အူရောင်ငန်းဖျားဖြစ်တယ်ကွာ
ရွာမှာ ဗိန္ဒောဆရာကြီးဆီပြနေရင်း မနိုင်တော့တာနဲ့ ဆေးရုံတင်ဖို့ပြော
တယ်ကွ။ ဆေးရုံက ဟသ်ာတမှာ သွားတင်ရမှာ။

သွားရမယ့်ခရီးကလည်း လှေ၊ လှည်း၊ ကုန်းကြောင်းခရီး
ငွေကလည်းမရှိတော့ အကျပ်ရိုက်နေတာပေါ့။ အဲဒီအချိန်မှာ ငါ့အစ်မ
ငွေကြေးပြည့်စုံတော့ သွားပြီး အကူအညီတောင်းတယ်ကွာ။ ငွေသုံး
ထောင်လောက် ခဏလှည့်ပါပေါ့။ စပါးရောင်းပြီး ပြန်ဆပ်ပါ့မယ်ဆိုပြီး
အကူအညီတောင်းခဲ့တယ်လေ။

သူ့မှာရှိတဲ့ငွေတွေက ဟိုကိုလက်လွှန် သည်ကိုလက်လွှန်
လို့ မရှိဘူး၊ မပေးနိုင်ဘူးပေါ့ကွာ။ မသက်ာ သေကောင်ပေါင်းလဲဖြစ်
တဲ့ ငါ့သားဟာ သူ့ရဲ့တူကလေးပါ။ ရွှေလက်ကောက်တွေ တံတောင်ဆစ်
လောက်ထိဝတ်ထားပြီး ကြဲဖန်ပေးမယ်ဆိုရင် ပေးနိုင်ပါလျက်နဲ့ မျက်နှာ
လွှဲ ခဲပစ်လုပ်လွှတ်လိုက်တယ်ကွာ။ ရက်စက်ပုံများ . . .။

ဒါနဲ့ ငါလည်း သူ့အိမ်ကဆင်းပြီး ဘယ်သူ့ဆီ အကူအညီ
တောင်းရင်ကောင်းမလဲ စဉ်းစားတော့ ငါ့ညီကို သတိရလိုက်တယ်။ သူ
ကလည်း ကုန်သည်တစ်ယောက်ဆိုတော့ ဒီငွေလောက် သိပ်အဟ
မကြီးဘူး။ ရောဂါနဲ့ဆေးရုံတင်ရမယ့်သူကလည်း သူ့တူဆိုတော့ အကူ
အညီပေးမယ်အထင်နဲ့ သွားတာပေါ့ကွာ။ ဟိုကိုရောက်တော့ ကလေး
ဆေးရုံတင်ဘို့အတွက် အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်း
တော့ . . .

"အစ်ကိုလေးအခက်အခဲရှိတယ်ဆိုရင် ငွေတစ်ထောင် ကျွန်
တော်ပေးလိုက်မယ်။ ပြန်လဲမဆပ်နဲ့ လို့တဲ့ငွေကိုတော့ ကျွန်တော့်မှာ





ည်း မရှိဘူး"

"အဲဒီလိုပြောပြီး ငါ့ကို ငွေတစ်ထောင် လှမ်းပေးတယ်ကွာ။
ပြည်း လုံးဝမရှိတာထက်စာရင် တော်သေးရဲ့ဆိုပြီး အဲဒီငွေကိုယူပြီး
ခဲ့ရတယ်။ ငါ့ကိုယ်ငါလည်း ရှက်မိပါတယ်။ ဝမ်းနည်းလို့ မျက်ရည်
ရှင်းနဲ့ ပြန်လာခဲ့တာလမ်းမှာ သူငယ်ချင်း သင်ဖြူးဖျာကုန်သည်လေး
တင်ထွန်းနဲ့တွေ့ပြီး မေးတော့ ကလေးဆေးရုံတင်ရမဲ့အကြောင်း၊ ငွေလို
အကြောင်းပြောပြလိုက်တော့ သူက လိုအပ်တဲ့ငွေနှစ်ထောင်အပြင်
ပိုင်မော်တော်လေးနဲ့ ကလေးကို ဟသ်ာတဆေးရုံပို့ဖို့ အကူအညီပေး
ယ်ကွ"

"ဒါနဲ့ အားချင်း ဆေးရုံပို့ဖို့ စီစဉ်ကြတာပေါ့ကွာ။ ဒါပေမဲ့
ဆေးရုံလည်းရောက် ကလေးလည်း အသက်ပျောက်သွားရတယ်လေ။
ပါလည်း စိတ်နာလွန်းလို့ ဘယ်သူ့ကိုမှမပြောတော့ဘဲ ကလေးကိစ္စကို
သ်ာတမှာပဲ အပြတ်ဖြတ်ခဲ့တယ်။ ငါလေ သူတို့ကို တအားစိတ်နာ
တယ်၊ ငါ့ကိုအကူအညီပေးခဲ့တဲ့ ကိုတင်ထွန်းကို အလွန်ကျေးဇူးတင်
ခဲ့ရတယ်။

တ်ထဲမှာတော့ ကိုယ့်အလှည့်ကျ မနွဲ့ကြေးပေါ့။ အမြဲတမ်း
ကြိမ်းဝါးပြီး အစာမကြေ ဖြစ်နေတာပေါ့။ သည်အဖြစ်ကို တွေးလိုက်မိ
တိုင်းလည်း စိတ်မကောင်းခဲ့ဘူး။ စိတ်လည်း အလွန်နာကျည်းမိတာပါ
အေး . . . ဇာတ်လမ်းက အဲဒီက စတာပါပဲကွာ"

သူ့အဖြစ်ကို ဆွေးဆွေးမြည့်မြည့်ပြောပြနေရင်း မျက်ရည်များ
ကျနေသည်ကို စိတ်မကောင်းဖွယ်ရာ ကျွန်တော်ကြည့်လိုက်ရင်း သက်ပြင်း
သောတို့ကို ရှိုက်ထုတ်နေလိုက်မိပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

''ဒါ ... ကိုထင်ကျော်နေတဲ့ အိမ်လားခင်ဗျာ့''

အိမ်ရှေ့တံခါးပေါက်မှ မေးလိုက်သည့်အသံကို ကြားလိုက် သဖြင့် နှီးဖြာနေသောထင်ကျော်က လှမ်းကြည့်လိုက်တော့ အဝတ်အစား သားသားနားနား၊ ရွှေကိုင်းမျက်မှန်တပ်ဆင်ထားသည့် အသက်(၄၀) ဝန်းကျင်ရှိ အထုပ်ကိုလွယ်ထားသည့် လူရည်သန့်တစ်ဦးကို တွေ့လိုက် ရသည်မို့ ...

''ဟုတ်ကဲ့ပါ ... ဝင်ခဲ့လေ။ ထင်ကျော်ဆိုတာ ကျွန်တော်ပါ ပဲ''

ပြောပြောဆိုဆို ထောင်ပြီးလိပ်ထားသည့် သင်ဖြူးဖျာကိုခင်း လျက် အဖန်ရည်အိုးကို ချပေးလိုက်စဉ် ထိုသည့်သည်က ထိုင်လိုက်ရင်း ဖော်ရွေပြုံးရွှင်စွာနှင့် ...





''ကိုထင်ကျော်က ကျွန်တော့်ကိုသိတော့မှာ မဟုတ်ဘူး။ ကျွန် တော်က ခင်ဗျားအကြောင်းကို သိနေတာကြာပြီလေ။ ဒီကိုလာချင်ပေ မယ့် အလုပ်တွေကများ၊ လမ်းကလည်းမကြုံတော့ မရောက်ခဲ့ဘူး။ ခု တော့ အခွင့်အခါက ကြုံကြိုက်နေပြီဆိုတော့ ကိစ္စတစ်ခုနဲ့ ဒီရွာကိုလာ ရင်း ခင်ဗျားနဲ့တွေ့တာပဲ။ ရှိမှရှိပါ့မလားလို့၊ တောဝင်နေတယ်လို့ ထင် နေတာ။ ခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ပဲဗျို့။ ဟာန်ကျလိုက်တာ''

သူက ဝမ်းသာအားရနှင့် ဆက်ပြောလိုက်သည့်စကားက ...

''ကျွန်တော်က ပုသိမ်မှာနေပါတယ်။ အလုပ်က နိဗ္ဗာန် ကုန်သည်ပါ၊ ကုန်သည်ပွဲစားပေါ့။ ကျွန်တော့်နာမည်က နေအောင်လို့ ခေါ်ပါတယ်''

''ဟုတ်ကဲ့ ... ကိုနေအောင် လာရင်းကိစ္စကို ပြောပါဦး ခင်ဗျာ''

''အေးဗျာ ... လာရင်းကိစ္စကို ခုချက်ချင်းရှင်းပြလို့ ခင်ဗျား သည်း သဘောပေါက်မှာမဟုတ်ဘူး။ ကျွန်တော် ဒီမှာ တစ်ညအိပ်မယ် ဗျာ။ သူများသိလို့လည်းမရတော့ အေးအေးဆေးဆေး စားရင်းသောက် ရင်းတိုင်ပင်မှဖြစ်မယ့် ကိစ္စမို့။ ခင်ဗျားအချိန်ရရင် ဈေးပိုင်းက စား သောက်ဆိုင်ကို သွားလိုက်ကြရအောင်။ ဘယ့်နှယ့်လဲ ... အားတယ် မို့လား''

''ရပါတယ်ဗျာ။ ဒါနဲ့ ခင်ဗျားပြောတဲ့ နိဗ္ဗာန်ကုန်သည်ဆိုတာ ဘယ်လိုမျိုးလဲဗျ''

သူ့အမေးကြောင့် ကိုနေအောင် ပြုံးလိုက်ရင်း ...

''နိဗ္ဗာန်ကုန်သည်ဆိုတာ ထီး၊ ဘိနပ်၊ သင်္ကန်း၊ သပိတ် ... သပ် စတဲ့ ရဟန်းတွေနဲ့ပတ်သက်တဲ့ပစ္စည်းကို ရောင်းတဲ့သူပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော် ... ဒါကို နီဗွာန်ကုန်သည်လို့ ခေါ်တ ကိုး။ အိမ်မှာ အိပ်နိုင်ပါတယ်ဗျာ ... ခွင့်ပြုပါတယ်။ မိန်းမရေ ... ဧည့်သည်ရှိတယ်။ ညနေစာ ချက်ထား။ ငါတို့ ခု အပြင်ကိုသွားလိုက်ဦး မယ်"

ထင်ကျော်က ဇနီးဖြစ်သူကို လှမ်းမှာလိုက်ပြီး ထွက်ကြမည် လုပ်တော့ ကိုနေအောင်က ...

"ဈေးဘက်က စားသောက်ဆိုင်ကို သွားကြမယ်။ ခင်ဗျာ မိန်းမကိုပြောလိုက် ချက်မနေနဲ့လို့။ အပြန်မှာ စားစရာတွေ ဝယ်လာ မယ်လို့ ပြောလိုက်"

နှစ်ဦးသား တပ်ဝပိုင်းကိုဖြတ်ကာ လျှောက်လှမ်းခဲ့ကြရင်း ဈေ ပိုင်းကိုရောက်တော့ 'ဦးတည်ဘွား' စားသောက်ဆိုင်အတွင်းသို့ဝင်ကာ အရက်နှင့်စားစရာတို့ကို မှာကြားစားသောက်နေလိုက်ကြရင်းက ...

"ကဲ ... ကိုထင်ကျော်၊ ခင်ဗျားနဲ့ကျွန်တော်တို့ နှစ်ဦးတည် သာသိကြရမဲ့စကားကို ပြောချင်လို့ ဒီကိုခေါ်ခဲ့ရတာပဲဗျ"

"ဟုတ်လား။ ဘယ်လိုကိစ္စမျိုးလည်း ကိုနေအောင်။ ပွင့်ပွင့် လင်းလင်းသာပြောဗျာ။အားမနာနဲ့"

"ဟုတ်ကဲ့ပါ။ ခုပြောမယ့်ကိစ္စက အရေးကြီးတဲ့ကိစ္စဆိုတော့ ခင်ဗျား နှုတ်လုံဖို့တော့လိုမယ်။ အထူးသဖြင့် ဒီကိစ္စကို ခင်ဗျားမိန်း ကိုတောင် ဖွင့်မပြောဖို့ ကတိပေးရမယ်။ ဘယ့်နှယ့်လဲ ... ဒီကိစ္စအောင် မြင်ရင် ခင်ဗျားအတွက် အကျိုးဖြစ်ထွန်းမယ့် ကိစ္စပဲ"

"ဟုတ်လား ...။ ကျွန်တော့်အတွက် အကျိုးရှိမယ်ဆိုရင် လူသတ်ရတဲ့ကိစ္စ မပါဘူးဆိုရင် ကတိပေးတယ်ဗျာ။ ပြောသာပြော"





ထင်ကျော်က အရက်ကိုသောက်လိုက်၊ အမြည်းကိုစားလိုက် လုပ်နေရင်း ကတိပေးလိုက်သည့်အတွက် ကိုနေအောင်က ...

"ခင်ဗျားက မှဆိုးဆိုတော့ ဘယ်လက်နက်မျိုးတွေကိုင်သလဲ ကိုထင်ကျော်"

"ဒူးလေးရယ်၊ တူမီးသေနတ်ရယ်ပေါ့ဗျာ။ တူမီးသေနတ်က တော့ ခင်ဗျားသိတဲ့အတိုင်း နိုးကြောင်နိုးဂုက် ကိုင်ရတာပေါ့လေ"

"ဒါဆိုရင် ခင်ဗျား ဒူးလေးဘယ်နှစ်မျိုးရှိတာကိုရော သိလား"

"သိတယ်ဗျ။ မှဆိုးကိုင်ဒူးလေးနဲ့ ဆင်သမားကိုင်ဒူးလေးပဲ"

"အဲဒီနှစ်မျိုးကွာခြားချက်က ဘယ်လိုလဲဗျ"

"မှဆိုးကိုင်ဒူးလေးဆိုတာက ဆင်သမားကိုင်ဒူးလေးနဲ့ ကိုယ် ထည်ကတော့တူတယ်။ လေးကိုင်းအတိုအရှည် ကွာတယ်လေ။ ဆင် သမားကိုင်ဒူးလေးက ဆင်ပေါ်ကနေ လွတ်လွတ်လပ်လပ် ပစ်လို့ရတယ် ဆိုတော့ ကိုင်းတံက ပိုရှည်တယ်။ ခြောက်တောင်သာသာရှိမှာပေါ့။

မှဆိုးကိုင်ကျတော့ လင့်ထက်ကပုန်းပစ်ရတာတို့၊ ပုန်းအုံထဲ က စောင့်ပစ်ကြရတာဆိုတော့ လွတ်လွတ်လပ်လပ် ရွှေ့လို့ပြောင်းလို့ ရအောင် အတံအတိုလုပ်ထားရတာ။ အိမ်မှာရှိတယ်လေ ... ပြန်ရောက် တော့ပြမယ်"

"နောက် ဘယ်လိုဒူးလေးမျိုး ရှိတယ်ဆိုတာရော ကြားဖူး သေး"

"ဟင့်အင်း ... ကျွန်တော် ဒီနှစ်မျိုးပဲသိတယ်။ နောက် ဘယ် လိုမျိုးရှိသေးလို့လဲဗျ။ သိရင်ပြောပြပါဦး"

"ခင်ဗျား ဘယ်လိုအဆိပ်မျိုးကို သုံးလဲ"

"တစ်ဆွေ့ခုန်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အကြီးဆုံး ဘယ်လိုအကောင်ထိ ပစ်ခဲ့ဘူးလဲ"

"ကြွနဲ့တောဆင်ရိုင်းကလွဲရင် အားလုံးပစ်ဖူးတယ်။ စိတ် ရတယ်ဗျ"

"ခင်ဗျား တောဆင်ရိုင်းကို မပစ်ဖူးဘူးလား"

"မပစ်ဖူးဘူးဗျ။ ဥပဒေနဲ့မလွတ်မကင်းမို့"

"အေး . . . ထားပါတော့ဗျာ။ ဒူးလေးနောက်တစ်မျိုးရှိသေး တယ်။ အဲဒါက တောင်ပေါ်သားကိုင် ဒူးလေးဆိုတာပဲ။ သေးသေးလေး ရယ်ဗျာ"

"ဟုတ်လား . . .။ ခုမှပဲကြားဖူးတယ်။ ဆိုပါဦးဗျ . . . ခင်ဗျား ကိစ္စကို"

"အေးဗျာ . . . လွတ်လွတ်လပ်လပ်မို့ ပွင့်ပွင့်လင်းလင်းပဲ ပြော ပါ့မယ်။ ခု ကျွန်တော့်မှာ ဝယ်လက်ရှိနေတယ်ဗျ။ သူ့ဆီက ဈေးကောင်း ကောင်းလည်းရမယ်လို့ ကတိထားကြပြီးပြီလေ။ အဲဒီကိစ္စကို ခင်ဗျား နဲ့ကျွန်တော် ဖြစ်နိုင်မဖြစ်နိုင် တိုင်ပင်ကြည့်ဖို့ပါပဲ။ ဖြစ်နိုင်မယ်ထင် လို့လည်း ကျွန်တော် ခင်ဗျားဆီကို လာခဲ့တာပဲ"

"ဟုတ်လား။ ဘယ်လိုပစ္စည်းမျိုးလဲဟင်"

"ဆင်စွယ်ဗျ . . . ဆင်စွယ်။ သူတို့လိုချင်တာက သေးသေး မဟုတ်ဘူး။ အကြီးဆုံးဖြစ်တဲ့ စွယ်စုံဆင်ကြီးရဲ့အစွယ်ကိုမှ လိုချင်တာ။ ပေးတဲ့ဈေးကလည်း တစ်ပိဿာကို အများသား။ မက်လောက်စရာ။ ခင်ဗျားက လှုပ်ရှားရမယ့်လူ။ ခင်ဗျားသဘောထားကိုသိရရင် ကျွန်တော် ခုညမှာပဲ စရံငွေ (တစ်သိန်း)ချပေးသွားမယ်။ ပြီးတဲ့အခါ ခင်ဗျား စတင် လှုပ်ရှားတော့၊ ကျွန်တော့်ဆီ ပုသိမ်ကိုလာခဲ့။ စရိတ်နဲ့အိမ်အတွက် (လေးသိန်း) ထပ်ပေးမယ်။





ပြီးရင် ခင်ဗျားနဲ့ကျွန်တော် အသေးစိတ်လမ်းကြောင်းကို တိုင် ပင်ကြမယ်။ ခင်ဗျားက လှုပ်ရှားပေါ့။ နှုတ်လုံပြီး သစ္စာရှိဖို့လိုတယ် ဗျာ။ ဘယ်သူမှမသိစေနဲ့။ ကျွန်တော့်အကြောင်း ခင်ဗျားနောက်တော့ သိမှာပါ။ သစ္စာရှိဖို့ပဲလိုတယ်။ ဘယ်လိုသဘောရသလဲ။ ပြော"

"ဟာ . . . ဒီကိစ္စက ချက်ချင်းလုပ်လို့မရဘူး။ အချိန်ယူရ မယ်နော်။ စောင့်ရမှာ"

"တွက်ဆထားပြီးသားပါဗျာ။ ခင်ဗျားကိုယ်တိုင် တောဆင် ရိုင်းတွေရဲ့ သဘောသဘာဝတွေကို လေ့လာဖို့ အချိန်ယူရဦးမယ်။ ပြီး မှ လှုပ်ရှားရမှာလေ။ လှုပ်ရှားရမှာက ခင်ဗျားအပိုင်း။ ပစ္စည်းသယ်လာ ဖို့နဲ့ ငွေကြေးက ကျွန်တော့်အပိုင်း။ ကတိတည်ဖို့နဲ့ သစ္စာရှိကြဖို့က အဓိကပဲလေ။ မစိုးရိမ်ပါနဲ့ ခင်ဗျားသာ ဖြစ်အောင်လုပ်ပါ"

ကိုနေအောင်ပြောလိုက်သည့်စကားကို ကြားလိုက်တော့ ထင် ကျော်တစ်ယောက် အရက်ကိုသောက်လိုက်၊ အမြည်းကိုစားလိုက် လုပ် ရင်း ဝမ်းသာနေမိသည်။ ကုသိုလ်ကံတရားက သူ့ဘက်ကို လိုက်လာပြီ ဆိုသည်ကိုလည်း သိလိုက်သည်။

သားဖြစ်သူသေဆုံးခါနီး ဆေးရုံပို့ရန်နှင့် ဆေးဖိုးဝါးခအဖြစ် အစ်မရင်းနှင့် ညီရင်းတို့ဆီ ခေတ္တအကူအညီပေးပါရန် တောင်းပန်တိုး လျှိုးခဲ့သော်လည်း အထင်အမြင်သေးစွာနှင့် သူတို့၏ တုကလေးမျက်နှာ ကိုပင်မထောက်ဘဲ စိမ်းကားပစ်ခွာခဲ့သူနှစ်ဦး။

ဘာမဆိုင်ညာမဆိုင် လိုအပ်သည့်ငွေနှင့် ဆေးရုံရောက်သည် ထိ ပံ့ပိုးကူညီခဲ့သည့် သူငယ်ချင်းတင်ထွန်းတို့၏ မျက်နှာများကို ရုပ်ရှင် ပိတ်ကားတွင် နောက်ကြောင်းပြန်ပြသကဲ့သို့ တရေးရေးမြင်ယောင်လာ ပြီး လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



“ကိုနေအောင် . . . ကျွန်တော် ကတိပေးပြီဗျာ။ ခင်ဗျားက စရံငွေပေးမယ်ဆိုတော့ မနက်ဖြန် ခင်ဗျားပြန်ရင် ကျွန်တော် လိုအပ် တဲ့ပစ္စည်းတွေဝယ်မယ်။ သန်ဘက်ခါမနက်ဘဲ ကျွန်တော် ရှိးမတော ဘက်တက်ပြီး ရွာမှာရှိကြတဲ့ ကျွန်တော့်မိတ်ဆွေ မုဆိုးတွေဆီမှာ အဲ အကောင်တွေအကြောင်း သတင်းစုံစမ်းပြီးမှ လုပ်ငန်းမစခင် ခင်ဗျားဆီ တက်ခဲ့တော့မယ်”

ထင်ကျော်က အားပါပါနှင့် ပြောလိုက်သည်မို့ ကိုနေအောင် က . . .

“ခင်ဗျားနဲ့ကျွန်တော် သဘောတူနှစ်ခြိုက်လို့ လုပ်ငန်းစတော့ မယ်ဆိုလို့ ဝမ်းသာပါတယ်။ စောစောကပြောခဲ့ကြတဲ့ ဒူးလေးအကြောင်း ကို ပြန်ဆက်လိုက်ကြရအောင်။ ခင်ဗျားကိုလည်း အဲဒီဒူးလေးနဲ့ ပစ် စေချင်တယ်။ အိမ်ရောက်တော့ ကြည့်ပေါ့။ သူ့စွမ်းပကားကိုလည်း အိမ် ကျမှ အသေးစိတ်ပြောပြမယ်နော်”

အရက်တစ်လုံးနှင့် အမြည်းတို့ကို နှစ်ဦးသားစကားပြောရင်း စားလိုက်သောက်လိုက်ကြရာ တက်တက်ပြောင်သွားကြသည်မို့ အိမ် အတွက်လိုအပ်သည်များကို မှာကြားကာ အထုပ်ဆွဲလျှောက်ခဲ့ကြ အိမ်ကိုရောက်တော့ အမှောင်ပင်လုနေခဲ့ပေပြီ။ အိမ်ကိုရောက်တော့ မိသားစုထမင်းစားနေစဉ် ကိုနေအောင်က သူ့ကတိစကားအတိုင်း ကျပ် ငွေတစ်သိန်းကို ထုတ်ပေးလိုက်ပြီး နားအနီး တိုးကပ်ပြောလိုက်သည် က . . .

“ခင်ဗျားနာမည်ကို ခုအချိန်ကစပြီး စွယ်စုံထင်ကျော်လို့ ကျွန် တော် မှည့်လိုက်ပြီ။ ဘယ်တော့မှမမေ့နဲ့။ ငွေတွေကို လက်မဖွာနဲ့။ ကျပ်





ချစ်လစ်လစ်သိမ်း။ သူများတွေသိကုန်ရင် ခင်ဗျားအတွက် အန္တရာယ် ဖြစ်မှာစိုးလို့နော် ကိုထင်ကျော်”

“အစစအရာရာ စိတ်ချစမ်းပါဗျာ”

သူ့ဘဝ ဘယ်အချိန်မှာမှ ယခုလိုငွေများများကို မကိုင်ခဲ့ဘူး သဖြင့် ငွေထုပ်ကိုထုပ်ရင်း အတုန်တုန်အချည့်ချည့်နှင့် ပြန်လည်ကတိ ပေးလိုက်သည့် အသံက အက်အက်ကွဲကွဲ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

အချိန်ကာလ၊ ဆောင်းအကုန်နွေကာလကို ကူးနေသည့်အချိ မှ ထင်ကျော်တစ်ယောက် ပုသိမ်မြို့ရှိ နိဗ္ဗာန်ကုန်သည် ဦးနေအောင် အိမ်သို့ ရောက်ရှိသွားသည့်အချိန် . . .

''ဝင်ခဲ့ဗျို့ . . . စွယ်စုံထင်ကျော်။ ခင်ဗျားလာမယ်မှန်းသိလ မျှော်နေတာ''

ဖော်ရွေပျူငှာစွာ ခရီးဦးကြိုပြုရင်း ဧည့်ခန်းတွင် အထိုင်နိုင် သည်။ ပြီးနောက် တိုက်၏အနောက်ဖေး ထမင်းစားခန်းတွင် သွားရောက် ထိုင်လိုက်ကြပြီး ကိုနေအောင်က သူပြောခဲ့ဖူးသည့် တောင်ပေါ်သားကို ဒူးလေးကို ယူ၍ပြသည်။ ဒူးလေးက ခပ်သေးသေးပင်။

ပြောရမည်ဆိုလျှင် သေဆုံးသွားသည့် သူ၏သားတော်မောင် ရှိစဉ်အခါက ဆော့ကစားသည့် ဒူးလေးအရွယ်သာပင်။ (ယခုအခ





ိုင်ငံခြားရုပ်ရှင်ကားများတွင် တွေ့မြင်နေရသည့် တစ်တောင်လောက် အရွယ်အစား)။ ထူးခြားသည်က မြားတံ တစ်ချောင်းချင်းကို ငှက်မျော ွက်နှင့်ပတ်ကာ လိပ်ထားသည်။

သူထုတ်ပြသဖြင့် ကြည့်လိုက်တော့ ဝါးနှင့်လုပ်ထားသည် ောတ်။ သစ်ပင်တစ်ပင်၏ အနှစ်သားကို မြားတံလုပ်ထားခြင်းပင်။ ူးလေးနှင့် မြားတံကိုကြည့်ရင်း ထင်ကျော်တစ်ယောက် အတော်ကို ိတ်ပျက်သွားသည်မှာတော့အမှန်။ သို့သော် ဘာမှတော့မပြော။ ဒူးလေး ို စိတ်အားငယ်စွာနဲ့ စိုက်ကြည့်နေစဉ် သူက . . .

''ခင်ဗျားလို မုဆိုးကြီးတစ်ယောက်က ခုလိုတောင်ပေါ်သား ိုင်တဲ့ ဒူးလေးကလေးကိုမြင်လိုက်တော့ စိတ်ပျက်သွားမှာတော့ အမှန် ဗျ။ ပစ်ရမဲ့အကောင်ကလည်း ပေါ့သေးသေးအကောင်မျိုးမဟုတ်တော့ ွစ်နိုင်ပါတယ်။ ဒါပေမဲ့ အကြောင်းမသိသေးလို့ ဖြစ်ပါလိမ့်မယ်။ သူ့ အကြောင်းကိုသိပြီး သုံးဖူးသွားမယ်ဆိုရင် လက်လွှတ်ချင်မှာမဟုတ်တော့ ူးဗျ''

သူပြောလိုက်သည့်စကားကြောင့် ထင်ကျော်က ခပ်ငေါ့ငေါ့ ိုပေးလိုက်သည်က . . .

''ညွှန်းလှချေလားဗျ။ ကောင်းပုံကောင်းနည်းကလေးတွေကို ည်း ရှင်းပြစမ်းပါဦး။ ကျွန်တော့်အမြင်ကတော့ ကလေးတွေဆော့တဲ့ ူးလေးလို့ ထင်နေတာ''

သူ့အပြောကြောင့် ကိုနေအောင်က အားပါးတရ ရယ်မော ိုက်ရင်း ငှက်မျောမက်နှင့်လိပ်ထားသည့် မြားတံတစ်ချောင်းကိုထုတ် ျက် သူ့ကိုပေးကာ အချိုးခိုင်းလိုက်သည်။ မြားတံက တစ်ထွာသာသာ။ ခတံအတွင်းမှ (ခဲဆံချောင်း) အလုံးအရွယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေ့တွင် လက်လေးလုံးခန့် သုံးမြောင့်အသွားနှင့် နောက်
ဖင်တွင် ကြိမ်ရွက်တပ်လျက်။ သူက မြားတံကိုလှမ်းယူကာ ချိုးလို
သည်။ ကျိုးဖို့မပြောနှင့် ညွတ်ကွေး၍ပင်မသွား။ သို့အတွက် . . .

''ဘာသားလဲဗျ၊ မာကျောလှချည်လားဟင် . . . ကြံ့ဖူး
ဗျာ''

''ခင်ဗျား မကြံ့ဖူးဘူးလေဗျာ။ မာရုံဘယ်ကမလဲဗျ။ အ
အဆိပ်ပင်ရဲ့ အနှစ်သားဗျ။ သူ့ကိုသုံးရင် ခင်ဗျားကိုင်တဲ့ ဒူးလေး
လို အဆိပ်သုတ်နေစရာမလိုပါဘူး။ အဲဒီမြားတံက အဆိပ်ချော
နာဂတိုင်းရင်းသားတွေအခေါ်က (အလုံလရှင်း)ဆိုတဲ့ အဆိပ်ပင်ရဲ့အ
သားကို လုပ်ထားတယ်ဆိုပဲဗျ။ အဲဒီအပင်ဟာ ဘယ်လိုအပင်မျိုးဆို
ကိုယ်လည်း မတွေ့ဘူးတော့ ခင်ဗျားနားလည်အောင်လည်း မပြေ
တတ်ဘူးဗျ''

BURMESE CLASSIC .com

''အာနိသင်ကရောဗျ''

''သူ့အာနိသင်က ခု ခင်ဗျားသုံးနေတဲ့ တစ်ဆွေ့ခုနှ်အ
အာနိသင်ထက် ပြင်းတယ်ဗျ။ ခင်ဗျားပစ်မယ့် စွယ်စုံဆင်ကြီးကိုဆို
နေရာရွေးမနေနဲ့။ အဲဒီမြားတံကို စိုက်ဝင်ဖို့ကိုသာ အဓိကထားပစ်လို
သားကောင်က အဲဒီမြားတံ စိုက်ဝင်ခံလိုက်ရပြီး ငါးမိနစ်အတွင်း ဇ
ရှူးသွေးတန်းဖြစ်ပြီး လဲကိုလဲတယ်။

ခင်ဗျားပစ်တဲ့နေရာထက် ကိုက်နှစ်ဆယ်ကို မကျော်စေရ
အာမခံတယ်။ ရဲရဲသာပစ်။ အလွန်ဆုံး ဒီအကောင်ကြီးသွားနိုင်ရင်
တစ်ရိုက်ထက် မပိုဘူး။ အလှမ်းနှစ်ဆယ် မကျော်စေရဘူးဗျာ။ ဒါကြေ
စိတ်ချလက်ချသာ သုံးစွဲစေချင်တယ်ဗျာ။ ပြန်တော့ယူသွားပါနော်''

ကိုနေအောင်က တောင်ပေါ်သားကိုင် ဒူးလေးနှင့် မြာ





ကြောင်း ရှင်းပြလိုက်ကာ အရက်နှင့်အမြည်းကို စားလိုက်ပြီး အိပ်
အတွင်း ပြန်ဝင်သွားသည်။ ထွက်လာတော့ သူ့လက်ထဲတွင် အထုပ်
ထုပ်ပါလာကာ ထင်ကျော်ကို လှမ်းပေးလိုက်ပြီး . . .

''စရိတ်ငွေလေးသိန်း၊ ခင်ဗျား ဘယ်တော့လှုပ်ရှားမလဲ။ လှုပ်
နေရာနဲ့ ခင်ဗျားအထိုင်ချမဲ့နေရာကို တိကျဖို့တော့ လိုမယ်ထင်
ယ် ဒါမှ လုပ်ငန်းက ချောမွေ့မှာဗျ''

ကိုနေအောင်ပြောလိုက်သည့်စကားကြောင့် ထင်ကျော်က ငွေ
ကို လှမ်းယူလိုက်ပြီး ပြန်ပြောလိုက်သည်က . . .

''အဲဒီကိစ္စအတွက် လှုပ်ရှားဖို့ကို တက်လာခဲ့တာပဲဗျ၊ အချိန်
ဆိုင်းချင်ဘူး။ ဒီနေ့ညနေ မော်တော်နဲ့ပြန်ဆင်းမယ်။ မနက်ဖြန်
နေ့ လိုအပ်တာလေးတွေစီစဉ်ပြီး သန်ဘက်ခါစမယ်။ လုပ်ငန်းစဉ်
ပ်လာပြီးမှ အသေးစိတ်ပြောလို့ရမှာမို့ ပြန်တက်လာခဲ့မယ်။ အဲဒီ
မှ ရှေ့လုပ်ငန်းစဉ်ကို အကွက်ချလိုက်ကြတာပေါ့နော''

နှစ်ဦးသား ထမင်းစားလိုက်ကြပြီး ကိုနေအောင်က မော်တော်
သို့ လိုက်ပါပို့ဆောင်၍ နှစ်ဦးသား လမ်းခွဲလိုက်ကြသည်။ လူချင်း
 ကိုနေအောင်က . . .

''ခင်ဗျားနာမည် စွယ်စုံထင်ကျော်ဆိုတာ မမေ့နဲ့နော်''တဲ့လေ။

ထင်ကျော် လေးမျက်နှာရွာသို့ပြန်ရောက်တော့ နောက်နေ့လို
သည့် အသုံးအဆောင်ပစ္စည်းများအပြင် နဝကမ္မအလှူငွေတို့ကို
လိုက်သလို၊ သားကိစ္စအတွက် အထောက်အပံ့ပေးခဲ့သော ကျေးရွာ
တင်ထွန်းအား လက်ဆောင်ပစ္စည်းများပေးရင်း သူ့လုပ်ငန်းစဉ်
နောက်နေ့တွင် စတင်လိုက်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၅ |

ထင်ကျော်တစ်ယောက် မှုခိုးလုပ်ငန်းနှင့် အသက်မွေ ကျောင်းနေသည်ဆိုသော်လည်း တောဆင်ရိုင်းများနှင့် ပတ်သက် မပတ်သက်ဖူးခဲ့သလို ဆင်အကြောင်းကို မသိရှိ မလေ့လာခဲ့ဖူးသည့ အမှန်။

သို့အတွက် သူသွားမည့် အနောက်ရိုးမကြီးအတွင်းရှိ ဆင်ရိုင်းများအကြောင်းကို စတင်လေ့လာရပေမည်။ သို့ကြောင့် ဆင်ရိုင်းဆိုးကို ကျွမ်းကျင်းဖမ်းဆီးကြသည့် ဆင်ဖမ်းသမားများဆီသို့ ချဉ်းကပ်ရပေသည်။





ရိုးမကြီးနှင့် အနီးကပ်ဆုံးရွာများဖြစ်ကြသည့် ညောင်ချောင်း၊ ိုင်းတောင်၊ ဇဒ်ကော၊ မွား စသည့် ရွာငယ်များဘက်ဆီသို့ ဦးတည် က်ခဲ့ အဘယ်ကြောင့်ဆိုသော် ထိုရွာများဆီတွင် သူငယ်ချင်းမုဆိုး သည်း ရှိနေကြသည့်အတွက်ကြောင့်ပင်၊ ထိုကျေးရွာများတွင် နေ ကြသည့် လယ်သမားကြီးတို့ထံချဉ်းကပ်ပြီး တောဆင်ရိုင်းတို့သတင်း စုံစမ်းထောက်လှမ်းဖို့အတွက်ပင်ဖြစ်ပေသည်။

ရိုးမကြီးအတွင်းရှိ တောဆင်ရိုင်းတို့သည် ယခုလို စပါးမှည့် တွင် တောထဲမှထွက်ကြပြီး လယ်သမားတို့စိုက်ပျိုးထားကြသော စပါး ကို နှစ်စဉ်နှစ်တိုင်း ခိုးယူစားသောက်တတ်ကြသည်။ ဘယ်ရွာတွင် ယ်သမားဘယ်သူ၏ လယ်ကွက်ကို ဘယ်နေ့ကဆင်းကာ စားသောက် ကြသည်၊ ရိုးမကြီးအတွင်းသို့ ဘယ်လမ်းက ပြန်တက်သွားကြ ည်၊ ဆင်အကောင် မည်မျှရှိသည်၊ ထိုတောဆင်ရိုင်းအုပ်ကို ဘယ်လို ကောင်ကြီးက ဦးဆောင်သည်၊ အကောင်ရေ မည်မျှရှိပြီး အချိန်တို တွင်း စပါးဘယ်နှစ်ဧက ပျက်စီးဆုံးရှုံးခံလိုက်ရသည် စသည့်သတင်း ကို ဦးစွာ မှတ်သားလေ့လာရသည်။

တော်နေသေးသည်က ထိုကျေးရွာကလေးများတွင် သူငယ်ချင်း ခံများ ရှိနေကြသဖြင့် ထိုသတင်းကို စုံစမ်းဖို့အတွက်က သူ့ တွက် အခက်အခဲသိပ်မရှိလှ။ ရွာစဉ်စုံအောင် လှည်းနဲ့တစ်မျိုး၊ လှေ တစ်ဖုံ၊ ကုန်းကြောင်းတစ်သွယ်၊ ညအိပ်သွားရသည့်ခရီးမှ (၁၅)ရက် န်လောက်ကြာတော့ သူ့အတွက် အတော်ကလေးပြည့်စုံသွားသည့် ဆင့်သို့ ရောက်လာသည်။

ရိုးမတောအတွင်းရှိ တောဆင်ရိုင်းတို့၏သဘာဝကား မိုးတွင်း ်ကာလမျိုးတွင် အလွန်နက်ရှိုင်းသော ရိုးမကြီးအတွင်း ခိုအောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ဆောင်းကာလနောက်ပိုင်းအချိန်များတွင် တောနက်ပိုင်းရှိ ချောင်းနှင့် ရေအိုင်တို့တွင် ရေများခန်းခြောက်သွားကြသည်ဖြစ်ရာ အတွက် ရေရှိရာ၊ ရေပေါ်များအောက်ဘက်ပိုင်းများသို့ သူ့အုပ်နှင့် နှစ်စဉ် ဆင်းလာကြပေသည်။ ထိုအခါ ရိုးမတောင်ခြေတွင် နေ လုပ်ကိုင်စိုက်ပျိုးထားကြသော စပါးတို့ကို ဝင်ရောက်နင်းစားတတ်ကြသ အဖြစ်တွေလည်း ပါဝင်လာကြသည်။

နောက်တစ်ချက်က တောဆင်ရိုင်းတို့သည် ထိုအချိန်ကာ မျိုးတွင် ရိုးမကြီးအတွင်း ဘယ်လိုမှနေလို့မရသည့်အချက်မှာ သဘာ ရေများ ခန်းခြောက်သွားကြသည့်အချက်က အဓိကဖြစ်သည်။

အခြားသော သက်ရှိသဘာဝအကောင်တွေက ဆောင်းအ အလွန်ချမ်းအေးနေသည့်အချိန်၊ ဆင်တို့၏သဘာဝက အလွန်ပူအို နေကြပြီး ရေစိမ်လို့မရသဖြင့် မနေနိုင်ကြဘဲ ရေများရာဘက်ဆီ ဆင်းသက်လာကြရပေသည်။

သို့အတွက် ဆင်ဖမ်းသမားများထံ၊ ရွာများရှိလယ်သမားမျ ထံ သွားရောက်လေ့လာ သိရှိလိုက်ရသည့်အတွက် သူ့လုပ်ငန်းကို ယ စတင်လို့မရသေး။ နွေကာလကုန်ဆုံးပြီး နောက်တပ်မိုး စသည့်ကာ ရောက်မှ စတင်မှုရမည်ကို သူဆုံးဖြတ်တွက်ချက်ကာ မိုးကာလမတိုင် တောဆင်ရိုင်းအုပ်တို့ ရိုးမကြီးပြန်ဝင်မည့်သတင်းကို ပြောပြရန် သူငယ် ချင်းမုဆိုးတို့ကို မှာကြားခဲ့ပြီး အိမ်သို့ပြန်ခဲ့ပေတော့သည်။

✿ ✿ ✿

| ၆ |

❑

ပုသိမ်မြို့ ကိုနေအောင်ဆီ ထင်ကျော်ရောက်တော့ ညနေပိုင်း နှစ်ဦးသား မော်တော်ဆိပ်၊ စားသောက်ဆိုင်တွင် ထိုင်လိုက်ကြရင်း ယ့စားသောက်နေရင်းက ...

''စွယ်စုံဆင်ကြီး အခြေအနေလေးတွေ ဘယ်လိုထူးသလဲဗျ။ င်စမ်းပါဦး''

''အဆင်ပြေမယ်။ ကျွန်တော် တောင်ခြေရွာမှာရှိတဲ့ သူငယ် မုဆိုးတွေဆီဝင်ခဲ့ပြီး အသေးစိတ်လေ့လာခဲ့ပြီးပြီ။ ဒါပေမဲ့ မိုးအခါ စောင့်ဖို့ အချိန်ယူရဦးမယ်''

''ဟုတ်လား။ ဘယ်လိုကြောင့်လဲဗျ၊ ပြောပါဦးဗျာ။ ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုဗျ ...။ ခုလိုအချိန်မျိုးမှာ တောဆင်ရိုင်းတွေက အု
အုပ်စုနဲ့သူ အောက်ပိုင်းရေပေါတဲ့နေရာတွေမှာ ဖြန့်ထွက်ကျက်ကြပြီ
မိုးရွာတော့မှ ရိုးမကြီးအတွင်းကို အဲဒီအုပ်တွေ ပြန်ဝင်ကြမှာဆိုတော
ရိုးမကြီးအတွင်းမှာ ကိုယ်ကြိုက်တဲ့အကောင်ကို ရှင်းရုံပဲဗျ။ အဲဒီအ
မှာ လူသူကလည်း အပေါက်မရှိတော့ စိတ်အေးလက်အေး လုပ်လို
တာပေါ့''

''ခုနေဆိုရင်ရော ဗျာ''

''ခုလို ခြေခင်းလက်ခင်းကလည်းသာပေမဲ့ လူတွေကလည်
တောတိုးနေကြတော့ သိသွားရင် အန္တရာယ်ရှိတယ်လေ။ ပေါက်ကြာ
သွားရင် အခက်ပဲလေဗျာ''

''အဲဒီတော့ ...

''မိုးအကျကိုစောင့်ပြီး ဒီအုပ်တွေ ရိုးမကြီးပြန်ဝင်တော့မှ ကြိုက်
တဲ့အကောင်ကို ရွေးပြီး လှုပ်ရှားမှရမယ်။ ကျွန်တော်ကလည်း မှာထို
ဆိုပေမယ့် အလှမ်းဝေးပြီး မလှေ့လာထားမိတော့ မသိဘူးလေဗျာ
ခုမှ ထဲထဲဝင်ဝင်လေ့လာရင်း သိရတာဆိုတော့ ...''

''အေးပါဗျာ ...ခင်ဗျားက လှုပ်ရှားရမဲ့သူဆိုတော့ အချိန်
ယူ တွက်ချက်ရမှာပေါ့။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်
တက်နေးဆိုတဲ့စကား ရှိနေတာပဲ။ ပိုင်ဖို့နဲ့ ကြီးဖို့သာ လိုတယ်ဗျာ။ ဒီ
မှာပဲ ထမင်းစားလိုက်ကြမယ်။ ခင်ဗျား ညမော်တော်စီးပြီး ပြန်မှာ
လား''

''ခင်ဗျားဆီမှာ ဒီညအိပ်မယ်ဗျာ။ လိုအပ်တာလေးတွေ အတွေး
ပေါ်လာရင်လည်း တစ်ခါတည်း ညှိလိုက်ကြရအောင်။ မနက်မော်တော်
နဲ့မှပြန်မယ်''

---

စိတ်ကူးသစ်စာပေ



နှစ်ဦးသားစားသောက်ဆိုင်တွင်ပင် ထမင်းစားလိုက်ကြပြီး အိပ်
ပြန်ကာ လိုအပ်သည်တို့ကို တိုင်ပင်၍ မိုးလင်းတော့ မော်တော်စီး
ဆင်းကာ ပြန်ခဲ့ပေသည်။

တစ်ရာသီဆိုသော အချိန်ကာလသည် သိပ်မကြာလိုက်။ ငွေ
ကို သူတို့မိသားစုများအား ထောက်ပံ့လျက် ကျစ်ကျစ်လစ်လစ်ဟန်
ကျ နေထိုင်သုံးစွဲရင်း နေထိုင်လာခဲ့သလို အမဲသားကောင်တို့ကို
ရှားမပျက် ပစ်ခတ်ရောင်းချစားသောက်နေသည်မှီ မည်သူမှ မရိပ်
မိလိုက်ကြပေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

ထင်ကျော်တစ်ယောက် တောဝင်သည့်လိုအပ်သော လက်နက်ပစ္စည်းတို့ကိုယူလျက် ရွာမှထွက်ခဲ့ပြီး အနီးစပ်ဆုံးရွာဖြစ်သည့် မွှားရွာဆီသို့ ရောက်လာခဲ့သည်။ ရွာခံမုဆိုးသူငယ်ချင်းဖြစ်သူက တောဆင်ရိုင်းအုပ်များ ရိုးမကြီးအတွင်းဆီသို့ ပြန်ဝင်သွားကြပြီး အကောင်ရေက (၁၅)ကောင်ဖြစ်ကြောင်း၊ ဦးစီးဆင်ကြီးမှာ တေဆိုသောအမျိုးအစားဖြစ်ကာ အစွယ်တစ်ချောင်းတည်းသာရှိကြောင်း၊ အလွန်ကြီးမားကြောင်းကို သိရှိလိုက်ရသည်။

သူသိရှိလိုသည့်သတင်းက တောဆင်ရိုင်းအုပ်များတွင် ဦးစီးဦးဆောင်ပြုသည့် ခေါင်းဆောင်ကြီးမှာ စွယ်စုံဆင်ရိုင်းကြီး၏သတင်းပင် ဖြစ်ပေသည်။ ဆင်ရိုင်းအုပ်များတွင် ဦးဆောင်သည့်ဆင်က (၄)မျိုး





နှံသည်။ ထိုဆင်လေးမျိုးတို့မှာ ဟိုင်းဆင်၊ ဟန်ဆင်၊ တေဆင်နှင့် စွယ်စုံဆင်ကြီးတို့ပင်ဖြစ်ပေသည်။

ထိုဆင်(၄)မျိုးတို့တွင် တေဆိုသည့်ဆင်က အရှားပါးဆုံးဆင်ဖြစ်သော်လည်း အစွယ်က တစ်ချောင်းတည်းသာပါသော ဆင်ဖြစ်သည်။ ဟန်ဆိုသည့်ဆင်က အစွယ်နှစ်ချောင်းပါသော်လည်း အစွယ်ကသန်မာများကြိုင်းခြင်းမရှိ။

ဟန်ဆိုသည့်ဆင်က သူ့တွင် အားကိုးစရာအစွယ်မရှိ။ ထိုတောဆင်ရိုင်းသုံးမျိုးသတင်းကို ထင်ကျော်အတွက် မလိုအပ်။ အမှန်သို့အပ်သည့်သတင်းက စွယ်စုံဆင်ကြီးဦးဆောင်သည်ဆိုသည့် သတင်းပင်ဖြစ်ပေသည်။

စွယ်စုံဆင်ဆိုသည်က ဆင်တို့၏ဘုရင်ပင်။ ကြီးမားတုတ်ခိုင်သန်စွမ်းသည့်အစွယ်၊ ညွတ်ကွေးနေသည့် အစွယ်တို့၏ ပိုင်ရှင်တို့ပင်။ ဆင်တို့၏ ကြန်အင်လက္ခဏာပြည့်စုံစွာရှိပြီး ဆင်များထဲတွင်အလှပဆုံးဆင်မျိုးပင်။

အထူးသဖြင့် စွယ်စုံဆင်ကြီးတို့သည် သူတို့၏အစွယ်ကို အလွန်အားကိုးအားထားပြုကြသည်။ သို့အတွက် အုပ်မှထွက်ပြီး တစ်ကောင်တည်းလည်း နေထိုင်သွားလာ လှုပ်ရှားနေလေ့ရှိကြသည်။ စိတ်နေစိတ်ထားကလည်း ခက်ထန်မာကျော ကြမ်းတမ်းတတ်ကြသဖြင့် ဆင်ဆိုးစာရင်းဝင်သည့် ဆင်များဖြစ်ကြသည်ကို သူသိထားသည်။

သူလိုချင်သည့်သတင်းကို စုံစမ်းရင်း သူအဓိကလိုအပ်သည့်နေရာနှင့် ရွာစဉ်အတိုင်းစုံစမ်းခဲ့ရာ ညောင်ချောင်းကျေးရွာဆီသို့ရောက်တော့ သူငယ်ချင်းဖြစ်သူ ရွာခံမုဆိုးစောစိန်သန်းနှင့် လယ်သမားတို့ထံမှ ကြားလိုက်ရသည့်သတင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင် ထင်ကျော်ရ ...သကြန်လက်ဆေး မိုးလေး တစ်ပြိုက် ရွာလိုက်ပြီဆိုကတည်းက တောဆင်ရိုင်းအုပ်ကြီးက ရိုးမကြီး ထဲပြန်ကပ်ဖို့ တာစူကြတော့တာလားကွ။ ငါလည်း တောလည်ဖို့အထွက် သူတို့အုပ်ကြီးနဲ့ တန်းတိုးတော့တာပဲဟေ့။ ငါလည်း နောက်ကြောင်း ပြန်ပြေးရင်း မလွှတ်တော့တဲ့အဆုံး သံစ်ပင်ကြီးပေါ် တက်ပုန်းနေရင်း အခြေအနေကို စောင့်ကြည့်လိုက်တော့ စွယ်စုံဆင်ကြီးတစ်ကောင်တည်း ကွ။

ကြီးမားပြီး ရှည်လျားလိုက်တဲ့ အစွယ်ကြီးကွာ။ အစွယ်က ငါ့ပေါင်လုံးလောက်ရှိမယ်။ ရှည်ပြီး ကော့တက်နေတဲ့အစွယ်က ဘယ် သေးသေးဟုတ်မလဲကွ။ ငါ့အနံ့ကို ရသွားသလားတော့ မသိဘူးကွ။ အောက်ကနေ တော်တော်နဲ့မခွာဘဲ သစ်ကိုင်းတွေကိုချိုးလိုက်၊ သစ်ရွက် တွေကိုစားလိုက်၊ ဝန်းကျင်ကို မသင်္ကာတဲ့မျက်လုံးနဲ့ ရှာလိုက်နဲ့ တော် တော်နဲ့မခွာဘူး ...ဟကောင်ရ။

ငါ့မှာ အသက်ကိုတောင် ပြင်းပြင်းမရှူရဲဘူး။ ငြိမ်နေတုန်း သူ့နောက်ကလိုက်လာတဲ့ တောဆင်အုပ်ကြီးရောက်လာတော့ ဝမ်းခေါင်း သံကြီးနဲ့ အကြိမ်ကြိမ်အော်ဟစ်ရင်း တဖြည်းဖြည်း ရိုးမကြီးအတွင်း ဝင်သွားတော့တာပဲဟေ့"

ထိုသတင်းကို အားပါးတရပြန်ပြောနေသည်ကို ကြားလိုက် ရသည်မို့ ထင်ကျော် ဝမ်းသာသွားလိုက်မိသည်ကအမှန်။ ကွမ်းမြွေမပျက် အမြည်းကိုစားလိုက်၊ အရက်ကိုသောက်လိုက်လုပ်ရင်း မသိဟန်ဆောင် ကာ မေးလိုက်သည်က ...

"ဒါနဲ့ သူငယ်ချင်း ဘယ်ကိုသွားသလဲ"

"ဟကောင်ရ ...ဒါသူတို့နေတဲ့ရိုးမကြီးထဲ ပြန်ဝင်တာပေါ့ ကွ။ မင်းသိချင်ရင် အမဲပစ်သွားရင်း လိုက်ကြည့်ပေါ့။ လမ်းကိုပုံနေတာ





ပေါ့မောင်။ ငါ့အထင်တော့ သူတို့လမ်းကြောင်းကို မှန်းကြည့်ရတာ ကတက်မြောင်ဘက်ကို ဦးတည်နေတဲ့ပုံဘဲကွ"

လိုချင်သည့်သတင်းကို ခြေရာကောက်မိပြီမို့ အရက်ကိုလက်စ သတ်၊ ထမင်းစားလိုက်ကြပြီး အနားယူလိုက်ပေသည်။ နံနက်မိုးလင်း တော့ ထမင်းကြမ်း၊ ချောင်းငါးကြော်၊ အဖန်ရည်နှင့် ဗိုက်ဖြည့်လိုက်ပြီး တောင်ပေါ်သားဒူးလေးကိုင်လျက် မုဆိုးခရမ်းချည်ရွာရန်ကို အကြောင်း ပြကာ ထွက်ခဲ့ပေသည်။ သူဦးတည်လိုက်သည်က တောဆင်ရိုင်းတို့ အပြန်လမ်းကြောင်းအတိုင်း လိုက်ရင်း ကတက်မြောင်ဘက်ဆီသို့ပင်။ သူတောပုန်းချောင်းမထွက်ခင် မေးလိုက်သည်က ...

"စောစိန်သန်း ...ဒီဘက်အကျောက ဘယ်သူ့အပိုင်လဲကွ"

"အဘိုးပြေစာ အပိုင်ကွ။ လက်ဖက်နဲ့ ဆေးပြင်းလိပ်တော့ မမေ့နဲ့။ အရက်ကလေးပါရင် ပိုကောင်းတယ်ကွ"

သူ ဘာမှပြန်မပြော။ ရွာတွင်းတွင် ရောင်းသည့်ဆိုင်ကလေး တို့တွင် လိုအပ်သည်ကိုဝယ်ယူလျက် ရွာအပြင်ခင်တန်းအကျော် သခွပ် ပင်ကြီးအောက်တွင် တင်မြှောက်ပ သတောင်းခံလိုက်သည်။ ပြီးမှ ရှေ့ ခရီးကို ဆက်လိုက်ပေတော့သည်။

ယခုထွက်ခဲ့သည့်ခရီးက အဓိကထားရှာဖွေရမည့် အချက်က နှစ်ခုပင်။ ပထမအချက်က စွယ်စုံဆင်ရိုင်းအုပ်ကြီး သွားထားသည့် ဆင်လမ်းကြောင်းနှင့် သူတို့နားနေနိုင်အောင်ကြမည့် နေရာဖြစ်ပြီး ဒုတိယ အချက်က သူပုန်းနိုင်နားနေရမည့် လုံခြုံစိတ်ချရမည့်နေရာရှာဖို့ကို အဓိက ထား။ ရှာဖွေဖို့အပြင် ကိုဇနအောင်ပေးလိုက်သည့် တောင်ပေါ်သားကိုင် ဒူးလေးကို စမ်းသပ်ပစ်ခတ်ကြည့်ရန်တို့ကို အဓိကထား၍ ထွက်ခွာ လာခဲ့ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ထုပ်ကိုထမ်းကာ ရွာအလွန်စပါးစိုက်ပျိုးသည့် လယ်ကွင်းများဆီရောက်တော့ တောဆင်ရိုင်းများ ရိုးမကြီးအတွင်း ဝင်ရောက်သွားသည့် ဆင်လမ်းကြောင်းကို ဦးစွာရှာသည်။

ဆင်ရိုင်းအုပ်ကြီးတစ်အုပ် ဖြတ်သန်းသွားလာထားသည့် လမ်းကြောင်းမို့ ခက်ခက်ခဲခဲ သိပ်မရှာလိုက်ရ။ တွေ့မြင်လိုက်ရသည်မို့ ယူဆောင်လာသည့် ဒူးလေးကို လေးညို့ကိုဆွဲတင်ကာ မြားလမ်းကြောင်းတွင် အဆိပ်မြားတံကိုဘပ်ကာ အသင့်ကိုင်ဆောင်လိုက်ပြီး လိုက်သွားခဲ့ပေသည်။

လျှောက်လှမ်းနေရသည့် တောဆင်ရိုင်းအုပ်တို့သွားထားသည့်လမ်းမို့ စိုးရိမ်စရာမရှိ။ အဘယ့်ကြောင့်ဆိုသော် ခလုတ်ကန်သင်းမှအစ လျှိုမြောင်သောင်ကမ်းတို့ လွတ်ကင်းသောလမ်းတို့မှ သွားကြသည်ကို သူသိထားပြီး မဟုတ်ပါလား။ ယခု သူကိုင်ထားသည့် ဒူးလေးကတောင်ပေါ်သားကိုင် ဒူးလေးဆိုသော်လည်း မည်ကဲ့သို့အာနိသင်ရှိမှန်းကို သူမသိသေးသည်ကအမှန်။ ကိုနေအောင်ပြောလိုက်သည့် စကားအရက ...

"ဒီဒူးလေးရဲ့ မြားတံက (၁၀)ချောင်းပဲရှိတယ်။ ဘယ်သားကောင်မဆိုပစ်တော့မယ်ဆိုရင် နေရာရွေးမနေနဲ့၊ ကြိုက်တဲ့နေရာကိုသာ ပစ်ထည့်လိုက်။ မြားတံစွဲသွားဖို့ အဓိကဗျ။ မြားစွဲခံလိုက်ရတဲ့သားကောင်ဟာ တစ်ချက်ပဲခုန်လိုက်ပြီး ပြန်အကျ အသက်ပျောက်တယ်ဗျ။ စမ်းကြည့်။ မြားတံကိုတော့ အရပြန်ယူနော်။ ရဲရဲသာပစ်"

သူကလည်း အနိုင်အမာပြောနေသည်။ သို့သော်လည်း ကိုယ်က လက်တွေ့မဟုတ်သဖြင့် မယုံရဲ။ သို့အတွက် လမ်းတွင်တွေ့သည့် သားကောင်တစ်ကောင်လောက်ကို စမ်းသပ်ပစ်ခတ်ကြည့်မည်ဟူသော





အတွေးနှင့် ဆင်လမ်းကြောင်းအတိုင်း တိုးဝင်လာခဲ့မိပေသည်။ ရိုးမကြီးအတွင်းပိုင်းမို့ သစ်ပင်ကြီးငယ်မျိုးစုံနှင့် ထိုသစ်ပင်ကြီးတို့ကို ရစ်ပတ်သွယ်သိုင်းထားသော ပင်စောက်၊ သစ်အယ်၊ မဏိသြဂ၊ တောင်ပိန္နဲ၊ ဆောင်သရက် စသည့်အပင်တို့အပြင် ဒိုးနွယ်ပင်ကြီး၊ သပွတ်သိမ်ချုံနွယ်၊ အလိုလေး ... ဆူးပင်တို့ကလည်း အုံ့အုံ့ဆိုင်းဆိုင်း။

တစ်နေရာအရောက် မျောက်အ,တို့၏အော်သံများကို ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ သစ်ဆိမ့်ပင်ကြီးအောက် မြေပြင်တွင် သစ်ဆိမ့်သီးတို့ကို ကောက်ယူစားသောက်နေသည့် ဆတ်နှစ်ကောင်ကို တွေ့လိုက်ရသဖြင့် ချုံနွယ်တောကြီးအတွင်း တိုးဝင်လိုက်ပြီး အသေအချာ လှမ်းကြည့်လိုက်သည်။

ကံအားလျော်စွာ သူရောက်ရှိနေသည့် နေရာကလေးအောက်ဖြစ်နေသည့်အတွက် ဆတ်ကြီးနှစ်ကောင်က မရိပ်မိပေ။ အစားမက်။ သို့အတွက် နီညိုရောင်အသွေးနှင့် ဆတ်ထီးကြီးတစ်ကောင်ကို ချိန်ရွယ်ပစ်လွှတ်လိုက်ပေသည်။

"ဒေါင်"

လေးညို့လွှတ်လိုက်သံနှင့်အတူ မြားတံကလေးက လေကိုခွင်းကာ ဆတ်ကြီး၏လည်တိုင်ရင်းကို စိုက်ဝင်သွားခြင်းခံလိုက်ရသောဆတ်ကြီးမှာ ရှေ့လက်နှစ်ဖက်ကို ပတပ်ရပ်လိုက်သည့်အသွင်မျိုးနှင့် အပေါ်သို့ထောင်လိုက်ပြီး မြေပြင်ထက်ဆီသို့ ဘေးတိုက်လဲကျကာ အတန်ငယ် လူးလိမ့်လိုက်ပြီး ငြိမ်သက်သွားသည်ကို တအံ့တသြပင် တွေ့မြင်လိုက်ရပေသည်။

အဖော်တစ်ကောင်ဖြစ်သည့် သစ်ဆိမ့်သီးများကို စားသောက်နေသည့် ဆတ်ကြီးမှာ သူ့အဖော်ဘယ်လိုဖြစ်ပြီး ယခုလိုအဖြစ်မျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်ကို တအံ့တသြလှမ်းကြည့်လိုက်ရင်း သဘောပေါက်သွား
ထင်၊ အထိတ်တလန့်နှင့် 'တရိန်' ဟူသော ဆတ်တစ်သံကိုပြုလျ
အရှိန်အဟုန်ပြင်းစွာ ပြေးထွက်သွားသည်ကို တွေ့လိုက်ရပေသည်။

ထင်ကျော်တစ်ယောက် အသက်ပျောက်နေသည့် ဆတ်
အနီးသို့ တိုးကပ်ကြည့်လိုက်သည်။ လည်တိုင်ရင်းတွင် တစ်ထုံး
စိုက်ဝင်နေသည့် မြားတံကိုဆွဲနှုတ်လိုက်ရင်းက ကြည့်လိုက်တော့
ထားသည့်မို့ လက်လေးသစ်ခန့်ရှိသော ဦးချွန်နှစ်ချောင်းကို အရင်
ဓားနှင့်လှီးဖြတ်ကာ အိတ်ထဲတွင် သိမ်းဆည်းထားလိုက်ပေသည်။ အ
မှ ဆတ်ကိုသယ်ယူရန် စဉ်းစားလျက် တောဆင်ရိုင်းအုပ်နောက် ဆ
လိုက်ခဲ့ပြန်ပေသည်။

တောဆင်ရိုင်းတို့၏ သဘာဝနေထိုင်မှုက မိုးမကြီးအတွင်း
အုပ်စုနှင့်သူ အကောင်ရေ (၁၅မှ ၅၀)ထိ၊ ထိုထက်ကျော်၍ အုပ်ဖွဲ့
နေထိုင်တတ်ကြသည်။ အစာရှာဖွေကာ စားသောက်ရင်း ရေကြည်
မြက်နုရာဆီသို့လည်း ခပ်ဝေးဝေး သွားလာနိုင်ကြသည်။

မိုးရာသီတွင် တောနက်ကြီးအတွင်း၌ ခိုအောင်းနေတတ်
သည်။ မိုးကုန်သောအခါ မြေနိမ့်သောပိုင်းသို့ ပြောင်းရွှေ့ဆင်းသက်
သွားလာတတ်ကြသည်။ ထိုသို့သွားလာကြရာတွင် အခြားသောတိရစ္ဆာ
တို့ကဲ့သို့ သွားလာခြင်းမရှိ။ သူတို့သွားနေကြ လမ်းအတိုင်းသွား
ပြန်လှည့်လည်း ထိုလမ်းမှပင် ပြန်တတ်ကြသည်။

သို့အတွက် သူလိုက်နေသည့် စွယ်စုံဆင်ကြီး၏လမ်းကြော
ကို တွေ့ထားပြီမို့ မှားစရာတော့မြင်မရှိ။ အုပ်ကိုတွေ့ရန် ချဉ်းကပ်
ခတ်နိုင်ရန် ဇွဲနှင့်လုံ့လရှိဖို့သာလိုသည်။





ရှေ့ကိုဆက်လိုက်မိတော့ သစ်ပင်များ ခပ်ကျဲကျဲပေါက်နေသည့် ဆင်ခြေလျှောလမ်းအတိုင်း လိုက်ခဲ့ရင်း အဆုံးကိုရောက်တော့ ခပ်နိမ့်နိမ့်တောင်ကုန်းကလေးရှိရာဆီသို့ ရောက်လာသည်။ ထိုနေရာဆီတွင် ကျောက်တုံး၊ ကျောက်ခဲ၊ ချုံပင်ငယ်များနှင့် မြက်ရိုင်းပင်များကို တွေ့မြင်လိုက်ရပြီး တောင်ကုန်းအောက်ခြေတွင် တွင်းဝပုံသဏ္ဌာန်တစ်ခုနှင့် ကလိုင်လိုဖြစ်နေသည့်နေရာကို တွေ့လိုက်ရသဖြင့် အနီးကိုတိုးကပ်ကြည့်လိုက်တော့ အတွင်းဘက်ဆီတွင် မီးဖိုဟောင်းတစ်ခုနှင့် ဆင်းခြောက်များစုပုံထားသည်ကို တွေ့လိုက်ရသည်။ ယခင်က တောဝင်သည့်လုပ်ငန်းသမားတွေ စခန်းချနေထိုင်ကြသည့် နေရာဟောင်းတစ်ခုဖြစ်သည်ကို သိလိုက်ရသည့်အတွက် ယူဆောင်လာသည့် ရိက္ခာထုပ်ကို ထိုအတွင်းထည့်လိုက်ပြီး နောက်ရက်များတွင် ထိုနေရာဆီတွင် စိတ်ချစွာစခန်းချမည်ဟု တွေးတောကာ ရွာဘက်ဆီသို့ပြန်လာပြီး သူငယ်ချင်းဖြစ်သူလှည်းဖြင့် ဆတ်သေကြီးကို သယ်ဆောင်ရန်လုပ်ငန်းကို လုပ်ကိုင်လိုက်ပေသည်။

ညပိုင်းတွင် ဆတ်ချိုနှင့်စိမ်ထားသည့်အရက်၊ ဆတ်ဝမ်းတွင်းသားချက်တို့နှင့် စားသောက်လိုက်ကြရင်း နံနက်မိုးစင်စင်လင်းကာ နေ့သစ်တစ်နေ့ကို ကူးခဲ့ပေသည်။ နံနက်စာကို ဗိုက်ပြည့်လိုက်ပြီး ထမင်းထုတ်နှင့် ဆတ်သားကြော်ကို လွယ်အိတ်အတွင်းထည့်ကာ သူယူဆောင်လာခဲ့သည့် တူမီးသေနတ်ကို ကျည်ဖြည့်၊ ဒူးလေးနှင့် မြားကျည်တောက်ကိုလွယ်လျက် ကတက်မြောင်ဘက် သူမနေ့က ပစ္စည်းများထားခဲ့ရာဆီသို့သွားခဲ့သည့် ဆင်သွားလမ်းကြောင်းအတိုင်း ထွက်တော့မည့်အလုပ်တစ်စိန်သန်းအား ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း . . . ငါမနေ့က ကတက်မြောင်ဘက်မှာ
ဟောင်းတစ်ခုတွေ့ထားတယ်။ အချိန်မီပစ်လို့ရရင် ငါပြန်လာခဲ့မ
အချိန် မရရင်တော့ အဲဒီမှာအိပ်မယ်ဆိုတော့ ပြန်မလာရင် စိတ်
နော်"

မယုတ်မလွန် မှာကြားခဲ့ပြီး ထွက်ခဲ့ပေသည်။ အလာ
တွင် ဒူးလေးကို မနေ့က သူကိုယ်တိုင် စမ်းသတ်ပစ်ခတ်ကြည့်ခဲ့
ကိုနေအောင် ပြောသည့်အတိုင်းမှန်နေသဖြင့် သဘောအကျကြီး
လျက်ရှိနေသည်။ သို့အတွက် တောဆင်ရိုင်းကြီးကို ထိုဒူးလေးနှင့်
ပစ်ခတ်ရန်နှင့် ယူဆောင်လာသည့်တူမီးသေနတ်ကို သက်စောင့်
ရန် ရည်ရွယ်လိုက်ပေသည်။

သည်နေရာတွင် တူမီးသေနတ်အကြောင်းကို သိရှိနိုင်
အနည်းငယ် တင်ပြလိုပေသည်။ ထိုသေနတ်မျိုးက ယမ်းမှုန့်ကိုပြော
အတွင်းထည့်ကာ ထောင်းတံနှင့် ထောင်းထည့်ပြီးမှ ခဲလုံးထည့်
ထောင်းပြီးမှ ပစ်ခတ်ရသည်ဆိုသော် သည်အတိုင်းပစ်ခတ်လို့က မရ
သေနတ်မျိုး။

နောက်တစ်ဆင့်က ပြောင်းအတွင်း ယမ်းနှင့်ခဲ ထည့်
ထောင်းပြီးနောက် (တူဆံ)လို့ခေါ်သည့် ဓာတ်ခဲထိပ်မှ ကြေးဝါဆန်
ခွက်ကလေးနှင့်အုပ်ကာ ဖုံးအုပ်လိုက်ပြီး စပရိန်ဖြင့်ချိတ်ဆွဲလျက် မော
ရိုက်တံကိုမ,တင်ပြီး မောင်းခလုတ်ကိုဆွဲလိုက်သည်နှင့် ဆွဲမောင်းပြ
ကာ ရိုက်တံနှင့် မောင်းခလုတ်ထိနိုက်၍ အကူယမ်းက ပေါက်ကွဲ
လောင်ပြီး အတွင်းရှိယမ်းမကြီးဘက်ဆီသို့ကူး၍ မီးလောင်ပေါက်
ကျည်ထွက်ရသည့် သေနတ်မျိုးပင်ဖြစ်လေသည်။





သို့သော် အခက်အခဲတစ်ခုရှိနေသည်က ထိုတူမီးသေနတ်ကို
က သေလောက်သည့်သေကွင်းဆီသို့ တစ်ချက်ပစ်သွင်းလိုက်ပါ
သားကောင်မှာ မသေဘဲပစ်ခတ်သူကို သွေးရူးသွေးတန်းဖြင့်
ည်ရန်မူလာခဲ့ပါလျှင် နောက်တစ်ချက် စခန်းသိမ်း ထပ်မံပစ်
င်ရန်အတွက် လုပ်ဆောင်နေရသည့်ကြားကာလသည် (၁၀)မိနစ်
ကြာသည်။

ယခုလို စွယ်စုံတောဆင်ရိုင်းကြီးတစ်ကောင်ကို ပစ်ခတ်ရာ
တစ်ချက်ကောင်းမလဲဘဲ လူကိုပြန်လည်ပြီး အန္တရာယ်ပေးခဲ့ပါ
စဉ်းခံလိုက်ရမည့်အခြေအနေမျိုးမို့ တူမီးသေနတ်ကို အရံမကိုး
သို့အတွက် သူစမ်းသပ်ကြည့်ခဲ့သည့် ဒူးလေးနှင့် ဦးစွာပစ်မည်။
သေနတ်ကိုတော့ သက်စောင့်ထားကာ လိုမှသုံးမည်ဟု ရည်ရွယ်
သည်။

မကြာမီ စခန်းချမည့်နေရာဆီသို့ ရောက်ခဲ့ပေပြီ။ ဂူထဲတွင်
ကို စတင်ဖိုလိုက်သည်။ ပြီးနောက် ထိုဝန်းကျင်ကို အကဲခက်လေ့
မှန် ထွက်ခဲ့ရင်း တောဆင်ရိုင်းအုပ်ကို ရှာလိုက်သည်။ တောကြီးက
တိုင်းဆန်သလို ရွက်ပြတ်တောနှင့် ရောထွေးနေသည့်နေရာမို့ ပတ်
ကျင်အခြေအနေကို အတော်ဝေးဝေးဆီထိ လှမ်းမြင်တွေ့နေရသည်။

တောင်ကျရေစီးဆင်းရာ ချောင်းနှင့်လည်း နီးသည်။ ချောင်း
ကော်၍ လှမ်းကြည့်လိုက်ရာ ဟိုဘက်ကမ်းတွင် ဝါးရုံတောကြီးများ
တိ။ ထိုစဉ် . . . သည်ဘက်ချောင်းအစပ် အရှုပ်တောကြီးအတွင်း
. . .

"ဗျော . . . ဝေါ . . ."

တောတိုးသံကြီးကို ကြားလိုက်ရသဖြင့် ကိုင်ဆောင်ထားသည့်
လေးဖြင့် အသံကြားလိုက်ရာဆီသို့ လှမ်းချိန်ရွယ်လိုက်သည်။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေကို သောက်သုံးရန်အတွက် ချုံနွယ်တောကြီးအတွင်းမှ ထွက်လာသည့် ဦးချိုတစ်မိုက်ခန့်ရှိ ပြာတာတာအသွေးနှင့် ချေ… ကောင်ကို တွေ့မြင်လိုက်ရသည်မို့ လေးညို့ကို ဆွဲဖြုတ်လိုက်သ…

အသံကြားလိုက်ရာဆီသို့ လှမ်းကြည့်လိုက်မိသော် ချေ… ၏မျက်လုံးနှစ်လုံးကြား ထိုးဖောက်ဝင်ရောက်သွားခြင်းခံလိုက်ရသေ… ဖိုမှာ ရှေ့ကို ငိုက်ခနဲနိမ့်ကျသွားရင်း လူးလိမ့်အသက်ပျောက်သ… တော့သည်။

ချေသေအနီးသို့ တိုးကပ်လျက် မြားတံကိုဆွဲနုတ်ကာ ငှ… ဖက်နှင့် ပြန်လည်ပတ်ကာ သိမ်းဆည်းလိုက်ပြီး ထိုနေရာမှ … စပ်သို့ဆွဲကာ အရည်ချ၊ ဝမ်းကိုခွဲ၊ လေးဘက်ချ၊ အတုံးများကို… ထိုးမီးကင်ထားလိုက်သည်။ ရိက္ခာထုပ်အတွက် ဖူလုံသွားပြီမဟု… လား။

အိမ်မှယူဆောင်လာသော ထမင်းထုပ်ကိုစားလိုက်ပြီး ည… ညတာ လုံခြုံစိတ်ချဖို့အရေးကို ကြည့်လိုက်တော့ ဂူပေါက်ကို … ကာဆည်းရန်အတွက် ဝါးတို့ကိုခုတ်လိုက်သလို ယင်းတို့ကို ကော… စုဆောင်းထားလိုက်သည့်အချိန် မိုးက ရွာချလာခဲ့ပေသည်။

အမှောင်ဘက်ဆီသို့လည်း လုလာသလို ကတက်မြေ… ကျင် ဆင်လမ်းကိုလည်း တွေ့ထားခဲ့ပြီမို့ ဂူပေါက်ကို အခိုင်အမာ… နှင့်ပိတ်ပြီး ချေသားကြော်နှင့် အရက်ကိုစားသောက်လိုက်ပြီး ထ… ကြီးများကို ဆိုင်ထည့်ပေးထားကာ အပန်းဖြေလိုက်ပေသည်။ မိုးတ… နှင့်မို့ ယနေ့ည တောဆင်ရိုင်းတို့အသံကို နားစွင့်လိုက်ရင်း အိမ်… ပေမည်။

✿ ✿ ✿

[ ၈ ]

အမှန်တော့ ထင်ကျော်တစ်ယောက် ရွာတွင်ရိက္ခာဝယ်သည် …သော်လည်း များများစားစားဟော့မဟုတ်။ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန် …က်ဖက်ခြောက်အနည်းငယ်တို့ရယ်သာ။ သူ့လုပ်ငန်းစဉ်ကို အကွက် …ည်လိုက်တော့ အလွန်ဆုံးကြာမှ (၅)ရက်ထက်မပို၊ ပိုလို့ကလည်း … ယခုလိုမိုးဦးကာလအစ မိုးချိန်ဆိုသည်က ရိုးမကြီးအတွင်း ဟင်း …ာ ပေါချင်တိုင်းပေါသည်ကို လှုတိုင်း သဘောပေါက်သည်မဟုတ်ပါ

အခြားသောအရာများကို ဖယ်ထားဦး။ ယခုလိုအချိန်တွင် ရိုးမ …အတွင်း မှိုတစ်မျိုးတည်းကိုသာကြည့်ဦး၊ စားလို့ရသည့်မှိုနှင့်စားလို့ …ည့် မှိုအရောင်မျိုးစုံထွက်သည့် အချိန်ကာလပင်။ စားလို့ရသည့်မှို



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ကြသည့် ငှက်စိုမှို့၊ တောင်ပို့မှို့၊ မှိုအုန်းနက်၊ ဝါးရုံမှို၊ ကြို့မှို စသ
မှိုတို့က အနောက်ရိုးမကြီးတစ်ခွင်လုံး ပေါချင်တိုင်းပေါများသည့်အ
အခြားသီးနှံ၊ အညွန့်အဖူးတို့ကလည်း များပြားလွန်းလှသည်။ ယခုလ
ဝါးဆစ်ပူးထဲ ဆန်အနည်းငယ်ထည့်၊ မှိုနှင့် အခြားစားလို့ကောင်း
သစ်သီး၊ သစ်ဥတို့ကိုထည့် ချေသားတုံးကို တစ်ရက်စာ ထည့်ကာပြ
လိုက်ခြင်းရယ်သာ။ မနက်စာအတွက်ပြင်ဆင်ကာ မီးဖိုဘေးတွင် အသ
စီမံပြီးသား။ ညစာကိုတော့ သူငယ်ချင်းအိမ်မှ ကြော်လာခဲ့သည့် ဆ
သားကြော်ကိုစားလိုက်ကာ မှေးစက်နားနေလိုက်ပေသည်။

သူ့အနေနဲ့ ယနေ့ညသတိထားဖို့က တောဆင်ရိုင်းအုပ်တို့
အသံပင်၊ တောဆင်ရိုင်းတို့မည်သည် အုပ်လိုက် ညအိပ်စခန်းချသ
နေရာဖြစ်စေ၊ လှည့်လည်အစာရှာဖွေ စားသောက်ကြသည့်အခါဖြစ်
ယခုသူရှိနေသည့်နေရာက ကြားနိုင်သည်။

အထူးသဖြင့် ထိုတောဆင်ရိုင်းအုပ်အတွင်း ဆင်ပေါက်က
များပါရှိနေလျှင် ပိုပြီးသိသာစေသည်။ အဘယ်ကြောင့်ဆိုသော် ဆင်ပေ
ကလေးတို့သည် နေ့လယ်နေ့ခင်း အစာရှာဖွေစားသောက်ချိန်၌ ဦ
ဆင်၊ သားထိန်းဆင်၊ မိခင်ဆင်မကြီးတို့ကို ကြောက်ရသဖြင့် ဆင်အ
နှင့်သိပ်မခွာရဲကြ။ အခြားသောဆင်များအနီးသို့လည်း သိပ်မကပ်ရဲကြ
သူတို့ကြောက်ရသည့်ဆင်များ အိပ်ပျော်နေကြသည့် ညအချိန်အ
ကိုချောင်းကာ အသာတိတ်တခိုး ချဉ်းကပ်ဖွန်ကြောင်တတ်ကြသည်
ထိုသို့ဖွန်ကြောင်ကြရာတွင် ကျေနပ်ကြလျှင် အဆင်ပြေသ
မကျေနပ်ကြသည့်အခါ အော်ဟစ်မောင်းထုတ်ကြသည်။ ထိုသို့ အေ
ဟစ်မောင်းထုတ်ကြသည့်အသံကြောင့် ဦးစီးဆင်များနိုးလာလျှင် သစ်
သစ်ကိုင်းတို့ကိုချိုးကာ ရိုက်နှက်တတ်ကြသည်။





ကျောကုန်းတို့ကို နှာမောင်းဖြင့်ထုရိုက်၊ နားရွက်ကိုကိုက်၊ အမြီး
ကိုက်ဖြတ်ဆုံးမတတ်ကြပေသည်။ ထိုသို့ခံရသော ဆင်ငယ်ကလေး
မှာ ကြောက်ရွံ့စွာအော်ဟစ်သံတို့က ပတ်ဝန်းကျင်ကို သောသောညံ
သည်မို့ သူလို ဆင်သတင်းကို စုံစမ်းနေသူအတွက် အလွယ်တကူ
င်ရိုင်းအုပ်ရှိရာကို ခန့်မှန်းသိရှိနိုင်သည့်အတွက် သတိထားနားစွင့်ရ
ည်မဟုတ်ပါလား။

''ဖြောင်း ....ဖျော ...ဖြောင်းရွမ်း ...''

ညဉ့်အတော်နက်တော့ ချောင်းဟိုဘက် ဝါးရုံတောကြီးများ
အတွင်းဆီမှ ဝါးပင်တို့ကိုချိုးဖဲ့ကာ ဝါးရွက်တို့ကိုစားသောက်သံ၊ မျှစ်
ပါက်များကိုချိုးဖဲ့သံ၊ ဝမ်းခေါင်းသံကြီးများနှင့် အော်ဟစ်လိုက်သံ
ကို ကြားနေရသည်မို့ အိပ်ရာမှနိုးလာသည်။

မီးဖိုကြီးအတွင်း ထင်းများဆိုင် ထည့်ပေးလိုက်သည်။ မိုးကား
ွားသည်မို့ သူတို့၏အသံကို အတိုင်းသား ကြားနေရသည်။ ကင်ထား
ည့်ချေသားနံ့ကို ရသွားမှာစိုးသည့်အတွက် မီးကိုဖိုမှခွာလိုက်ပြီး ချေ
းနှင့်အဖန်ရည်ကို စားသောက်ရင်း နားစွင့်လျက် မိုးလင်းပိုင်းကို
ာက်ခါနီးမှ မှေးခနဲ အိပ်ပျော်သွားပြန်သည်။

မိုးစင်စင်လင်းတော့မှ အိပ်ရာမှထလိုက်ပြီး မျက်နှာသစ်၍
ိုင်းကပြုတ်ထားသည့် ဆန်ပြုတ်နှင့် ဗိုက်ဖြည့်ကာ တူမီးသေနတ်
လွယ်၊ တောင်ပေါ်သား ဒူးလေးကိုကိုင်လျက် ညကကြားနေရသည့်
ောဆင်ရိုင်းတို့ အော်ဟစ်သံကြားရာဆီသို့ ချောင်းကိုဖြတ်လျက် ဝါး
ောကြီးအတွင်း တိုးဝင်သွားလိုက်ပေသည်။

ဝါးတောကြီးအတွင်း အတန်ငယ်တိုးဝင်လိုက်တော့ တောင်
က်စူးစူးချောင်းဖျားဘက်ဆီမှ တောဆင်ရိုင်းအုပ်၏ အော်ဟစ်သံတို့



www.burmeseclassic.com

www.burmeseclassic.com



ကို သဲ့သဲ့ကြားလိုက်ရသည့်အတွက် အနီးသို့ ခြေသံလုံလုံနင်းကာ သွာ
လိုက်ပေသည်။

အတန်လှမ်းရာသို့ရောက်တော့ အခြေအနေကို ကြည့်ရှုအက
ခတ်ရန် သစ်ပင်မြင့်ကြီး ထိပ်ဖျားဘက်သို့ရောက်ပြီး ကြည့်လိုက်ရ
သူပစ်ချင်သည့် ဗွယ်စုံဆင်ရိုင်းကြီးပါသည့် ဆင်အုပ်ကြီးမဟုတ်သည
အတွက် လက်လျှော့ကာ ထိုဆင်ရိုင်းအုပ်ကို ကွေ့ပတ်ရှောင်ရှားလျှ
အတွင်းပိုင်းကို တိုးဝင်လိုက်ပြန်သည်။

အတွင်းပိုင်းကိုလျှောက်လှမ်းနေရင်း မြေပြင်တွင် ဆင်ရိုင်
အုပ်ကြီးတစ်အုပ်၏ သွားထားသည့်လမ်းကြောင်းကို တွေ့လိုက်ရသဖြ
အကဲခတ်ကြည့်ကြည့်လိုက်ပြီး ထိုလမ်းကြောင်းအတိုင်း လိုက်သွာ
ရာ တစ်နာရီသာသာခန့် တိုးဝင်လာခဲ့သည်မှ တောက ပိုမိုနက်ရှိုင်
လာသည်။ တောကြီးမှ ကြောက်စရာ၊ ကျောချမ်းစရာကောင်းလော
အောင် အသွင်ဆောင်လာသည့်အနေအထားကို သတိပြုမိလာသည်
သစ်ပင်ကြီးတို့မှာ တစ်ပင်နှင့်တစ်ပင် အပင်ချင်းယှက်အော
သိပ်သည်းထူထပ်နေသော တောကြီးသည် နေပြောက်ပင်မထိုးနိုင်အော
ညို့မှိုင်းနေသည်။ တောကောင်ငယ်တို့၏ အော်ဟစ်မြည်ကြွေးသံများ
ကိုလည်းကောင်း၊ တောကျိုးကန်းများ၏ အော်မြည်သံတို့က ထိုတော
ကြီးအတွင်းသို့ ဝင်ရောက်လာခဲ့မိသည့်သူ့အား ကြောက်စရာအသွင်ကို
ဖန်တီးနေသလိုပင်။

တောကျိုးကန်းဆိုသည့်အကောင်တို့က လူကိုအန္တရာယ်ပေ
တတ်သည့်အကောင်မျိုးရှိမှ ဝိုင်းအော်ဟစ်တတ်ကြသည့်သဘောကို သ
သိရှိထားပြီးမို့ သတိကိုအလစ်မပေးရဲဘဲ နားကိုစွင့်ကာ တိုးကပ်လိုက်
ရင်း ချဉ်းကပ်ခဲ့ရာ ချိုးဖဲ့စားသောက်နေကြသည့် တောဆင်ရိုင်းအုပ်ကြီ

စိတ်ကူးသစ်စာပေ



သံကို သူကြားနေရသည်။

သို့ဆိုလျှင် အော်ဟစ်နေသည့် တောကျိုးကန်းတို့အသံမှာ မည်
ည့်အကောင်ကိုတွေ့မြင်၍ အော်သနည်း။ ရိုးမကျားကြီးများလား။
သစ်လို အကောင်မျိုးလား၊ ဝံလိုအကောင်လား၊ သို့မဟုတ် အုပ်စု
ဲ့ကာ ထိုးထိုးနေကြသည့် ဗွယ်စုံတောဆင်ရိုင်းကြီးလား စသည့်
တွေးပေါင်းစုံနှင့်တွေးကာ ဗွယ်စုံဆင်ကြီးဖြစ်ဖို့ များသည်ဆိုသော
တွေးဖြင့် လေတင်လေအောက်ကိုကြည့်လျက် အသာတိုးကပ်လှမ်း
ည်လိုက်ရာ ...

''မြောင်း ...ဗျော ...''

ဝါးပင်ကိုချိုးသံ ဝါးရွက်များကို နှာမောင်းကြီးဖြင့် လိမ်ပတ်
း စားနေသံကြီးကို အနီးကပ်ကြားလိုက်ရသဖြင့် အနီးစပ်ဆုံး ချုံ
ဲ့တောကြီးအတွင်းတိုးဝင်ကာ ပစ်ခတ်ရန်ကြည့်လိုက်သည်။ ထိုအချိန်
ကို ရရှိသွား၍လားတော့ဖြင့်မသိ။ အစာစားနေရာမှ ခွာစုံပစ်လျက်
ရွက်ကြီး နှစ်ဖက်ကိုဖြန့်ကား၊ နှာမောင်းကြီးကို အစွယ်ကြီးနှစ်ချောင်း
ကြားမှ ဦးကင်းဆီသို့ကပ်၊ အမြီးတိုကလေးကိုမြှောက်လျက် နောက်
အနေအထားဖြင့် ဝန်းကျင်ကို မသက်သာသောဟန်နှင့် ဖင်ပေးကာ
က်လံပြီး ရန်သူကိုရှာဖွေနေသည့်အဖြစ်ကို တွေ့လိုက်ရသည်။

''အားပါးပါး ...ကြီးလိုက်တဲ့ အစွယ်ကြီးတွေပါလား''

နောက်ကျောမှ လှမ်းကြည့်လိုက်ရင်း ဗွယ်စုံဆင်ကြီး၏ဖင်ပိုင်း
ချိန်ရွယ်ကာ လေးညို့ကို ဆွဲဖြုတ်လိုက်ပေတော့သည်။ မြားတံကို
နီးကပ် ပစ်လွှတ်လိုက်ရသည်မို့ လေကိုခွင်းလျက် ညာဘက်တင်ပါး
သို့ အဆုံးတိုင် နစ်မြုပ်စိုက်ဝင်သွားသည်ကိုတွေ့လိုက်ရပြီး နေရာမှ
ာလမ်းအတိုင်း လှစ်ခနဲ ပြေးထွက်ခဲ့ပေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကြောင်း ...ရှမ်း ...ဝေါ ..."

စွယ်စုံဆင်ကြီး၏ ငယ်သံငယ်ရင်းပါအောင် ဝမ်းခေါင်းသံကြီး နှင့်အော်သံကို အကြိမ်ကြိမ်ကြားလိုက်ရသည်နှင့်အတူ ပြေးလွှားနေသည် က စခန်းချရာဆီသို့ပင်ဖြစ်ပေသည်။ အထိုင်ချရာဆီသို့ရောက်တော့ စိတ်လှုပ်ရှားမှုပြေပျောက်ရန်အတွက် လက်ကျန်အရက်နှင့် ချေသားကင် ကိုစားကာ ပင်ပန်းနွမ်းနယ်မှုကို အနားယူရင်း အခြေအနေကို စောင့်စား နားဆင်နေလိုက်ပေတော့သည်။

လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ လက်ဝှေ့သမားက ပြိုင်ဘက်ကို စိန်ခေါ်ရင်း ဟန်ရေးပြကာ လက်ခမောင်းခတ်နေသည့်အသံမျိုးဖြင့် တော ကြက်ဖငယ်တို့က အတောင်ပံရိုက်လျက် တွန်ကျူးသံများကို စတင် ကြားလိုက်ရသည်မှ အိပ်ရာမှနိုးထလာခဲ့ပေသည်။

မျက်နှာသစ် အဖန်ရည်နှင့်ချေသားကင်တို့ကို ဗိုက်ပြည့်လိုက် ပြီး သေနတ်ကိုလွယ်၊ ဒူးလေးကိုကိုင်ဆောင်လိုက်ပြီး မနေ့ကပစ်ခတ် ထားသည့် စွယ်စုံတောဆင်ရိုင်းကြီးဆီသို့လာခဲ့ရာ နေ့လယ်ပိုင်းလောက် တွင် သူပစ်ခတ်ထားခဲ့သည့်နေရာနှင့် လေးဖာလုံခန့်အကွာ မြေပြင်တွင် ဘေးတိုက်လဲကျအသက်မဲ့နေသည့် စွယ်စုံဆင်ကြီးကို တွေ့လိုက်ရသော် လည်း သူ ဝမ်းသာမနေနိုင်သေး။

အစွယ်ကြီးနှစ်ချောင်းကိုချွတ်ဖို့ လုပ်ငန်းပိုင်းက ကျန်သေး သည်ကိုး။ ထိုနေရာတွင်ပင် တစ်နေကုန် ခက်ခက်ခဲခဲနှင့် ချွတ်ယူလိုက် ပြီး သူစခန်းချရာ ချောင်းကမ်းဘေး သဲသောင်ပြင်တွင် ကျင်းတူးမြှုပ် နှံဝှက်လို့အပြီး ဟိုဘက်ကမ်းကိုကူး စခန်းချရာဆီရောက်တော့ အမှောင် ဘက်ကို လှနေခဲ့ပေပြီ။





တစ်နေ့လုံး ပင်ပန်းထားသော်လည်း ဝမ်းသာနေသည့်မို့ ပင် ပန်းမှန်းပင်မသိ။ ချေသားကင်နှင့် အရက်ကိုသောက်စားပြီး အိပ်စက် ယူလိုက်ပေတော့သည်။ မိုးလင်းပါလျှင် ညောင်ချောင်းကျေးရွာ ငယ်ချင်း စိန်စောသန်းတို့အိမ်သို့ ချိန်းဆိုထားသည့် ကိုနေအောင် တပည့်တို့ ရောက်လာကြမည်မဟုတ်ပါလား။

မိုးလင်းသောအခါ လက်နက်များကိုယူလျက် အပြန်ခရီးကို တင်ခဲ့ပေသည်။ နေ့လယ်ပိုင်း ရွာကိုရောက်တော့ ကိုနေအောင်နှင့် ည့်နှစ်ယောက် မော်တော်နှင့်လိုက်ပါပြီး သူ့ကိုစောင့်နေသည်ကို တွေ့ ကိုက်ရပေသည်။ သူတို့အကြောင်းပြချက်က ထင်ကျော်ကို လမ်းကြုံ ဖြင့် ဝင်ခေါ်ခြင်းဖြစ်ကြောင်း ပြောထားနှင့်ခဲ့ပြီပဲလေ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# | ၄ |

❑

တင်ကျော်အပြန်လမ်းတွင် ချေတစ်ကောင်ပစ်ခတ်ထမ်းယူပြန်လာခဲ့သည့်အတွက် ချေကိုအရည်ချ၊ ဝမ်းတွင်းသားကိုထုတ်၊ ချက်ပြုတ်ကြော်လှော်ကာ အရက်နှင့် စားသောက်နေလိုက်ကြသည်။ ညနေစောင်းတော့ ကိုနေအောင်က ရွာခံမုဆိုးစောစိန်သန်းအား လက်ဆောင်ပစ္စည်းများအပြင် ကျပ်ငွေငါးထောင်ပေးကာ အပြန်ခရီးကို စတင်လိုက်ကြပေသည်။

သူတို့ မော်တော်ဖြင့် ထွက်ခွာလာခဲ့ကြရာ ချောင်းရိုးအတိုင်းအတွင်းကိုထိုးဝင်လျက် ဆင်စွယ်ကြီးတို့ကို မြှုပ်နှံထားခဲ့သည့်နေရာဆီရောက်တော့ ဖော်ယူလိုက်ကြပြီး ဝမ်းဗိုက်အတွင်းသို့ဝှက်ကာ ညတွင်းချင်း ပုသိမ်ဆီသို့ ပြန်ခဲ့ကြပေသည်။





ပုသိမ်မြို့ကိုရောက်တော့ သူ့အိမ်ကိုသယ်ဆောင်လျက် ဆင်စွယ်နှစ်ချောင်းကို ချိန်ကြည့်တော့ (၃၇–ပိဿာ) အလေးချိန်စီးသည်မို့ တန်ဖိုးငွေအမြောက်အမြားကို ရလိုက်သည်။ ထိုငွေကို နှစ်ဦးခွဲလိုက်ပြီး လိုသလောက်ငွေအနည်းငယ်ကိုယူကာ နောက်သုံးရက်ကြာတော့ လေးမျက်နှာရွာဆီသို့ ပြန်ခဲ့ပေတော့သည်။ နိဗ္ဗာန်ကုန်သည် ကိုနေအောင်ကို သူယုံကြည်စိတ်ချသည်မဟုတ်ပါလား။ ရွာကိုပြန်ရောက်တော့ ဟန်မပျက် အမဲလည်လျက်ပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၀ |

❑

ထင်မှတ်မထားဘဲ ဂွင်ကောင်းနှင့်တိုးလိုက်သဖြင့် ငွေအများအပြားကို ရရှိလိုက်သလို ပြဿနာတစ်စုံတစ်ရာမရှိခဲ့ခြင်းက ကံတရားက သူ့ဘက်မှာရှိနေသည်ဟု ယုံကြည်သော်လည်း စိတ်တိုင်းကျသုံးစွဲလို့က မဖြစ်နိုင်သေး။

အထူးသဖြင့် သူ့အပေါ်တွင်အထင်သေးခဲ့ကြသည့် အစ်မနှင့်ညီဖြစ်သူကို လက်စားချေချင်သလို၊ သူငယ်ချင်းဖြစ်သူ ကိုတင်ထွန်းကိုလည်း ကျေးဇူးဆပ်ချင်သည်။ သို့သော် ဘယ်လိုမှမဖြစ်နိုင်သည့် အခြေအနေမျိုး။

သို့အတွက် သူစဉ်းစားလိုက်မိသည်က သူပိုင်လယ် (၁၀)ဧကကို ရောင်းချငွေဖော်ရန်ပင်။ သို့မှသာ ပေးကမ်းစွန့်ကြဲသင့်သူကို ပေး





သို့ရမည်။ လှူဒါန်းလိုကလည်း လှူဒါန်းလို့ရမည်။ နောက်ဆက်တွဲကညွှန်နှင့်နွားတို့အပါအဝင်။ အကြောင်းပြချက်က သေလျှင် ကိုယ့်နောက်မပါဘူးဆိုသည့် အကြောင်းပြချက်နှင့် ဆုံးဖြတ်ချက်ချလိုက်ပေသည်။

ဆုံးဖြတ်ချက်နှင့်အတူ အကောင်အထည်ဖော်လိုက်သည်။

မိုးသည်ကတော့ အိမ်ဆိုင်ကလေးဖွင့်ထားသလို သူကလည်း အမဲလိုက်မပျက်။ အရောင်းအဝယ်ဖြင့် အကျိုးပေးသည်ဟု အကြောင်းပြကာ နွမ်းပါးသူတို့ကို ထောက်ပံ့ပေးကမ်းစွန့်ကြဲသည်။ ချေးငှားသည်။

ရွာဦး နိဗ္ဗာန်ကျောင်းဆရာတော်ဘုရားကြီးနှင့် တပည့်သားသံဃာတို့ကို လှူဒါန်းသည်။ ထိုကဲ့သို့ လှူရင်းတန်းရင်း အကျိုးပေးသည်ဟု အကြောင်းပြကာ ဆရာတော်ဘုရားကြီး၏ သိမ်နှင့်ကျောင်းတော်ကြီးကို အသစ်ပြန်လည်တည်ဆောက်လှူဒါန်းပြန်သည်။

သိမ်တော်ကြီးနှင့် ကျောင်းဆောင်သစ်ကြီးဆောက်လို့အပြီး ရေစက်ချပွဲလုပ်မည့်ညတွင် ဖိတ်ကြားထားသည့် ရွာသူရွာသားများအား ညစာခံကျွေးမွေးရန် အချက်အပြုတ်လုပ်ကိုင်နေသည့် ညပိုင်းတွင် ဆရာတော်ဘုရားကြီးက ထင်ကျော်ကို ဘုရားခန်းတွင် အဖူးမြော်ခံရင်း ...

''ဒကာထင်ကျော် ...အဲ ...အဲ ... စွယ်စုံထင်ကျော်၊ ကြားနဲ့ငါ နစ်ဦးထဲမို့ နစ်ကိုယ်ကြား ဒီနာမည်ကို ခေါ်လိုက်တယ်ဆိုရင် ဒကာ ဘာကိုရည်ရွယ်ပြောတယ်ဆိုတာကို သဘောပေါက်လောက်ပြီထင်တယ်။ ရှေ့ကိုဆက်မတိုးနဲ့တော့။ ဆိုင်ရာပိုင်ရာတွေက ငါ့ကိုလာပြီးလျှောက်ထားကြတယ်ကွ။ ရပ်တန်းက ရပ်တော့။

အင်း ...လူတွေဆိုတာ ဒေါသ၊ မောဟ၊ လောဘနဲ့ အမှောင်တွေ ဖုံးနေကြပါလားကွယ်။ ဒုက္ခ ...ဒုက္ခ ...။ အေး ...သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ဒကာ။ ကုသိုလ်ကောင်းမှုတွေကို ဆထက်ထမ်းပိုး ပွားများ
စေ။ ဘုန်းကြီးလို့ သက်ရှည်ပြီး အနာရောဂါကင်းရှင်းပါစေ။ ထော
အလှူ့ဒါယကာကြီး ဖြစ်နိုင်ပါစေကွယ်''

ဆရာတော်ဘုရားကြီး မိန့်ကြားလိုက်သည်က ဒီလောက်
သာ။ ထူးဆန်းသည်က သူတို့နှစ်ဦးထဲသာ သိရှိထားကြသည့် ရွ
ထင်ကျော်ဆိုသည့်အမည်ကို ဘုန်းဘုရားကြီးမည်သို့ သိရှိနေသည်
တော့ တွေးလို့လည်းမရ၊ ဉာဏ်လည်းမမီခဲ့။

နောက်နေ့ ရေစက်ချပွဲတွင် ရွာလုံးကျွတ်ဖိတ်လျက် ထ
ရည်ချောင်းစီး ကျွေးမွေးညွှန့်ခံပြီး အလှူ့ဒါယကာကြီး ဦးထင်
ဒေါ်ရွှေမိဘွဲ့ကို လက်ခံရယူလိုက်ကြပေတော့သည်။

ထိုကဲ့သို့ လုပ်ငန်းကိုဟန်မပျက် အမဲလိုက်လုပ်ငန်းကို
နေရာမှ သကြံန်လက်ဆေးမိုး ရွာလိုက်သည့်အချိန် ပုသိမ်မြို့မှ ကို
အောင် စွယ်စုံထင်ကျော်ဆီသို့ ရောက်ရှိလာခဲ့ပြန်သည်။ ဘယ်
အကြောင်းနှင့် ရောက်ရှိလာသည်ကို မေးဖို့ပင်မလို။ သူကလည်း
နေမိသည်ကိုး။ အလိုလိုသဘောတူပြီးသား ဖြစ်သွားကြပေသည်။ ယ
နှစ်ကပုံစံအတိုင်း နှစ်ဦးသား ဈေးဘက်ရှိ ဦးတည့်ဘွားစားသော
ဆိုင်တွင် ဆုံလိုက်ကြရင်း အစားအသောက်များကိုမှာယူလျက် ..

''ကဲ ... စွယ်စုံကြီး ကျွန်တော် ခင်ဗျားဆီ ဘာကြောင့်
တယ်ဆိုတာကို သဘောပေါက်မှာပါနော်''

''ပေါက်ပါတယ်ဗျာ။ ကျွန်တော်ကလည်း မျှော်နေခဲ့တာ အ
ပဲလေ။ နောက်ဆုံးအနေနဲ့ ဒီတစ်ချီလောက် နွှဲလိုက်ချင်သေးလို့ဗျ

''ကျွန်တော်လည်း ဝယ်လက်ကလာပြီး ဟိုနှစ်ကပေးတဲ့
ထက် ပိုပေးတယ်ဗျာ။ ဒီတော့ အဲဒီကိစ္စကို ခင်ဗျားနဲ့တိုင်ပင်ရအေ





ခဲ့တာပဲဗျ။ ခုလို ခင်ဗျားသဘောထားကို သိလိုက်ရတော့ ဝမ်းသာ
ဗျာ။ ဒီတစ်ကြိမ် နောက်ဆုံးထားပြီး လုပ်ရှားလိုက်ကြရအောင်''

''ဒီတစ်ခါတော့ ကိုနေအောင်ကို တစ်ခုလောက်ပြောချင်တယ်

''ဟုတ်လား။ တစ်ခုတည်းလား။ နှစ်ခုပြောဗျာ။ ကဲ ...
ပြော''

''ဒီလိုပါ ကိုနေအောင်ရယ်။ ဒီကိစ္စအတွက် ကျွန်တော်ဘယ်
လှုပ်ရှားခဲ့ရတယ်ဆိုတာကို ခင်ဗျားသိပါတယ်။ သတင်းယူရ၊ ဒီ
ကောင်တွေ နောက်ယောင်ခံလိုက်ရ၊ ပစ်ရပြန်တော့လည်း ပစ္စည်း
ရတာ ပိုခက်သေးတယ်ဗျ။ ဒါကြောင့် ကျွန်တော့်အတွက် ခင်ဗျား
သစ္စာရှိမယ့်လူတစ်ယောက်လောက် ထည့်ပေးပါလား။ အဖော်နဲ့
တော့ ကျွန်တော့်အတွက် ပိုအဆင်ပြေတာပေါ့ဗျာ။ နော ...''

''သဘောပေါက်ပါတယ် စွယ်စုံကြီးရယ်။ ခင်ဗျားကိုထည့်ပေး
က မုဆိုးစိတ်ရှိမဲ့လူမှဖြစ်မှာဗျ။ အဲဒီလိုလူမျိုး ကျွန်တော့်မှာမရှိ
ဘယ်လိုထည့်ပေးရမလဲ။ ခင်ဗျားမှာရော ရှိမလားဗျ။ ဟင်''

ကိုနေအောင်စကားကြောင့် ထင်ကျော် ငိုင်တွေသွားသည်။
ကြာကြာ တွေးတောလိုက်ပြီးမှ ...

''ဒီလိုလုပ်မယ်ဗျာ။ ကျွန်တော့်ညီတစ်ယောက်က မုဆိုးပဲဗျ။
အကြံလည်း အထိုက်အလျောက်ရှိတယ်။ သူ့ကိုခေါ်သွားရင် စိတ်
စိတ်ချရတယ်လေ။ ဘယ်လိုသဘောရလဲ''

''ခင်ဗျားစိတ်ချရတဲ့လူဆို ပြီးရော။ လှုပ်ရှားရမှာက ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုရင် သူ့မိသားစုအတွက် တစ်ခုပေးခဲ့မယ်ရမလာ နောက်ပိုင်းကိစ္စကိုရော ဘယ်လိုသဘောရသလဲ။ ပြောလေ''

''ကိစ္စပြီးရင် နောက်ထပ်လေးခုပေးမယ်။ ဒါနဲ့ ဖြတ်လို တော့''

နှစ်ဦးသား ညှိနှိုင်းလိုက်ကြသည့်အတွက် စားသောက်လို့အ အိမ်အတွက်မှာတော့ အထုပ်ဆွဲပြန်ခဲ့ပေတော့သည်။ အိမ်ကိုရောက်တေ အိပ်စက်တော့မည့်အလုပ် ကိုနေအောင်ပေးသည့် ငွေကိုလက်ခံယူလို ပြီး အိပ်စက်နားနေလိုက်ကြသည်။ မိုးလင်းတော့ ကိုနေအောင်ပုသိ သို့ ပြန်သွားသလို၊ ထင်ကျော်ကလည်း သူ့ညီအလတ် မြသိန်းမ တိုင်ပင်ကာ နောက်တစ်နေ့ခရီးထွက်ကြဖို့ ပြင်ဆင်လိုက်ကြပေသည်

နောက်တစ်နေ့နံနက်ပိုင်း ညီအစ်ကိုနှစ်ယောက် မှဆိုးအဘ အဆောင်တို့ကိုယူလျက် တောင်ခြေရွာကလေးဘက်ဆီသို့ ထွက်ခဲ့ ပေတော့သည်။

✿ ✿ ✿

[ ၁၁ ]

❑

တောင်ခြေရွာကလေးရှိ သူငယ်ချင်းမုဆိုးများအပြင် လယ် အကြီးတို့ထံ (၄)ရက်တိုင်တိုင် လှည့်ပတ်စုံစမ်းမေးမြန်းလိုက်ကြပြီး ကဲဆုံ၊ ယခင်အတိုင်ချခဲ့သည့် ညောင်ချောင်းကျေးရွာ သူငယ်ချင်း ၏အိမ်တွင် အတိုင်ချလိုက်ကြပေသည်။

စွယ်စုံဆင်ကြီးဦးဆောင်သည့် တောဆင်ရိုင်းအုပ်ကြီးက သွ ခဲ့သည့်လမ်းကြောင်းအတိုင်း ရိုးမကြီးရင်ခွင်အတွင်း ပြန်လည်ခို သွားသည့်သတင်းက အတိအကျမို့ စောစိန်သန်းကိုပင် သူတို့ညီအစ် ယောက် ပြောင်အုပ်နောက်လိုက်ရန် ထွက်လာခဲ့ခြင်းဖြစ်ကြောင်း ပြောင်းပေးလိုက်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် သူငယ်ချင်းမှဆိုးက လိုက်မည်ပြောသော်လည် သူတို့ခြေရာခြေကြောင်းရှာရန်နှင့် မသွားသေးကြောင်း၊ ပြောင်း နောက်ဆီသို့ တကယ်လိုက်တော့မှ ခေါ်မည်ဖြစ်ကြောင်း နှစ်သိမ့် လိုက်သည်။ သူငယ်ချင်းဆိုတော့ ယုံသည်ပေါ့။

သူတို့ညီအစ်ကိုနှစ်ယောက် ပြောင်ခြေရာရှာရန် အကြေ ပြလျက်ထွက်ခဲ့ကြရာ ရွာကိုလွန်ပြီး လယ်ကွင်းများရှိရာဆီသို့ရော တော့ လယ်သမားကြီး ဦးတလုတ်ထော်လယ်အတွင်းမှ ဖြတ်သန် ရိုးမကြီးအတွင်း ပြန်ဝင်သွားကြသည့် တောဆင်ရိုင်းတို့၏ အရွယ် မျိုးစုံသည့်ခြေရာတို့က စွပ်ကြောင်းကြီးတစ်ကြောင်းနယ် အထင်အ

နှစ်ဦးသား ဆင်ခြေရာလမ်းအတိုင်း လိုက်လာခဲ့ကြရင်း ကြီးအတွင်းမှ တောကြက်ဖငယ်တို့၏ တွန်သံများ၊ မျောက်အုပ်မျ အော်ဟစ်သံများ၊ ငှက်ငယ်ကလေးတို့၏ နှုတ်ခွန်းဆက်တေးဆိုသံ ကြိုဆိုနှုတ်ခွန်းဆက်နေသည့်အသွင်။

ညှင်းသွဲ့သည့် လေပြည်စီးကြောင်းနှင့်အတူ တောပန်း စီးမျောပါလာ၏။ နေခြည်အလင်းတန်းများ၏ တိုးဝှေ့လာမှုကြောင့် မြ တို့ ရွှေ့လျားလှုပ်ပါးသွားကြပြီမို့ နုနုထွေးထွေး အလင်းမျှော်ကြ စိမ်းစိုညို့မောင်းသော တောင်စဉ်တောင်တန်း၊ တောင်သွယ်တို့ဖြင့် ဝါလွှမ်းနေသည်။

အနောက်ရိုးမကြီးအတွင်းရှိနေသော ပုံတောင်ပုံညာတော တန်းကြီးသည် တဖြည်းဖြည်းနှင့် မြောက်ဘက်ဆီသို့ နိမ့်ဆင်းသွ တန်းသွားကာ ချင်းတောင်များနှင့် ထိစပ်သွယ်တန်းနေသည်။ သ ပေါ်သော ထိုတောကြီးနှင့် စိမ်းစိုသောတောတန်းတို့ကို သူတို့နှစ်ဦး ရှားစွာ လှမ်းမြင်တွေ့နေရသည်။





သူတို့နှစ်ဦး ဆင်လမ်းကြောင်းအတိုင်းလိုက်ခဲ့ကြရင်းမှ မနှစ် သူတစ်ယောက်တည်းအထိုင်ချခဲ့သည့် ကတက်မြောင်လိုဏ်ဂူစခန်း ဆီသို့ ရောက်ရှိလာကြသည်။ လူတွေက လုပ်ငန်းသိမ်းကာ ပြန် ကြပြီမို့ ရှေ့ကိုဆက်မလိုက်တော့ဘဲ ထိုနေရာတွင်နားကာ လိုအပ် ည်ထင်းတို့ကို ရှာဖွေစုဆောင်းလိုက်သလို ဝါးတို့ကိုခုတ်ထားလိုက် ရွာဆီသို့ ပြန်ခဲ့ကြပေသည်။

အပြန်လမ်းတွင် ဟင်းစားအဖြစ် ကျီတစ်ကောင်ကိုပစ်ခတ် ယူကာ အိမ်ကိုရောက်တော့ နေပင်စောင်းနေခဲ့ပေပြီ။ ဝမ်းတွင်း းဟင်းကိုချက်၊ အသားကိုကြော်လှော်ကာ အရက်နှင့်စားသောက် ကြပြီး နောက်နေ့မနက်ပိုင်း ပြောင်အုပ်ခြေရာကောက်သွားရန် ကြောင်းပြလျက် ထွက်ခဲ့ကြ၏။ လိုအပ်သည့်ရိက္ခာတို့ကိုပါ သယ် ဆောင်သွားကြပြီး စခန်းချမည့်လိုဏ်ဂူကိုရောက်တော့ လိုအပ်သည့် တဲခါးပေါက်ကို အနိုင်အမာပြုလုပ်လိုက်ကြပြီး မီးဖိုကာချက်ပြုတ် သောက် နားနေလိုက်ကြပေသည်။

ညပိုင်းတွင် မီးဖိုကြီးကို ထင်းများဆိုင်ထည့်ကာ အိပ်စက်နား ရင်း ချောင်းရိုးဟိုဘက်မှာ ဝါးရုံတောကြီးများအတွင်းဆီမှ တော ဆင်ရိုင်းအုပ်ကြီး၏ မြူးတူးပျော်ပါးစားသောက်ကြရင်း အော်ဟစ်နေ ကြသည့်အသံတို့က သောသောညံအောင် ကြားနေကြရပေသည်။ ညီ ဖြစ်သူ မြသိန်းတစ်ယောက် အိပ်လို့ပင်မရတော့သည့်အတွက် နံနက်စာ ကို ချက်ပြုတ်ရင်း အချိန်ကုန်အောင် စောင့်စားနေလိုက်သည်။

နံနက်မိုးလင်းတော့ ညီအစ်ကိုနှစ်ယောက်အဆာပြေ ဗိုက်ဖြည့် လိုက်ကြပြီး သေနတ်ကိုလွယ်ကာ ဒူးလေးတစ်လက်စီကိုကိုင်ရင်း ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဓါးဟိုဘက်မှာ ညပိုင်းက တောဆင်ရိုင်းတို့ အော်ဟစ်သံကြားရာဆီ တဖြည်းဖြည်း ချဉ်းကပ်ခဲ့ကြ၏။ ဆင်ရိုင်းများ စားသောက်နေကြသ နေရာနှင့် အတန်လှမ်းရာဆီသို့ရောက်တော့ ရုတ်ခြည်းဆိုသလို ရှိ က အသွင်ပြောင်းသွားပေသည်။

တောကြီးတစ်ခွင်လုံး လေမတိုက်၊ မိုးမအုံ့ဘဲနှင့် မဲ သွားကာ တစ်ဆက်တည်းဆိုသလို သစ်ပင်ကြီးတို့ကို လေပြင်း ခတ်ခံရသည့်နှယ် သစ်ကိုင်းသစ်ခက်၊ သစ်ရွက်များ ယိမ်းထိုးလှု နေကြသည်ကိုလည်း တအံ့တသြတွေ့လိုက်ကြရသည်။ ညီဖြစ်သူမြ က ကျောစိမ့်ကာ ကြောက်လန့်နေသည့်အသွင်နှင့် အဝေးကိုထွက် မည့်ဟန် တွေ့မြင်လိုက်ရသဖြင့် ထင်ကျော်က လက်မောင်းကို ဆွဲထားလိုက်ရင်း ...

''ညီလေး ... ကြောက်ပြီးထွက်ပြေးဖို့ မကြိုးစားနဲ့၊ ဒါ ခြောက်တယ်လို့ ပြောကြတာပဲ၊ နောက်ပြီး သူ့အလိုလို ငြိမ်သွား မယ်ကွ''

သို့အတွက် ညီဖြစ်သူက ...

''အစ်ကို ... မင်းနောက်လိုက်မိတာ မှားတာပဲကွ၊ တွေ တောခြောက်ခံရပြီးရင် တစ်ခုခုဖြစ်တတ်တယ်လို့ ငါကြားဖူး ကွ''

''အို ... မင်းကလည်း ကြုံကြုံဖန်ဖန်ကွာ၊ တောကြီးတွေ တာ တစ်ခါတစ်ရံ ဒီလိုပဲ ဖြစ်တတ်ကြတယ်ကွ၊ မှတ်ထား''

ညီဖြစ်သူ ကြောက်မှာစိုးသည့်အတွက် ဖြေသိမ့်စကားဆို ရငြားလည်း သူ့စိတ်အတွင်းက အလှူရေစက်ချပွဲတွင် ဆရာတော်တ မိန့်မှာလိုက်သည့်စကားကို ပြန်လည်ကြားယောင်နေမိသည်။





သို့သော်လည်း တောဆိုသည်က တစ်ခါတစ်ရံ ယခုလိုဖြစ် တတ်ကြသည်ဟု တောနှင့်ရင်းနှီးကြသည့် မုဆိုးလုပ်ကြသူများသာ နား လည်သိရှိကြသည်ကို သူငယ်ချင်းဖြစ်သူ မုဆိုးထံမှ နားမဆန့်အောင် ကြားသိထားရပြီးမို့ စိုးရိမ်စရာမရှိဟူ၍ စိတ်ကို ဖြေသိမ့်လိုက်မိသည်။ ထိုစဉ် သူတို့နှစ်ဦးရှိရာဆီသို့ တောတိုးကာ ပြေးလွှားလာနေသည့် တော ဆင်ရိုင်းအုပ်ကြီး၏အသံကို ကြားလိုက်ရသည်မို့ ...

''ညီလေး ... ဟိုသစ်ပင်ကြီးပေါ် တက်လိုက်ကြမယ်၊ ဆင် အုပ်ကြီး ဒီဘက်ကိုပြေးလာနေပြီ၊ မြန်မြန်တက်လိုက်ကြရအောင်''

နှစ်ဦးသား လူကြီးသုံးဖက်စာလောက်ရှိသည့် အလွန်မြင့်မား သော သပြေပင်ကြီးအထက်ဆီသို့ အကိုင်းများကိုဆွဲကာ လျင်မြန်စွာ တက်ရောက်ပြီး ခွဆုံများတွင် နေရာယူလိုက်ပြီးချိန်၊ ပင်ခြေရင်းဆီသို့ နှယ်စုံဆင်ရိုင်းကြီးတစ်ကောင် ပြေးလွှားရောက်ရှိလာခဲ့ပေသည်။

သူတို့နှစ်ဦးလုံး အောက်ကိုရောက်ရှိလာသည့် တောဆင်ရိုင်း ကြီးကိုပင် ငုံ့ကြည့်လိုက်တော့ သူတို့လိုက်ရှာဖွေနေသည့် စွယ်စုံဆင် ကြီးဖြစ်နေသည့်အတွက် ညီဖြစ်သူကိုပစ်ခတ်ရန် အချက်ပြလိုက်သလို သူက လည်တိုင်ရင်းဆီသို့ ပစ်လွှတ်လိုက်ပေသည်။

''ဒေါင်''

မြသိန်း လေးညို့လွှတ်လိုက်သံကလည်း ဆက်တိုက်ဆိုသလို ထွက်ပေါ်လာရင်း အဆိပ်လူးမြားတံက ရှေ့လက်ပြင်ရင်းနှစ်ခုဆုံရာ အကြားသို့ နက်ရှိုင်းစွာ ထိုဖောက်စိုက်ဝင်ခြင်းကို ခံလိုက်ရသဖြင့် တွန့် ခနဲရှေ့ကိုပြေးထွက်ကာ ဝါးတစ်ရိုက်ခန့်အကွာရောက်တော့ ဘေးတိုက် ပစ်လဲကျသွားသည်ကို တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်တွင် လဲကျနေရင်းက ခြေနှင့်လက်တို့က တဆတ်ဆ တုန်ခါနေရင်း ငယ်သံငယ်ရင်းပါအောင် ဝမ်းခေါင်းသံကြီးဖြင့် သေ ဖောနှင့် ကြုံးအော်နေရင်းမှ ဖြည်းညင်းစွာ ငြိမ်ထလိုက်သည်ကို မြင်လိုက်ကြရပေသည်။ ထိုနေရာမှ တရွေ့ရွေ့ တစ်လှမ်းချင်း ရွေ လှမ်းသွားနေသည်ကို တွေ့လိုက်ကြရသည်။

မြားဆိပ်ကပျံ့နှံ့ပြီး မကြာခင် လဲကျအသက်ပျောက်တော့ အသွင်မျိုးမို့ နှစ်ဦးသားစောင့်ကြည့်နေလိုက်ရင်း အတန်ကြာတော့ နွဲ့ရွှာ ဝါးတောကြီးအတွင်း တိုးဝင်သွား၏။ တောဆင်ရိုင်းကြီး၏အ အနေကို သိရှိလိုသဖြင့် အပင်ထက်မှဆင်းလျက် သွေးစက်လမ်းကြော အတိုင်း လိုက်သွားခဲ့ကြရာ (၄) ဖာလုံနီးပါးရောက်တော့ သစ်ပင် တစ်ပင်ကို ဘေးတိုက်မှီလျက် သွေးများကျဆင်းနေသော ပစ်ခတ်လို သည့် စွယ်စုံတောဆင်ရိုင်းကြီးကို ညီအစ်ကိုနှစ်ယောက် ခပ်လှမ်းလှ ဆီမှ တွေ့မြင်လိုက်ကြရပေသည်။

တဖြည်းဖြည်းအချိန်ကလည်း ညနေစောင်းတော့မည့်အခါ ရိုးမကြီးတို့သဘာဝဆိုသည်ကလည်း ညနေစောင်းသည်နှင့် အမှော ဘက်ဆီသို့လုနေသည်မို့ ခပ်လှမ်းလှမ်းကကြည့်နေရသည့် အမြင် မပီဝိုးတဝါး။

တောင်ဆင်ရိုင်းကြီး၏အခြေအနေမှာ သူ့ကိုရန်မူသည့်သူမ ကို တုံ့ပြန်လက်စားချေဖို့အရေးထက် သူ့အသက်ထွက်မသွားရေး ဦးတည်နေရသည်လားတော့ဖြင့်မသိ။ အဆိပ်ဒဏ်ကြောင့် အလူးအလ ခံစားနေရင်း သစ်ပင်ကြီးကို ဘေးတိုက်ခံကာ မှီနေရသည့်အဖြစ် တောချုံပုတ်အတွင်းမှ ညီအစ်ကိုနှစ်ယောက်က သေပွဲဝင်တော့မည့် စွယ် စုံဆင်ကြီးကို ကြည့်လိုက်ရင်း ညီဖြစ်သူက ပြောလိုက်သည်မှာ ...





"အစ်ကို ... ဆင်ကြီးကျောကုန်းမှာ ဟိုမိန်းမက ဘယ်လို ရောက်လာတာလဲကွ"

မြသိန်းပြောလိုက်သည့်စကားကြောင့် သူ အသေအချာ လှမ်း ကြည့်လိုက်မိသည်။ ထူးထူးခြားခြား အဆိပ်လူးမြားတံနှစ်ချောင်း စိုက် ဝင်ခြင်းခံထားရသော တောဆင်ရိုင်းကြီးမှာ အဆိပ်ဒဏ်ကြောင့် သစ် ပင်ကြီးကိုဘေးတိုက်မှီကာ မလှုပ်မယှက် ငြိမ်နေသည်။

ဦးကင်းထက်တွင် မိန်းမငယ်တစ်ဦးထိုင်လျက် အရှေ့ရှူးရှူး ကို မှိုင်တွေငေးမျှော်နေသည်ကို တွေ့လိုက်ရပေသည်။ အမြင်အရ ဝါးရုံ တောကြီးကိုလွန်ကာ သစ်ရိုင်းတောကြီးအတွင်းရောက်နေပြီး သစ်ရွက် သစ်ခက်တို့ အုံ့ဆိုင်းနေသည့်အတွက် နေပြောက်ပင်မထိုးနိုင်အောင် ဝှတ်ဖုံးနေသည့်အောက်မို့ မြင်ကွင်းက ဝိုးတဝါး။ အမြင်ကလည်း ကြည် ထင်ပြတ်သားမှုတော့ သိပ်မရှိ။

အမြင်များ မှားလေရော့သလားအထင်နှင့် ထင်ကျော် မျက်စိ အစုံကို လက်ခုံနှင့်ပွတ်သပ်ကာ ပြန်လည်ကြည့်လိုက်မိပြန်သည်။ ဟုတ် သည်။ မြင်ကွင်းက ပျောက်ကွယ်လို့မသွား။ ဝိုးတဝါးဆိုသော်လည်း အထင်အရှားပင်။

မြင်ကွင်းက စွယ်စုံဆင်ကြီးဦးကင်းထက်ဝယ် ဆံပင်ကိုဖား လျားချကာ အပေါ်ဖြူအောက်ဖြူကိုဝတ်ဆင်ပြီး ဖြူဖွေးသောအသား အရေပိုင်ရှင် လုံးကြီးပေါက်လှ ယဉ်စစနှင့် မိန်မပျိုတစ်ယောက်ထိုင် လျက် အရှေ့ဘက် ပုံတောင်ပုံညာတောင်တန်း။ တောင်သွယ်ကြီးများ ရှိရာဘက်ဆီသို့ ငေးစိုက်ကာ အပူရှပ်နှင့် လွမ်းမောနေသည့်အဖြစ်ကို အံ့သြဖွယ်ရာ သူ မြင်တွေ့လိုက်ရသည်နှင့်အတူ ကြက်သီးများဖြန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းထကာ ခေါင်းမှဆံပင်များပင် ထိုးထိုးထောင်ထောင်ဖြစ်သွားမိသည် အထိ စိတ်လှုပ်ရှားသွားခဲ့ရသည်က အမှန်။ သို့သော်လည်း ညီဖြစ်သူ ကြောက်ရွံ့မည်စိုးသည့်အတွက် ဖြစ်စဉ်ကို ပြန်ပြောင်းစဉ်းစားနေလို စဉ် . . .

''အစ်ကို . . . မြင်တယ်မို့လား။ ဆင်ဦးကင်းထက်က မိန် ကို''

''အေး . . . ဟုတ်တယ်ညီလေးရဲ့။ ဒီအကောင်ကြီး အသ ဒဏ်ကို အတော်ခံစားနေရတဲ့ပုံပဲကွ။ ဒီနေရာမှာ အသက်ပျောက်မ အကောင်ဆိုတော့ သူအသက်ပျောက်အောင် စောင့်မနေတော့ဘူး။ စ ကိုပြန်လိုက်ကြမယ်။ မနက်ဖြန်မှ လာပြီး အစွယ်ချွတ်လိုက်ကြ ကွာ''

နှစ်ဦးသား တောဆင်ရိုင်းကြီးကို သည်အတိုင်းထားလျက် ခဲ့ရာ စခန်းရှိရာဆီပြန်ရောက်တော့ နေပင်အတော်စောင်းနေပြီမို့ ကြီးကိုမီးထည့်ကာ ဆန်ပြုတ်နှင့် ဆတ်သားကြော်တို့ကို စားသော အိပ်စက်အနားယူလိုက်ကြပြီး နောက်နေ့မိုးအလင်းကို စောင့်လိုက် ပေသည်။

နံနက်မိုးစင်စင်လင်းတော့ သူတို့ညီအစ်ကိုနှစ်ယောက် ဖြည့်ကြပြီး စွယ်စုံတောဆင်ရိုင်းကြီးရှိရာဆီသို့ သွားကြရာ မနေ့က ထားသည့်နေရာတွင်ပင် အသက်ပျောက်ကာ သေပွဲဝင်မည်ဟု ထင်မှ ထားသော တောဆင်ရိုင်းကြီးအား မတွေ့ကြရပြန်သဖြင့် သွေးစက် လိုက်ခဲ့ကြ၏။ တစ်မိုင်နီးပါးခန့်အကွာတွင် မြေပြင်တွင် ပစ်လဲကျသ သည့်နေရာ၌ သွေးကွက်ကြီးတို့ကို တွေ့လိုက်ရပြီး တစ်ဖန် ထိုနေရာ





မှထသွားသည့် ခြေရာကိုတွေ့လိုက်ရသဖြင့် နောက်ကလိုက်ကြသည်။ အတန်ကြာတော့ တောင်ကုန်းအခြေတွင် တအီအီယိုင်ထိုးကာသွား သည်ကို နှစ်ဦးသား လှမ်းမြင်တွေ့လိုက်ကြရသဖြင့် လှမ်းလက်ဝ ကိုရပ်တန့်လျက် အခြေအနေကို အထက်စီးမှကြည့်ကာ အကဲခတ် လိုက်ကြပေသည်။

''ညီလေး . . . ဒီအကောင်ကြီးအဖြစ်က နည်းနည်း ခနေတယ်လို့ ငါထင်တယ်ကွ။ ပထမနှစ်ကပစ်ခဲ့တဲ့ အကောင်ကြီးက ဒီ အဆိပ်မြားတစ်ချောင်းနဲ့ပဲ အသက်ပျောက်တယ်။ ခု မင်းရောငါပါ အဆိပ် သူမြားနဲ့ နှစ်ချက်ပစ်တာကို ခုထိ မလဲသေးဘူးဆိုတော့ ဘယ်လိုများ ပဲ မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာလဲဆိုတာ စဉ်းစားပါဦးကွ''

ထင်ကျော်ပြောလိုက်သည့်စကားကြောင့် မြသိန်းက . . .

''အစ်ကိုသဘောတော့မသိဘူး။ ကျွန်တော်တို့ မနေ့က တော ခြောက်ခံရတဲ့နောက်ပိုင်း စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်လေ။ ပစ်ပြီး တော့ လဲမယ်အထင်နဲ့ နောက်ကလိုက်ကြရင်း သစ်ပင်ကြီးကိုမှီနေတဲ့ ဆင်ကြီးရဲ့ဦးကင်းထက်မှာ မိန်းကလေးကိုတွေ့လိုက်တော့ ပိုပြီးမသင်္ကာ စရာဖြစ်လာတယ်။ ခုလည်း တွက်သာလာခဲ့ရတယ် စိတ်တွေကလေး နေတယ်။ ခုလည်း အဲဒီမိန်းကလေးကို တွေ့လားအစ်ကို''

''ဟေ . . မတွေ့ပါလား။ ဘယ်မှာလဲကွဟေ''

''ဆင်ကြီးရဲ့ဦးကင်း တောချုံပင်ဘေးမှာလေ။ ကြည့်စမ်းပါဦး''

ညီဖြစ်သူပြောလိုက်သည့်စကားကြောင့် ထင်ကျော်လှမ်းကြည့် လိုက်တော့ တွေ့လိုက်ရသည်မို့ နှုတ်ဖျားကပင် အသံများထွက်သွား မိသည်က အမှန်။



www.burmeseclassic.com

www.burmeseclassic.com



''ဘုရား ... ဘုရား ... ခြောက်ပြန်ပြီလား၊ မှောက်ပြန်ပြီလားတော့ မသိဘူးကွ။ သည်မိန်းကလေးက ဘယ်လို ဒီဆင်ကြီးနော ရောက်လာရပြန်တာတုံးဟ''

သူ့နှုတ်ထွက်စကားက တအံ့တသြအသွင်နှင့်မို့ မြသိန်းက...

''အစ်ကို ဒီအတိုင်းထားခဲ့ပါလား။ ပြန်လိုက်ကြရအောင်ဗျာ''

ညီဖြစ်သူစကားကြောင့် ထင်ကျော် ငိုင်တွေတွေဖြစ်သွားမိသည် ကအံ့မှန်။ တောဆင်ရိုင်းကြီးအခြေအနေကို ကြည့်ရသည်မှာ သည်တောင်ကိုကျော်နိုင်တော့မည့် အသွင်မျိုးမရှိတော့။

အင်အားကုန်ခမ်းကာ ယိုင်နွဲ့နေရင်း မကြာခင် လဲကျအသက်ပျောက်တော့မည့်အနေအထား။ သည်အခြေအနေကိုရောက်တော့မှ ပစ်ရမည်ကလည်း အဆီတဝင်းဝင်းနဲ့မို့ ကြီးမားရှည်လျားသည့် အစွယ်ကြီးနှစ်ချောင်းကိုကြည့်ရင်း ရရှိမည့်ငွေကြေးက နည်းမဟုတ်သည့်အတွက် လက်လွှတ်ဆုံးရှုံးမခံလို။ သို့အတွက် ...

''အသာစောင့်ကြည့်လိုက်ကြရအောင်ကွာ။ ခုအတိုင်း လက်လွှတ်ခံလိုက်မယ်ဆိုရင် ပုသိမ်က ကိုနေအောင်က ငါတို့ညီအစ်ကိုနှစ်ယောက်ကို ယုံပါ့မလား။ စရိတ်ငွေကို ငါ့အတွက်ရော၊ မင်းအတွက်ပါ အလုံအလောက် ထုတ်ပေးထားတာဆိုတော့ အခြေအနေကြည့်ပြီးမှ ဆုံးဖြတ်ချက် ချလိုက်ကြတာပေါ့နော်''

သူပြောလိုက်သည့်စကားကလည်း ဟုတ်နေသည်။ စရိတ်တွေကို ထုတ်ထားသည်ကလည်း နှစ်ယောက်စာ။ ယခုပစ်ခတ်ထားပြီး လဲပို့စောင့်နေရသည့် ဆင်ကြီး၏အစွယ်ကြီးကလည်း မက်မောလောက်စရာမို့ ရှေ့ကိုတိုးကပ်လျက် နားအုံအတွင်းကို တူမီးသေနတ်နှင့် ပစ်ခတ်





နေ့သိမ်းပစ်လိုက်ဖို့လည်း မလိုကိုး။ တောင်ကုန်းထက် ချုံနွယ်ပင်အကြား နှစ်ဦးသားထိုင်လိုက်ကြပြီး အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေလိုက်ရင်း မမှတ်မသုန်ကြည့်နေလိုက်စဉ် ဘယ်လိုမှ မမျှော်လင့်ထားသည့်ဖြစ်ရပ်တစ်ခုက အချိန်ကိုက် ဖန်တီးလိုက်သလိုမျိုးပင်။

ကြည့်ရှုနေသည့် စွယ်စုံဆင်ရိုင်းကြီးမှာ အားအင်ချိနဲ့ယိုင်ထိုးနေရင်းက မြေပြင်ထက်ဆီသို့ ဘေးတိုက်လဲကျ အသက်ပျောက်သွားသည့်မြင်ကွင်းကို နှစ်ဦးစလုံး တွေ့မြင်လိုက်ကြရသဖြင့် တောင်ကုန်းထက်မှပြေးပြေးလျှောလျှောလမ်းအတိုင်း အားရဝမ်းသာစွာ ထရပ်ပြေးဆင်းကြတော့မည့်အလုပ် ထင်မှတ်မထားသောအသံက ဆက်တိုက်ဆိုသလိုနှစ်ယောက်စလုံး ကြားလိုက်ရသည်က ...

''ဟာ ... ဗိုလ်ကြီးရေ၊ ဒီမှာ တောဆင်ရိုင်းသေကြီးတစ်ကောင်ဗျ။ ဒီဘက်ကို လာကြည့်ပါဦး''

ထင်မှတ်မထားဘဲ ကြားလိုက်ရသည့်အသံကြောင့် အောက်ကိုပြေးဆင်းရန်လုပ်နေသည့် သူတို့ညီအစ်ကိုနှစ်ယောက် တိုင်ပင်မထားဘဲ နီးစပ်ရာချုံနွယ်တောကြီးအတွင်း ဘယ်လိုတိုးဝင်လိုက်ကြမှန်းပင် မသိလိုက်ကြ။

သစ်ရွက်သစ်ခက် ချုံနွယ်ကြီးအကြားမှ အောက်ဘက်ဆီသို့ ငုံ့မိုးကြည့်လိုက်တော့ စစ်ဝတ်စုံအပြည့်နှင့် သေနတ်မျိုးစုံကိုကိုင်ဆောင်ထားကြသည့် စစ်သားများကို နှစ်ဦးသားတွေ့မြင်လိုက်ကြရသဖြင့် နှစ်ဦးသား ရှေ့ဆက်မတိုးရဲတော့ဘဲ အသံမကြားအောင် နောက်ကြောင်းဆီကို ပြန်လှည့်ပြေးကြရင်းမှ ညောင်ချောင်းကျေးရွာ သူငယ်ချင်းစောဝင်းသန်းအိမ်ကို ရောက်ခဲ့ကြပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အစီအစဉ်က ထိုည ရွာတွင်အိပ်စက်ပြီး နောက်နေ့မနက် လေးမျက်နှာရွာသို့ ပြန်ကြရန် စီစဉ်လိုက်သော်လည်း ထိုနေ့ညပိုင်းတွင်ပင် သူငယ်ချင်းမုဆိုးဖြစ်သူ စောစိန်သန်းကို ရွာလူကြီးမှတစ်ဆင့် တပ်မတော်က အခေါ်ခိုင်းသည်ဟုဆိုကာ ခေါ်ယူသွားပြီး အိမ်သို့ ပြန်လည်ရောက်ရှိမလာခဲ့သည့်အဖြစ်နှင့် ကြုံလိုက်ရသည်။

သို့အတွက် ညီအစ်ကိုနှစ်ယောက် ခေါင်းချင်းဆိုင်လျက် နံနက်ပိုင်း ညီဖြစ်သူကို ရွာသို့ပြန်လွှတ်လိုက်ပြီး ပုသိမ်မြို့ ကိုနေအောင်ထံ အကျိုးအကြောင်းပြောခိုင်းလိုက်သလို သူက အခြေအနေကို လှည့်ပတ်စုံစမ်းလိုက်ရာ တပ်မတော်စစ်ကြောင်းက သူငယ်ချင်းဖြစ်သူ စောစိန်သန်းတစ်ယောက်တည်းကိုသာ ခေါ်ခြင်းမဟုတ်ဘဲ တောင်ခြေရွာကလေးများတွင်ရှိနေသည့် သူငယ်ချင်းမုဆိုးများကိုပါ အားလုံးခေါ်ကြောင်း သိရှိလိုက်ရပြန်သည်။

သို့အတွက် စစ်ကြောင်းရှိရာဆီသို့ လိုက်သွားလျက် မေးမြန်းစုံစမ်းကြည့်ရာမှ သူကြားလိုက်ရသည့်သတင်းများက တောဆင်ရိုင်းကြီးမှာ ရိုးရိုးသေဆုံးခြင်းမျိုးမဟုတ်။ မြားတံ(၂)ချောင်း စိုက်ဝင်ခံရပြီး အဆိပ်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုကိစ္စသည် ဆင်စွယ်ကို လိုချင်သည့် မုဆိုးများလက်ချက်ဖြစ်ကြောင်း သို့အတွက် မည်သူ့လက်ချက်ဖြစ်သည်ကို စစ်ဆေးမေးမြန်းကာ ဖော်ထုတ်လျက်ရှိနေကြောင်း။

ဆက်လက်ကြားလိုက်ရသည့် သတင်းကလည်း ရွာခံမုဆိုးများက တောဆင်ရိုင်းကြီးကို သူတို့မပစ်ခတ်ခဲ့ကြောင်း၊ မနှစ်က တောဆင်ရိုင်းကြီးနှင့်ပတ်သက်ပြီး လာရောက်စုံစမ်းခဲ့သူမှာ လေးမျက်နှာရွာမှ မုဆိုးထင်ကျော်ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း သူ ထပ်မံသတင်းမေးခဲ့ကြောင်းကို လယ်သမားကြီးတို့ကလည်း မုဆိုးများနည်းတူ ထွက်ဆိုထုတ်ဖော်ပြောကြသည့်သတင်းကိုလည်း သိရှိလိုက်ရပြန်သည်။





သို့အတွက် ဘာလုပ်ရမည်ကို ဆုံးဖြတ်လိုက်ရင်း သူငယ်ချင်းမုဆိုးများကို စိတ်မဆင်းရဲစေလိုသည့်အတွက် တပ်ရင်းမှူးထံဝင်ရောက်ပြီး ဆိုတရားခံမှာ သူဖြစ်သည့်အကြောင်း၊ သူငယ်ချင်းမုဆိုးတို့မှာ မဆိုင်သည့်အတွက် လွှတ်ပေးရန် ဝန်ခံပြောကြားထုတ်ဖော်လိုက်သည်။ ထို့အတွက် တပ်မတော်မှ သက်ဆိုင်ရာရဲတပ်ဖွဲ့ကို အမှုလွှဲပြောင်းပေးလိုက်ပြီး ထိုပုဒ်မ (၃)ခုဖြင့် တစ်ပေါင်းတည်းအပြစ်ပေးကာ သာယာဝတီထောင်တွင် အကျဉ်းကျခံလိုက်ရခြင်းဖြစ်ပေသည်။ သူပြောပြသည့် ဇာတ်လမ်းဆုံးတော့ ကျွန်တော်က သိလိုသည့်အချက်ကို မေးလိုက်မိသည်က . . .

''ဒါနဲ့ ပုသိမ်က ကိုနေအောင်နဲ့ကော အဆက်အသွယ်ရသေးလားဗျ။ နောက်ပိုင်း ခင်ဗျား ထောင်ထဲမှာရောက်နေတုန်းကို''

''ရပါတယ်ဗျာ။ ဒီလူက နိဗ္ဗာန်ကုန်သည်လုပ်တဲ့အတိုင်း သူတော်ကောင်းဗျ။ အိမ်ကမိသားစုတွေကိုလည်း လိုလေသေးမရှိအောင် ထောက်ပံ့ခဲ့ပါတယ်။ ကျွန်တော်ရောက်နေတဲ့ထောင်ကိုလည်း နှစ်လတစ်ခေါက်လောက်လာပြီး လိုအပ်တာတွေကို ထောက်ပံ့ပေးကမ်းနေတုန်းပါပဲဗျာ။

ခု ကျွန်တော်ပြန်ထွက်လာတော့လည်း မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့နေတုန်းပါပဲဗျာ။ ခုတော့ သူ့အထောက်အပံ့နဲ့ ဆိုင်းအနီးလုပ်ပြီး စားသောက်နေရတာပါ။ သူ့ကျေးဇူးကြီးပါတယ်။ ကျွန်တော့်ကိုလည်း သူ့အစ်ကိုအရင်းလိုပါပဲလေ''

သူ့အဖြစ်ကို ကျွန်တော်နားထောင်နေရင်း တွေးတောနေလိုက်မိသည့်အချက်က တောတောင်များအတွင်းဆိုသည်မှာ မာယာများသည်။ ပရိယာယ်ကြွယ်သည်။ လှည့်စားတတ်သည်။ တစ်ခါတစ်ရံ ကြည်နူးမှု



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်စေသည်။ လျှို့ဝှက်သည့်အသွင်မျိုးကိုလည်း ဆောင်သလို၊ မှိ သားပွင့်လင်းတဲ့ မာယာကိုလည်း ဆောင်တတ်သည်။ ထိုအချက်ကို တောကျွမ်းပါသည်ဆိုသည့် မုဆိုးများပင် လှည့်စားအနိုင်ယူသွားတတ် ကြသည်ဆိုသည်ကို ယခု စွယ်စုံထင်ကျော်၏ဖြစ်ရပ်က သက်သေ လျက်။

*[ဖြစ်ရပ်မှန်ကို ပြန်လည်ရေးသား၊ ခံစားတင်ပြအပ်ပါသည် ရွာအမည်များမှန်သော်လည်း ဇာတ်ကောင်အမည်တို့ကို လွှဲပြောင်း၊ထား ပါသည်။]*

လေးမော



www.burmeseclassic.com

www.burmeseclassic.com

သေရေးရှင်ရေး

❑

ဘယ်လိုကဘယ်လို နိုးလာမိလိုက်မှန်း သူ့ကိုယ်သူပင်
အာခေါင်တွေခြောက်ပြီး ရေက အလွန်အမင်းငတ်နေ
မခံမရပ်နိုင်။ လည်ချောင်းထဲမှာ မီးတွေတောက်နေပြီဟု ခံစား
သည်။

ယခုအချိန်ကလေး တခဏ၌ ဖြတ်ခနဲ ရုတ်ခြည်းသေဖို့
ရမည်ဆိုလျှင်ပင် ရေကြည်အေးအေး တစ်စက်တစ်ပေါက်ကိုဖြင့် သော
ခွင့်ရသွားလိုက်ချင်သည်။ သို့မှ အာလျှချင်ခြင်းပြေလိမ့်မည်။

"ရေ ... ရေ ..."

သူ့အာရုံကို ရေတစ်ပေါက်ကသာပဲ ဆုပ်ဆွဲစိုးမိုးထား





"ရေငတ်လိုက်တာ ... ရေဆာလိုက်တာ၊ ရေ ... ရေ ...
သောက်ချင်လိုက်တာ"

ဦးခေါင်းတစ်ပြင်လုံး အုံ့ခဲနောက်ကျလျက်။ ကွဲထွက်လုမတတ်။

သူ၏ အလုံပိတ်တိုက်ခန်းကလေးကို ပတ်ပတ်ရုံကာထားသည့်
ခုပ်တစ်ဖောင်သာသာ အုတ်နံရံတံတိုင်းကလေးပေါ်မှ လေးဆယ်
အား နီကြန်ကြန်မှုန်တုန်တုန် လျှပ်စစ်ရောင်သည် ည၏အမှောင်
ကို အန်တုနိုင်လောက်အောင် မလွှမ်းနိုင်။ သူ့အလင်းတွေကိုသာ
က်မည်းကြီးက အငမ်းမ စုပ်မျိုခြင်းခံထားရသည်သို့ ဖျော့တော့တော့
က်မိုလှိုက် လျှပ်ရောင်အလင်းမှုန်သဲ့သဲ့ဖြင့် ငြိမ်ကုပ်နေ၏။

ဘယ်အချိန်တွေကိုများ ရောက်နေပြီပါလိမ့်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်လည်းမဟုတ်။ အသိနိုး
အိပ်စက်ခြင်းမှဲ့ခဲ့သည်လည်း မမည်။ ခြောက်အိပ်မက်တွေ တင်း
ဖြင့် နပန်းလုံးရင်း တလူးလွန့်လွန့် နိုးတစ်ဝက်အိပ်တစ်ဝက်။

ညတာက ရှည်ပဲ ရှည်နိုင်လွန်း၏။ သည်လို ချောက်ချောက်
များ ညတာရှည်တွေက ကုန်ပဲ ကုန်ဆုံးပါဦးတော့မည်လား။

သန်းခေါင်ကျော်ခဲ့ပြီလား။

မိုးသောက်အရုဏ်ပြေးခဲ့ပြီလား။

ခုနှယ်အခါတွင် ဘာကမျှ အရေးမကြီးလေတော့။

သူတို့ ... သူတို့၊ နောက်တစ်ချီလာကြဦးမည်လား။ အချိန်
အမျှ တရစပ် ဆုပ်နယ်ချေမွနေသည့်အတွေးက သည်တစ်ခုသာပဲ
စိုးရှိနေတော့၏။ သူတို့လာပြန်ကြဦးမလား။ နောက်ထပ် လာခေါ်
ဦးမည်လား။ နောက်ထပ် ... နောက်ထပ် ... ။

"ဟော ..."



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတွေကို ကြားရသည်။ အကြိမ်ကြိမ်အထပ်ထပ် အပြ
ရိုးနေပြီဖြစ်သည့် သူ့နားတွေက တန်းခနဲသိလိုက်၏။ သူတို့လာကြ
ပြီ။

မှောင်ထဲက အုတ်စီစကြံလမ်းကလေးအတိုင်း သူတို့ လျှေ
လာနေကြသည်။

ညသည် ပို၍ မှောင်သွား၏။ ပိတ်ပိတ်သားကြီးမည်းလို့

✿ ✿ ✿

❑

''နာမည်''

''အဆာဟိနာတ''

''အပြည့်အစုံပြောပါ''

''ကိုဟိချိအဆာဟိနတ''

''ရာထူးအဆင့်''

''......''

''ခင်ဗျားထမ်းဆောင်ခဲ့ရတဲ့ နောက်ဆုံးရာထူးအဆင့်ကို ပြော
ပါ''

''ဗိုလ်ကြီး''

''Captain (ကပ္ပတိန်) ပေါ့''

''ဟုတ်ကဲ့''

''အင်္ဂလိပ်လိုပြောတာကို နားလည်သလား၊ ပြောကော ပြော
တတ်သလား''



www.burmeseclassic.com

www.burmeseclassic.com



"အနည်းအကျဉ်းပါ"

"ခင်ဗျားနာမည်ကို အင်္ဂလိပ်လို စာလုံးပေါင်းပြပါဦး"

"K-O-H-I-C-H-I, Kohichi"

"အင်း"

"A-S-A-H-I-N-A-T-A, Asahinata"

"ကိုယ်ပိုင်နံပါတ်"

"......"

ဘယ်တပ်ဖွဲ့ကလဲ"

"ကေယာကီတပ်ဖွဲ့ ... ခြေလျင်တပ်ရင်းအမှတ်–၂၁၅ လ
အောက်ခံတပ်ဖွဲ့တစ်ခုပဲ"

"တပ်ရင်းဘယ်လောက် ..."

"အမှတ်–၂၁၅"

"ဟင် ... ဒါဆို မော်လမြိုင် ... ကုလားကုန်းရွာကို ရွာ
ကျူတ်သတ်ပစ်ခဲ့တဲ့ ဂျပန်တပ်ရင်းကပေါ့"

"အဲဒါ ... ကျုပ်မသိဘူး"

"တပ်ရင်း–၂၁၅ ကဆို"

"စစ်တပ်တပ်ရင်းတစ်ရင်းရဲ့ လက်အောက်မှာ တပ်ခွဲ
အများကြီးရှိတတ်တယ်။ ထမ်းဆောင်ရတဲ့ စစ်ရေးတာဝန်ချင်း မ
ကြသလို စစ်ဆင်ရေးနယ်မြေချင်းလည်း မတူကြဘူး။ ဒါဟာ စစ်တ
ထုံးစံပဲ။ လူကြီးမင်းတို့လည်း သိပြီးဖြစ်မှာပါ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ခင်ဗျားတို့တပ်ဖွဲ့အမည်က အ
တဲ့"

"ကေယာကီတပ်ဖွဲ့။ Keyaki ဂျပန်ပြည်က သစ်ပင်တစ်





ည့်ကိုယူပြီး မှည့်ထားတာ။ ခြေလျင်တပ်ရင်းအမှတ်–၂၁၅ လက်
က အထူးတပ်ဖွဲ့တစ်ဖွဲ့ပဲ"

"အဲဒီအဖွဲ့ရဲ့တာဝန်က ဘာလဲ"

"ယိုးဒယား–မြန်မာ နယ်စပ်တစ်လျှောက်ရဲ့ လုံခြုံရေးကို ထိန်း
ဦး ဂျပန်တပ်တွေဆုတ်ခွာရေးမှာ အကူအညီဖြစ်အောင် ပြောက်
ပ်ရှားမှုတွေ လုပ်ဖို့ပါပဲ"

"ထောက်လှမ်းရေးတပ်ဖွဲ့ပေါ့"

"အဲလိုပြောရင်လည်း ရပါတယ်။ ဒါပေမဲ့ ထောက်လှမ်းရေး
င်းထက်ပိုပြီး များပြားစုံလင်တဲ့ ကျယ်ပြန့်တဲ့အလုပ်တွေကို စီမံ
တတ်ပါတယ်။ ဆက်သွယ်ရေး၊ ထောက်ပံ့ရေးလမ်းကြောင်းပြ၊ အဲ
တစ်ခါ တောထဲမှာ တပ်နဲ့ကွဲပြီး ပျောက်ဆုံးနေတဲ့ ရဲဘော်တွေ၊
တွေကိုလိုက်ပြီး ရှာရဖွေရတာမျိုး၊ ဆုံးနေတဲ့ရဲဘော်တွေ၊ တပ်ဖွဲ့
ကို လိုက်ပြီးရှာရဖွေရတာမျိုးအထိ အောက်ခြေသိမ်း လုပ်ရတတ်
"

"တပ်ရင်းမှူးက ..."

"ဗိုလ်မှူးကြီး တိုးမိုတို (Col. Toomoto)"

"ခင်ဗျားတို့ တပ်ဖွဲ့ရဲ့ဌာနချုပ်က ဘယ်မှာလဲ"

"Mother Unit လို့ပဲ သုံးရမလား။ Head Quarter လို့ပဲပြော
လား။ ကျုပ်တို့တပ်ဖွဲ့တွေရဲ့ ပင်မစုရုပ်ကတော့ သံဖြူဇရပ်မှာဖြစ်
ယ်၊ သံဖြူဇရပ်မြို့စွန်က ရာဘာခြံကြီးတစ်ခြံထဲမှာ"

"ဩော် ... ဩော် ... ခဏ ... ကျေးဇူးပြုပြီး ခဏနေ
Please, Wait a mintue"

တရွက်လုန်သံ တဖျပ်ဖျပ်ဒတွ၊ မျက်မှန်တဝင်းဝင်းအောက်



www.burmeseclassic.com

www.burmeseclassic.com



က မျက်ဝန်းအရွှေ့တွေက သူ့ခေါင်းကို ဖိနှင်းကြိတ်ချေနေသည်
ဖြစ်၏။ တစ်ဦးပြီးတစ်ဦး တစ်ယောက်ပြီးတစ်ယောက် ဖယ်ဆက်သ
ပစ်လွှတ်နေသည့် မျိုးမတူအဆင်ကွဲ မေးခွန်းတွေကြောင့်လည်း မ
နောက်ကျိုလာပြီ။ ဝမ်းထဲက တကြုတ်ကြုတ်။ အူဟောင်းလော
အော်သံတွေ ပွက်ထနေ၏။

ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေ၊ အမေရိ
တွေ၊ အင်္ဂလိပ်တွေ၊ ဘယ်လ်ဂျီယမ်တွေ၊ ပြင်သစ်တွေ . . . မေး
မျိုးစုံဖြင့် သူ့ကိုလဲပြိုသွားအောင် စုပြုထိုးနှက်နေကြသည်ဟု သူ
ထင်သည်။

''မစ္စတာသွန်မဆင်ကို သိသလား''

''ဘယ်သူလဲ''

''ခင်ဗျားတို့တပ်ဖွဲ့ ဌာနချုပ်လုပ်ပြီး တပ်စွဲထားခဲ့ကြတဲ့ အ
ကြီးရဲ့ပိုင်ရှင်။ သံဖြူဇရပ်မှာ အခြေချပြီး ရာဘာစိုက်ပျိုးရေးလုပ်နေ
လုပ်ငန်းရှင် အင်္ဂလိပ်လူမျိုးတစ်ယောက်ပဲ''

''မသိဘူး''

''သေချာစဉ်းစားပါဦး''

''ခင်ဗျားတို့ ဂျပန်တပ်တွေ စစ်ဆုတ်လမ်းတစ်လျှောက်
ရင်ဆိုင်တိုက်ပွဲမဟုတ်ဘဲ၊ လက်နက်ကိုင် ရန်သူစစ်တပ်မဟုတ်ဘဲ အပြ
မဲ့တဲ့ မြန်မာလူထုတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ က
လွန်ခဲ့ကြတယ်။ အများကြီးပဲ . . . အများကြီးပဲ၊ စစ်ရေးလုပ်ရှား
မဆိုင်တဲ့ ရမ်းကားမှုတွေ၊ ရာဇဝတ်မှုတွေလေ . . .''

''မဖြစ်နိုင်ဘူး။ ဂျပန်လူမျိုးမှာ အဲဒီလိုဓလေ့မျိုး၊ အမူအက
မျိုးမရှိဘူး''





''နားထောင်ပါဦးလေ။ ခင်ဗျားတို့ ဂျပန်တပ်တွေ မြောင်းမြ
တ မဆုတ်ခွာခင် မြန်မာလူမျိုး၊ နိုင်ငံရေးသမား(၄)ဦးကို အကျဉ်း
တောင်ထဲက ခေါ်ထုတ်သွားပြီး မြို့စွန်က မြေကြီးထဲမှာ သတ်ပစ်ခဲ့ကြ
ယ်။ ပြီးတော့ ရေတွင်းပျက်ကြီးထဲထည့်ပြီး မြှုပ်ပစ်ခဲ့ကြတယ်။ အဲဒီ
ရှုရဲ့ အဓိကစစ်တရားခံ ကင်ပေတိုင်ဗိုလ်ကြီး ရှုဆူကီး၊ ဆာဂျင်ယာ
ဆာကီးနဲ့ ဆာဂျင်မေဂျာ အဲဒီချိတို့ကို စစ်သုံ့ပန်းအဖြစ် ဒီထောင်ထဲ
ကျုပ်တို့ စစ်ခဲ့ဆေးခဲ့ပြီးပြီ။ သက်သေအထောက်အထားတွေ၊ မျက်
သက်သေတွေလည်း အများကြီးပဲ။

စစ်ရာဇဝတ်ရုံးအနေနဲ့ ပိုပြီး တိကျသေချာအောင် မြောင်းမြ
ာ အချင်းဖြစ်နေရာတွေအထိသွားပြီး မျက်မြင်ကြည့်ရှုခဲ့၊ စစ်ဆေး
ပြီ။ အဖြစ်အပျက်က အမှန်ပဲ။ ခင်ဗျားတို့ ဂျပန်စစ်တပ်က စစ်ဆင်
နဲ့မဆိုင်တဲ့ အရပ်ဘက်လူထုတွေကို အစုလိုက် အပြုံလိုက်သတ်ပြီး
ဇဝတ်မှုကျူးလွန်ခဲ့ကြတာတွေဟာ အမှန်တွေပဲ။

မာဆတ်ဆတ်၊ ပြတ်တောင်းတောင်းအသံတွေကို တရစပ်သွန်
နေသည့် အမေရိကန်ဗိုလ်ကြီးအား ဖျတ်ခနဲ မော့ကြည့်မိသည်။

အသက်သုံးဆယ်စွန်းစွန်း၊ ပုပုအိုင့်အိုင့် ခပ်တောင့်တောင့်။
က်နှာနီဝိုင်းဝိုင်းဖြစ်သည်။ မျက်ပေါက်ကျဉ်းသော်လည်း မျက်လုံး
ဆံပုံမှာ သူငယ်အိမ်နက်နက်ဖြစ်ပြီး အရောင်လက်နေသည်။ ဆံပင်
ညှပ်ထားသည်။

အမေရိကန်ကြည်းတပ်ဝတ်စုံကို စမတ်ကျကျ ဝတ်ထားသည်။
ခေါင်းရိုးပေါ် ချိတ်တင်ထားသည့် ရွှေကိုင်းမျက်မှန် အဝိုင်းကလေး
ပြာပြာမှိုင်း၏။ သူ့မျက်ဝန်းတွေကို ဖုံးကွယ်သိုဝှက်ထားလိုသလို
နေသည်။



www.burmeseclassic.com

www.burmeseclassic.com



''အဲ . . . အဲဒီလိုပဲ မော်လမြိုင်ထောင်ကြီးထဲမှာ အချုပ်ခံနေရတဲ့ အရပ်ဖက်နိုင်ငံရေးသမား (၂၆)ယောက်ကို ထောင်ကထုတ်သွားပြီး မြို့ပြင် 'တေလေချောင်ရွာ' နားမှာ ဓားနဲ့ ရက်ရက်စက်စက် ခုတ်ပိုင်းသတ်ထားခဲ့ကြတယ်။ အဲဒါဟာ ခြေလျင်တပ်ရင်းအမှတ်–၂၁၅ရဲ့ လက်ချက်လို့ အနိုင်အမာ ဖော်ထုတ်သိထားရပြီးပြီ။

''အဲဒါတွေ ကျုပ်မသိဘူး''

''နောက်ကျေးရွာတစ်ရွာလုံးကို အင်္ဂလိပ်လေထီးတပ်ရဲ့ သူလျှိုဖြစ်တယ်ဆိုတဲ့ သံသယ၊ အာဃာတနဲ့ ယောက်ျား၊ မိန်းမ၊ ကလေး လူကြီးတစ်ယောက်မကျန် ရွာလုံးကျွတ်သတ်ပစ်ခဲ့တဲ့ ရာဇဝတ်မှုကြီး ရှိသေးတယ်။ 'ကုလားကုန်းဖြစ်စဉ်' လို့ ကျုပ်တို့ မှတ်တမ်းတင်ထားတယ်။

ဂျပန်စစ်တပ် ခြေလျင်တပ်ရင်း အမှတ်–၂၁၅၊ တပ်ခွဲ–၃က ကျူးလွန်ခဲ့တာ။ စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးဟီရာစာဝါ (Mrj. Hirasawa) နဲ့ ကင်ပေတိုင်ဗိုလ်ကြီး အဇူမ (Capt. Azuma) တို့ ဦးစီးတဲ့ တပ်ဖွဲ့–၃ နဲ့ ကင်ပေအဖွဲ့ ပူးပေါင်းကျူးလွန်ခဲ့ကြတာပဲ''

''ကျုပ်မသိဘူး''

''ထားပါလေ . . .။ ခင်ဗျား အနေနဲ့ အဲဒီကိစ္စတွေကို မသိဘူးလို့ ငြင်းမယ်ဆိုလည်း ငြင်းနိုင်ပါတယ်။ ဒါပေမဲ့ . . .''

စကားစကိုဖြတ်၍ သူ့ကို တည့်တည့်စူးစူး စိုက်ကြည့်နေ၏။ ချောင်ပိတ်မိနေသည့် ကြွက်ငယ်ကို ပြက်ရယ်ပြုသည့်ကြောင်ဆိုးနှယ် 'ကဲ . . . မင်းဘယ်ပြေးဦးမလဲ' ဟူသည့် မျက်နှာနေမျိုး။

''စစ်ပွဲမှာ အနိုင်ရတဲ့သူကသာ အမှန်တရားကို ဖန်တီးခွင့်ရှိတယ်''





စစ်ကျောင်းတုန်းက သူ့ဆရာတပ်ကြပ်ကြီး တာနဘေး၏ ...ားကို ကြားယောင်မိပြန်၏။

စစ်ကြီးရှုံးပြီဆိုမှဖြင့် ဂျပန်သည် အမှန်တရားကို မည်သို့မှ ...တီးခွင့်မရှိပြီ။ ရင်ခေါင်းထဲမှ နင့်တင့်တင့်ဝေဒနာက ပို၍သိပ်သည်း ...နေ၏။

''ခင်ဗျားတို့တပ်ဖွဲ့က သံဖြူဇရပ်မြို့စွန်၊ အိမ်ကြီးမှာ အင်္ဂလိပ် ...အရပ်သားတစ်ဦးနဲ့ သူ့မိသားစုလေးယောက်၊ ပေါင်းငါးယောက် ...ကို ခြောက်လုံးပြူးသေနတ်နဲ့ ပစ်ခတ်ခဲ့ကြတယ်။ အဲဒီကိစ္စကို ...တော့ ခင်ဗျားသိမှာပေါ့၊ ဟုတ်လား . . . ဗိုလ်ကြီးအဆာဟီနတ''

''ဟင် . . .''

လှုပ်ခနဲ ခုန်တက်လာသည့်ရင်ကို မနည်းကြီး ထိန်းထားလိုက်သည်။ ဖြေစရာစကားလုံးတို့ ပါးရှားလွန်း၏။

ကျွန်းသစ်ရောင် ပြောင်ပြောင်လက်လက် စားပွဲကြီးပေါ်၌ ဖရို...ပြန့်ကျဲနေသည့် ဖိုင်တွဲတွေ၊ စီစီညီညီထပ်တင်ထားသည့် မှတ်တမ်း ...အုပ်တွေ၊ အပုံလိုက်ကြီးရှိနေသည့် ဓာတ်ပုံမှတ်တမ်း အယ်လ်ဘမ် ...တွေကို မြင်သည်။ အမှန်တရားသည် ပုန်းလျှိုးခေါင်းဝှက်စရာ မြေ...

''ရော့ . . . ဒီ . . . ဓာတ်ပုံတွေကို ကြည့်ပါဦး''

အဖြူအမည်းဓာတ်ပုံ၊ အရွယ်အစားမျိုးစုံ လေး၊ ငါး၊ ဆယ်ပုံ... လျှောခနဲ သူ့မျက်စိရှေ့သို့ တစ်ထပ်ကြီး ရောက်လာ၏။

''ဟုတ်ပါတယ် . . . သေချာပါပြီ။ ဒီအင်္ဂလိပ်လူနဲ့ ဒီမိသားစု...''

တစ်ညမှာ သူတို့တပ်ရင်းမှူး ဗိုလ်မှူးကြီးတိုးမိုးတိုကိုယ်တိုင် ...လျှိုမိသားစုတစ်စုကို သုတ်သင်ဖို့ သူတို့တပ်ဖွဲ့အား အမိန့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့က သူနှင့်တပ်ကြပ်ကြီး စာဒါအိုကီတာကျိမားတို့အား တာဝန်ပေး သည်။

မြေပုံညွှန်းကို သိရလျှင်ပင် တပ်ရင်းမှူး၏အမိန့်သည် တစ်ခုံ တစ်ရာဖြင့် လွဲချော်နေပြီမှန်း သူတို့သိလိုက်ကြ၏။

ထိုအိမ်သည် သံဖြူဇရပ်မြို့၌ သူတို့ 'ကေယာကီအဖွဲ့' ဌာန ချုပ်ရုံးဖွင့်ဖို့ အဆောက်အအုံရှာစဉ်က အစီက မျက်စိကျထားခဲ့သော အိမ်ဖြစ်သည်။ အင်္ဂလိပ်မိသားစုတစ်စုနေသည့် အိမ်တစ်လုံး။ မြန်မာ ပြည်လိုနေရာမျိုးတွင် အတော်ကို လှပခံ့ညားသပ်ရပ်သည့် အိမ်ဖြစ် သည်။

ကေရာချီရှိနေသည့် ရာဘာစိုက်ခင်းကြီးအလယ်မှ မြက်ခင်း စိမ်းစိမ်းနှင့် တောင်ကုန်းကလေးပေါ်မှာရှိသည်။ တစ်ဝင်းလုံး တစ်ခြံလုံး ကို ပန်းဥယျာဉ်ကြီးသဖွယ် ပြုစုထားသည်။ ရေကြည်ကြည်၊ ရေစီးသံ ချိုချို၊ ဒေသငါးမျိုးကလေးတွေ ယောက်ယက်ခတ်ကူးပြေးနေသည့် ချောင်း ရှင်ကလေးတစ်စင်းလည်း ရှိသည်။ အိမ်ကြီးက ဗိတိုရိယခေတ်ပုံစံ နှစ်ထပ်တိုက်ခံအိမ်ကြီး။ အဆောင်ဆောင်အခန်းခန်းတွေ၊ ပရိဘောဂ တွေဖြင့် တောက်ပပြောင်လက်နေ၏။

''တပ်ရင်းမှူးက ဒီမိသားစုဟာ သူလျှိုဖြစ်တယ်လို့ ပြောလိုက် ပေမဲ့ အမှန်က သူလျှိုတွေမဟုတ်ဘဲ သာမန်မိသားစုပဲ ဖြစ်မယ်လို့ ကျွန်တော်ထင်တယ် ဗိုလ်ကြီး''

တပ်ကြပ်ကြီးက တီးတိုးပြောခဲ့သေးသည်။

''နေ့ခင်းပိုင်းတုန်းက ဗိုလ်မှူးကြီးဟာ အဲဒီအိမ်ကိုသွားပြီး အိမ်ရှင်နဲ့ တွေ့ခဲ့သေးသတဲ့။ အိမ်ကိုငှားပေးဖို့ အိမ်ရှင်နဲ့ ဆွေးနွေးခဲ့ပုံ ရတယ်။ ဒါပေမဲ့ အိမ်ရှင်အင်္ဂလိပ်က ငြင်းလွှတ်လိုက်သတဲ့''





စကားတွေ ဆက်နေပြန်သည်။

တကယ်တမ်း သူတို့သုတ်သင်ရမည့် အိမ်ရှင်နှင့် မိသားစုကို တွေ့လိုက်ရသည့်အခါ တပ်ကြပ်ကြီး၏စကားက မှန်နေကြောင်း လက် တွေ့သိရသည်။ သို့နှင့်တိုင် သူဘာတတ်နိုင်မလဲ။ အမိန့်ဟာ အမိန့်ပဲ။ စစ်သားဆိုသည် အထက်မိန့်ကို တသွေမသိမ်း နာခံရသည့်သူ။ တစ်သွေး တစ်သံ၊ တစ်မိန့်။ ဒါပဲ မဟုတ်လား။

''ဗိုလ်ကြီးရေ . . . စိတ်မကောင်းစရာပဲ။ ဒီမိသားစုထဲမှာ ချော ဆာလှပပြီး ချစ်စရာကောင်းတဲ့ သမီးကလေးနှစ်ယောက်လည်း ပါနေ သေးတယ်။ 'ဟော့ကိုင်းဒိုး' မှာ ကျန်ရစ်နေခဲ့တဲ့ ကျွန်တော့်ကလေးတွေ အရွယ်ပဲ။ ချီးတဲ့မှ . . . ကြုံရပုံကဖြင့် သောက်သုံးမကျလိုက်တဲ့ ဘဝ ကံနယ်လို့ ပြောရတော့မလို ဖြစ်နေပြီ . . . ဖွတ်''

တပ်ကြပ်ကြီး၏ အသံက ငိုသံပါနေသည်။ ရှိုက်သံတချို့ပင် ထွက်နေသယောင်။ သို့ပင်ဖြစ်လည်း . . .

''ကဲ . . . ဒီလောက်ဆိုရင် မစ္စတာသွန်မဆင်ကို မှတ်မိပြီ သား''

''. . . . . .''

''မစ္စတာသွန်မဆင်နဲ့ သူ့မိသားစုကိုသတ်ခဲ့တာ ခင်ဗျားနဲ့ ထပ်ကြပ်ကြီး တာအိုကျိမား၊လို့ အတိအကျထွက်ဆိုထားတဲ့ စစ်ချက် ဆာ့ ဟောဒီမှာ တစ်ထပ်ကြီးရှိနေတယ်။ မျက်မြင်သက်သေတွေကိုလည်း သံဖြူဇရပ်ကနေ သွားခေါ်ထားပြီးပြီ။ ကဲ . . . ခင်ဗျား ဝန်ခံမလား၊ ငြင်းဦးမလား''

''. . . . . .''

''ဝန်ခံရင်တော့ စစ်ဆင်ရေးတာဝန်အဖြစ် အထက်အမိန့်နာခံ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရတတ်တဲ့ စစ်သည်တို့ရဲ့ သဘောသဘာဝကို ထည့်စဉ်းစ ပြီး စစ်ရာဇဝတ်ခုံရုံးက အပြစ်ဒဏ်ပေးရာမှာ မျှတအောင် သုံးသ ပေးကြလိမ့်မယ်။ မျက်စိမှိတ်ပြီး စုံကန် 'ဘူးကွယ်' နေရင်တော့လည် ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ။ သေဒဏ်က ပြေးလွတ်ဖို့မလွယ်ဘူး''

'' ......''

''ဗိုလ်ကြီး အဆာဟိနတ။ ခင်ဗျားဘက်က ဘာပြောစရာ သေးသလဲ''

''......''

''ခင်ဗျားနဲ့အတူ ပြစ်မှုကျူးလွန်ခဲ့တဲ့ တပ်ကြပ်ကြီး တာ ဂီးမားကတော့ အလိုအလျောက် ဖြောင့်ချက်ပေးပြီး လူသတ်မှုကျ လွန်ခဲ့မိပါတယ်လို့ ဝန်ခံသွားခဲ့ပြီးပြီ။ သူက ''ဖော်ကောင် (Approver) အခွင့်အရေးကို တောင်းထားတယ်။ သေချာတယ် ရမှာပဲ။ ပေးရမှာ ပဲ။ ပေးမှုဖြစ်မှာပဲ''

'' ......''

''ကဲ ... ဘယ်လိုလဲ''

''ကြိုက်သလိုသာလုပ်ပါ။ As you like ...Captain''

ပွဲက ပြတ်ပြီ။ ပွဲပြီးသွားပြီ။ ပွဲသိမ်းပြီ။

သူ့နှုတ်က ဝန်ခံစကားတစ်ခွန်း ထွက်မကျခဲ့လည်း ခေါင် တညိတ် ခေါင်းတခါ မပြုခဲ့မိလည်း ပွဲပြတ်ခဲ့ပြီ။

သူ့စိတ်ထဲက စစ်သားတစ်ယောက်၏ ပကတိစိတ်ဖြင့် အလိုလို သိနေသည်။

''ဒါက စစ်ရာဇဝတ်ခုံရုံးပဲ။ စစ်ကြီးကို နိုင်ခဲ့တဲ့ အမေရိကန် အင်္ဂလိပ်မဟာမိတ်စစ်တပ်က စစ်ရှုံးသူ ဂျပန်တပ်တွေကို အပြစ်ပေး





ဝနစ်တကျ ထောင်ချောက်ဆင်၊ သုတ်ကိုင်းချပြီး တည်ထောင်ထားတဲ့ စစ်ရာဇဝတ်ရုံးပဲ''

အဖြေက မည်သို့များ ပို၍ ထူးလာဦးမည်နည်း။ တရားမျှတ မှုတဲ့လား။ ဘာတွေကို မျှော်လင့်၍ ရနိုင်ဦးမည်နည်း။

''သေဒဏ်ပဲ။ ငါတို့ရှေ့က ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးတွေ၊ စစ်သည်တွေလို ကြိုးစင်ပေါ်မှာ သေရမလား။ လက်မရွံ့ ကွပ်မျက်ရေး တပ်ဖွဲ့ (Execution Squad) တွေကပဲ သေနတ်နဲ့ ပစ်သတ်မလား။ လှံ စွပ်နဲ့ထိုးသတ်မလား။ ဒီနေ့လား ... နက်ဖြန်လား။ နောက်တစ်နေ့ နေ့လား။ သေဒဏ်ကတော့ သေဒဏ်ပဲ''

ဗိုက်ထဲက တကျိကျိမြည်သံတွေ ပို၍ညံလာ၏။ ခေါင်းထဲက တရိပ်ရိပ် ချာလည်ပတ်လည် မူးသီလာသည်။ ရင်တလှပ်လှပ်၊ ထိုး၍ ထိုး၍ အောင့်တက်လာနေသည်။ မေ့ခနဲ မိုက်ခနဲ သတိလက်လွတ် ဖြစ်ချင်ချင်။

'တောင့်ထား ... ထိန်းထားစမ်း။ ရန်သူရဲ့ရှေ့မှာ ရုပ်ပျက် ဆင်းပျက်မဖြစ်စေနဲ့' မရ။ အမှောင်ထုကြီးက သူ့ဆီ ပြေးဝင်လာသည်။ နောက်တစ်ချိ သူ သတိလက်လွတ် မေ့သွားဦးတော့မည်။

''တပ်ကြပ် ဆာလီဗန် ... ရှိလား''

''ဟုတ်ကဲ့ ... ခင်ဗျား''

''ဒီဂျပန်ကောင်ကို ဆွဲထုတ်သွားစမ်း။ သူ့တိုက်ခန်းထဲ ပြန် ထည့်ထားလိုက်။ ပြီးရင် အလုံတိုက်ထဲက ဂျပန်ကင်ပေ 'မျက်နှာမာကြီး' ကို သွားခေါ်လာခဲ့''

''ဟုတ်ကဲ့''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

"ဒေါ်ရောဘော . . . ဒူးရေး ဘာကဲနီး"

"ဖြောင်း"

"အင့်"

"ကောင်းကောင်းကိုယ်ကိုမတ်ထား။ မျက်နှာကို ပြန်မော့ထား
ကြစမ်း။ မင်းတို့ကို ဂျပန်မာ့စတာတွေ တအားစိတ်ဆိုးနေတယ်။ မင်း
တို့ကလည်း မင်းတို့ပဲ။ သူခိုးကွာ . . . ကိုယ့်ဘာသာ လွတ်လွတ်ကင်း
ကင်း ခိုးစားပါတော့လား။ ဖွေဖွေရှာရှာ စစ်တပ်ကိုဒေါင်ထဲက အမြောက်
ကျည်ဆန်တွေကိုမှ ရွေးပြီးခိုးရတယ်လို့။ သေပန်းပွင့်တဲ့အကောင်တွေ
မသေခင်က မသာစော်နံနေပြီ။ ဗွီ . . ."

ဒေါ်ရောဘော (သူခိုး) က လေးယောက်တောင်ဖြစ်သည်။
ငယ်လွန်းကြသေး၏။ အလွန်ဆုံးရှိလှမှ ဆယ့်ရှစ်နှစ်၊ ဆယ့်
ကိုးနှစ်၊ နှစ်ဆယ်။ သေဒဏ်စီရင်ခြင်း ခံရမည့်သူများမို့ လုံးပတ် လူကြီး





စ်ဖက်သာသာ ကုက္ကိုပင်ကြီးတစ်ပင်စီ၌ ကျောမှီ၍ လက်ပြန်ကြိုး
ပ်ထားသည်။ မျက်နှာကို အဝတ်စည်းထားသည်။

နုနုငယ်ငယ် မျက်နှာကလေးတွေမှာ စုတ်ပြတ်ပေါက်ပြဲလျက်
သွေးတွေ . . . သွေးတွေ . . . ရဲပလောင်းခတ်နေ၏။ ရိုက်ရာနက်ရာ၊
ဆ်ရာဒဏ်ချက်တွေ ဗရပွ။ အညိုအမည်း၊ အညိုအစင်းကြီးများက
ည်း တစ်ကိုယ်လုံး နေရာလပ်မရှိအောင် ထပ်နေသည်။

မသတ်ဘဲ သူ့အတိုင်းတိုင်း ပစ်ထားခဲ့လျှင်တောင်မှ ဘာသာ
သက်ထွက်သွားကြတော့မည့် အခြေအနေမျိုး။

မဏိပူရ အင်ဖာထိုးစစ်ကြီး ဖရိုဖရဲစစ်ဦးကျိုးလျက် လန်ကျ
ပြီးကတည်းက တဆုတ်တည်းဆုတ်၊ တစ်ပြေးတည်း ပြေးနေခဲ့ရ
ည်။ သူတို့ဂျပန်တပ်များ၏ စစ်ဆုတ်လမ်း၊ စစ်ပြေးလမ်းမှာ မြန်မာ
ံ့၏ ကြုံရာကျရာက တလမန်းကြမ်း ဆန့်ကျင်တိုက်ခိုက်နေမှုများ
ကြောင့်လည်း မြွေပူရာကင်းမှောင့်ဆိုသလို ဖြစ်နေသည်။

ဟူးကောင်းတောင်ကြားမှာ တနိုင်း–ရှင်ဗွေယန်မှာ၊ မြစ်ကြီး
မှာ၊ နမ့်ဆန်မှာ၊ မိုးမိတ်မှာ၊ ရခိုင်ရိုးမ တောကြီးတောင်ကြီးတွေထဲ
ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ချောင်းကြိုမြစ်ကြားတွေမှာ . . ဘယ်
ရာမှာမှ အရေးသာသည်မရှိတော့။

နိပ္ပွန်ဝ အရှုံးတွေကိုချည်းသာ မျက်နှာချင်းဆိုင်နေရချိန်။ ဂျပန်
တပ်ကြီးတစ်ခုလုံး အထိမခံ ရွှေပန်းကန်အကွဲဆတ် တင်းမာနေ
။ သူခိုးတွေ့သတ်၊ မားပြတွေ့သတ်၊ သူလျှိုဟု သံသယရှိလျှင်သတ်။
ခံနေရှိလျှင် စေ့စေ့ငုငု သတ်ပစ်လိုက်ဖို့ကိုပဲ ဆန္ဒစောနေကြသည့်
ချိန်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုကာလဆိုးကြီးများမှ စစ်တပ်ဂိုဒေါင်ထဲမှ စစ်သုံး အမြောက်ကျည်ဆန်တွေကိုချည်း ရွေးခိုးသည့် သူခိုးကလေးတွေ။ သနား သလိုလို ကရုဏာဝင်ချင်မိသည့်တိုင် 'သေတာတောင်နည်းသေး' ဟု ဒေါသကလေးလည်း စွက်ချင်မိ၏။ 'ကိုယ့်သေတွင်းကိုယ်တူးပြီး သေမယ့် ငင်ကြတာပဲ'။

"သူတို့ကိုသတိရအောင် မြန်မြန်လုပ်ပါ ထွန်းတင်စံ။ မေ့မြော နေရက်ကြီးနဲ့တော့ သတ်ပစ်လိုက်လို့ မဖြစ်ဘူး"

"ဟိုက် ... မာစတာ"

"ဖိုးတုတ်ရေ ..."

"ဖျန်း"

ချက်ချင်းပင် သူခိုးကောင်ကလေးတွေ သတိပြန်လည်လာ ကြသည်။ ပိုင်းပိုင်းလည်နေသည့် ကြောက်ရွံ့အားကြီး မျက်ဝန်းတွေ ကို မမြင်ချင်။ မတွေ့ချင်။

"လူသတ်ပွဲပဲ၊ သနားနေလို့ ဘယ်လိုဖြစ်နိုင်မလဲ။ အမိန့်က အမိန့်ပဲ။ ဟိုရောက်ဒီရောက် အတွေးများက တလွင့်လွင့်။

သေဒဏ်စီရင်ရာတွင် "Bayonet" ခေါ် လှံစွပ်နှင့် အသေထိုး သတ်ရမည်ဖြစ်သည်။ လှံစွပ်တပ်ထားသော ရိုင်ဖယ်ကိုယ်စီကိုင်ထား သည့် ဂျပန်စစ်သားကလည်း လေးယောက်။ ယာမရှိတ၊ အိုဟိရှိတ၊ နားက၊ မတ်ဆုမိုတို။ သူတို့လေးယောက်စလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြ ၏။

သူတို့သည် သေဒဏ်စီရင်ခံရမည့် အချိန်မတိုင်သေး၍ သူတို့ သတ်ရမည့် သူခိုးလေးယောက်ကို ကျောခိုင်းနေကြရသည်။ သူတို့စိတ် ထဲ၌ မည်သို့ရှိမည်မသိသော်လည်း မျက်နှာတွေကဖြင့် မျက်နှာသေ တွေ။





လူသတ်ပွဲကို လာကြည့်ကြသည့် လူထုပရိသတ်ကမနည်း။ ကြားသိသမျှ ရွာနီးချုပ်စပ်များပါက စုရုံးရောက်ရှိလာကြသဖြင့် မြန်မာ ရားပွဲကလေး၊ ဈေးပွဲကလေးတစ်ခုနှယ် စည်နေသည်။

သူခိုးကလေးတွေက သည်အရပ်ဒေသကမဟုတ်။

သို့နှင့်တိုင် မြန်မာလူထုတွေကမူ စုပ်တသပ်သပ်နှင့် သနား နေကြသည်ကို တွေ့ရသည်။

သတ်မိန့်ပေးရမည့်အချိန်က နံနက်ရှစ်နာရီတိတိ။

သူက လက်မှနာရီကိုသာ တကြည့်ကြည့်ဖြစ်နေမိသည်။

နေက ပိုပြီးပူလာ၊ ပြင်းလာနေသလို လူတွေကလည်း ရုတ် ရုတ်သဲသဲ ပို၍ပို၍ စည်လာနေ၏။

"ရှေ့ကြည့်"

"သတိ"

"နောက်လှည့်"

"အသင့်ပြင်"

သူ့နှုတ်က ထွက်လာနေသည့် စစ်မိန့်သံတွေဖြစ်သော်ငြား သူ နှင့် ဘာမျှမဆိုင်သလိုလို။ သူမှတစ်ပါးဖြစ်သည့် အခြားသူတစ်ယောက် ယောက်ပဲ ဖြစ်နေတော့သလိုလို။ ကိုယ်နှင့်စိတ် မကပ်ချင်။ သူ့ကိုယ် ကောင်ကြီးက နှစ်ကိုယ်ကွဲနေသည့်သို့ ဖြစ်၏။

"ဒါ ... အမိန့်ပဲ။ ဒါ ... စစ်မိန့်ပဲ။ အမိန့်အတိုင်းလုပ် တာပဲ"

"လှံစွပ်ထိုး"

"ကျား ... ကျား ... ကျား ... ကျား"

"အား ... အား ... အား ... အား"



www.burmeseclassic.com

www.burmeseclassic.com



လုံစွပ်ထိုးချက်များမှာ ချိန်သားကိုက်လှသည်။ လက်ဝဲလက်ယာ ရင်အုံများ၌ တစ်ချက်စီ၊ ဘယ်ညာဝမ်းဗိုက်များတွင် တစ်ချက်စီ။

လုံစွပ်ကို ဆွဲထုတ်လိုက်တိုင်း သွေးတွေက ပွက်ခနဲပွက်ခနဲ လျှံထွက်လာသည်။ သူ့နို့ကလေးတွေ၏ ပါးစပ်မှလည်း သွေးတွေ တပွက်ပွက် အန်ထွက်လျက်။

ချက်ချင်းသေမည့်ပုံမဟုတ်။

မချိမဆန့် ဝေဒနာခံစားရင်း တွန့်လိမ်ရုန်းကန်နေကြရှာသည်။

လူအုပ်ကြီးမှာလည်း မသဲမကွဲ ညည်းသံတွေနှင့် ပြုံဆင်းသွား၏။ သတ်သူနှင့် သေသူတွေသာ . . .။

"အလို . . . ဘုရား"

ရင်တွေ တဒိန်းဒိန်းခုန်လာသည်။

ဟုတ်မှဟုတ်ပါလေစ။ သေချာအောင် သူ့ရှေ့က မြင်ကွင်းကို သေချာကြည့်မိလိုက်သည်။ သေချာသည်။ သူမှ သူအစစ်။

သေအံ့မူးမူး သွေးအလိမ်းလိမ်း သူ့နို့ကောင်ကလေးတွေ ကိုယ်ပေါ်က မျက်နှာသည် သူမှသူ။ သူ့ဦးခေါင်းနှင့် သူ့နို့ကောင်ကလေး တွေ၏ ခန္ဓာကိုယ်။ အလို . . . ဘုရား . . . ဘုရား။

သွေးတွေ . . . သွေးတွေ . . . သွေးတွေ။

သူ့ပါးစပ်ထဲက အဆက်မပြတ် အန်ထွက်ကျလာနေသည်။

"သေတော့မယ်၊ ငါသေရတော့မယ်။ မကြာခင် သေရတော့ မယ်"

စိတ်ဓာတ်ခွန်အားတွေ တစ်စစ ဆုတ်နစ်လာနေသည်။ ဘုရား ဘုရား . . .။

"တော်စမ်း . . .။ စစ်သားဆိုတာ ဒီလိုပုံမျိုးနဲ့ မသေရဘူး မဟုတ်ဘူး။ မသေရဘူး"

---

စိတ်ကူးသစ်စာပေ



အသံဖြစ်မလာသည့်တိုင် အားအင်ကုန်ခန်း၍ စိတ်ရှိလက်ရှိ သံကုန်အော်ဟစ်လိုက်မိ၏။ အမှောင်ထုကြီးထဲမှလည်း အတင်းရုန်း ထွက်သည်။

"မောလိုက်တာ"

နှမ်းရိုပန်းယိုက်လျက် ခွေခွေကလေး အခန်းထောင့်မှာ လှဲနေ တော့သည်။

"အိပ်မက်ပဲ . . . အိပ်မက်တွေပဲ။ ဒီအိပ်မက်တွေချည်းပဲ။ ငါ့ကို နှိပ်စက်နေကြတာ ညတိုင်းပဲ"

တွေးရုံမျှပင် မတွေးချင်။ စိတ်ကူးတစ်ခက် ပြေးဖို့အတွက်ပင် ခွန်အားမရှိ။

ဟော . . . အမှောင်ကြီး ကျလာပြန်ပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## သွေးရှူးသွေးတမ်း

❑

တကယ်တမ်းက နံနက်ခင်းကလေးမှာ အလွန်ကြီးဆိုးလှ
လှသည်မဟုတ်။ နေခြည်ဝင်းဝင်းကလေးနှင့် လေညင်းနွေးနွေးကလေ
များကြောင့် မျက်စိနှစ်လုံးပွင့်လာလျှင် လာချင်းမှာပင် စိတ်က လွတ်
ဖြစ်ချင်သည်။ လက်ရှိဘဝအနေကို မေ့လျှက်ငေး၍ပင် နေလိုက်မိသေ
၏။

သို့သော်လည်း . . . ။

ခဏကလေးသာဖြစ်သည်။ တကယ်ခဏကလေးပါပဲ။

မဲညစ်ညစ် ကျပ်လုံးသံတိုင်တွေ၊ သံချေးတွေဖြင့် ကွက်နေ
ဖြစ်သည့် နှစ်ငါးမူးထု သံဟင်ဂလန်တန်းတွေ၊ တိုးလိုးတန်းလန်း သေ
ခလောက် ရောမကြီးတွေ၊ ကြီးမားလေးလံလှသည့် တံခါးမောင်း





ကြီးတွေနှင့် ညှီစို့စို့၊ စိုထိုင်းထိုင်း၊ အောက်သိုးသိုး၊ ပုပ်ဟောင်ဟောင် တိုက်ခန်းဟောင်းအနံ့အသက်တွေက သူ့ကို ပြန်၍ သတိဝင်လာစေခဲ့သည်။

တိုက်ခန်းအဝင် သစ်သားတံခါးကလေးကိုလည်း ပိတ်ထားသိုက်ကြပြီ။ ခြောက်ပေ၊ သုံးပေ မြင်ကွင်းဘောင်ထဲမှ မြင်တွေ့နေကျ နှယ်သာကီပန်းချုံ စိမ်းရင့်နက်မှောင်ကလေး၊ ပန်းပွင့်နီနီရဲရဲကလေးတွေ၊ ရေညှိတက်၊ အုတ်စီလမ်းဟောင်းကလေးဘေး၌ ကပ်၍ ပေါက်နေ ‌ေ လမ်းလျှောက်ပန်း ချုံနွယ်ပင်ပုကလေးတွေ၊ သူ့ခရမ်းသွေးလွင်လွင် ငုံဖတ်ကလေးတွေဖြင့် ဝေနေသည့် အရိုင်းပန်းချုံရှုခင်းကလေးကိုပင် ချင် မြင်ခွင့်မကြုံနိုင်ပြန်တော့။

တစ်ညလုံးကြားနေရသည့် ထောင်ဝန်ထမ်းညစောင့် စန္တရီ၏ နင်းချိုဆန်ချို လျှောက်သံသည်ပင် ငြိမ်တိတ်နေပြန်တော့သည်။

နေ့ခင်းတာဝန်ကျ စစ်ရဲပုလိပ်တွေနှင့်ပဲ တာဝန်ချိန် လွှဲပြောင်း နေလေရောသလား။ ချောင်တစ်ခုခုမှာပင် အိပ်မောကျနေလေသလား။ ရမသိ။

အိန္ဒိယနွယ်ဖွား ထောင်စောင့်စန္တရီများနှင့် ဆက်ဆံရသည်မှာ ကျက်တောင့်ခက်ခဲမရှိလှ။ အလွမ်းသင့်လွန်းသည် မဆိုနိုင်သည့်တိုင် အရှေ့ တိုင်းသားတို့၏ လူသားဆန်ဆန် စာနာမှုကလေးတွေကြောင့် ခံသာ သည်။ အမေရိကန်စစ်ပုလိပ်တွေ တိုက်ခန်းမှာ တာဝန်ကျသည့်နေ့များ ဆိုမှဖြင့် ငရဲကျသည့်နှယ် ကြပ်တည်းဆင်းရဲလှတော့၏။ သေချင်စော် နံကရော။

ခါးတွင်ပတ်ထားသည့် သားရေခါးပတ်ပြားကြီးတွင် ချိတ်ဆွဲ ထားသော သော့တံနှစ်ဆယ်အစိတ်၏ ညှိုးညှိုးညံ့ညံ့အသံတွေကို ကြား



www.burmeseclassic.com

www.burmeseclassic.com



ရလျှင် သေချာပြီ။ ထိုနေ့၌ စစ်ပုလိပ်တွေ မလာတော့။

ယခုလို ထောင်ဖွင့်သံချောင်းသံ ဒေါင်ဒေါင်ဒင်ဒင်တွေကို ကြာ လိုက်ရပြီး၊ တခြားတစ်ပါးအကျဉ်းသား အိပ်ဆောင်များမှ လူသံသူ တွေကို အုတ်အုတ်ကျက်ကျက် ကြားနေရလျက် တစ်ထောင်လုံး အသ ဝင်လာနေသည့်တိုင် သူတို့တိုက်ခန်းတွေဖက်မှာ မည်သည့်အသံတ တစေ့ကိုမျှ မကြားရသေးလျှင် . . .၊ ခါတိုင်းလာနေကျ ထောင် ထမ်းများအား အရိပ်အယောင်မျှပင် မမြင်ရသေးလျှင် . . .

''အင်း . . . ဒီကနေ့လည်း ငရဲတွင်းထဲမှာ သံသရာလည် မှဲ့နေပဲ''

အတွေးတွေဖြင့် မောဂါ။

ထောင်ထားသည့် ဦးခေါင်းကိုလည်းကောင်း၊ ထနိုင်ရန် အ ယူ၍ပြင်ထားသည့် ကိုယ်အနေကိုလည်းကောင်း။ တစ်ပတ်လျှော့ချ မိတော့သည်။ အေးစက်စက် အင်္ဂတေကြမ်းပြင်၊ ချဉ်စုတ်စုတ်အနံ့ တွေထွက်နေသည့် ဂုံနီဖျင်ပါး ဒလီခင်းပေါ်၌ ပြန်၍ လှဲနေလိုက်၏

''စိတ်ကိုအသင့်ပြင်၊ အချက်အလက်တွေကို အစီအစ ထည့်။ ပိုက်စိပ်တိုက်မေးလာဦးမည့် မေးခွန်းများအတွက် ကြိုတ ယင်းနှင့် ဆီလျော်ရာရာ အဖြေပေးနိုင်ဖို့ စဉ်းစား။

ဤနိစ္စဓူဝ ငရဲက သံသရာလည်၍ ဆုံးမည်မဟုတ်။

သူအပါအဝင် အမိက စစ်ရာဇဝတ်ကောင်၊ စစ်တရား အဖြစ် အလုံတိုက် (Soiltary Cell) ထဲ၌ တစ်သီးတစ်ခြား တိုက်ပိ ထားရသူ ဂျပန်စစ်တပ်အရာရှိနှင့် စစ်ပုလိပ် (ကင်ပေ)များ ၅၀ ရှိသည်။ ဂျပန်တို့ ဘုန်းမီးနေလတောက်ပချိန်က ရုံးတစ်ရုံး၊ ဓားတ မင်းမူခဲ့ဖူးကြသည့် ကင်ပေတိုင်ဟောင်းတွေသာပဲ များ၏။





သူကမူ မဟာမိတ်စစ်ရာဇဝတ်ခုံရုံး၏ အမိက ဦးတည်ပစ် မှတ်ကြီးတစ်ခုဖြစ်နေ၏။ စစ်အတွင်းက ကင်ပေထိပ်တန်း အရာရှိကြီး တစ်ဦးဖြစ်ခဲ့သော စစ်တပ်ရာထူးဗိုလ်မှူးကြီးအဆင့် တာဝန်ရှိသည့်သူ့ ကို ရန်ကုန်ထောင်ကြီးထဲက ကြိုးစင်ပေါ်မှာ ကြိုးကွင်းစွပ်နိုင်ဖို့ ကျား ကုတ်ကျားခဲ သဲကြီးမဲကြီး ကြိုးစားနေကြပုံလည်း ပေါ်သည်။

၁၉၄၆ ခုနှစ်၊ အောက်တိုဘာ ၁၃။

ထိုနေ့တွင် စင်ကာပူရှိ 'ချန်ဂီ' ထောင်ကြီးမှသည် မြန်မာပြည် ရှိ ရန်ကုန်ထောင်ကြီးသို့ သူတို့မြန်မာပြည်ဆိုင်ရာ စစ်သုံ့ပန်းများအား လွှဲပြောင်းပေးအပ်ခဲ့လေရာ စုစုပေါင်း စစ်သုံ့ပန်း ၂၀၀၀ ကျော်ကျော် ရှိသည်ဟု သူသိထား၏။ ယင်းတို့အနက် ကင်ပေဟောင်းချည်း ၆၀၀ ခန့် ပါသည်တဲ့။

သူတို့၏ အရင်တစ်ပတ်စော၌ မြန်မာပြည်၏ လက်ရှိစစ်ခေါင်း ဆောင်များဖြစ်နေကြသည့် ရဲဘော်သုံးကျိပ်တို့၏ ဆရာ၊ နာမည်ကျော် မိနာမိအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးစုဇုကီး 'ဗိုလ်မိုးကြိုး' လည်း ဂျပန် ပြည်မှတဆင့် ရန်ကုန်ထောင်ကြီးထဲမှာ ရောက်နေပြီဖြစ်ကြောင်း သတင်း ရထားသည်။

ဘုရင်ခံ၏ အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌဖြစ်နေသည့် ဗိုလ်ချုပ် အောင်ဆန်းက ငြိတိသျှ အာဏာပိုင်တို့ကိုဆန့်ကျင်၍ သူ့ဆရာကို ကယ် နိုင်ပါမည်လား။ မထင်။

ဂျပန်တပ်မတော်အား မြန်မာတို့က အတိအလင်း ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသည့် ၁၉၄၅ ခု၊ မတ်လ ၂၇ ရက် မတိုင်မီကပင်လျှင် ချေးပြေးဝက်ပြေး တလမန်းကြမ်း ဆုတ်ခွာထွက်ပြေးနေကြရသည့် ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်အသီးသီး စစ်သည်အရာရှိ အဆင့်အတန်းအားလုံးတို့သည် လူရုပ်မပေါက်နိုင်အောင်ပင် ဆင်းရဲလွန်းမက ဆင်းရဲခဲ့လှပြီ။

အစာငတ်ရေငတ်ဖြင့် နေ့နေ့ညည တောကြီးတောင်ကြီးတွေထဲမှာ တစ်တောဝင်တစ်ချုံတိုး ပုန်းလျှိုးကွယ်လျှိုး အသက်လု၍ စစ်ဆုတ်ခဲ့ကြရပြီးပြီ။ ရောဂါဘယဘေး၊ ရာသီဥတု ဘေးဒဏ်များကြောင့် တဖြုတ်ဖြုတ် တသဲသဲ သေပွဲဝင်ခဲ့ကြရသည့် စစ်သည်တွေသည်လည်း မနည်း။ နေ့မြင်ညပျောက်။

ထိုမျှ အထိနာနေသည့် ဂျပန်တပ်တော်သားတို့ခမျာ ဂျပန်ကေရာဇ် တင်နော်ဟေကာက မဟာမိတ်တို့ထံ အကြွင်းမဲ့ လက်နက်လုခမန်း စိတ်အားတွေ ဝှန်းခနဲ ပြိုဆင်းသွားကြရသည်။

စစ်ရှုံးပြီ။

နေနတ်မျိုးနွယ်တို့၏ မဟာအရှေ့အာရှကယ်တင်ရေး စိတ်ကူးယဉ်မျှော်လင့်ချက်ကြီး တစ်ခန်းရပ်ခဲ့ပြီ။

ကမ္ဘာ့အလယ်မှာ ဂျပန်တို့ အရှိန်ဩဇာ ရေစုန်မျောခဲ့ရပြီ။

ထိုသို့ ဆက်တိုက်ကြုံလာခဲ့ရသည့် စစ်ရှုံးသူ၏ ကြမ္မာဆိုးများက စစ်သုံ့ပန်းဘဝတွင် တုတ်တုတ်တန်တန် လှုပ်ရှမ်မပီလေအောင် နှိပ်စက်ထုထောင်းထားသလို ဖြစ်တော့၏။

သာမန်ရိုးရိုး စစ်သည်အကြပ်များ၏ အခြေအနေမှာ မတွေးဝံ့စရာပင်။ သူလို ဗိုလ်မှူးကြီးတစ်ဦး။ ကင်ပေအကြီးအကဲဟောင်း အရာရှိကြီးတစ်ဦးသည်ပင်လျှင် မဟာမိတ်စစ် ရာဇဝတ်ရုံးရှေ့မှာ ဂုဏ်နှင့်သိက္ခာနှင့် မားမားရပ်ဖို့ အဟန့်မထည် မျက်နှာပန်းမလှနိုင်ခဲ့ပြီ။

သူ၏ စစ်ဝတ်စုံများမှာ ဖွာလန်ကြနေ၏။





အဖာအထေးတွေ တင်းကြမ်း။ ကြေးရှစ်သစ်တက်လျက် ညစ်ပတ်ပေရေနေပြီ။ မူလရှိရင်းစွဲ ကာကီရောင်သည် ဘယ်တုန်းက ပျောက်သွားခဲ့လေသည်မသိ။ ရွှံ့နစ်ရောင်မဲညစ်နေပြီ။

သူ့ရင်ပတ်မှ ရာထူးတံဆိပ် အဆောင်အယောင်များသည်လည်း တောက်တောက်လက်လက် မရှိခဲ့သည်မှာ ကြာပြီ။ ခပ်ညစ်ညစ်ရွှေရောင်တစ်စွန်းတစ်စမျှကိုပင် မမြင်ရတော့။ ကြယ်သုံးပွင့်ကိုလည်း ခပ်ရေးရေး ခပ်မှိန်မှိန်သာ တွေ့နိုင်သည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများက အဆမတန် ရှည်နေ၏။ ပိန်လိုက်သည်မှာလည်း အရိုးပေါ်အရေတင်။

တစ်နေ့စာရသည့် အစားအစာရာရှင်က နည်းလွန်းလှလေရာ အစာဟောင်းအိမ်ထဲမှ အညစ်အကြေးများကို ဝမ်းသွားစွန့်ပစ်မိခဲ့လျှင်ပင် အားလျော့သွားမည်စိုးသဖြင့် ကျင်ကြီးမစွန့်မိအောင် အနိုင်နိုင်ကြိုးစားပြီး နေနေရသည့်ဘဝ။

မတတ်သာလွန်းမှစွန့်။ ဝမ်းဗိုက်က အမြဲဆာလောင်နေသည်။ အစာမရှိဘဲ ပြားချပ်နေသည့် ဝမ်းဗိုက်အရေပြားနှင့် ကျောရိုးသည်ပင် ထိနေပြီဟု ထင်ရသည်။

အစာပြတ်အားပြတ်ပြီး ရှုံးသွပ်သွားသည့် ဂျပန်စစ်သုံ့ပန်းငါးယောက်အထိ ရှိခဲ့ပြီဖြစ်သည်။

သာမန်စစ်သားတစ်ယောက်၏ ပုံစံမျိုး။ စုတ်ပြတ်ပေရေနေသည့် သူ့ကို ကင်ပေထိပ်တန်းအရာရှိကြီး 'ဗိုလ်မှူးကြီးယာမာဒါ' ပါဟုပြောလျှင် ယုံသူရှားလိမ့်မည်။

စစ်ကြီး ပြီးသွားပြီဟု သိလျှင်သိခြင်း 'ငါတို့မသေနိုင်တော့ဘူး' ဟူသည့်အတွေးဖြင့် လှုပ်ခနဲဝမ်းသာမိရသလို ဂျပန်စစ်ရုံးပြီဆို



www.burmeseclassic.com

www.burmeseclassic.com



သောအသံတွေ၊ သတင်းတွေနှင့်အတူ စစ်ပွဲကြီးအတွင်း၌ အသက်စွန့်သွားခဲ့ရသည့် စစ်သည်တွေကို ရှက်ရွံ့အားနာ စိတ်ဝင်မိပြန်သည်။

ယခုသော်မူ . . . သေသွားခဲ့တာကမှ ကောင်းပါသေးကလား။

လှစဉ်စစ် ကိုယ်ကောင်ထင်ရှားဘဝကြီးဖြင့်ပင် တိရစ္ဆာန်သာသာ၊ ပြိတ္တာသာသာဘဝ ရောက်နေရသည့် စစ်သုံ့ပန်းဘဝ၊ စစ်တရားခံစစ်ရာဇဝတ်ကောင်ဘဝ၌ "သေသော်မှတည့် . . . ဪ . . . ကောင်း၏" ဟု တုံးတုံးချ နှလုံးသွင်းထားမိတော့သည်။ ကြာပြီ။

✿ ✿ ✿

❑

"ဗိုလ်မှူးကြီးတို့ ရန်ကုန်က ဆုတ်ခွာခဲ့တာ ဘယ်နေ့လဲ"

"ဧပြီလ ၂၉ ရက်နေ့ ၁၉၄၅"

"ရန်ကုန်မြို့နဲ့ စစ်ဆုတ်လမ်းတစ်လျှောက်က အဓိကရမြို့ကြီးတွေကို မြေလှန်မီးရှို့ခဲ့ဖို့ အမိန့်ပေးခဲ့တာ ဗိုလ်မှူးကြီးပဲလို့ သိထားတယ်။ ဟုတ်ပါသလား"

"စစ်နဲ့ပတ်သက်တဲ့ အဆောက်အအုံအားလုံးကို မီးရှို့ပစ်ခဲ့ဖို့ ကျုပ် အမိန့်ပေးခဲ့တယ်။ ဒါကလည်း သမားရိုးကျလုပ်နေကျ စစ်တပ်ရဲ့ထုံးစံပဲလေ။ ခွာစစ်မှာကျင့်သုံးရတဲ့ စစ်နည်းဗျူဟာတစ်ခုပဲ မဟုတ်လား"

"ရန်ကုန်ကနေခွာခဲ့ပြီး ဘယ်မှာလက်နက်ချခဲ့တာလဲ"

"ရန်ကုန်ကနေ . . . ပဲခူး။ နောက် မော်လမြိုင်။ အဲ . . . အဲဒီမော်လမြိုင်မှာ တပ်တွေကို ပြန်စုတယ်။ အဲဒီမှာပဲ စစ်ကြီးပြီးသွားပြီလို့ သိခဲ့ရတယ်။ အထက်အမိန့်အရ မော်လမြိုင်မှာပဲ ကျုပ်တို့လက်နက်ချခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတ်လ ၂၇ ရက်မှာ မြန်မာတစ်ပြည်လုံးက ဂျပန်ကို တော်လှန်တိုက်ခိုက်နေကြပြီ။ ရန်ကုန်ကို ဘာကြောင့် မေ ၂၉ မှ စွန့်ခွာခဲ့ရတာလဲ"

"မြစ်ဝကျွန်းပေါ်ဘက်က ဆုတ်လာတဲ့တပ်တွေ မြန်မာပြည်အလယ်ပိုင်းက ဆုတ်လာတဲ့တပ်တွေကို စုံအောင်စောင့်ရင်း အမှတ် ၂၈ တပ်တော်နဲ့ အမှတ် ၂၀ တပ်မက စစ်သည်တွေကို ပဲခူးရိုးမအရှေ့ဖက်ခြမ်းတောင်ခြေတွေမှာ စုနိုင်းထားရတယ်။

တပ်ဖွဲ့တွေစုနေတုန်း ဗဟိုစစ်ဦးစီးအဖွဲ့နဲ့ ကြည်းတပ်စစ်ဦးစီးဌာနချုပ်တွေက တရားဝင်အစိုးရ. အဖွဲ့နဲ့အတူ ရန်ကုန်မှာ ဟန်မပျက်ရှိနေမှ တပ်သားတွေ ပြောင်းရွှေ့လှုပ်ရှားရတာ လုံခြုံအဆင်ပြေမယ်၊ ဒါကြောင့် ရန်ကုန်မှာ တင်းခံနေခဲ့ကြရတာ"

"တပ်တွေ စုမိသလား၊ ဘယ်နေ့မှ စုမိသလဲ။ အရေအတွက်ဘယ်လောက်ရှိသလဲ"

"မော်လမြိုင်မှာ ဇူလိုင် ၂၉ က စုမိတယ်။ စုစုပေါင်း တပ်သားသုံးသောင်းနဲ့ လေးထောင်ဝန်းကျင်ပဲ"

"မုဒုံမြို့က စစ်သုံ့ပန်းစခန်းမှာ တရားဝင်စာရင်းအရ ဂျပန်စစ်သား နှစ်သောင်းဝန်းကျင်ပဲရှိတယ်။ စုမိတဲ့အင်အားနဲ့ လက်နက်ချတဲ့အင်အားက ဘာကြောင့် ဒီလောက်ကွာနေရတာလဲ။ တစ်သောင်းခွဲလောက် ကွာနေသည်။

"သေကုန်ခဲ့ကြတာ"

"ဘယ်လို ဗိုလ်မှူးကြီး"

"အင်္ဂလိပ်လေတီးတပ်နဲ့ ဗမာတပ်တွေရဲ့ ပြောက်ကျားတိုက်ခိုက်မှုတွေကြောင့် တချို့က တိုက်ပွဲမှာ ကျဆုံးသွားခဲ့ကြရတယ်။ ဒါပေမဲ့





အများစုက အစားအစာ ငတ်မွတ်ခေါင်းပါးတဲ့ဒဏ်၊ ရောဂါဘယနဲ့ ငှက်ဖျားဒဏ်၊ ဟိုပြောင်းဒီရွှေ့ တစ်ပြေးတည်းပြေးနေရတဲ့ စစ်ပန်းတဲ့ဒဏ်တွေကြောင့် သေကုန်ကြရတာပဲ။

အဲဒီလို သေကုန်ကြတဲ့အထဲမှာ စစ်တပ်နဲ့အတူ စစ်ပြေးလာခဲ့ကြတဲ့ ဂျပ်အရပ်သား ကုမ္ပဏီဝန်ထမ်းတွေ၊ မိသားစုတွေ၊ ကလေးတွေ အများကြီးအများကြီး သေခဲ့ကြရတယ်။ စာရင်းလည်း အတိအကျမယူနိုင်ဘူး။ တချို့ဆို တောကြီးမျက်မည်းထဲမှာ ဒီအတိုင်းတိုင်း ပစ်ထားခဲ့ရတယ်။ မနည်းဘူး။ စစ်သားရော အရပ်သားရော ပေါင်းလိုက်ရင် သုံးလေးလအတွင်း သေခဲ့ကြရတာ သိန်းဂဏန်းပဲ။

"စစ်တောင်းကို ဘယ်လိုကူးခဲ့ကြသလဲ"

"ဇူလိုင်လ (၂၀) ရက်နေ့ညမှာ တပ်တွေအားလုံး ပဲခူးရိုးမတောင်ခြေက ခွာခဲ့ကြတယ်။ စစ်တောင်းလွင်ပြင်နဲ့ စစ်တောင်းမြစ်ကို ဖြတ်ကျော်ဖို့ အရှေ့ရှူးရှူးကို ချီတက်ခဲ့ကြတယ်။ စစ်တောင်းမြစ်ကို ဒီလောက်အုပ်စုကြီးနဲ့ လျှို့ဝှက်ပြီး လုံလုံခြုံခြုံ ဖြတ်ကျော်ဖို့ဆိုတာ မလွယ်ဘူးလေ။ အချိန်အတိုဆုံးနဲ့ပြီးအောင် စီမံခဲ့ရတယ်။

အဲဒါကတော့ ညောင်လေးပင်ကနေ တောင်ငူအထိ မိုင်(၈၀)ကျော် အကွာအဝေး၊ မြစ်ကမ်းတစ်လျှောက်မှာ လူအားလုံး ရင်ဘောင်တန်းပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း မြစ်ကိုဖြတ်တဲ့နည်းပဲ။ မြစ်ကိုဖြတ်ကူးကြတာ သုံးညဆက်တိုက်ဖြစ်တယ်။ ဒါပေမဲ့ စစ်တောင်းမြစ်ရဲ့အရှေ့ဖက်ကမ်းမှာ အသင့်စောင့်နေကြတဲ့ အင်္ဂလိပ်တပ်တွေက ပစ်ခတ်တိုက်ခိုက်ကြလို့ ဂျပန်စစ်သားတွေ အများကြီး ကျဆုံးခဲ့ကြရတယ်။

"ဒီရန်ကုန်ထောင်ကြီးထဲမှာ ဗိုလ်မှူးကြီးတို့ ဂျပန်စစ်ပုလိပ် (ကင်ပေ) တွေချည်း (၆၀၀) ကျော်ကျော်လောက်ရှိတယ်။ အဲဒီလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဗိုလ်မှူးကြီးက ရာထူးအကြီးဆုံးပဲလား။ ဗိုလ်မှူးကြီးထက် ရာထူးကြီးတဲ့ စစ်ဖက်အရာရှိကြီးတွေ ပါသေးသလား''

''ကျုပ်မသိဘူး။ ကျုပ်ကို ဒီထောင်ထဲ ရောက်လာကတည်းက သီးသန့်ခွဲထားခဲ့ကြတာဆိုတော့ လူသံသူသံတွေပဲ ကြားနေရပြီး ဘယ်သူနဲ့မှ အဆက်အသွယ်မရှိတော့ဘူး''

''ဒါဆိုရင် မြောင်းမြထောင်ထဲက အရပ်ဖက်နိုင်ငံရေးသမားတွေကို ထောင်ထဲက ထုတ်ပြီးသတ်ပစ်ခဲ့ကြတာကို ဗိုလ်မှူးကြီး သိသလား။ ကင်ပေအဖွဲ့အနေနဲ့ ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သက်မှုရှိခဲ့သလဲ။

''ကျုပ်မသိဘူး''

''မဟုတ်သေးဘူးလေ တစ်ခုခုပြောဦးမှပေါ့''

''အင်မတန်ပြင်းထန်တဲ့ စစ်ပွဲကြီးတစ်ခုအတွင်း ဝရုန်းသုန်းကား ဆုတ်ခွာထွက်ပြေးနေရတဲ့ လက်နက်ကိုင်လူအုပ်စုကြီးတစ်ခုလုံးကို စနစ်တကျ အုပ်ချုပ်စီမံခန့်ခွဲနိုင်လိမ့်မယ်။ စစ်မိန့်စီးဆင်းမှုနဲ့ နာခံမှု (Change of Commands) တွေကရော ပုံမှန်အတိုင်း ချောချောမွေ့မွေ့ ဖြစ်နေလိမ့်မယ်လို့ လူကြီးမင်းတို့ ထင်သလား။

ရန်ကုန်က ဂျပန်ကြည်းတပ်စစ်ဦးစီးဌာနချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ မအောင်မြင်တဲ့ အိန္ဒိယမြန်မာပြည်မြောက်ပိုင်းမှာ ဂျင်နရယ်စတီးဝဲလ်ရဲ့ အမေရိကန်တပ်တွေ၊ ဘရီဂေးဒီးယားဝင်းဂိတ်ရဲ့ အင်္ဂလိပ်ခြသေ့တပ်ရင်းတွေ၊ ဂျင်နရယ်လီရဲ့ တရုတ်စစ်သားတွေ၊ (Foree-136) နဲ့ ဗမာတော်လှန် တိုက်ခိုက်ရေးအဖွဲ့တွေက ညှပ်ပူးညှပ်ပိတ်စစ်ဆင်တိုက်ခိုက်မှုတွေကြားထဲက အလူးအလဲ ဖောက်ထွက်လာခဲ့ရတဲ့ တပ်မ





...ကြီးတွေ၊ အရေးမလှတော့တဲ့ မြန်မာပြည်စစ်မြေပြင်ကနေ ပြုန်း...နည်းနည်းနဲ့ အမြန်ဆုံးဆုတ်ခွာနိုင်အောင် ချိတ်ဆက်စီမံရတာတွေ မလွယ်ပါဘူး။

အထူးသဖြင့် ဩဂုတ်လှာ တော်တော်ကျဆင်းနေခဲ့ပါပြီ။ ကိုယ့်...ယ်ဝှမ်းရဲ့ အခြေအနေနဲ့ကိုယ်၊ ကိုယ့်တပ်မရဲ့ စစ်ဦးစီးအဖွဲ့နဲ့ကိုယ်...င်ပြေသလို ကြည့်ပြီး စီမံကွပ်ကဲနေခဲ့ကြရတာပါပဲ''

''အဲဒီစစ်ရေးနဲ့မဆိုင်တဲ့ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး ...ပန်စစ်တပ်ရဲ့ ဘယ်တပ်မက ကျူးလွန်ခဲ့တယ်လို့ ဗိုလ်မှူးကြီး ...သလဲ''

''ရောဝတီတိုင်းကို ဦးဆောင်နေခဲ့တဲ့ ဂျပန်ဗိုလ်ချုပ်ဟာနီးယား ...မ ၂၈ လက်အောက်ခံတပ်တွေ ဖြစ်နိုင်ပါတယ်''

''ဘာကြောင့် ...''

''အချက်နှစ်ချက်ရှိတယ်။ ပထမအချက်က ဂျပန်တပ်မတော် ...နဲ့ပြန်ဖို့တိုက်ခိုက်ဖို့ ပြင်းပြင်းထန်ထန် စည်းရုံးဦးဆောင်ခဲ့တဲ့ ဗမာ ...ခေါင်းဆောင် သခင်စိုးနဲ့ ဗမာ့တပ်မတော်ရဲ့ ဒုတိယအကြီး ဗိုလ်မှူးကြီးနေဝင်းတို့ ဦးဆောင်တဲ့ မြန်မာပြောက်ကျား တစ်ဖွဲ့ ...ရဲ့ တိုက်ခိုက်မှုက စစ်ရေးနိမ့်စပြုနေပြီဖြစ်တဲ့ ဂျပန်တပ်တွေကို ...ုံးဝါးဝါး အထိနာစေခဲ့တယ်''

''နောက်တစ်ချက်က''

''အဲ ...အဲဒီနောက်တစ်ချက်က ပိုပြီး အရေးကြီးတယ်၊ ...ဗိုလ်ချုပ် ဟာနီးယားကိုယ်တိုင် လိုက်ပါလာတဲ့ ဂျပန်စစ်ဖက်ယာဉ် ...ကို မြန်မာပြောက်ကျားတွေက မဲဇလီရွာနားမှာ ချုံခိုတိုက်ခိုက်ခဲ့ ...တာပဲ။ ဗိုလ်ချုပ်ဟာနီးယားစီးလာတဲ့ ဆလွန်းကားရော ကျန်...



www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်ထရပ်ကားတွေရော ထိကုန်တယ်။ ဂျပန်တပ်ဘက်က အထိအနိ
အကျအရှုံးရှိတယ်။ များလည်းများတယ်။ ဗိုလ်ချုပ်ဟာနီးယားကတေ
လွတ်သွားခဲ့တယ်''

''အင်း ... ဆက်ပါဦး''

''အဲဒီနောက် ဂျပန်တပ်တွေဟာ သဲကြီးမဲကြီး တောနင်း
မြန်မာပြောက်ကျားတွေကို ရှာခဲ့ကြတယ်။ ပြောက်ကျားတွေရဲ့ အဆ
အသွယ်ဖြစ်တဲ့ မြို့ပေါ်က နိုင်ငံရေးလှုပ်ရှားသူတွေကို ပိုက်စိပ်တို
ဖမ်းခဲ့ကြတယ်။

စစ်ရေးမသာလို့ စစ်ဆုတ်ရမယ့်အခါမှာ အဲဒီလို နော
ကြောင်းမအေးမှုတွေကြောင့် သတ်ပစ်ခဲ့ကြတာလို့လည်း ပြောလို့ရတယ
ဘယ်စစ်ဗိုလ်ချုပ်ကမှ ကိုယ့်ရဲ့နောက်ကျောကိုထောက်ထားတဲ့ ဓား
လက်ကို ရိုက်ချိုးဖို့ အားမထုတ်ဘူးဆိုတာ ရှိမှာမဟုတ်ဘူး။ အင်္ဂလိ
ဖြစ်ဖြစ်၊ အမေရိကန်ဖြစ်ဖြစ်လေ''

''ခင်ဗျား လက်ဖ်တင်နင်ဆူဖူးကီးကို သိသလား''

''ပုသိမ်ခရိုင်ရဲ့ ကင်ပေတိုင်အကြီးအကဲတစ်ယောက်ပဲ''

''အသတ်ခံလိုက်ရတဲ့ အရပ်ဖက်နိုင်ငံရေးသမား (၄၁)ယော
နဲ့ တခြား ဘိုကလေး၊ ကျုံမငေး၊ လေးမျက်နှာ၊ ဟင်္သာတ၊ ပုသိ
မြောင်းမြဘက်က မြန်မာနိုင်ငံရေးသမားတွေကို ပိုက်စိပ်တိုက်ပြီး
ခဲ့တာသူပဲ။

မြောင်းမြထောင်ထဲကိုဝင်ပြီး နိုင်ငံရေးသမားတွေကို ရိုက်
ညှင်းပန်းပြီး စစ်ဆေးခဲ့တာလည်း သူပဲ။ အသတ်ခံရတဲ့ နိုင်ငံ
သမား (၄၁) ဦးကို မြောင်းမြထောင်ထဲကနေ လာထုတ်သွားခဲ့တာ
သူပဲ ... တဲ့''





''ကျုပ်မသိဘူး''

''ဒီလူသတ်မှုမှာ ဗိုလ်မှူးကြီးတို့ စစ်ပုလိပ် (ကင်ပေအဖွဲ့)
က အဓိက တာဝန်ယူလုပ်ကိုင်ခဲ့ကြရတယ်ဆိုတာ မှန်သလား''

''မသိဘူး''

''တာဝန်ရော မသိရှိဘူးလား''

''စစ်သားဆိုတာ အထက်အမိန့်အရပဲ စစ်တိုက်ရတာမျိုးလေ။
ဗိုလ်မှူးကြီးဖြစ်ဖြစ်၊ ဗိုလ်ချုပ်ဖြစ်ဖြစ်၊ တပ်သားကလေးဖြစ်ဖြစ် အတူတူ
ပဲ ဒါပေမဲ့ စစ်ပွဲတွေကို ဖန်တီးခဲ့ကြတာဟာ စစ်သားတွေ မဟုတ်ဘူး။
စစ်ပွဲကို အမုန်းဆုံး၊ အရှုံးရာဆုံးလူဟာ စစ်သားတွေပဲ။ အဲဒါကို လူကြီး
မင်းတို့ ငြင်းမလား''

''ပြီးတော့ ... ကုလားကုန်းရွာ ရွာလုံးကျွတ် အသတ်ခံခဲ့ရ
တဲ့ကိစ္စ''

''အဲဒါလည်း ကျုပ်ပြောခဲ့ပြီးပြီပဲ။ ဂျပန်ကြည်းတပ်စစ်ဌာန
ချုပ်ရဲ့ အမိန့်ပါလို့''

''အဲဒီအမှုမှာ ခြေလျင်တပ်ရင်း အမှတ် ၂၁၅ ရဲ့ တပ်ဖွဲ့ ၃
ခုအတူ ကင်ပေတပ်ဖွဲ့တွေ ပါနေခဲ့တယ်လေ''

''ကျုပ်မသိခဲ့ဘူး''

''အဲဒီအချိန်တုန်းက မော်လမြိုင်မှာ ခင်ဗျားရှိနေခဲ့တာပဲ။ ဟုတ်
သလား''

''မော်လမြိုင်မှာ ရှိနေခဲ့တာတော့ မှန်ပါတယ်''

''ဒါဆိုရင် အဲဒီကုလားကုန်းဖြစ်စဉ်ကို ဘာတွေသိထားသလဲ''

''အင်း ... ကျုပ်တို့ဂျပန်တပ်တွေ မော်လမြိုင်မှာ စနေကြ
တုန်း ကျုပ်တို့ ကင်ပေတပ်ဖွဲ့တွေက အရေးကြီးတဲ့ စစ်ဘက်သတင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ရခဲ့တယ်။ ကုလားကုန်းရွာတစ်ဝိုက်မှာ အင်္ဂလိပ်လေထီး တပ်သားတွေ ဆင်းလာနေပြီတဲ့။ အင်္ဂလိပ်လူမျိုး ဗိုလ်မှူးအာဘီ (Maj: Aby) ဦးဆောင်တဲ့ ပြောက်ကျားတပ်ဖွဲ့က ကုလားကုန်းရွာကို အခြေပြုပြီး လှုပ်ရှားနေသတဲ့။ သတင်းက တိကျတယ်။ နိုင်လုံတဲ့ အထောက်အထား လက္ခဏာတွေကိုလည်း စိစစ်လို့တွေ့တယ်။

ပြီးတော့ ဒေသတွင်းက မြန်မာပြောက်ကျားတွေရဲ့ လှုပ်ရှားမှုနဲ့ တိုက်ခိုက်မှုတွေက ပိုပြီးတိကျလာ၊ များလာ၊ ပြင်းထန်လာတယ်။ ကျုပ်တို့တပ်တွေ တော်တော်ကသောင်းကနင်း ဖြစ်ခဲ့ကြရတယ်။

ပြီးတော့ စစ်လန်ခဲ့ရတဲ့ မဏိပူရ–အင်ဖာထိုးစစ်ကြီးရဲ့ အစပိုင်းမှာ ဟူးကောင်းတောင်ကြားနဲ့ မြန်မာပြည်မြောက်ပိုင်းဒေသတွေမှာ အစုအပြုံလိုက်ဆင်းလာခဲ့ကြတဲ့ ဘရိဂေးဒီးယားဝင်းဂိတ်ရဲ့ လေထီးတပ်သားတွေကြောင့် ကျုပ်တို့တပ်တွေ အလူးအလဲခံခဲ့ကြရပြီးပြီ။ ဂျပန်တပ်မတော်က အဲဒီသင်ခန်းစာကို လုံးဝမမေ့ဘူး။

ဒီတော့ မော်လမြိုင်မှာ သိပ်အရေးကြီးတဲ့ စစ်ဆုတ်နေရချိန် ကိုယ့်တပ်တွေရဲ့နောက်ကျောကို ရန်သူလေထီးတပ်တွေ ဆင်းလာပြန်ပြီလို့ သိရတဲ့အခါ သွေးရူးသွေးတန်းဖြစ်ပြီး အစိုးရိမ်ပိုခဲ့ကြတယ်။ အဲဒီရန်သူတွေကို ရှာဖွေပြီး ချေမှုန်းရမယ်၊ ရန်သူရဲ့ အခြေစိုက်စခန်းကို ဖြိုပစ်ရှင်းပစ်ရမယ်လို့ အမိန့်ပေးလိုက်တယ်လို့ သိခဲ့ရတယ်''

''တပ်ရင်း ၂၁၅ ကိုလား''

''အဲဒါ ကျုပ်မသိဘူး''

''ဆက်ပြောပါဦး''

''ကုလားကုန်းရွာနဲ့ အနီးဘစ်ဝိုက်မှာရှိတဲ့ သစ်တောကြီးတွေအတွင်းမှာ ရန်သူကို အပြီးအပြတ်ချေမှုန်းဖို့ စင်ဆင်ရေးအရာရှိ ဗိုလ်မှူး





ဟီရာတပါကို တာဝန်ပေးလိုက်တယ်လို့တော့ သိရတယ်။ ပြီးတော့ စစ်တပ် ရဲ့ ထိပ်ပိုင်းအရာရှိကြီးတွေ ကြားထဲမှာ အဲဒီစစ်ဆင်ရေးနဲ့ပတ်သက်ပြီး အချေအတင် အငြင်းအခုံတွေအများကြီး ဖြစ်ခဲ့ကြရတယ်။

ရန်သူအားပေး ရန်သူ သူလျှိုဖြစ်တဲ့ ကုလားကုန်းရွာသားတွေကို သုတ်သင်ပစ်ဖို့ လို၊ မလို။ အထူးသဖြင့် ဗမာ့တပ်မတော်နဲ့ အနီးကပ်လက်တွဲခဲ့ဖူးတဲ့ အရာရှိကြီးတွေ တော်တော်များများက တရုတ်ပြည်မကြီးမှာ ကျင့်သုံးခဲ့တဲ့ စစ်ဗျူဟာတွေကို လက်ရှိအခြေအနေမှာ မြန်မာလူထုတွေအပေါ် မကျင့်သုံးမိဖို့ ကန့်ကွက်တားဆီးခဲ့ကြတယ်။ ဒါပေမဲ့ ရန်သူ လေထီးတပ်ဖွဲ့တွေရဲ့အန္တရာယ်ကို အစိုးရိမ်လွန်နေခဲ့ကြတဲ့အတွက် အဲဒီလို ကုလားကုန်းရွာဖြစ်စဉ်မျိုး ဖြစ်လာခဲ့ရတာပဲ''

''ဒါပေမဲ့ အဲဒီကုလားကုန်းရွာက ရွာလူကြီးနဲ့ တခြားအရေးကြီးတဲ့သက်သေတွေကို ဗိုလ်မှူးကြီးကိုယ်တိုင် စစ်ဆေးခဲ့တယ်။ ပြီးတော့ ဂျပန်ကင်ပေအဖွဲ့က သတ်ပစ်ခဲ့ကြတယ်။ ဗိုလ်မှူးကြီးကိုယ်တိုင် တချို့ပုဂ္ဂိုလ်တွေကို ဓားနဲ့ခုတ်သတ်ခဲ့တယ်လို့ မျက်မြင်သက်သေတချို့က ထွက်ဆိုထားကြတယ်''

''မဟုတ်ဘူး ...။ ကျုပ် ကိုယ်ထိလက်ရောက် ဘယ်သူ့ကိုမှ :သတ်ခဲ့ဖူးဘူး''

''သက်သေတွေကတော့ လူမြင်ရင် မှတ်မိတယ်လို့ချည်း အနိုင်အမာ ပြောနေကြတာပဲ။ မကြာခင် လူတန်းစီပြဖို့ စီစဉ်ထားတယ်။ အဲဒီကျရင် အပြေပေါ်မှာပဲ''

''မဖြစ်နိုင်ဘူး ...။ ကျုပ် ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



လူသတ်ဖို့အကြောင်းရင်း ဓာတ်မြစ်လည်းမရှိ။

သူ့လို ကင်ပေအကြီးအကဲ တစ်ဦးအနေဖြင့် ကိုယ်တိုင်ဝင်၍ ကာယကံမြောက် လုပ်စရာအကြောင်းမရှိ။ ရှေ့တန်းစစ်မြေပြင်အထိ လူတောသူတောထဲသို့တိုးဝင်ပြီး ထိတွေ့စရာလည်း မရှိ။ သူ့အလုပ်လည်း မဟုတ်။

သူတွင်မက မည်သည့်စစ်ဦးစီးအရာရှိကြီးတွေမှ စစ်ဆင်ရေး တာဝန်များကို ကိုယ်ထိလက်ရောက်ဝင်ပါဖို့မလို။ စစ်တပ်ဖွဲ့စည်းပုံအရ တိကျသော စစ်ဆင်ရေးတာဝန်တွေ ကိုယ်စီရှိထားကြပြီးသား။

ဘာတွေလဲ၊ ဘယ်လိုလဲ၊ ဘာကြောင့်လဲ။

သူတွေး၍မရ။

ဘယ်သူတွေက သူ့ကို အဆင်းဘီးတပ် လုပ်နေကြသလဲ။ ထောင်ချောက်ဆင်နေကြသလဲ။

ဘုရားသခင်မှပဲ အမှန်ကို သိနိုင်ပေတော့မည်။

ကဲ … ဘာပဲဖြစ်ဖြစ် … ကံပဲ။ သေရုံမှတစ်ပါး အခြားမ… နိုင်ပြီ။

✿ ✿ ✿

❑

နေသည် ကျဲကျဲပူလျက်ရှိ၏။ ဝင်းဝင်းတောက်လို့။ အကျည်း ထောင်အုတ်တံတိုင်း မြင့်မြင့်မည်းမည်းကြီးများ ပတ်ပတ်လည်ကာထားသဖြင့် လေပူတွေကို ပိတ်လှောင်ထားသလိုဖြစ်နေလေရာ မိုးက ပြာနဲ့ နှာချင်လှုံ ရှာချလိုက်၊ နေက စူးစူးရဲရဲကြီး ပူချင်ပူလိုက်ဖြင့် အဆမတန် အိုက်ပြုတ်ပူလောင်လျက်ရှိတော့သည်။

ရန်ကုန်ထောင်ကြီး၏ ပန်းခြံတစ်ခုအတွင်း၌ ဖြစ်သည်။ ဗိုလ်မှူးကြီး ယာမာဒါနှင့်အတူ လူတန်းစီပြသရန် စုစည်းထားသည့် ဂျပန်စစ်သုံ့ပန်း ၃၀၀ခန့်ရှိသည်။

ကင်ပေဟောင်းတွေချည်းဖြစ်၏။

"ဒီလိုတန်းစီပြရတဲ့အလုပ်ဟာ အတော့်ကို စိတ်ဓာတ်ကျစရာ ကောင်းပါတယ်။ ကျွန်တော်တို့ စစ်သုံ့ပန်းတွေကို ဒီပန်းခြံကြီးထဲမှာ နေ့တိုင်း တန်းစီနိုင်းထားတာပဲ။ ပြီးတော့ အဲဒီဂျပန်စစ်သုံ့ပန်း လူတန်းကြီးရဲ့ရှေ့မှာ ကင်ပေအနှိပ်စက်ခံရဖူးတဲ့ မြန်မာလူမျိုးတွေဟာ တစ်စုပြီး တစ်စု ကျွန်တော်တို့ရဲ့မျက်နှာတွေကို သေသေချာချာ စေ့စေ့စပ်စပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးတော့ ဖြတ်သွားကြတယ်။ သူတို့မှတ်မိတဲ့ကင်ပေကို တွေ့တ… ‘ဒီလူပေါ့ ကျွန်တော်ကို နှိပ်စက်တာ’ ဆိုပြီး လက်ညှိုးထိုးပြတတ်… တယ်။ အဲဒါနေ့တိုင်းပဲ’’

မြစ်ကြီးနားဘက်တွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ဖူးသ… ကင်ပေဟောင်း ဗိုလ်မှူးနုရှိရိုနှင့် မမျှော်လင့်ဘဲ တွေ့သည်။ ဆံ… မှတ်ဆိတ်တွေ ဗရပွကြဲ၊ မျက်တွင်းလက်တစ်ဆုပ်နှင့် ပိန်လှီချ… လွန်းလှသည့် ဖြူဖပ်ဖြူရော် ဝါကြန့်ကြန့်ညစ်မွဲမွဲ သူ့ရုပ်ကို မနည်း… ပုံဖမ်းယူရသည်။ ငှက်ဖျားဒဏ်ကြောင့် ယဲ့ယဲ့ကလေးပဲ ကျန်တော့သ…

စစ်ဝတ်စုံကလည်း အရက်ဖုံးရဲ့ သိက္ခာလုံ့ရုံမျှရှိတော့၏။ … ပြတ်ပြဲရွဲလွန်းလှပြီ။

နုရှိရိုက သူတို့နေ့စဉ် ရင်ဆိုင်နေရသည့်ဒုက္ခကို ရင်ဖွင့်… သည်။ ဒီလိုပင် စစ်သုံ့ပန်းလူအုပ်ကြီး လူတန်းရှည်ကြီးက တလှုပ်လှု… တရွရွ ကျွက်စီကျွက်စီ ဆူညံဆူညံဖြစ်နေ၏။ ထွက်လာနိုင်သမျှ အသံ… ကလေးများဖြင့် သူတို့ရင်ထဲက အကြိတ်အခဲတွေကို ကြိတ်ချေပစ်… ကြပုံရသည်။

‘‘နေ့တိုင်းနေ့တိုင်း ဘယ်သူကတော့ ငါ့ကိုမြင်ရင် မှတ်မိသွ… ပြီး လက်ညှိုးထိုးလိုက်လေမလဲ၊ ယန်ကီးစစ်ပုလိပ်တွေက ခွေးသေကော… လင်းတဆွဲသလို ဆွဲထုတ်သွားပြီး အလုံတိုက်ထဲကို ပို့လိုက်လေမ… တွေးရင်းတွေးရင်း အသက်တောင် မရှူနိုင်ဘူး၊ လန့်နေရတယ် …

‘‘တန်းစီချိန်ကုန်သွားလို့ ကိုယ့်ကိုမှတ်မိတဲ့ မြန်မာလူမျိုး သ… သေတစ်ယောက်မှ မရှိခဲ့ဘူး၊ မပေါ်ခဲ့ဘူးဆိုခဲ့ရင် … အင်း ဒီတစ်… တော့ လွတ်ပြန်ပဟဲ့လို့ ထခုန်မိမတတ် ဝမ်းသာနေရတာပဲ ဗိုလ်မှူးကြီ… ရေ …။ ဝဋ်ပဲ … တကယ့်ဝဋ်ကြွေးပဲ။





‘‘တစ်နေ့တစ်နေ့ တန်းစီရကာကချည်း သုံးနာရီလောက်ကြာ တတ်တော့ အဲဒီအချိန်တွေဟာ အချိန်မှန်၊ အချိန်ပိုင်းရောက်ရောက် လာတဲ့ နိဗ္ဗုတ လောကငရဲပေါ်ခင်ဗျာ။ ကိုယ့်ရှေ့ကိုရောက်လာတဲ့ လက်ညှိုး ထိုးလိုက်မှာလားဟဲ့ဆိုတဲ့ သောကစိတ်အတွေးနဲ့ တမှုန်းမှုန်းမြိုက်ပြီး သတ်ပစ်နေတာပဲနဲ့တူပါရဲ့။

ဟောဒီတန်းစီပွဲကနေ လက်သည်တရားခံဖြစ်သွားတဲ့ စစ်အရာ ရှိတွေ ကင်ပေတွေ ၅၀ လောက် ရှိသွားပြီ။ သေဒဏ်ခံသွားရတဲ့ ဂျပန် စစ်သုံ့ပန်း ၃၅ ယောက်တောင်ရှိသွားပတဲ့။ တချို့ကို ကြိုးပေးသတ် လိုက်ကြတယ်။ တချို့ကိုတော့ သေနတ်နဲ့ပစ်သတ်ပြီး ကွပ်မျက်လိုက် ကြတယ် … တဲ့’’

ကတုန်ကယင် ဖြစ်ချင်လာ၏။

ဟောင်းလောင်းဖြစ်နေသည့် အစာအိမ်က ဆာလောင်လွန်း၍ မီးတွေပင် တောက်နေပြီဖြစ်သည်။ တစ်ချီတစ်ချီထိုး၍ အောင့်လာလိုက် သေး၏။ အူသိမ်နံရံတွေ၊ ခန္ဓာကိုယ်အသားစတွေကိုပဲ ဘာသာပြန်၍ ကိုက်စားဝါးမြိုနေလေပြီလား။

‘‘စုလီးနဲ့တွေ့သေးလား။ စုလီး ဘယ်ရောက်နေသတဲ့လဲ။ ဒီ မှာရှိနေလား’’

‘‘ဒီမှာတော့မရှိဘူး … ဗိုလ်မှူးကြီး။ ဘန်ကောက်မြို့ထဲက ‘ဘန်ဝမ်ထောင်’ ထဲမှာလို့ ပြောသံကြားတယ်။ ကင်ပေဟောင်းတွေ ရယ်၊ ထောက်လှမ်းရေးတပ်မှာ လုပ်ခဲ့ဖူးတဲ့ လူတွေရယ်၊ စစ်ဆင်ရေးမှူး တွေရယ်၊ တစ်ယောက်မှ မလွတ်ဘူးတဲ့။ ‘မိနာမိ’ အဖွဲ့တွေကိုလည်း ဂျပန်ကနေ လေယာဉ်နဲ့ ပြန်ခေါ်လာခဲ့ကြတယ်တဲ့၊ ဆူဇူကီးရယ်၊ ‘မိနာမိ’ ရဲ့ ဒုတိယအကြီးအကဲ ကာဝါရှီးမားတို့နှစ်ယောက်စလုံးပဲ’’



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

စစ်ကြီးကိုအောင်နိုင်စေဖို့ စွမ်းနိုင်ခဲ့ကြသူတို့က အောင်ပွဲ၏ အသီးအပွင့်၊ အောင်သေအောင်သားကို သောက်စားဖို့ စနစ်တကျ ပြင်ဆင်နေကြပြီ။

သူလည်း စစ်သား၊ ကိုယ်လည်းစစ်သား။ စစ်သားချင်းအတူတူ စစ်ပွဲကြီးအတွင်းမှာ ကိုယ်တစ်ကြိမ်တစ်ခါဖူးမျှ မတွေ့ဖူး၊ မမြင်ဖူးခဲ့သည့် ရန်သူစစ်သည်များကို သူသေကိုယ်သေ ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်ရင်း သတ်ခဲ့ကြသည့်ချင်းအတူတူ စစ်ရှုံးသူက စစ်တရားခံ၊ စစ်ရာဇဝတ် ကောင်တဲ့လား။

''တစ်နေ့မှာတော့ မျက်မြင်သက်သေ မြန်မာတွေထဲမှာ ကျွန်တော်နဲ့ရင်းနှီးတဲ့ ဆင်ဘိုရွာသူကြီး ဦးဖင်းကို တွေ့လိုက်ရတယ်။ ကျွန်တော် မြစ်ကြီးနားကနေပြီး ထွက်လာတုန်းက လေ့ရှာပေး၊ လှူရှာပေး ကိုယ်တိုင်ကိုယ်ကျ လိုက်ကူညီတဲ့ မိတ်ဆွေကြီးပေါ့။ စစ်ဆေးတဲ့ ယန်းကီး တွေက ကျွန်တော်နဲ့သူကြီး ရင်းနှီးနေကြတာကို သိပ်အံ့သြနေကြတယ်။

''ကျွန်တော်က တွေ့တွေ့ချင်းပဲ 'ကဲ . . . သူကြီးရေ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုအပြစ်မျိုး ရစေချင်သလဲ' လို့ တည့်တည့်ပဲ မေး လိုက်တော့တယ်။ အဲဒီအခါ သူကြီးက 'မာစတာကို အပြစ်ပေးချင် စိတ် မရှိပါဘူး။ သက်ဆိုင်ရာကခေါ်လို့ လိုက်လာရတာပါ' လို့ ပြော တယ်။ သူကြီးရဲ့ထွက်ဆိုချက်တွေက အရမ်းကောင်းနေလို့ ကျွန်တော် ဒုက္ခမရောက်ခဲ့ရတာ။ သူကြီးရဲ့ကျေးဇူးက ကြီးမားလှပါတယ်''

နရိုရိုက ဆက်၍ ပြောနေသေး၏။

သူ့စကားတွေကို မကြားမိတော့။ နားထဲကလေလေတွေ တဝီဝီ ထွက်လာနေသည်။ ဆက်၍ တင်းခံနိုင်ပါဦးတော့မလား။

---

**စိတ်ကူးသစ်စာပေ**



နေကလည်း ပို၍ ခြစ်ခြစ်တောက်လာ၏။

သူတို့၏ လောကရဲသည်လည်း . . .။

''ငြိမ်းပါ . . . လူတန်းစိပြမယ် . . .။ အားလုံးငြိမ်းပါ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

တစ်စက္ကန့် ...ပြီးတော့နောက် တစ်စက္ကန့်။

ကုန်ခဲ့လိုက်တာ ...။ ကာယိကဒုက္ခနှင့် ခန္ဓာဝန်ကိုသာမက သောကဝန်ထုပ်ကိုပါ လွယ်ပိုးထားရသဖြင့် အဆမတန် ပင်ပန်းဆင်းရဲ လွန်းလှသည်။

သူတို့ ဂျပန်စစ်သုံ့ပန်း ၃၀၀ ကျော်ကျော်ကို သက်သေအစုံ တွေ တစ်သုတ်ပြီးတစ်သုတ် စေ့စေ့စပ်စပ်ကြည့်ရင်း သွားနေကြလေ ရာ တရွေ့ရွေ့ဖြင့် ကြာလွန်းလှတော့သည်။

မြန်မာပြည်ဒေသအသီးသီးမှ တကူးတက ခေါ်ထားကြသည့် သက်သေတွေ။ မြန်မာ၊ တရုတ်၊ ကုလား၊ အင်္ဂလို၊ အင်းဒီးယန်းကပြား တွေ၊ တိုင်းရင်းသားလူမျိုးအနွယ်စုံတွေ။ သူတို့ဆိုင်ရာဆိုင်ရာ အမှုကိစ္စ များအလိုက် ပတ်သက်ဆက်နွယ်သူ စစ်ရာဇဝတ်ကောင်များအား လူတန်း စီပြ၍ ဖော်ထုတ်နေကြခြင်းဖြစ်၏။





"ဒီအမှုတွေကို ကျုပ်တစ်ခါမှ မကျူးလွန်ဖူးဘူး။ သက်သေ အခိုင်အမာရှိရင်ပြောပါ။ ခေါ်ခဲ့ပါ။ ကျုပ်က ဘယ်သူနဲ့မဆို ရင်ဆိုင်ရဲ တယ်။ ဒီအမှုတွေကို ကျုပ်မှမကျူးလွန်ခဲ့တာ"

စစ်ရာဇဝတ်ခုံရုံးနှင့် စစ်ဆေးရေးမှူးများအား အထပ်ထပ် ပြောခဲ့ဖူးသည့် စကားတွေကိုသာ ဆီမန်းမန်းသလို နှုတ်ခမ်းစေ့လျက် ရွတ်နေမိ၏။ အသံမထွက်။ ရင်ထဲတွင်မူ ပွက်ပွက်ညံနေသည်။

"လာလေ .....လာခဲ့ကြလေ။ စစ်ပွဲမှာ လူမသတ်ဘူးတဲ့ စစ်သားဆိုတာ ကြားဖူးကြလို့လား။ တကယ့်စစ်ပွဲရဲ့ ပကတိအမှန်တရား ဟာ စစ်မြေမှာပဲရှိတတ်တာ။ ဗုံးသံ၊ အမြောက်သံ၊ ကျည်ပြေးသံ၊ ပေါက် ကွဲသံတွေ ကမ္ဘာပျက်မတတ် ညံနေတတ်တဲ့၊ ကိုယ့်မျက်စိတစ်ကမ်းမှာ ထင် ခွေခနဲခေါက်ခနဲ လက်နက်ထိပြီး သေသွားကြတဲ့ အလောင်းကောင် တွေ ပုံထပ်နေတဲ့ အဲဒီလူသတ်ကွင်းမှာပဲရှိတာ။ စစ်ပွဲပြီးသွားမှ အမှန် တရားကို လိုက်ရှာနေလို့ တွေ့မှာတဲ့လား။ အမှန်တရားက စစ်နဲ့အတူ သေခဲ့ပြီပဲလေ"

တရွေ့ရွေ့တိုးကပ်လာနေသည့် သက်သေလူစုတွေကို အာရုံ ထင်လျက်စောင့်ရင်း ဒုံးပေကာတ်သတ်တွေးနေသည်။ နေကလည်း ပူ လိုက်တာ။ ဒီနေအပူဒဏ်နှင့် တကြောင့်ကြကြ စိတ်ညှင်းမှုဒဏ်များကို တောင့်၍မှ ခံနိုင်ပါတော့မလား။

"ယာမာဒါရေ ... လူသားတွေရဲ့ခံနိုင်ရည်ဟာ တစ်ဦးနဲ့တစ်ဦး သိပ်တော့လည်း မကွာကြပါဘူး။ တင်းခံ တောင့်ခံထားနိုင်ဖို့ပဲလိုတယ်။ နည်းနည်းကလေး၊ နည်းနည်းကလေးပါ။ သူတစ်ပါးနဲ့မတူ၊ ကွဲပြား ခြားနားသွားရုံကလေး နည်းနည်းပိုအားစိုက်ပြီး ဖွဲ့ခတ်တောင့်ခံထား



www.burmeseclassic.com

နိုင်ရင် **ပြီးပြီး ကိုယ့်ရည်မှန်း**ချက်ကို ဘယ်တော့မှမမေ့နဲ့။ အဲဒီရည်မှန်းချက်က **တောင့်ထားနိုင်**တဲ့ စိတ်အားသတ္တိတွေကို ပေးလိမ့်မယ်''

ဆရာ့ကို ပြေးသတိရပြန်၏။ ကင်ပေ သင်တန်းကျောင်း၏ ပင်ပန်းဆင်းရဲမှုများကို လက်မြှောက်အရှုံးပေးလုနီးနီး အခြေအနေမှာ သူ့ဆရာ တပ်ကြပ်ကြီးက လွှတ်ခနဲ ပြောချသွားခဲ့သည့်စကားတွေ။ သူ့ဘဝတွင် ဘယ်တော့မှမမေ့။ အခက်အခဲ အကြပ်အတည်းကြုံရတိုင်း ရုတ်ခြည်းစိတ်သတိတွင် လက်ခနဲ လင်းခနဲ ပေါ်လာတတ်စမြဲ။

''ကင်ပေသင်တန်းကျောင်းဆိုတာ တကယ့်ကို ရက်စက်ကြမ်းကြုတ်တဲ့နေရာပဲ။ ငရဲပြည်အငယ်စားတစ်ခုပဲ။ အေး . . . လခရှစ်ယန်းနဲ့ ဆင့်ရှစ်ဆယ်ပဲရနိုင်တဲ့ ရိုးရိုးသာမန်စစ်သားတစ်ယောက်ကို ယန်းတစ်ရာနဲ့ လုပ်ကိုင်ခွင့်အာဏာတွေ အမြန်ဆုံးရအောင် လုပ်ပေးနိုင်တာကလည်း ဒီကျောင်းတစ်ကျောင်းပဲရှိတယ်။

''လောကကြီးထဲမှာ ရက်စက်တာ၊ ကြမ်းကြုတ်တာ၊ ကောက်ကျစ်တာ၊ ပရိယာယ်မာယာများတာ၊ ခက်ခဲကြမ်းတမ်းတာတွေကတော့ နေရာအနှံ့ရှိနေမှာပဲ။ ခုလို စစ်ကြီးအတွင်းမှာဆိုတော့ ပိုပြီး ဆိုးသေးတယ်။

ဒါပေမဲ့ အဲဒီအန္တရာယ်တွေ စိန်ခေါ်မှုတွေကြားထဲကပဲ လှလှပပ၊ ကောင်းကောင်းမွန်မွန် ရှင်သန်ကျန်ရစ်အောင် နေထိုင်ရတဲ့အတတ်ပညာမှသာ တကယ်ရသမြောက်တဲ့ အနုပညာ(Art of Living)ပဲ ယာမာဒါ။ ရှင်သန်ကျန်ရစ်သူတွေကသာ အစစ်အမှန် အင်အားကြီးတာကွ။ အင်အားကြီးတဲ့အရာတိုင်း ရှင်ကျန်ခဲ့တတ်တာ မဟုတ်ဘူး''

သင်တန်းမှူး ဗိုလ်ကြီးတိုရှိအိုဟာမချီ အမြဲတမ်း ပါးစပ်ကမချတမ်း ပြောသွားခဲ့သည့်စကား။

စိတ်ကူးသစ်စာပေ



ကဲ . . . တောင့်ထားစမ်း။ ဖွဲ့ခံတ်ပြီး . . . အားတင်းထားစမ်း။

တဖြည်းဖြည်း တွားလာနေသည့် ခြေရွှေ့သံတွေက နီး၍လာသည်။ ဝင်သက်ထွက်သက်ကိုပင် မရှိုက်မငင်ရဲဘဲ ကြောင့်ကြသောကကြီးစွာ အငြိမ်ကြီးငြိမ်၊ အတိတ်ကြီးတိတ်နေလေရာ သက်သေလူအုပ်ကြီး၏ လှုပ်ရှားသံများမှတစ်ပါး ဝန်းကျင်သည် ရပ်လျက်သေနေသည် သို့ဖြစ်၏။

''ဟော . . . ဟောဒီ . . . မာစတာ ထင်တယ် . . .''

''ဟင်''

''သေချာကြည့်ပါဦး''

ရုတ်တရက်ကြီး တိတ်သွားသည်။ ပြဿနာက စပြီ။

''သေချာပါတယ် . . . သူပါပဲ''

''သူဆိုတာ တကယ်သေချာတယ်နော်''

''သေချာပါတယ် ဗိုလ်ကြီး။ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်းတစ်ကြောလုံးမှာ သူနဲ့သူ့စကားပြန် မြဒင်ရဲ့ဒဏ်ကို မခံခဲ့ရဘူးတဲ့သူ မရှိသလောက်ပါပဲ။ သူကိုယ်တိုင်သတ်လို့ သေတဲ့လူ၊ သူ့ပယောဂကြောင့်သေခဲ့ရတဲ့သူတွေ နည်းမှမနည်းတော့တာ။ သူ့ကို ကျုပ်တို့က 'သံမီးကျည်၊' ကင်ပေတိုင်လို့ သိထားခဲ့ကြတယ်''

''ကိုင်း . . . ဆာဂျင်''

''ရက်စ် . . . ဆား''

''မဟုတ်ဘူး . . . မဟုတ်ဘူး . . . ကျုပ်မဟုတ်ဘူး . . . နေပါဦး။ ကျုပ် ရှင်းပြပါရစေဦး''

''ကဲ . . . နောက်မှပဲ။ ဆွဲခေါ်သွားကြ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"မှားနေပြီ ... ခင်ဗျားတို့လူက မှားနေတာ"

အော်သံတွေကို ကြားရ၏။ 'ဟင် ... ဒါ ... နရိုရိုရဲ့အသံပဲ။ ဘုရား ... ဘုရား။ နရိုရိုတစ်ယောက်ဖြင့် ကံဆိုးမိုးမှောင်ကျပြီထင်သည်။ စောစောကလေးကပင် သူနှင့် တီးတိုးစကားတွေ လာပြောနေခဲ့သေးသည်။ ယခုမူ ... ယန်းကီးစစ်ပုလိပ်တို့၏ ခွေးဆွဲသလို ဆွဲရာနောက်သို့ ဒရင်းတိုက်ပါသွား၍ရှာလေပြီ။ မကြာမီ ... သူ့ရှေ့ကသွားနှင့်လေသူ ကြမ္မာဆိုးငင်သူများနောက်သို့ ...။

လူတန်းကြီးက ငြိမ်သည်ထက်ငြိမ်။

တုတ်တုတ်မျှ မလှုပ်။

ခွေးအတွေ၊ သားရဲတွေ ဝိုင်းထားခြင်းခံရသည့် သားသမင်တစ်အုပ်နှယ် ... တိတ်လို့။

ခြေသံတွေက သူ့ရှေ့၌ လာရပ်သည်။

အလို ... ဘုရား ... "ဒီမျက်နှာကို မြင်ဖူးခဲ့သလိုပါလား"၊ နှလုံးခုန်မြန်လာသည်။ တုန်တုန်လှုပ်လှုပ် ဖြစ်လာသည်။ အသက်ရှူပင် ရပ်သွားသည်ဟုထင်သည်။ သူ့မျက်နှာကို စေ့စေ့စပ်စပ် စူးစူးရဲရဲကြည့်နေသည့် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးအဘိုးအိုကို မျက်လုံးချင်းဆိုင်၍ကြည့်ရန်ပင် မဝံ့ရဲ။

အသားအရေက ကြေးညိုရောင်သန်းနေ၏။ ခေါင်းထက်၌ ဆံပင်အတွေးလိုက်ရှိနေသေးသည့်တိုင် ဆွတ်ဆွတ်ဖြူနေပြီ။ တချို့ နီကြန်ကြန်။ မျက်ခုံးမွေးထူထူတစ်စုံမှာ မည်းနက်နေသည်။ ထိုမျက်ခုံးမွေးထူထူများက အဘိုးအို၏ ပြာမွဲမွဲမျက်ဝန်းများကို ပို၍ အရောင်တောက်လက်လာစေအောင် အားဖြည့်ပေးထားသလို ဖြစ်၏။





အိုမင်းလှပြီဖြစ်သည့် သူ့လိုအသက်အရွယ်မှာပင် အဘိုးအို၏ မျက်ဝန်းအိမ်နက်နက်တို့က မီးလျှံလို တောက်လက်နေနိုင်သေးသည်မှာ အံ့ဩစရာကောင်းလွန်းလှသည်။

အဘိုးအို၏နှာခေါင်းက လင်းယုန်နှုတ်သီးလို ကောက်နေ၏။ ဝိုင်ရိုရို နှုတ်ခမ်းကိုမူ တင်းတင်းစေ့ထားသည့် မရယ်မပြုံး မျက်နှာသေဖြင့် စေ့စေ့ကြည့်နေဆဲ။

တဖြည်းဖြည်း နီးကပ်လာနေသည့် အဘိုးအို၏မျက်နှာရိပ်၌ သူ့ကို ဂရုတစိုက် အကဲခတ်နေသည့်သွင်ပြင်မှာ ပို၍ ထင်ရှားလာသည်။ သူ့ကိုယ်သူ၊ သူ့သေချာမှုကို သူအထင်ကြီးနေသည့်သဏ္ဍာန်က အဘိုးအို၏မျက်နှာပြင်ပေါ်၌ တစ်စစ နေရာယူလာနေသည်။ သွေးရောင်တွေပင် လျှမ်းတက်လာသယောင်။

"သူပဲ"

စကားတစ်လုံးတည်းကို ယတိပြတ်ပြောချလိုက်သည့် အဘိုးအို၏အသံက သူ့အား ငယ်ထိပ်မြွေပေါက်ခံလိုက်ရဘိသို့ ပြာခနဲ မူးမိုက်သွားစေ၏။ မီးပွင့်သွားသည်။ 'မဟုတ်ဘူး ... မဟုတ်ဘူး။ ကျုပ် စစ်အတွင်းမှာ ဘယ်လိုရာဇဝတ်မှုမှ မကျူးလွန်ခဲ့ဖူးဘူး'။ ဟိုးရင်အတွင်းပိုင်းဆီက ဖွင့်အတင်း နှံခြင်းဆန်သံတွေသည် လည်ချောင်းဝဆီ ရှုံ့ဆန်တက်လာနေ၏။

စကားသံကားမထွက်။ တစ်ဆို့ကြီး ဖြစ်နေသည်။

"သူပဲ ... မေဂျာစမစ် ... သူပဲ။ ဖလီဟားတုံးတစ်တုံးစီတိုင်းမှာ မြန်မာတစ်ယောက်စီ သေခဲ့ကြရတယ်လို့ သတင်းကြီးနေတဲ့ သံဖြူဆုပ် ယိုးဒယား-မြန်မာမီးရထားလမ်းအတွက် ချွေးတပ်သားပေါင်း ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



သောင်းနီးပါးကို အဝမ္ဗစုဆောင်းခဲ့ရာမှ သူ့ရဲ့ ကင်ပေ(စစ်ပုလိပ်)အဖွဲ့ တွေနဲ့ အလွန်မတန် ရက်စက်ကြမ်းကြုတ်စွာ ဆောင်ရွက်ခဲ့တဲ့သူ။

ချွေးတပ်စခန်းကထွက်ပြေးတဲ့ မြန်မာချွေးတပ်သား ထောင် ပေါင်းများစွာကိုလည်း မရမက လိုက်လံရှာဖွေပြီး သတ်ပစ်ဖို့ ညွှန်ကြား ခဲ့တဲ့သူ။ တစ်ခါတစ်ခါမှာ ချွေးတပ်စခန်းက ထွက်ပြေးတဲ့သူတွေ၊ မဟာ မိတ်စစ်သုံ့ပန်းတွေကို စခန်းရှေ့ကွင်းပြင်မှာတွင်ပဲ လှံစွပ်နဲ့ထိုးပြီး သတ် ပြတတ်တဲ့သူ။ ကိုယ်တိုင်လည်း မြန်မာချွေးတပ်သားပေါင်းမြောက်မြား စွာကို လက်တွေ့သတ်ပစ်ခဲ့တဲ့သူ ...။ သူမှ သူအစစ်ပဲ။

သွားပြီ။ အမှတ်-၂ ကင်ပေတပ်ဖွဲ့မှ ဗိုလ်မှူးအီချီကာဝါ (Maj. Ichikawa)၊ ဗိုလ်မှူးမီယာမိုတို (Maj. Miyamoto) သူတို့နှစ်ယောက် အနက် တစ်ယောက်ယောက်နှင့် သူ့ကို အမှတ်မှားနေပြီမှန်း ချက်ချင်း သိလိုက်သည်။ ဖြစ်မှဖြစ်ရပလေ။ ခေသည့်ကံကိုသာ ပုံချချင်မိတော့ သည်။

"သေချာပါတယ်နော် မစ္စတာအိုလီဗာ"

"မှားစရာ ဘာအကြောင်းမှမရှိပါဘူး မေဂျာ။ ယိုးဒယားပြည် နောင်ပလာဒေါက်ကနေ မြန်မာပြည်သံဖြူဇရပ်အထိ ကီလိုမီတာ ၄၁၅ ရှည်တဲ့ အဲဒီသေမင်းတမန် မရဏမီးရထားလမ်းကြီးကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလကုန်ကနေ ၁၉၄၃ခုနှစ်၊ အောက်တိုဘာလအထိ ဖောက်ခဲ့ ကြတာပဲ။

အဲဒီကာလတစ်လျှောက်လုံး ကျုပ်က ဗန်ကောက်မှာ ရှိနေခဲ့ တယ်။ ဗန်ကောက်က မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ ဗုဒ္ဓဘာသာရဟန်းတစ်ပါးအဖြစ် ခံယူထားခဲ့တယ်။ ပြီးတော့ အဲဒီသေမင်း တမန်လမ်းမကြီးမှာ ငရဲစံနေကြရတဲ့ ယိုးဒယား၊ မြန်မာနဲ့ မဟာမိတ်





သုံ့ပန်းတွေကို လှို့ဝှက်ကယ်ထုတ်နေတဲ့ ဒေသခံဖက်ဆစ်ဆန့်ကျင် အဖွဲ့အစည်းတစ်ခုမှာ ပါဝင်ဆောင်ရွက်နေခဲ့တယ်လေ။

ဪ ... ပြောရဦးမယ်။ ကျုပ်က "True"မဂ္ဂဇင်းရဲ့ ပင်တိုင် ဆောင်းပါးရှင်တစ်ဦးပဲ။ စစ်အတွေ့အကြုံဝတ္ထုတွေကို ကိုယ်တွေ့မျက်မြင် သူလာပြီး ရေးချင်လွန်းလို့ အရှေ့တောင်အာရှဖက်ကို ခရီးထွက်လာ တာ။ ဒီမှာ အဲဒီသေမင်းတမန်လမ်းကြီးနဲ့မှ တည့်တည့်တိုးပြီး ကျုပ် ယ်လိုမှ ရုန်းမထွက်နိုင်ဘဲ အညို့ခံထားသလို ဖြစ်ခဲ့ရတာ။

အဲဒီအကြောင်း The Call of Death ဆိုပြီး ကျုပ် စာတစ်အုပ် ထားတယ်။ ကျုပ်ဆီမှာ အဲဒီ မရဏမီးရထားလမ်းကြီးရဲ့ အနိဋ္ဌာရုံ တွေကို နိုးနိုးပြီးရိုက်ထားတဲ့ ဓာတ်ပုံအယ်လ်ဘမ် လေးငါးအုပ်ရှိတယ် ဓာတ်ပုံတွေ တော်တော်များများပါတယ်"

"ဪ"

အဘိုးအိုက သေချာလွန်းနေသည်။

စစ်ရာဇဝတ်ခုံရုံး၏ မဟာမိတ်စစ်အရာရှိတစ်စုသည် တစ်ဦး မျက်နှာကိုတစ်ဦး ကြည့်လျက်ရှိကြ၏။ အမေရိကန်ဗိုလ်မှူးကြီးသည် င်၊ကို မသိမသာညိတ်၍ သူ့ကိုကြည့်နေသည်။

ထိုယန်ကီးကြီး၏ မျက်နှာပြင်ပေါ်မှ အကြောမျှင်ကလေးတွေ ဆတ်ဆတ် ခုန်နေ တုန်နေပုံမှာ မုဆိုးထောင်ချောက်၌ သံညှပ်မိနေ သည့်ကျားရဲကို ရုတ်တရက်မြင်လိုက်ရသည့် တောလိုက်သမားမျက်နှာ မျိုး။ မယုံနိုင်အောင် အံ့ဩ၊ ဝမ်းသာ၊ ထိတ်လန့်၊ ဘာလုပ်ရမည် သိ ခြေမကိုင်မိ လက်မကိုင်မိ၊ တုန်လှုပ်။ ပြီးလျှင် ကျေနပ်ပီတိ။

"ကဲ ... ဗိုလ်မှူးကြီး ယာမာဒါ ... လူကြီးမင်းဘက်က ဘာ ပြောချင်ပါသေးသလဲ"



www.burmeseclassic.com

"ကျုပ် လူမသတ်ခဲ့ဖူးဘူး"

"ခင်ဗျားရဲ့ စစ်ဘက်ရာထူးအဆင့် တာဝန်ယူခဲ့ရတဲ့ စစ်
တာဝန်တွေမျိုးကို ထမ်းဆောင်ခဲ့ရတဲ့ စစ်သားတစ်ယောက်ရဲ့ အ
အထားမှာကိုလေ။ ဟုတ်စ ... ဗိုလ်မှူးကြီး"

"ယုံချင်ယုံ၊ မယုံချင်နေ၊ ကျုပ် လူမသတ်ခဲ့တာတော့ အ
ပဲ။ စစ်ရေးတာဝန်အရ ရန်သူတပ်ဖွဲ့တွေ၊ သူလျှိုတွေ၊ ရန်သူသတ
ပေးတွေ၊ သစ္စာဖောက်တွေကို သုတ်သင်ခဲ့ရတာတော့ မရေမတွက်
ဘူး။ အဲဒါက စစ်သားတစ်ယောက်ရဲ့ အဓိကအလုပ်ပဲ၊ ဒါပေမဲ့ စစ်
နဲ့မဆိုင်တဲ့ ဘယ်လိုအရပ်သား လူထုတစ်ယောက်ကိုမှ ကျုပ်မသတ်
ဖူးဘူး"

"ခင်ဗျား လိမ်မနေနဲ့။ ခင်ဗျား အရပ်သားတွေကို သတ်
တာကို ကျုပ်မျက်စိနဲ့ မြင်ခဲ့ရတာ၊ ခတ်ပုံမှတ်တမ်းတွေရှိတယ်။ ပြော
လိမ်ပြောင်စား မုံလာဥလုပ်မနေနဲ့။ ခွေးမသား ... ဂျပန်ကောင် ...
လူလိမ်"

အဘိုးအိုက ဒေါသအမျက်ခြောင်းခြောင်းဖြင့် သံကုန်ဟ
သည်။ စစ်သုံ့ပန်းလူအုပ်သည်လည်း ယခုမှပင် အသက်ဝင်လာ
တော့သလို လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ သဲသဲရှတ်ရှတ်ညံလာသည်

"မတရားမလုပ်နဲ့"

"ဒါ လူမှားတာပဲ လူမှားတာ။ သူ့အဆင့်က ရှေ့တန်းအ
ရောက်ပြီး လူတောသူတောထဲမှာ ကိုယ်တိုင်လှုပ်ရှားစရာ အကြော
မရှိဘူး"

"သူကိုယ်တိုင် ကာယကံမြောက်လူသတ်စရာမှ အကြော
မရှိတာ"





"လူမှားတာ ... ဒါမှမဟုတ် ... တမင်ထောင်ဖမ်းတာ"

"သူ့ရာထူးက အကြီးကြီးပဲ။ ကင်ပေအကြီးအကဲဆိုတာ ကြည်း
ပ်ဗိုလ်ချုပ်တစ်ဦးနီးနီးလောက် ပါဝါ၊ အာဏာရှိတာ။ သူ လူသတ်
ကိုမပြောနဲ့ သူ့မျက်နှာကို မြင်ဖူးတဲ့ဒေသခံဆိုတာကိုပဲ မရှိသလောက်

"ဟော့ ... စစ်သုံ့ပန်းဘဝမို့ မတရားမလုပ်ကြနဲ့"

သူ့နောက်မှ ဂျပန်စစ်သုံ့ပန်းတို့၏ အသံအုပ်ကြီးက ဟိန်းညံ
သည်။ ချည့်နဲ့ယိမ်းယိုင် နွမ်းယဲ့နေကြသည့် ဒုက္ခိတသာသာ ပိန်
ပိုတ်ပြတ်နေကြသူများဖြစ်သည့်တိုင် သူတို့သည် ဂျပန်လူမျိုးဖြစ်
နေနတ်မျိုးနွယ်များဖြစ်ကြ၏။ မြင့်မြတ်သော တင်နော်ဟေကာ၏
ခံများဖြစ်ကြ၏။

သူတို့၏ ဇာတိပုညဂုဏ်မာနကို မည်သူကမျှ ဘာကမျှ မတား
မတန်နိုင်။

မေဂျာရော်တင်ဆင်သည် ဗိုလ်မှူးကြီး ကားလ်ဆင်းဘတ်အား
ကလူးဆန်ပြာမေး၏။ စစ်ရာဇဝတ်ခုံရုံးအဖွဲ့ကို ကိုယ်စားလှယ်၊
သုံ့ပန်းများအား လူတန်းစီစစ်ဆေးခြင်းကို တာဝန်ယူဆောင်ရွက်ရ
ည် ဖြင်သစ်ရောဟ်ဗိုလ်မှူးမေဂျာပရန်ဆွာ ပရေဗိုသည်လည်း ရန်ကုန်
ာင်ကြီး၏ ဂျပန်စစ်သုံ့ပန်းများဆိုင်ရာ အထူးအရာရှိ ဗိုလ်မှူးကြီး
းလ်ဆင်းဘတ်ကိုပင် အကဲကြည့်နေသည်။

"တန်းဖြုတ်လိုက်တော့။ ဆူဆူညံညံ ရှုတ်ရှုတ်သဲသဲလုပ်တဲ့
ွက် ပြစ်ဒဏ်အနေနဲ့ သူတို့ကို မနက်ပိုင်း ရိက္ခာဖြတ်လိုက်။ အခန်း
ိက် မိလ္လာချတဲ့စနစ်ကို နောက်ထပ်အမိန့်မရမချင်း ရပ်ထားလိုက်။

www.burmeseclassic.com



ဦးဆောင်ဆူပူတဲ့သူတွေကို ဖော်ထုတ်ပြီး ပြစ်ဒဏ်တိုက်ဘွေထဲ ဆွဲထည့်ထားလိုက်။

စစ်ပုလိပ်တို့၏ ဆွဲသံလွဲသံ ထုသံရိုက်သံတွေ၊ ဝီစီသံတောင်လုန့်သံချောင်းမွှေသံတွေ၊ ဂတ်မကြီးပေါ်မှ ခွေးဥသြကြီး မွှေသံတွေကြားနေရသည်။

သူကမူ ... နေပူကျဲကျဲကြီးအောက်၌ လက်ခြေမနိုင် မွေခွေပြိုကျသွားတော့၏။ မှောင်ကြီးမည်းမည်းထဲ နစ်ကျွံသွားပြန်ပြီ။

✿ ✿ ✿

# ကျဲကြီးစည်ရာ

❑

''ဟိတ် ...''

''မ ... မလုပ်နဲ့''

''ဗုန်း''

''အင့်''

''ပါးစပ်ကို ပိတ်ထားလိုက်စမ်း။ အသံမထွက်စေနဲ့။ လာခဲ့သာ ... ကြိုးစင်နောက်ဖက်ချောင်ထဲကို ဆွဲခေါ်လာခဲ့ကြ''

''ဖောင်း''

''ဗုန်း''

''ကဲ ... ကဲကွာ ... ဂြိုလ်ကောင်တွေ။ မင်းတို့ဂြိုလ်မွှေလို့ဇ်ကြီးဖြစ်ရတာ။ မင်းတို့ကြောင့် ငါတို့တစ်တွေ ဒီလိုဘဝဆိုးမျိုးရောက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြရတာ။ မင်းတို့ကြောင့် နေ့သေမလား၊ ညသေမလား ကျိုးလန့်တစ်စား လူ့တိရစ္ဆာန်ဘဝနဲ့ နေနေရတာ။ ကဲ ... ကဲကွာ ...''

''ဗုန်း''

''ဖောင်း''

''ဖောင်း''

''ဖျန်း''

''အု ... အင့် ... အား''

''သေကွာ ... သေကွာ ...၊ စစ်ထဲမှာလည်း စစ်ထဲမှာမို့ မင်းတို့က လုံရာခြုံရာအရပ်မှာ စိမ်နဲ့နေ။ တို့ကို အသေခံပြီးတိုက်နိုင်။ နိုင်ရင် မင်းတို့က ပြုလိုပြုစားလက်မထောင်။ ရှုံးခဲ့ရင်တော့ တို့တစ်တွေကပဲ ခွေးတွေ၊ ဝက်တွေ၊ ကျွဲတွေ၊ နွားတွေလို စားစာခံဖြစ်ကြရ။ မင်းတို့ကြောင့် ... မင်းတို့ကြောင့်။ ကိုင်းဟာ ... ကိုင်းဟာ ...''

''ဖောင်း''

''ဖောင်း''

''အား''

''ဘာ ကင်ပေလဲ ... ဘာ ဗိုလ်မှူးကြီးလဲ။ ခုလိုစစ်ရှုံးတဲ့ စစ်သုံ့ပန်းဘဝ ခွေးလောက်မှ အဆင့်မရှိတဲ့ဘဝမှာ မင်းလည်း ဘာကောင်မှမဟုတ်ဘူး။ ငါတို့လည်း ဘာကောင်မှမဟုတ်ဘူး။ ဒါနဲ့တောင် မင်းတို့က မျက်နှာကြောကြီးတွေတင်း၊ မျက်နှာမာကြီးတွေလုပ်လို့၊ အခုထိ ကိုယ့်ဘဝကို ကိုယ်နားမလည်သေးတဲ့အကောင်။ ကဲ ... မှတ်ထား ... မှတ်ထား''

''ဗုန်း''

''ဗုန်း''





''အား ... အား ... အီး''

''ဟော့ ... တော်လောက်ပြီဟေ့ ... တစ်ခါတည်း အသက်ထွက်ပြီး သေသွားဦးမယ်။ ကဲ ... ဝိုင်းမပြီး ကြိုးစင်အောက်က အုတ်လိုဏ်ခေါင်းထဲကို သွင်းထားခဲ့ကြရအောင်။ မ့ကြ''

ခြေသံတဖျပ်ဖျပ်တွေက တရွေ့ရွေ့ ပျောက်ကွယ်သွားကြ၏။ အသက်နှင့်ခန္ဓာ မြဲနေသေးသည်။ သတိလည်း မလွတ်။ သို့နှင့်တိုင် အဝတ်စုတ်တစ်စကို လွှင့်ပစ်ခြင်းခံထားရသလို ရှုံ့နှစ်တွေဖြင့် ညစ်ကျုံ့ရွံ့နေသည့် အင်္ဂတေကြမ်းခင်းပြင်ပေါ်၌ ခွေခွေပုံ့ပုံ့ကလေး တစောင်းကြီး လဲကျနေတော့၏။

နာလိုက်တာ။ အရိုးတွေ ကျိုးကျေကုန်ပြီထင်သည်။

ခြေလည်း မလှုပ်ချင်၊ လက်လည်း မမြှောက်ချင်။ အသည်းခိုက်မတတ် နင့်သီးနာကျင်လွန်းလှသည့်ဝေဒနာကြောင့် ဝင်သက်ထွက်သက် လေတစ်မျှင်းတစ်စ ရှိုက်သွင်းရှူထုတ်နေရသည်ပင်လျှင် မသက်သာ။ မနည်းကြီး အားတင်းတောင့်ခံထားရ၏။

လေး၊ ငါး၊ ခြောက်ယောက်ခန့်ဝိုင်း၍ စိတ်ရှိလက်ရှိ ဝုန်းဒိုင်းကျဲ ကန်ကျောက်ထိုးကြိတ်ခဲ့ကြခြင်းဖြစ်လေရာ နှစ်၊ လချီ၍ အာဟာရချို့တဲ့နေသည့်ခန္ဓာ၊ ကာလတာရှည် စွဲကပ်ခဲ့သည့် ငှက်ဖျားဒဏ်၊ စိတ်ဒဏ်ရာအကြောင်းတွေ၏ ဖိစီးမှုအခံတို့ ရှိရင်းစွဲဖြစ်နေပြန်သဖြင့် သေရုံတမည်သာ ယဲ့ယဲ့ကျန်တော့သည်။

ကြားတော့ ကြားခဲ့မိ၏။

သိလည်း ကြိုသိထားခဲ့သည်။

ရန်ကုန်ထောင်ကြီးအတွင်းက ဂျပန်စစ်သုံ့ပန်းများအတွင်းမှာ စစ်ဗိုလ်ဆန့်ကျင်ရေး၊ စစ်ဗိုလ်လက်စားချေရေးလှုပ်ရှားမှုတွေ ပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲနှံ့နေပြီတဲ့။

''ပြဿနာတော့ တက်နေပြီ ... ဗိုလ်မှူးကြီး။ ထောင်ထဲက စစ်ကြောရေးလုပ်ဖို့ စုထားတဲ့ ဂျပန်စစ်သုံ့ပန်းတွေအကြားမှာ ကင်ပေတိုင်နဲ့ စစ်ဗိုလ်ဆန်ကျင်ရေးဝါဒတွေ ခေတ်စားနေပြီ။ စစ်ထဲမှာနေခဲ့ရတဲ့ ကာလတစ်လျှောက်လုံး ကိုယ့်အထက် စစ်ဗိုလ်တွေအပေါ် မကျေနပ်တဲ့စိတ်နဲ့ ဒေါသတွေ ခိုနေအောင်းနေတတ်စမြဲပဲ မဟုတ်လား။

အခုတော့ ... ဒီမှာ စစ်ဗိုလ်ရော၊ စစ်သားရော မခွဲခြားဘဲ အတူတူ တစ်သားတည်း သုံ့ပန်းဖြစ်နေရတဲ့အချိန်မှာ လက်စားချေဖို့ အခွင့်ကောင်းကြီး၊ အလိုလိုလာကြုံရသလို ဖြစ်နေတော့တာကိုး။ စစ်ထဲတုန်းက ဒေါသတွေ၊ မကျေနပ်ချက်တွေက ဒီမှာလာပြီး ပေါက်ကွဲကြတော့တာပဲ။

''လက်စားချေနည်းတွေကလည်း မျိုးစုံတယ်။ စစ်ဗိုလ်သုံ့ပန်းတွေကို တစ်ယောက်စီတစ်ယောက်စီ ရွေးရွေးထုတ်။ အိမ်သာလို လူမမြင် သူမမြင် လူမကြား သူမကြား နေရာအကြိုအကြားတွေထဲကို အတင်းအဓမ္မ ဖမ်းခေါ်သွား။ စစ်သားဟောင်းသုံ့ပန်းတွေ တစ်ပြုံတစ်မကြီးက သူ့ထက်ငါအလုအယက် ဝိုင်းထိုး၊ ဝိုင်းရိုက်၊ ပိတ်ကန်။ ကြိုက်သလို ရေရေလည်လည် ဝိုင်းတွယ်နှိပ်စက်ကြတာကတစ်မျိုး။

''ထောင်ထဲမှာ မကြာခဏ မီးပျက်တတ်တယ်လေ။ အဲဒီလို မီးပျက်ချိန်ကို တမင်တကာစောင့်ပြီး 'ဖျတ်ခနဲ' မီးပျက်လို့ မှောင်ကြီးမည်းကြီးလည်း ကျသွားရော ကိုယ့်အနားနီးရာ နီးရာမှာရှိနေတဲ့ စစ်ဗိုလ်ဟောင်းသုံ့ပန်းတွေကို မီးမှောင်ကြီးထဲမှာ ဝိုင်းတွယ်ကြ၊ ဆွမ်းကြီးလောင်းကြသတဲ့။ တချို့ဆို သေလုနီးပါး ခံခဲ့ကြရတဲ့သူတွေတောင် ရှိတယ်ဆိုပဲ။





''အဲ ... နောက်တစ်နည်းကတော့ ထောင်ဝန်ထမ်းတွေ၊ ယန်ကီးစစ်ပုလိပ်တွေအလစ်မှာ သူတို့ရဲ့သားကောင် စစ်ဗိုလ်ဟောင်းသုံ့ပန်းကို ဝိုင်းဖမ်းဝိုင်းချုပ်၊ သူတို့ဘာသာ စွဲချက်တင်ကြ၊ စီရင်ချက်ချကြ၊ အပြစ်ပေးကြ၊ ပေါက်တတ်ကရ နည်းလမ်းမျိုးစုံတွေနဲ့ နှိပ်စက်ကြ။ တကယ်ကြုံတောင့်ကြုံခဲပွဲတော်ကြီးလို ဖြစ်နေတော့တာပဲ။

အာဏာလက်လွှတ် ငှက်တောင်ကျွတ်ဖြစ်နေကြရတဲ့ စစ်ဗိုလ်ဟောင်းသုံ့ပန်းတွေခမျာမလည်း လူဦးရေကနည်း၊ ပြန်ပြီးခုခံဖို့ကလည်း အားအင်မရှိတော့ ဘာမှကိုမတတ်နိုင်ကြဘူး။ ဝိုင်းဝိုင်း'သယ်'လေသမျှ ငုံခံနေကြရတော့တယ်။ ဒဏ်ရာမျိုးစုံရထားတဲ့ စစ်ဗိုလ်ဟောင်း ကင်ပေဟောင်းသုံ့ပန်းတွေကို အရေးပေါ်လူနာတင်ကားတွေနဲ့ ခေါ်သွားပြီး ဆေးရုံကိုပို့ရတာတွေလည်း မနည်းဘူး။

''အဆိုးဆုံးကတော့ အောက်ခြေအဆင့်အကြပ်တွေ၊ စစ်သားသုံ့ပန်းတွေက သူတို့ရဲ့စစ်ရေးသတင်းတွေကို အချင်းချင်းဖလှယ်ပြီး အထက်အရာရှိတွေကို အပြစ်မကျကျအောင် ချောက်ချတာ၊ ချောက်တွန်းနေကြတာပဲ။

နဂိုကမှ ဂျပန်ကင်ပေ၊ ဂျပန်စစ်အရာရှိတွေအပေါ်ကို မကြည်သာကြတဲ့ အင်္ဂလိပ်၊ အမေရိကန် စစ်ရာဇဝတ်ရုံးအရာရှိနဲ့ စစ်ဆေးရေးမှူးတွေဟာ အဲဒီလိုဖော်ကောင်လုပ်မဲ့ စစ်သုံ့ပန်းတွေကို အထူးအခွင့်အရေးတွေ နင်းကန်ပေးပြီး စည်းရုံးသိမ်းသွင်းနေကြလေရဲ့။ သူတို့ကို တမင်လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားတော့တာပေါ့ ခင်ဗျာ။

နရှိရိုက ပြောပြခဲ့ဖူးသည်။

ယခုဖြင့် နရှိရိုတစ်ယောက်ခမျာလည်း ကြိုးပေးကွပ်မျက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ညှိရက်ကို စောင့်နေရရှာပြီတဲ့။ နေ့လား၊ ညလား၊ နက်ဖြန်လား။ သန်ဘက်ခါလား။

သူကိုမူ သံပြုံ့ဇရပ်နှင့် ယိုးဒယားမှ မျက်မြင်သက်သေတွေ မစုံလင်သေးသဖြင့် စစ်ဆေးမှုအစီအစဉ်တွေ ခဏနားရပ်ထားသည်။

“သူတို့လိုသလို၊ သူတို့အလိုကျ ထွက်ချက်မပေးတဲ့ ဂျပန်စစ်သုံ့ပန်းဆိုရင် သေချာနေပြီ၊ မိလ္လာသိမ်းတဲ့အလုပ်။ အမှိုက်လှည်း။ အညစ်အကြေး စွန့်ရတဲ့အလုပ်။ နေ့တိုင်းနေ့တိုင်း စစ်သုံ့ပန်းနှစ်ထောင်ကျော်ရဲ့ မစင်နဲ့ အညစ်အကြေးသိမ်းရ၊ စွန့်ရတာကို တွက်သာကြည့်ပါတော့ ဗိုလ်မှူးကြီးရယ်။ နေ့တိုင်းနေ့တိုင်း လုပ်နေရတဲ့အလုပ်လေ။

ပြီးတော့ မဟာမိတ်အရာရှိတွေ ရေချိုးဖို့ ရေဖြည့်ရတယ်။ ရေခပ်ရတယ်။ သူတို့စွန့်တဲ့မစင်ကို သိမ်းကြရတယ်။ ခပ်ဆိုးဆိုး စစ်ပုလိပ်တို့၊ ထောင်ဝန်ထမ်းတို့နဲ့ တိုးရင် ‘ဟေ့ ... ခွေးမသား ဂျပန်ကောင်၊ မြန်မြန်လုပ်ကွ’ ဆိုပြီး အရိုက်အကန် ခံချင်ခံကြရသေးတာ။

“အဲ ... သူတို့နဲ့ ပလဲနံပသင့်တဲ့ ဂျပန်စစ်သုံ့ပန်းတွေကတော့ သက်တောင့်သက်သာ ပေါ့ပေါ့ပါးပါးအလုပ်တွေ လုပ်ရတယ်။ စိုက်ခင်းပျိုးခင်းမှာ ဟင်းသီးဟင်းရွက်စိုက်ရတာတို့၊ အဝတ်လျှော်မီးပူတိုက်၊ စားဖိုဆောင်တို့လိုဟာမျိုးတွေပေါ့။

“ကုလားကုန်းရွာလူသတ်မှုမှာ ကိုယ်တိုင်ဖြောင့်ချက်ပေးဝန်ခံခဲ့တဲ့ တပ်ကြပ်ကလေး အာခိယာမာဆီရာကိုဆိုရင် ဘာလုပ်နေရတယ် မှတ်သလဲ။ ယင်ကောင်မောင်းတဲ့အလုပ်တဲ့လေ။ သူတို့နေတဲ့အခန်းတွေ၊ ရုံးတွေ၊ ထမင်းချက်ဖို၊ စားရိပ်သာတွေမှာ ယင်ကောင်တွေ မလာအောင် မှုတ်ဆေးနဲ့ မှုတ်ရတာတဲ့။”





ကောင်းလွန်းလှတဲ့အလုပ်မျိုး မဟုတ်ပေမယ့်လည်း နေပူစပ်ခါးထဲမှာ တပင်တပန်းလုပ်ရတာမျိုး။ မစင်ကျုံးရတာမျိုးနဲ့စာရင်တော့ အတော်ဟန်ကျတဲ့ အလုပ်ပဲပေါ့လေ။

“အဲဒီထက် ပိုအဆင်ပြေတဲ့ မိုးကံကောင်းတွေရဲ့ အလုပ်ရှိသေးတယ်။ သားသတ်ရုံမှာ လုပ်ရတာလေ။ တပ်ကြပ်ကြီး ယာနီးတို့၊ နာကမူရာတို့၊ ကီယိုရှိအိနာကားတို့ လုပ်နေကြတဲ့ အလုပ်မျိုးလေ။

တစ်နေ့တစ်နေ့ကို နွား၊ ဆိတ်၊ သိုး စသည်ဖြင့် မျိုးစုံအောင် သတ်နေကြရတာပဲ။ သွေးသံရဲရဲ သွေးညှီနံ့တွေနဲ့ပေမယ့် အလုပ်အပြန်ကျရင် ဟန်းကောချိုင့်တစ်လုံးစာ အသားတွေရလာတတ်တယ်လေ။ သူတို့များဆိုရင် ကျန်တဲ့လူတွေက အူယားဖားယား ‘ရွှေပေါ်မြတင်’ အရေးတယူ ပေါင်းနေကြရတာ”

“အား ... ကျွတ် ... ကျွတ် ... ကျွတ်”

မချိမဆန့်ညည်းညူ သံထွက်လာ၏။

ကိုယ်နေကို ပြောင်းရွှေ့ကြည့်သည်။ မရ။ ညာလက်က သူ့ကိုယ်ကြီးအောက်မှာ ပိနေသဖြင့် ခန္ဓာ၏အလေးချိန်ဝန်ကြောင့် သူ့ညာလက်တစ်ခုလုံး ပိပြားနာကျင်နေသည်။ သွေးပင်လျှောက်တော့သည် မထင်။ တစ်လျှောက်လုံး တရစပ် ဆောင့်အကန်ခံထားရသည့် ရင်သွန့်၊ ဝမ်းဗိုက်၊ ဘေးနံတွေက နာလှ အောင့်လှသည်။ ‘သေတော့မှာပဲ။ တစ်ခါတည်းသေသွားလိုက်ရတာကမှ ကောင်းသေးကွာ ... ဟင်း’။

မထင်မိခဲ့။

မည်သို့မျှ မျှော်လင့်ဥပါဒ်ထားခဲ့ခြင်းလည်းမရှိခဲ့။

ဂျပန်စစ်သုံ့ပန်းအုပ်စုတွေအတွင်းမှာ ကင်ပေဆန့်ကျင်ရေး စစ်နိုင်ဆန့်ကျင်ရေးတွေ ပြင်းထန်လာနေပြီဆိုသည့်သတင်းကို နားမဆံ့



www.burmeseclassic.com

www.burmeseclassic.com



အောင်အကြားရှိနေခဲ့လည်း သူ့အပေါ်ကိုမူ ဤမျှ မြန်ဆန်လွန်းလှစွာ အလှိုင်းတကြီး အန္တရာယ်ပေးလာလိမ့်မည်ဟု စိတ်မှုမကွက်မိခဲ့။

ယခုတစ်လော သူလုပ်နေခဲ့ရသည့် အလုပ်သစ်၏ ဖမ်းစားမှုကြောင့် သူသတိလစ်ပေ့ါဆခဲ့မိရသည်လည်း ဖြစ်မည်။

ကြိုးစင်သန့်ရှင်းရေး . . . တဲ့။

သူ့စိတ်အထင် ခြောက်ပေပတ်လည်သာသာ ကြိုးစင်မှာ သစ်သားစင်မြင့်၊ သစ်သားထောက်တိုင်၊ သံအုံဖုံးတံခါး စသည်ဖြင့် တည်ဆောက်ထားသည်။ မြေပြင်အထက် ငါးပေခန့်ဖြစ်ပေလိမ့်မည်။ အောက်မှာ ကွန်ကရစ်ဖြင့် အခိုင်အခံ့တည်ဆောက်ထားသော သုံးပေအနက်ရှိ လိုဏ်တွင်းရှိသည်။ ကြိုးပေးခဲ့ရသည့် သက်မဲ့အလောင်းကောင်ကြီးအား ကြမ်းခင်းပြင်နှင့် မထိစေဘဲ တွဲလောင်းကြီးဖြစ်နေစေရန် တည်ဆောက်ထားခြင်းဖြစ်ပုံရ၏။

သူလုပ်ရသည့်အလုပ်က အဝတ်ကိုရေဆွတ်လျက် ကြိုးစင်တစ်ခုလုံးနှင့် ကြမ်းပြင်ကိုပါ ပြောင်စင်နေအောင် ရေတတ်နှင့်သုတ်၊ သံထည်များအား ဒီဇယ်ဆွတ် အဝတ်ပါးဖြင့် အထပ်ထပ်သုတ်၊ ဒေါက်နှင့်မူလီတွေ နတ်တိုင်တွေကို အပဲဆီထည့်၊ တစ်ချိန်က မြန်မာပြည်စစ်မြေပြင်မှာ လျှမ်းလျှမ်းတောက်တန်ခိုးထွားခဲ့သည့် ကင်ပေ(စစ်ပုလိပ်) အကြီးအကဲဟောင်းယာမာဒါ၏ လက်ရှိ နိစ္စဓူဝအလုပ်တဲ့လေ။ ရယ်စရာ မကောင်းလွန်းပေလား။

ပဲနူးရိုးမကို ဖြတ်ခဲ့ကြစဉ်တုန်းက ရန်သူလေယာဉ်ပျံပေါ်မှ ကြဲချခဲ့သည့် စာရွက်ကလေးများကို သူတို့ဂျပန်တပ်တွေ စစ်သည်တွေ ကောက်ရခဲ့ကြဖူးသည်။ မဟာမိတ်တပ်များက ကြဲချခဲ့သည့် စာရွက်များ။





'အိုင်ဆရင်ဒါ' လို့ အော်ပြီး ထွက်လာရင် သင့်ကို မသတ်ပါဘဲ။

သြော် . . ယခုဖြင့် သူတို့လက်ခုပ်တွင်းက ရေနှယ် စစ်သုံ့ပန်းဘဝရောက်နေသူများကို တတိတိ အမှည့်ခြွေ၊ ခြွေနေကြပြီပါကလား။

ရင်ထဲ၌ ကျင်၍ စိမ့်တတ်လာ၏။

ခံပြင်းမှု၊ ဒေါသပြီးလျှင် အလျှံကြီးငြီး စက်ဆုပ်မုန်းတီးမှု၊ ခနေနတ်မျိုးနွယ် နိပ္ပွန်တို့၏ စစ်သွေးစစ်မာန်။

စိတ်ကို ဖွတ်တင်းပြီး ကိုယ်ကို တစ်ပတ်လိမ့်ပစ်လိုက်၏။

အား . . . အသည်းခိုက်၍ တုန်သွားသည်။ နာလွန်းလှချည့်။ သို့သော်လည်း ပက်လက်အနေအထားဖြစ်သွားသဖြင့် အနည်းငယ် နေချောင်သွားသည်။ နာကျင်မှုတွေ ပြင်းထန်နေဆဲဖြစ်သည့်တိုင် အသက်လေးဝဝ ရှူရှိုက်ခွင့်ရလိုက်၍ အမောပြေရ၏။

ဘယ်၊ ညာလက်တွေကို လှုပ်ကြည့်၊ လက်ချောင်းကလေးတွေကို ဆုပ်ချည်ဖြန့်ချည် ပြုကြည့်သည်။ အနည်းငယ် နေသာလာ၏။

''ဟင် . . . အိတ်ထဲက . . . ဘာပါလိမ့်''

စာရွက်ကလေး တစ်ရွက်ပေပဲ။

မြန်မာသတင်းစာ အပိုင်းအစကလေးတစ်ခုဖြစ်နေသည်။ ထူးဆန်းသည်။ သည်သတင်းစာ အပိုင်းကလေးက ဘယ်လိုဘယ်ပုံ သူ့အိတ်ကပ်ထဲ ရောက်လာနေရပါလိမ့်။

**''ထောင်ဖောက်ပြေးကြဖို့ အစီအစဉ်ရှိသည်။ အသင့်ရှိနေပါ။ ထပ်မံဆက်သွယ်မည်''**

အလို . . . ဘုရားသခင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးမုန်တိုင်းတစ်စင်းက သူ့ရင်ကို ဖောက်ထွင်းလျက် ခွင်း သွားသလို။ လင်းခနဲ ဝင်းခနဲ ဖြတ်စီးသွား၏။ လောင်မီးမကျ၊ မိုးကြိုး မခ။

''ရောင်ခြည်ပဲ ...။ ဒါ မျှော်လင့်ချက်ပဲ။ သင်းတို့လက်ထဲ မှာ သွန်လိုသွန် မှောက်လိုမှောက် ရုပ်ပျက်ဆင်းပျက် သေရမယ့်အစား အသေခံမယ့်အစား တိုက်ပွဲဝင်ရင်းသေမယ်။ ဒါကမှ တကယ့် ဘူရှီ စိတ်ဓာတ်၊ နိပွန်စိတ်ဓာတ်စင်စစ်ပဲ။

သွေးတွေ ရုတ်ခြည်းနွေးလာ၏။

စောစောက နာကျင်မှုတွေနှင့် သူသည် တစ်သီးတစ်ခြားစီ အဲ ... နာကျည်းပြင်းပြနေသည့်တိုင် သူ့စိတ်ကူးက ပေါ့ပါးလွတ်လပ်

''ထောင်ဖောက်ထွက်ပြေးကြမလို့တဲ့''။

✿ ✿ ✿

▢

ကြိုးစင်ကို လှမ်းမြင်နေရသည်။

ကြိုးစင်နှင့် မားလွယ်ခုတ်လှမ်းမြင်နေရသည့် ဒီအခန်းကလေး သို့ သူရောက်ရှိနေခဲ့သည်မှာ ရက်သတ္တတစ်ပတ်တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်၏။ အကျဉ်းထောင်အာဏာပိုင်တို့က တမင် ပြောင်းရွှေ့ပေးထားခဲ့ ခြင်းဖြစ်သည်။

သူ့အပေါ် စစ်ရာဇဝတ်ခုံရုံးက လူသတ်မှုတွေ တစ်သီကြီး နှင့် စွဲချက်တင်ထားသည်။ တစ်ချက်မငြိ တစ်ချက်ငြိ။ သူတို့ စွပ်စွဲ ထားသည့်အတိုင်း ပြစ်ချက်တွေကို ရှန်းမထွက်နိုင်ခဲ့လျှင် ...။

သူ့ရှေ့ရှေ့က သူ၏ရဲဘော်ရဲဘက်များ လျှောက်ခဲ့သည့်လမ်း အတိုင်း လှမ်းမြင်နေရသည့် ကြိုးစင်ထက်မှာ နိဂုံးချုပ်ဖို့ကဖြင့် သေချာ နေတော့သည်။

''ကဲ ... ရဲဘော်ကြီးရေ ... သွားနှင့်တော့မယ်ဗျာ။ အဆက် ဆက်က ကူညီခဲ့တဲ့အတွက်တော့ ကျေးဇူးပဲ''



www.burmeseclassic.com

www.burmeseclassic.com



"သွားနှင့်ပေဦးတော့ဗျို့။ ကျုပ်အတွက်လည်း နေရာကောင်း ကောင်းယူထားနှင့်။ ကျုပ်လည်း မကြာခင်လိုက်လာခဲ့မယ်"

ဒီရက်ပိုင်းကလေးအတွင်းမှာပင် သည်ထောင်အခန်းထဲမှ ကြား ခဲ့ရသည့် အသံတွေ။ မြစ်ကြီးနားဘက်က နာမည်ကြီး ကင်ပေအရာ နဂိုရှိလည်း သွားရာပြီ။ ကုလားကုန်းရွာလူသတ်မှု၌ တာဝန်ရှိသည် အမိန့်ချခံခဲ့ရသူ စစ်တရားခံတွေလည်း သည်ကြိုးစင်ထက်မှာပင် သေ ကြရပြီ။ မြောင်းမြထောင်မှ နိုင်ငံရေးသမား (၄) ဦးသတ်မှု၏ တရား ဆူဖူးကီး၊ ယာမာဆာကီး၊ အဒါချိုးတို့အဖွဲ့တွေလည်း သုတ်သင်ခံခဲ့ ပြီးပြီ။

ကြိုးဒဏ်ကျတရားခံကို လက်နောက်ပြန်ကြိုးတုတ်လျက် ကြိုး စင်ပေါ်ဆွဲတင်လာပုံ၊ ကြိုးစင်အလယ်တည့်တည့်၌ ရပ်နိုင်းထားပြီး လည် ပင်းကို ကြိုးကွင်းစွပ်လိုက်ပုံ၊ 'ဒိုင်း' ခနဲ ဒေါက်ကို ဖြုတ်ချလိုက်သည့် အခါ ကြိုးသမား၏ခြေဖဝါးအောက်မှ လက်ယှက်သံပြားကြီးနှစ်ချပ် 'ဖြုန်း' ဆို ပြုတ်၍ကျသွားပုံ၊ လည်ပင်းမှာ ကြိုးကွင်းတန်းလန်းနှင့် သေဒဏ်ကြိုးသမားသည် ကြိုးစင်အောက်လိုဏ်ပေါက်ထဲသို့ စုပ်ခနဲ ဒုတ်ဒုတ်ထိ ထိုးစိုက်ကျသွားပုံ။ တင်းခနဲ တောင့်ခနဲ လှုပ်လှုပ်ခတ်ခတ် တစ်ချက်နှစ်ချက် လွန့်သည်ဆိုရုံသာ လွန့်၍ ဖိဝိနံချုပ်ငြိမ်ကျသွားပုံ

မမြင်မတွေ့ချင်။ သို့နှင့်တိုင် ထိုမြင်ကွင်းများကို မျက်နှာလွှဲ၍ ပရနိုင်ခဲ့။ သူ့အခန်းကလေးထဲမှ အတိုင်းတိုင်း မြင်နေရသည်ပင်။

သောကြာနေ့။

ဟုတ်သည်။ သောကြာနေ့တိုင်း ကြိုးဒဏ်စီရင်ခြင်း။ ကွပ်မျက် ခြင်းများကို လုပ်လေ့ရှိစမြဲ။

သိလည်း သိသာလှသည်။

---

စိတ်ကူးသစ်စာပေ



လူတစ်ယောက်၊ စစ်သုံ့ပန်းတစ်ယောက်ကို ကြိုးပေးတော့ ည်ဆိုလျှင် မသတ်ခင်အကြိုညမှာ အရက်သောက်တတ်သူဖြစ်လျှင် အရက်တိုက်တတ်၏။

သံစဉ်စည်းဝါးမသိ၊ စာသားမပီမသ သွေးရူးသွေးတန်း အသံ ကျက်ကြီးတွေဖြင့် စိတ်ထင်ရာ သီချင်းအော်ဆိုနေသံတွေ ကြိုးတိုက် ခန်းဘက်ဆီမှ ထွက်လာပြီဆိုလျှင် နောက်တစ်နေ့နံနက်စောမှာ ကြိုး ပေးစီရင်ပေတော့မည်။ အသိသာကြီး။

သားသတ်ရုံမှ လည်လှီးခံရသည့် နွားတွေ၊ ဆိတ်တွေ နာနာ ကျင်ကျင်အော်မြည်နေသလို သေခါနီးကြိုးသမား၏ မပီမသသီချင်းဆို သံတွေက ညကို ကိုင်လှုပ်နေသလိုပင်။ 'ရှင်ဒေ့နိုကာရို (မွေးရပ်ဌာနေ)' တဲ့၊ အကြားရဆုံးသီချင်း။ ဂျပန်စစ်တရားခံ သေဒဏ်ကြိုးသမားတို့ ၏ နှုတ်ဆက်သီချင်း။ နှလုံးကွဲကြေကြေသည့်သီချင်း။

စတင်ကြားရကာစကမူ တုန်လှုပ်လိုက်သည်ဖြစ်ခြင်း။

"ဘုရား ... ဘုရား ... တစ်နေ့ကျရင် ဒီကြိုးစင်ပေါ်မှာ ငါ ထည်း ဒီလိုပုံစံမျိုးနဲ့ သေရမှာပဲထင်တယ်။ ငါ့အလှည့်က ဘယ်နေ့မှာ ရောက်လာမှာလဲ။ နက်ဖြန်လား ... သန်ဘက်ခါလား။ လာမယ့် သောကြာလား"။ ထိုသီချင်းသံကြီးများက လိုဏ်သံကြီးတွေပေါက်လျက် ချ့အာ၊ ညှို့ငင်နွယ်ရစ် ပတ်လိမ်လာနေကြသလိုလို။

"ဘဝဟောင်းက ဝဋ်ကြွေးသံသရာကို ဒီမြေပေါ်မှာပဲ ကြေ အောင် ဆပ်ရတော့မယ်နဲ့ တူပါရဲ့"

အတွေးတွေဖြင့် တုန်တုန်လှုပ်လှုပ်။

"ဒေါက်"

"ဒေါက် ... ဒေါက်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် …"

"ဒေါက် … ဒေါက် …"

"ဒေါက် … ဒေါက် … ဒေါက် …"

ဟော … သူမျှော်နေသည့်အသံ။

ထောင်အုတ်နံရံထုကြီးကို ခပ်ဆဆခေါက်၍ အချက်ပြ [illegible] သွယ်နေသည့်အသံ။ ဒီရက်သတ္တပတ်အတွင်း သူနှင့်ရင်းနှီးအထာ [illegible] နေသည့်အသံ။ ပြီးတော့ … သူရင်ထဲမှ တိတ်တခိုးကြိတ်၍ အမြဲ [illegible] နေခဲ့သည့်အသံ။

အသံရှင်ကို သူမသိ။ မြင်ဖူးတွေ့ဖူးခြင်းလည်းမရှိ။

အုတ်နံရံကိုခေါက်၍ အချက်ပေးသံတစ်ချို့မှတစ်ပါး သူ့ [illegible] သံတစ်လုံးတစ်ပါဒမျှလည်း ကြားခွင့်မကြုံခဲ့စဖူး။

သို့သော် … ထိုတစ်နေ့က သူ့အားစာဖြင့် ဆက်သွယ်ခဲ့သူ [illegible] ဖြစ်တန်ရာသည်။ ထောင်ဖောက်ထွက်ပြေးဖို့ အသိပေးစည်းရုံးခဲ့သူ [illegible] ဖြစ်နိုင်သည်။ ရဲဘော် 'ကေ' ဟု လျှို့ဝှက်အမည်ပေးထားသူပင် [illegible] ၏။

"ဒေါက် …"

"ဒေါက် …"

"ဒေါက် … ဒေါက် … ဒေါက် …"

သူတို့သိထားနှင့်ကြပြီး အချက်ပြသင်္ကေတအတိုင်း အုတ် [illegible] ကို ဖွဖွခေါက်သည်။ အခြေအနေထူးပြီထင်တယ်။ ရင်ထဲ၌လည်း [illegible] လှုပ်စဖူး ထူးထူးကဲကဲ တုန်လှုပ်ချောက်ချားနေ၏။ စစ်မြေ၌သာ [illegible] စစ်သွေးတို့ ဆူဝေလှုံ့တက်လာသည်။

"ဒေါက် …"





"ဒေါက် …"

"ဒေါက် … ဒေါက် …"

ဟုတ်ပြီ။ ရဲဘော် 'ကေ' ပဲ။ သေချာပြီ။

အသက်ကို တစ်ဝကြီး ရှူသွင်းလိုက်ပြီးမှ ထောင်နံရံကြီးကို [illegible] ားတိုင်ပြုလျက် သူတို့ အပြန်အလှန်သတင်းတွေ ဖလှယ်မိကြသည်။

"အခြေအနေဘယ်လိုလဲ"

"မကောင်းဘူး"

"ဘယ်လိုကြောင့်လဲ …"

"လက်ကျန်အဖွဲ့ဝင် ခြောက်ယောက်ထဲက သုံးယောက်ပဲသွား [illegible] ပြီ။ ယန်ကီးတွေက ပြစ်ဒဏ်လျှော့ပေါ့ပေးပြီး ဂျပန်ပြည်ကို ပြန် [illegible] ပေးမယ်ဆိုတဲ့ သွားရေကျချင်စရာမြှုးထဲမှာ မိသွားကြပြန်ပြီ"

"အိုး …"

'သေသင့်တဲ့ကောင်တွေ။ ဂျပန်မပီသလိုက်တာ'။ မြုံနေသည့် [illegible] သတို့ တလိပ်လိပ် နိုးထအုံကြွလာ၏။

ရန်ကုန်ထောင်ကိုဖောက်၍ အုတ်နံရံကိုကျော်ပြီး ထွက်ပြေး [illegible] စတင်ကြံစည်ခဲ့စဉ်က တစ်ကျိပ်တည်း တစ်ဉာဏ်တည်း ဘဝတူ [illegible] ပန်း (၁၈) ဦးကို စုစည်းနိုင်ခဲ့ကြသည်။

ရန်ကုန်ထောင်ကြီး၏ အိပ်ဆောင်များ၊ တိုက်ခန်းများအတွင်း [illegible] ဆောင်ဝင်း နံရံတံတိုင်းများ၊ အုပ်ချုပ်မှုရုံးခန်းများ တည်နေပုံ [illegible] ကို အသေးစိတ် စေ့စေ့စပ်စပ် မှတ်သားစေ့ငုကြ။ ထောင်ဝန်ထမ်း [illegible] နှင့် မဟာမိတ်စစ်တပ်မှ တွဲဖက်ချထားသည့် စစ်ပုလိပ်များ၏ တာဝန် [illegible] ရောက်ပုံ၊ ကင်းလဲလှယ်ပုံ၊ တာဝန်ထမ်းဆောင်ပုံ၊ အိပ်ဆောင်နှင့် [illegible] က်ခန်းသော့များ ထိန်းသိမ်းထားရှိပုံ စသည့် 'ပြေးလမ်း'အတွက်



www.burmeseclassic.com

www.burmeseclassic.com



အသုံးဝင်နိုးရာရာ၊ အခွင့်စူးစမ်းလေ့လာကြ၊ ရှာဖွေကြ၊ ရရှိလာသည့်
သတင်းများကို ဖလှယ်ကြ၊ ထွက်ပြေးဖို့ အစီအစဉ်ကို သေသေချာချာ
ရေးဆွဲကြ။

ဒီတွင်မှ ဝါးအစည်းပြေသလိုပြေလျက် ထွက်ပြေးမည့်အဖွဲ့ဝင်
(၁၂)ယောက်က အဖွဲ့မှ ထွက်ခွာဖို့ ကြံလာကြသည်။

"ငါတို့မှာ ဘာအပြစ်မှ မရှိကြတာဘဲ။ စစ်ကြီးလည်းပြီး
စစ်ရာဇဝတ်ခုံရုံးဆိုတာကလည်း ထုံးစံအတိုင်း လုပ်ရိုးလုပ်စဉ် အလု
တစ်ခုပဲ။ ပြီးတော့လည်း ပြီးသွားမှာပေါ့။ 'ဟစ်တလာ' နဲ့ သူ့ရဲ့
တွေလို ရက်စက်တဲ့အလုပ်မျိုးကို သူတို့မဟာမိတ်တပ်ဖွဲ့တွေက မလု
လောက်ပူးလို့ ထင်တယ်။

မကြာခင် တစ်ခုခုတော့ အခွင့်အရေးရလာမှာ။ ထွက်မပြေး
လည်း လွတ်မှာပဲ။ ထွက်ပြေးဖို့က တော်တော်ခက်တယ်။ လွတ်ဖို့ယ
သိပ်မမြင်ဘူး။ ထောင်ကြီးကိုကျော်ပြီး ပြေးနိုင်ခဲ့လည်း ဘာဆက်လု
ကြရမှာလဲ ..."

သူတို့က လေသံတစ်သံတည်း ထွက်လာသည်။

ဒီရက်ပိုင်းမှာ သူတို့အဖွဲ့တွေ ဒီသားသတ်ရုံ၊ စားဖိုကြီးနှ
ထမင်းစားဆောင်တွေ၌သာ တာဝန်ပေးခြင်းခံနေရပြီး ယန်းကီးစစ်ဗိုလ်
အချို့၊ ထောင်အရာရှိတချို့နှင့် လုံးထွေးလုံးထွေး လေပေးပြောဆို
ကြသည်ကို သိထားနှင့်ပြီးဖြစ်၍လည်း သိပ်တော့မဆန်း။

အသက်ရှင်သန်ကြွင်းရစ်ဖို့ တစ်ခုတည်းသာ အဓိကမျှော်လင့်
ချက်ဖြစ်နေသည့် ဒီအခြေအနေ၊ ဒီထောင်ကြီးထဲမှာ သူတို့ကို အပြ
တင်၍မဖြစ်။ "လူပဲလေ၊ သူအသက်ရှင်ဖို့လမ်းကို သူ့စိတ်အလိုက
သူ့ဘာသာရွေးမှာပေါ့"။





"တစ်ခုတော့ ကျုပ်တို့ သေသေချာချာ ကတိပေးပါတယ်ဗျာ။
ခင်ဗျားတို့တတွေရဲ့ ထောင်ကထွက်ပြေးဖို့အစီအစဉ်ကို ကျုပ်တို့ပါးစပ်
က သေတောင်ဖွင့်မပြောပါဘူး။ ဆက်လုပ်ဖြစ်မယ်ဆိုရင်လည်း ဆက်
လုပ်ကြပါ။ အသက်ရှင်နေကြဦးမယ်ဆိုရင်တော့ တစ်နေ့နေ့တစ်ချိန်ချိန်
မှာ ပြန်ဆုံကြသေးတာပေါ့"

ဒီလိုနှင့် ...။

သူတို့အစုကလေးက ခြောက်ယောက်ပဲ ကျန်ရစ်တော့သည်။
အဲ ... ယခုတော့ ဘာဖြစ်ရပြန်ပြီနည်း။

"ဘယ်လိုဖြစ်ရတာလဲ ..."

"တပ်ကြပ်ကြီး 'အေ' ရယ်၊ ဗိုလ်မှူး 'အက်စ်' ရယ်၊ ကင်ပေ
ဗိုလ်ကြီး 'ဖက်' ရယ်က မပါချင်ကြတော့ဘူးတဲ့"

"ဟင် ... ဘာဖြစ်ရတာလဲ"

"ဖြောင့်ချက်ပဲ ပေးလိုက်တော့မယ်တဲ့ ...။ ဖြောင့်ချက်ပေး
ရင် စစ်ဆင်ရေးတာဝန်အဖြစ် သတ်မှတ်ပြီး ပြစ်ဒဏ်လျှော့ပေးမယ်
တဲ့၊ မကြာမီ ဂျပန်ကိုပြန်ပို့မယ့် ပထမအသုတ် စစ်သုံ့ပန်းစာရင်းမှာ
ထည့်ပေးမှာ ... တဲ့"

"တောက် ... ခွေးမသား သစ္စာဖောက်တွေ"

"အခုတော့ ငါတို့သုံးယောက်ပဲ ကျန်တော့တယ်"

"ဟိုကောင် ... ဗိုလ်မှူး 'ဝိုင်' က ရော စိတ်ချရရဲ့လား"

"စိတ်ချရပါတယ် ... သူလည်း မန္တလေးဘက်က လူသတ်မှု
တွေအတွက်နဲ့ ကြိုးပေးခံရဖို့ သေချာနေတဲ့သူပဲ။ မပြေးလည်း
ပြေးလည်းသေမှာ။ ဒီတော့ တို့လိုပဲ ပြေးရင်းလွှားရင်း တိုက်ရင်း
မယ့်လမ်းကို ရွေးထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . . ပြီးခဲ့တဲ့သောကြာနေ့က ပြောင်းမြို့လူသတ်မှုရဲ့တရားခံ အချိုဒါးတို့သုံးယောက်တော့ သွားနှင့်ကြရှာပြီ။ သိလား"

"သိတယ် . . .။ လာမယ့်သောကြာနေ့ကလည်း တို့အလှည့်ဖြစ်လာနိုင်သေးတယ်။ မနက်ဖြန် . . . သန်ဘက်ခါမှာ စစ်ခုံရုံးထောင်ဒဏ်ချမယ့် တရားခံတွေရှိတယ်တဲ့။ ညက ထောင်ပိတ်လာရင်းကုလားထောင်မှူး မစ္စတာဘာဂဝမ်ဆင်တို့တစ်တွေ ပြောနေသံကြားလိုက်ရတယ်"

"သေချာပြီ . . . အဲဒါ တို့အလှည့်ဖြစ်မှာပဲ။ ဒါဆိုရင် . . ."

ရုတ်ခြည်း ငြိမ်ကျသွားသေး။

နံရံတစ်ဖက်မှ ရဲဘော် 'အေ' ၏ အသက်ရှူသံ၊ နှလုံးခုန်သံကိုပင် ပြက်ပြက်ထင်ထင် ကြားနေရသလိုလို။

"လုပ်ငန်းစကြမှပဲ"

"ကောင်းတယ် . . . မြန်လေကောင်းလေပဲ"

"အဲဒီတော့ . . ."

တစ်ဖက်မှ အသံက ဝိတ်ပိတ်သားငြိမ်နေပြန်သည်။

"ဒီကနေ့ည . . ."

"ဘာ . . . ဘယ်လို . . ."

"ဒီကနေ့ညမှာ သတိနဲ့နေပါ၊ အခြေအနေပေးခဲ့ရင် ဒီကနေ့ညမှာပဲ လှုပ်ရှားတော့မယ်။ အသေးစိတ်အစီအစဉ်တွေကို အားလုံးကြိုတင်စီမံထားပြီးပြီ။ လုံခြုံရေးအခြေအနေ ကောင်းခဲ့ရင် . . ."

"ဒီကနေ့ ညနေ် . . . ဟုတ်လား"

"ဟုတ်တယ် . . .။ ဒီကနေ့ည . . . အဲ . . . မနက်ဖြန်မနက်





လင်းအားကြီးလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ အဖြစ်နိုင်ဆုံးက သန်းခေါင်နဲ့ နှစ်ချက်တီးအကြား။

"ဘာလုပ်ထားဖို့လိုသေးသလဲ"

"မလိုဘူး။ စည်းရုံးထားတဲ့ ထောင်ဝန်ထမ်း ကုလားစန္ဒရိကတံခါးသော့ဖွင့်ပေးလိုက်ရင် ကြိုတင်အရင်စည်းဝါးကိုက်ထားတဲ့ ထောင်ကြီးရဲ့အရှေ့ခြမ်း ကတ္တရာလမ်းဖက်ကိုသာ အမြန်ဆုံးလာခဲ့ပေတော့။ ခရစ်ရုံကလေးရဲ့ နောက်ပေးအမှောင်ရိပ်ဟာ တို့ရဲ့ဆုံရပ်ပဲ။ အဲဒီနေရာက မျှော်စင်နဲ့ ဗဟိုကင်းတွေပေါ်က မီးမောင်းကြီးတွေနဲ့ ကောင်းကောင်းလွတ်နေတဲ့နေရာ။ အဲဒီမှာဆုံကြမယ်။

"ဘယ်အချိန်အထိလဲ . . ."

"မပူပါနဲ့ . . .။ ငါတို့က ကြိုပြီးရောက်နှင့်နေမှာပါ"

"OK"

"Good luck"

သူ၏ အသက်ရှင်ခြင်းသည် ယခုဖြင့် ပို၍ အဓိပ္ပာယ်ရှိခဲ့ပြန်လေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ဆာယိုနာရာ . . . ဆာယိုးနာရား

❑

ဝင်းခနဲပြက်လိုက်သည့် ကင်းမျှော်စင်ပေါ်မှ မီးမောင်းလျှပ်ရောင်သည် သူ့ကိုယ်ပေါ်မှဝဲ၍ ဖွေးဖွေးထိန်ထိန် ဖြတ်ပြေးသွားလေ၏ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်၊ စက္ကန့်သုံးဆယ်။ နောက်ထပ် အလင်းတန်းကြီးတစ်ခုက တန်းခနဲ ထိုးစိုက်၍ ဆင်းလာပြန်သည်။ စက္ကန့်သုံးဆယ်ခန့်မျှသာပဲ။

မီးရောင်အလင်းတန်းနှစ်ခု ကြက်ခြေခတ်လက်ယှက်ထိုးလျက် သူ့ရှေ့မှ ကြိုးစင်နှင့်ကြိုးတိုက် ဝန်းကျင်ပတ်ချာလည်ကို အချိန်အတန်ကြာ စီးမိုးဖြန့်ကျက်ကာ ဟိုမှသည် သည်မှဟို ဖြာဆင်းနေလိုက်သေး၏။

ပြီးလျှင် . . .





မီးမောင်းကြီးနှစ်ခုစလုံး ဖျတ်ခနဲ တစ်ပြိုင်နက် ငြိမ်းသွားတော့သည်။ ၄၀ ဝပ်အား မီးရောင်မှုန်သဲ့သဲ့များမှတစ်ပါး ပကတိအမှောင်။

"ဟုတ်ပြီ . . . ကဲ . . . ထ၊ သုတ်ခြေတင်ပြေးပေတော့။ ဒီတစ်ချီတည်းနဲ့ ကြိုးစင်နောက် လိုဏ်ပေါက်ဝက မီးမောင်းလွတ်ရာ အမှောင်ရိပ်ဆီသို့ တစ်ချိုးတည်းအရောက် လစ်ပေတော့"။ ဘာသာအားသစ်လျက် ရှိသမျှခွန်နှင့်အားကို ညှစ်ရုန်း၍ ထပြေးသည်။

လေးညှို့မှ လွှတ်လိုက်သည့်မြှားတစ်စင်းပမာ . . .။

တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလှမ်း။ တစ်ရှေ့၊ နှစ်ရှေ့၊ သုံးရှေ့။ စိတ်အလိုသို့ ကိုယ်က မလိုက်နိုင်။ ချည့်နဲ့ပိန်လှီလှပြီဖြစ်သည့် အရိုးစုကမ္ဗလာန်းကောင်သာသာ သူ့ကိုယ်ကောင်သည် အလဲလဲအပြိုပြို။

တုံ့ဆိုင်းလေးတွဲ့နေသည့် အကြောအခြင်များကလည်း ဖဝါးတစ်ရွေ့ ခြေတစ်လှမ်း၊ အနှုတ်အသိမ်းမျှကိုပင် သယ်နိုင်ဟန်မပြ။ လျှပ်လက်သကဲ့သို့ ပေါ့ပါးလျင်မြန်လွန်းသည့် ဇောစိတ်ကတခြား၊ ယိုယွင်းယိမ်းယိုင်နေပြီဖြစ်သည့် သူ့ခန္ဓာဝန်အစုအဝေးက သူ့ဘာသာ တစ်သီးတခြား။ အချင်းချင်း တွန်းထိုးဆန့်ကျင် ရုန်းကန်လျက် . . .။

"တောက် . . . ခီးတဲ့မှကွာ။ တကယ့်အရေးကြီးထဲမှာမှ ဒီသောက်ခြေတွေ လက်တွေက နေးကွေးလေးလံလွန်းလိုက်တာ။ ရန်သူတပ်တွေကြားထဲမှ ဖိန့်ဖိန့်တုန်ခဲ့ဖူးတဲ့ 'အာဠာဝက ယာမာဒါကြီး' များ ဟုတ်မှ ဟုတ်သေးရဲ့လားကွာ။

ကြည့်ပါဦး . . . ခွေးဝဲစား တစ်ကောင်ကတောင်မှ ဒီ[illegible] မြန်အောင် ပြေးနိုင်လိမ့်ဦးမယ်။ ပြေး . . . ပြေး . . . ပြေးပါ[illegible] ခြေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါဟ ... ဒီခြေထောက်တွေနှယ်။ နင့်အမေလင်တွေရဲ့ မီးမောင်းကြီးက တစ်ပတ်ကြော့လာဦးတော့မှာ။

ပြီးရင် ပတ္တရောင်အဖွဲ့နဲ့ စစ်ခွေးအဖွဲ့တွေ တစ်သီတစ်သန်းကြီး ကင်းလှည့်လာကြဦးမှာ။ ပြေးမှ ... ပြေးမှ။ ရဲဘော် 'ကေ' တို့ရောက် နေနှင့်ကြရောမယ်။ ဟိုး ... ဟိုးမှာ ... ကြိုးစင် ... ပြေးထား ... ပြေးထား''

ခြေလေးငါးလှမ်း အရှေ့ကတည်းက လိုက်၍လိုက်၍ ဟိုက်တက်လာသည့် အမောလုံးကြီးသည် ရင်ဝကို တဒုန်းဒုန်း ဆောင့်တိုးလျက်ရှိ၏။ သူ့ပါးစပ်နှင့် နှာခေါင်းမှလည်း ဖားဖိုကြီးထိုးသလို တရှူးရှူးတရှဲရှဲ မောသံကြီးဆွဲလျက်ရှိသည်။ နှလုံးခုန် မမှန်။ အူအသည်းကလီစာတွေ တစ်ပြုံလုံးပြုတ်ထွက်လျက် လည်ချောင်းဝ၌ ဆို့ပိတ်နေသည့်သို့ ဖြစ်၏။ ခြေကုန်သွားတစ်ကောင်နှယ် တွဲ့တွဲ့တုံ့ဆိုင်း။

''အမယ်လေး ... လေး ... မောလိုက်တာ၊ ရေ ... ရေရေ ... ရေငတ်လိုက်တာဟာ။ အား ... အသက်ရှူရ ခက်လှချည့်။ မောလိုက်တာ ... မောလိုက်တာကွာ ... သေတော့မှာပဲ''

မခံမရပ်နိုင်။

လှမ်းဆဲခြေတို့သည် ရှေ့သို့မရွေ့ဘဲ ဟပ်ထိုးဟပ်ထိုးနှင့် မှောက်လျက်လဲကျသွားတော့သည်။ 'ဟောဟဲ ... ဟောဟဲ ... ဟောဟဲ' တော်သေးရဲ့။ မီးမောင်းရောင်ကြီးက ဖွေးခနဲ လင်းထိန်လာပြန်လျက် သူ့အနီးတစ်ဝိုက် စီးကျလာနေပြန်တော့၏။

''စန္ဒရီ ... ဘာရာ ... အော်လီဆေး''

''အော ... လီ ... ဆေး ...''





''အောလီဆေး''

''အောလီဆေး''

အကျဉ်းထောင်အိပ်ဆောင်များ၊ တိုက်ခန်းများဘက်ဆီမှ ညကင်းအဖွဲ့တို့၏ သတင်းပို့သံများက လှိုင်းလုံးကြီးတွေ ရိုက်ခတ်သလို ဟိန်းဟိန်းညံနေသည်။

အကျဉ်းထောင်အုတ်ရိုးကြီးပေါ်ရှိ ကင်းစင်များ၊ ဇဟိုကင်းကြီးပေါ်မှ ကင်းအဖွဲ့များ၏ လျှပ်စစ်ဆလိုက်မီးမောင်းကြီးများက တစ်ပြိုင်နက်တည်း ဝင်းခနဲ လင်းခနဲ ဖွေးဖွေးထိန်ထိန် ပေါ်လာလိုက် ပျောက်သွားလိုက်ဖြင့် တစ်ထောင်လုံး အနှံ့ပိုက်စိုက်တိုက်လျက် သတိမလပ် စောင့်ကြည့်နေကြပြန်သည်။

သူသည် ဘေးတိုက်တစောင်းဆွဲကြီး လဲကျနေရာ တောင်ယာခင်းကန်စွန်းနွယ် အုပ်အုပ်စုစုကလေးအတွင်းသို့ မျက်နှာဝှက်လျက် အသက်မှုမရှူနိုင်ဘဲ ပြားပြားဝပ်နေလိုက်သည်။ 'တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး။ ဟာ ... ဒီမီးမောင်းကြီးတွေကလည်း ရပ်ပါတော့ဟ။ ချိုးတဲ့မှပဲ။ အခုမှလာပြီး ဝိရိယကောင်းနေလိုက်ကြတာ။ မပြောလိုက်ချင်ဘူး။ စိတ်မောလှမော အာရုံစောနေ၏။

သူ့အဖွဲ့တွေ ရောက်နှင့်ကြရော့မည်။

ကြိုးစင်၊ ကြိုးတိုက်ဘက်အခြမ်းက သစ်ကြီးဝါးရိပ်တွေမြိုင်သည်။ အမှောင်သိပ်သည်းသည်။ ထောင်နံရံကြီး၏ အပြင်အခြားတစ်ဖက်၌ မော်တော်ကားလမ်း ရှိနေပုံရ၏။ မော်တော်ကားစက်သံတွေကို အဆက်မပြတ် ကြားနေရသည်။ တစ်ချီတစ်ချီ ပေါ်ပေါ်လာသည့် ကုန်တင်လော်ရီကားကြီးများ၏ တအီအီ တအုန်းအုန်း ရှန်းကန်မောင်းနှင်သံက လေးလေးသွဲ့သွဲ့ဖြင့် သူ့ကို ညို့ငင်နေသယောင်။



www.burmeseclassic.com

www.burmeseclassic.com



ဟော . . . မီးတွေ မှောင်သွားကြပြန်ပြီ။

အမှောင်နှင့်အတူ ထောင်ဝင်းကြီးတစ်ခုလုံး ငြိမ်တိတ်သွား ပြန်တော့ ညတစ္ဆေကြီးက သူ့လျှာမည်းကြီးကို ဖြန့်ခင်းထားသလို ဖြစ်၏။

သူသည် ခြေတွေလက်တွေ တဆတ်ဆတ် တုန်ရီနေသည့်တိုင် ဖွတ်ဖွဲခတ်အားတင်း၍ ကုန်းကျုံးထလိုက်၏။ 'အချိန်မရှိတော့ဘူး၊ ဆုံရပ်ကိုအမြန်ပြေးမှ။ မကြာခင် လှည့်ကင်းအဖွဲ့တွေ သိသွားခဲ့ရင် . . .'။

မရ။

တဆတ်ဆတ်တုန်ပြီး ခွေခနဲ လဲကျပြန်သည်။

ဒူးတွေက အဆံချောင်နေပြီ။ ရိုးတွင်းခြင်ဆီတွေ ခန်းနေပုံရသည်။ အရိုးအကြော အရေထူအရေပါးတွေချည်းသာ ကျန်တော့သည်။ သူ့ကိုယ်ကောင်ကြီး၌ အသားအသွေး အားအင်တွေကုန်ပြီ၊ ခန်းခြောက်နေခဲ့ပြီ။

တံတွေးတွေခါး၍ ချဥ်စုတ်စုတ်ဖြစ်နေ၏။ ပေါပေါများများပင် မထွက်နိုင်တော့။ စေးကပ်ပျစ်ချွဲလျက်။

သူ့အဆုတ်ထဲမှ ပါးပါးလွှာလွှာ မီးခိုးငွေ့သက်ပြန်လေများပင် ဟောဟဲလိုက်ထွက်လာနေတော့၏။ ဒုက္ခပဲ။ အကုန်လွဲချော်ကုန်တော့မှာပဲ။ ဒီအချိန်ကလေးမှာမှ မလှုပ်မရှားနိုင်ခဲ့ရင် . . .

ဆက်မတွေးဖြစ်တော့။

"ယာမာဒါရယ် . . . သေတာထက်ဆိုးတဲ့ဘဝ၊ သေခြင်းထက်ပြင်းတဲ့ဒဏ် ရှိဦးမတဲ့လားကွာ။ မသေချင်ရင် . . . အသက်ရှင်နေချင်သေးရင် ထစမ်း။ နမနေနဲ့၊ နွဲ့မနေနဲ့၊ သေသေကြေကြေ ရင်ဆိုင်စမ်း။





ဒီနေ့စ်ငှက်တောင်မှပဲ မီးပုံထဲခုန်ဆင်းပြီးကာမှ တစ်ဖန်ရှင်ပြန်ထမြောက်ရတာပဲမဟုတ်လား။ ကိုင်းဟော့ . . . ယောက်ျားဘသား . . . ကျားဘသား"

သူ့အရိုးစုဂေါင်ဂင်ကို စိတ်ခွန်အားဖြင့် တင်းတင်းပတ်ချည်လျက် ကျုံးထသည်။ တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလှမ်း။ ပြေး . . ပြေး . . . ပြေး . . . အားကုန်ပြေးစမ်း။ ဟိုးမှာ မြင်နေရပြီ။ ကြိုးစင်၊ ကြိုးတိုက်၊ ပြီးလျှင် အုတ်ခင်းစီလမ်းကလေး၊ သစ်ရိပ်မြိုင်မြိုင်။ ထောင်နံရံတံတိုင်းမဲမဲကြီး။ မြင်နေရသည်။ မြင်နေရသည်။ တစ်လှမ်းချင်း တစ်ရွေ့ချင်း သူ့ဆီတိုးဝင်လာနေပြီ။

"ရဲဘော် 'ကေ' နဲ့ ဗိုလ်မှူး 'ဗိုင်' တို့ ရောက်နှင့်လောက်ပြီ။ အုတ်တံတိုင်းကိုတွယ်ကပ်ဖို့ စောင်နဲ့ကြိုးကျစ်ပြီးပြီ။ သံချိတ်ကိုလည်း ဆောင်ကြပ်ဘာဂဝမ်ဆင်းက သွင်းပေးထားခဲ့ပြီးပြီ။ နရန်းဆင်အဘိုးကြီးက သူတို့အဆက်အသွယ်တွေကတစ်ဆင့် ထောင်တံတိုင်းအပြင်မှာ သူတို့ကိုခေါ်တင်ပြေးဖို့ ဂျစ်ကားတစ်စီး စီစဉ်ခဲ့ပြီးပြီ။ သူတို့တိုက်ခန်းတွေကိုတောင် သော့တုနဲ့ ဖွင့်ပေးနိုင်ခဲ့ပြီပဲ။ ကျန်တဲ့အပိုင်းတွေလည်း အဆင်ပြေမှာပါ။ အရေးကြီးတာက 'ဆုံရပ်' ကို သူအချိန်မီရောက်ဖို့။ ကဲ . . ပြေး . . . ပြေးစမ်း"

စိတ်ဆောင်၍ထင့်။

ခြေလှမ်းတွေ သွက်လာသည်။ စစ်စိတ်စစ်သွေးတွေ ရှူမှုက်လာသည်။ ပို၍ တက်ကြွရဲရင့်လာ၏။ ပြေး . . . ပြေးဟော့ . . . ပြေး။ အာဠာဝကကြီး အသက်ဝင်လာခဲ့ပြီလေ။ ပြေးစမ်း၊ ပြေးစမ်း။

"ဒေါင် . . ."

"ဒေါင် . . ."



www.burmeseclassic.com

www.burmeseclassic.com



''ဒေါင် ...''

''ဒေါင် ...''

''တွီ ... တွီ ... တွီ ... တွီ''

''ဒေါင်''

''ဒေါင်''

''ဒေါင်''

''တွီ ... တွီ ... တွီ''

အလို ... မြတ်စွာဘုရား၊ ဘာတွေဖြစ်ကုန်ပြီလဲ။

ထောင်အုတ်ရိုးပတ်ပတ်လည် ကင်းစင်တွေအားလုံးဆီမှ ရုတ်ခြည်းမှာပင် သံချောင်းသံတွေ 'ဒေါင်ဒေါင် ... ဒင်ဒင်' ပွက်လောရိုက်လာသည်။ ခွေးဥသြသံကြီးက ကျည်လောင်မြည်ဟိန်းစွာ အဆက်မပြတ် အော်ဟစ်နေ၏။ ထောင်အရာရှိ၊ ထောင်ဝန်ထမ်းတွေ၊ ယန်ကီးစစ်ပုလိပ်တွေ ယောက်ယက်ခတ်။ ဝီစီသံတွေ တဝီဝီ။ မီးမောင်းကြီးတွေ၊ ဆလိုက်မီးရောင်တွေသည်လည်း အလင်းပိုက်ကွန်ကြီး အုပ်ချလိုက်သလို ကောင်းကင်မှထိုးကျ။

"Escape ... Escape"

"Inside Escape"

"Two prisoners had gone ..."

ပန်ချာလီထောင်ကြပ်တွေ အုပ်လိုက်ကြီး ဝင်လာနေကြသည်။

"Go to death-house and gallows ..."

"Hurry up ... hurry up"

"What the hell"

"Bull ... Shit!"





ဟိုက် ... ဒုက္ခတော့ရောက်ကြပြီ။

ရင်တွေ တဒိုင်းဒိုင်းခုန်သည်။ ခြေတွေ လက်တွေ တုန်ယင်ချည့်နဲ့ယိုင်လဲ။ သူတို့ထွက်ပြေးသည်ကို အကျဉ်းထောင်အရာရှိများ၊ စစ်ပုလိပ်များ သိသွားခဲ့ကြပြီ။ သေချာသည်။ သည်ပုံဆို ရဲဘော် 'ကေ' နှင့် ဗိုလ်မှူး 'ဗိုင်' တို့တွေလည်း သူတို့တိုက်ခန်းများထဲမှ ထွက်လာနိုင်ခဲ့ကြပုံရသည်။ 'ဘုရား ... ဘုရား ... ဘေးမသီရန်မခ ကြပါစေနဲ့'

ရဲဘော် 'ကေ' ဆိုသည်မှာ ဘယ်သူလဲ ...။

ဗိုလ်မှူး 'ဗိုင်' ဆိုသည်ကကော မည်သူတဲ့လဲ။ သူမသိ၊ သိဖို့လည်းမလို။

သူတို့၏ 'ထွက်ပြေးမှုစီမံချက်' လုံခြုံစိတ်ချဖို့ လျှို့ဝှက်သိပ်သည်းခြင်းသည်သာ 'အသက်' ဖြစ်နေမှန်း သူတို့အားလုံး သိသည်။ နန်းကုန်ထောင်ကြီးထဲမှ ဂျပန်စစ်သုံ့ပန်းများအတွင်းတွင် ဘာမဆိုဖြစ်လာနိုင်မှန်း သူတို့အတွက် ဘေးအန္တရာယ်ကြီးတွေ အချိန်မရွေး ဝုန်းခနဲဒိုင်းခနဲ ကျလာနိုင်မှန်း သိသည်။

ဒီတော့လည်း 'ကေ' က 'ကေ' ပေါ့။ 'ဗိုင်' ဆိုလျှင်လည်း 'ဗိုင်' ပဲပေါ့။ ဘယ်သူဖြစ်ဖြစ်၊ ဘယ်အဆင့်ဖြစ်ဖြစ်၊ ဘယ်တပ်ကပဲဖြစ်ဖြစ် တစ်စိတ်ဝမ်း တစ်လက်ညီ ဖြစ်ကြဖို့သာ လိုရင်းမဟုတ်လား။

''ဝုန်း''

''ဝုန်း''

''ဝုတ် ... ဝုတ် ... ဝုတ်''

''ဝုတ် ... ဝုတ်''

''ဝုန်း''



www.burmeseclassic.com

www.burmeseclassic.com



''ဝုန်း''

''အလိုလေး ... စစ်ခွေး ... စစ်ခွေးအုပ်သံတွေပါကလား''

မြည်သံ၊ ဟိန်းသံကြီးတွေကပင်လျှင် ကြောက်ခမန်းလိလိ။ ကြက်သီးမွေးညင်းများပင် ထောင်ထလာလျက် ခေါင်းနားပန်းတွေကြီး မျက်လုံးတို့ ပြာပြာဝေ။ 'သေတော့မှာပဲ ... ဒီစစ်ခွေးအုပ်နဲ့သာ တိုး လိုက်ရင်တော့ အရိုးတခြား၊ အသားတခြား၊ တစ်စစီ ဖြစ်သွားမှာပဲ။ အသက်တောင် ဘယ်ကဘယ်လို ထွက်သွားမှန်းသိလိုက်ရမှာ မဟုတ် ဘူး။ ဘုရား ... ဘုရား ...''

"Here ... Here ..."

"I saw it, Here's his foot - prints"

"OH! Really"

"Here, Here ... this way ... this way"

"He can hide here and there"

''ဝုန်း''

''ဝုန်း''

''ဝုတ် ... ဝုတ် ... ဝုတ်''

''ဝုန်း ... ဝုန်း''

ဟိန်းဟိန်းပွက်ညံ့ အသံဆိုးကြီးများနှင့်အတူ ဆယ့်လေး ငါးခြောက်ကောင် ခွေးအုပ်ကြီးက ရုတ်တရက် ဘွားခနဲပေါ်လာသည်။ သံကြိုးကြီးတွေတန်းလန်း၊ ခွေးထိန်းစစ်ပုလိပ်တွေ ဒရွတ်သီထိုးပါလာ နေသည့်တိုင် တဝုန်းဝုန်း ဖြောင်းဆန်နေသည့် ဧရာမစစ်ခွေးကြီးတွေ။

'အားပါးပါး ... နည်းတဲ့ကောင်ကြီးတွေ မဟုတ်ပါလား'။ ဧရာမ ဒိုတာမင်သိုးထိန်းခွေးကြီးတွေ။ နွားပေါက်သာသာ အကောင်





ကြီးတွေ၊ လျှာရှည်တမြားမြား၊ သွားကြီးတွေ ဖြဲလျက်။ မှတ်သိပ်ဆာ ထောင် မျက်ဝန်းရဲရဲ ရူးရူးကြီးတွေနှင့် ထိန်းမနိုင်သိမ်းမရ ဆူညံနေကြ တော့သည်။

အခြေအနေကို သိပ်လေ့လာရန် မလိုတော့။

သူနှင့် ကိုက်သုံးဆယ်ဝန်းကျင်အတွင်းမှာ သူတို့တွေ စစ်ခွေး အုပ်တွေ သူ့ကို ဝိုင်းမိသွားကြပြီ။

လင်းထိန်ဖွေးဖြူနေသည့် အလင်းစည်းဝိုင်းကြီးထဲမှာ သူ့ထံ အရွေ့ရွေ့ တိုးကပ်လာနေကြပြီ။

သူ့ကို မြင်နေကြပြီလား။ မမြင်မတွေ့ကြသေးဘူးလား။ မသိ၊ သိ၊ သူမသိ။

သို့နှင့်တိုင် တဝုန်းဝုန်း မာန်ဖီဆူညံနေကြသည့် စစ်ခွေးအုပ် မှ အနံ့ခံမိနေကြပြီထင်သည်။ ခွေးထိန်းတွေက ဆောင့်ကန်ထိန်းဆွဲ ထားသည့်ကြားမှပင် ပါးစပ်ကြီးတွေဖြဲလျက် သားရဲမင်းရဲစီးကာ ပြေး ဝင်ကိုက်ခဲဖို့ ဂမူးရှူးထိုးဖြစ်နေကြ၏။

"I saw him ... I saw him"

"There ... There ...among the sweet potato plant field"

"Hey! Hey ... we found him, here, here"

မရဏတရား၏ အော်သံတွေ။ တဟီးဟီး ... တဟဲဟဲ။

သူရှိရာနေရာတစ်ဝိုက်၌ မီးမောင်းကြီးတွေ စုပြုံထိုက်ဆင်း လာကြ။ ခြေသံတွေ၊ ခြေသံတွေ တစ်စုတစ်အုံကြီး ပြုံကျလာကြ။ စစ် ခွေးများ၏ ဟောင်သံ၊ ဟိန်းသံ၊ မာန်ဖီသံတွေ နီးကပ်လာကြ။

''သွားပြီ။ ဒီပွဲမှာ ငါရှုံးသွားပြီ။ သေခြင်းကို တိတ်တိတ်က လေး စောင့်နေခြင်းမှတစ်ပါး ဘာမှလုပ်စရာမလိုတော့ဘူး။ စိတ်အ



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကျသွားသည်။ သည်တော့မှပင် လူတစ်ကောင်လုံး အဝတ်စုတ်တစ်စလို။

ဦးထုပ်ဖြူဖြူဆောင်း အပြာရင့်ရောင် ယူနီဖောင်းဝတ်ထားသည့် ယန်းကီးပြည်ထောင်စု စစ်ရဲနှစ်ယောက်တစ်စု၊ သုံးယောက်တစ်စု၊ သုံးယောက်တစ်စု အစုကလေးများကို ခြောက်လုံးပြူးကိုယ်စီ ဆန့်တန်းချိန်ရွယ်လျက် သူ့ထံ တရွေ့ရွေ့ တိုးကပ်လာနေကြသည်ကို တွေ့သည်။

စစ်ပုလိပ်တွေနောက်မှာ တုတ်ဆွဲ ထောင်ဝါဒါ ကုလားအုပ်စုတွေ။ သူတို့နှင့်အပြိုင် ... မာန်စွယ်ဖွေးဖွေး စစ်ခွေးအုပ်ကြီး။

ဆံပင်တွေ ဖရိုဖရဲနှင့် ထောင်ပိုင်၊ ထောင်မှူးကြီး၊ ပြီးလျှင် ဂျပန်စစ်သုံ့ပန်းများဆိုင်ရာ တာဝန်ခံ ကာနယ်ကားလ်ဆင်းဘတ်။

သူတို့ ရှေ့တိုးလာနေကြသည်။

သူက တစောင်းလဲလျက် ကိုယ်အနေကိုမပြင်ဘဲ တရွေ့ရွေ့နီးကပ်လာနေသည့် လူအုပ်စုကြီးကိုသာ မမှိတ်မသုန် စိုက်ကြည့်နေလိုက်သည်။ ဘာလို့မကြည့်ရဲရမှာလဲ။ ဒါဟာ နိပ္ပွန်တပ်မတော်ရဲ့ ကင်ပေအကြီးအကဲဟောင်း ယာမာဒါလေ ...။ သေခြင်းကို စိန်ခေါ်ရဲမှဖြင့် ဘာကို ကြောက်နေရဦးမှာလဲ။

သေခြင်း သူ့ဆီရောက်အလာကို ဣန္ဒြေကြီးစွာ ရင်ဆိုင်ဖို့ သူ့စိတ်က အသင့်ဖြစ်နေပြီ။ "လာကြ ... လာကြ ... ကြိုက်သလိုသတ်လှည့်ကြတော့"။ မောဟိုက်နွမ်းရိ တုန်ယင်နေသည့်ကြားမှပင် မျက်နှာနေကို တည်နေအောင် တင်းထားမိ၏။ စစ်သားတစ်ယောက်ရဲ့ သွေးထဲကို ခွန်အားတွေ သတ္တိတွေ စိုက်ပျိုးပေးနိုင်တဲ့ စိတ်တန်ခိုးဆိုတဲ့ စစ်ရဲ့ အံ့မှုယ်စွမ်းအင်ကို မင်းတို့ လက်တွေ့မြင်ကြရစေမယ်။ လာလှည့်ကြ"။





ခြေသံတွေ ... အော်သံတွေ ... မာန်ဖီသံတွေ ... ဟိန်းသံတွေ ... ဟောင်သံတွေ။

"ဟင် ..."

မကြုံစဖူး ထူးကဲသည့် အမြင်အာရုံ စီးကြောင်းကြီးက သူ့ကို ဖြတ်ရိုက်ပစ်လိုက်သည်။

"နရိုရို"

ထောင်ပိုင်မေဂျာရော်ဘင်ဆင်နှင့် ကာနယ်ကားလ်ဆင်းဘတ်တို့နှစ်ဦးအကြား၌ သူ့လက်အောက်ကင်ပေအရာရှိဆိုး "ဗိုလ်မှူးနရိုရို"။

"သူ ... သူ ... သူမသေသေးပါကလား။ ကြိုးပေးသတ်တာ ခံလိုက်ရပြီဆိုတဲ့ ... နရိုရို မသေပါကလား"။

သေချာပြီ။

'နရိုရို' မှမသေခဲ့လျှင် 'သစ္စာတရား' သည် သေခဲ့ရပြီ။

"ဩော် ... ဗိုလ်မှူး 'ဝိုင်' ဆိုတာ သင်းကိုး"

ကျားထောင်ချောက်ကိုမှ တည့်တည့်တိုးဝင်မိသည့် မိမိအဖြစ်။ "ဒီထွက်ပြေးတဲ့ အကြံအစည်ကြီးတစ်ခုလုံးကိုက တမင်အကွက်ဆင်ထားတဲ့ သေမင်းထောင်ချောက်ကြီး သက်သက်ကိုး။ စိတ်ထဲမှာ ဟင်းခနဲ ဖျဉ်းခနဲ ပူခနဲ ရှိန်းခနဲ၊ သို့နှင့်တိုင် ...။

"ဒိုင်း ..."

"ဒိုင်း ..."

"အား ..."

ခပ်လှမ်းလှမ်းကြိုးစင် အမှောင်ရိပ်ဘက်ခြမ်းဆီမှ သေနတ်သံမှစ်ချက် ဆင့်၍ကြားရ၏။ အာခေါင်ခြစ်၍ နင့်နင့်သည်းသည်း ဟစ်သံအော်သံကြီး ကပ်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ရဲဘော် 'ကေ' ပဲ သွားရှာပြီ"

ရင်ထဲမှာ နင့်သွား၏။ "ဆာယိုးနားရား ရဲဘော်ရေ . . . သွား နှင့်ပေတော့"။

"ခွေးမသား . . . သစ္စာဖောက်"

ဆလိုက်မီးကြီးတွေ ဖြုန်းခနဲ ပျောက်သွားပြီ။ ခွေးညှည်သံ သံခေါင်းမွှေသံ၊ ဝီစီသံ၊ လူသံသူသံတွေ တိခနဲ ရပ်သွားသည်။

အမှောင်နှင့် ပိတ်ပိတ်သား ငြိမ်ဆိတ်ခြင်း။

တခဏအတွင်းမှာပင် . . .

'ဝုန်းခနဲ' မာန်ဖီပြေးဝင်လာသည့် ခွေးဟိန်းသံတွေ၊ ခွေးအုပ်ကြီးအလောတကြီး ခုန်အုပ်သံတွေ၊ သေမင်း၏ ရယ်မြူးသံ၊ ဟီးသံကြီးတွေ။

"အား . . ."

"အား . . ."

"အား . . ."

တိုက်ခန်းလှောင်အိမ်အတွင်း အမြဲထာဝရ ဆာလောင်မွတ်သိပ်နေစေအောင် ပိတ်လှောင်ထားခဲ့စမြဲ၊ အယ်လ်ကိုဟောရာရှင် အပြည့်တိုက်ကျွေးထားသဖြင့် မူးယစ်နေသည့် စစ်ခွေးအုပ်ကြီး၏ သူ့ထက်ငါ အလုအယက် ကိုက်ဖဲ့ဝါးမျိုစားသောက်နေသံများသည်သာ ညကို ပွက်ပွက်ညံ ကြီးစိုးထားတော့သည်။

"ထွက်ပြေးတဲ့ ဂျပန်စစ်သုံ့ပန်း အကျဉ်းသားနှစ်ယောက်အနက် တစ်ယောက်ကို ပစ်ခတ်ဖမ်းဆီးလို့ အသေမိ၊ တစ်ယောက်ကို စစ်ခွေးတပ်ဖွဲ့က စစ်ခွေးအုပ်တွေ ဝိုင်းကိုက်ဖမ်းဆီးလိုက်လို့ အသေမိလို့ပဲ ရီပို့(တ်) တင်လိုက်ပါ မေဂျာ"

---

စိတ်ကူးသစ်စာပေ



"ရက် (စ်) . . . ကာနယ်"


ခြေသံပြင်းပြင်းတွေသည် ညထဲသို့ ပြန်၍ နစ်မြုပ်ကျွံဝင်သွားကြပြန်တော့သည်။

✿ ✿ ✿

မိုးကျရွှေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ပြောရလျှင် ကျွန်တော်နှင့်အဘကလည်း ဘဝေဘဝပေါင်းများစွာက ဘယ်လိုရေစက်ပါလာလေသည်မသိ။ ကျွန်တော်အဝေးကိုသွားလျှင်လည်း အဘကို မကြာခဏ သတိရနေတတ်တယ်။ ကျွန်တော်အိမ်မှာရှိလျှင်တော့ အဘအိမ်ကို ညတိုင်းသွားပြီး စကားတွေအစီအရီပြောနေတတ်တယ်။

ကျွန်တော် အဘနဲ့စကားပြောရတာကို ကြည်နူးတယ်၊ သဘောကျတယ်။ အဘကလည်း ကျွန်တော့်လိုပဲ ထင်ပါရဲ့။ အဘဆိုလို့ ကျွန်တော့်ရဲ့ အဘအရင်းတော့ မဟုတ်ပါ။ ကျွန်တော့်ရွာလေးရဲ့ ယောဂီပြူးပါ။

---

မိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘွားလေးဆိုတာကို ကျွန်တော် ဖြူသလား၊ မဲသလား တောင်မသိခဲ့။ ကျွန်တော်တို့ငယ်ငယ်တည်းက ဘွားလေးဆုံးသွားပြီဖြစ်လို့ အဘမှာ သားသမီးတွေလည်း မကျန်ခဲ့။ နောက်ထပ်အိမ်ထောင်အသစ်လည်း မထူထောင်လေတော့ ခြံဝင်းကြီးထဲမှာ တဲအိမ်လေးသာသာဆောက်ပြီး တစ်ဦးတည်း ငြိမ်းချမ်းစွာနေထိုင်သူအဘ။

အဘကို ကျွန်တော်တို့ဆွေမျိုးများက ချစ်ခင်ကြသလို အဘကလည်း ကျွန်တော်တို့ကို ချစ်ခင်နှစ်သက်ပါ၏။ ကျွန်တော်ကလည်း အဘနှင့် စကားပြောခြင်ကို နှစ်သက်သဘောကျမိပါ၏။ ကျွန်တော်က …

"အဘ … ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟာချို့က ဘာဖြစ်လို့ နတ်မိစ္ဆာတွေကို ကိုးကွယ်နေကြတာလဲ အဘ …"

အစရှိသဖြင့် မေးခွန်းတွေ ဆင့်ကာဆင့်ကာမေးလာရင် အဘက …

"ဟုတ်တယ် ငါ့မြေးရဲ့။ ဒါ မေးသင့်တဲ့အချက်ပဲ။ ဒီမှာ ငါ့မြေးရဲ့ … ဒီလိုကွ …"

လို့ အစချီပြီး ဘုရား၊ တရား၊ သံဃာစတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေ၊ မြန်မာနိုင်ငံကို ဗုဒ္ဓသာသနာ ဘယ်လိုရောက်ရှိလာတယ်ဆိုတဲ့အချက်တွေ၊ နတ်ကောင်းနတ်မြတ်တွေ၊ နတ်မိစ္ဆာတွေ စသည်စသည်ဖြင့် ကျိုးကြောင်း ဆိုးကောင်းမှန်သမျှကို အဘက သူသိသလောက် ရှင်းလင်းပြောပြရင် ကျွန်တော်က ခေါင်းတညိတ်ညိတ် နားထောင်နေတတ်တာလည်း အဘနဲ့ကျွန်တော်ရဲ့ နေ့စဉ်ဝတ္တရားလိုပါပဲ။

တစ်နေ့မှာတော့ ကျွန်တော်က …

"အဘ … ဘုန်းစက်သမ္ဘာအာဏာနဲ့ ပြည့်စုံတဲ့ အနော်ရထာ





မင်းကြီးကို ထိန်ပင်စောင့်နတ်က ကျဲယောင်ဆောင်ပြီးခတ်လို့ အနော်ရထာမင်းကြီး ကံကုန်ရတာဆို ဟုတ်လားအဘ"

"အေးကွ …။ အဘလည်း ဒီအတိုင်းကြားဖူးတာပဲ"

"ဒီလောက်တောင်သာသနာပြုတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးကို ဘာကြောင့် နတ်မိစ္ဆာက လုပ်ကြံနိုင်ရဟာလဲအဘ"

"ကံ.ကံရဲ့ အကျိုးပေါ့ကွာ။ ပြောရရင်တော့ အရှည်ကြီးပဲပေါ့။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတယ်ဆိုတာ တောထဲမှာ ရဟန်းကျင့်ဝတ်စောင့်ထိန်းရတာမျိုး မဟုတ်ဘူးကွ … ငါ့မြေးရဲ့။ တိုင်းပြည်အန္တရာယ်ရန်စွယ်တွေကို ဖယ်ရှားသင့်ရင် ဖယ်ရှားရတယ်၊ သုတ်သင်သင့်ရင် သုတ်သင်ရတယ်။

အနော်ရထာမင်းကြီးဟာ စစ်မှန်တဲ့ ဗုဒ္ဓသာသနာတော်ကို နှစ်နှစ်ခြိုက်ခြိုက် ကိုးကွယ်ယုံကြည်သွားတဲ့အခါ မိစ္ဆာနတ်တွေ (နတ်ရုပ်တု)တွေအားလုံးကို ပစ်ပယ်လိုက်တာဆိုတော့ နတ်မိစ္ဆာတွေက မကျေနပ်ကြဘူးပေါ့ကွာ။ အစကတည်းကမှ မိစ္ဆာတွေမဟုတ်လား။ မှားတဲ့အယူတစ်ခုကို ဆုပ်ကိုင်ပြီး နတ်ဖြစ်သွားကြတာပဲမဟုတ်လား"

"အင်း … ပြောပါဦးအဘ"

"အဲ … အဲသလို မကျေနပ်တဲ့သူဆိုတာ အကွက်ကိုချောင်းနေတာမဟုတ်လား။ အကွက်တွေ့တော့ လုပ်ကြံတော့တာပဲပေါ့ ငါ့မြေးရဲ့"

"ဟုတ်လား … အဘ။ ဒါနဲ့ အဲဒါကြားပါတော့ အဘရယ်။ ဟို … ဟို … အိမ်တော်တော်များများမှာ ကိုးကွယ်ထားတဲ့ မြင်းဖြူရှင် (အညာနတ်) ဆိုတာကကော အဘရဲ့။ နတ်တင်ရင် သက်သက်လွတ်တင်ရတယ်ဆို။ အဲဒါကရော အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း နားမရှင်းသေးဘူးထင်တယ်၊ ဒီလို . . . ကွ . . . ဒီလို"

ဟုဆိုကာ သူ့ရှေ့က ရေနွေးကြမ်းပန်းကန်ထဲက ရေနွေးများကို အားရပါးရ မော့ချလိုက်တယ်။ ပြီးတော့မှ . . .

"ဒီလိုကွ . . .။ နတ်မိစ္ဆာတွေဟာ မှားတဲ့အယူတစ်ခုကို ကိုင်စွဲပြီး နတ်ဖြစ်ကြတာလို့ အဘပြောတယ် မဟုတ်လား။ အဘဆိုလိုချင်တာက အဲဒီပုဂ္ဂိုလ်တွေက အမြဲတစေတော့ မကောင်းတဲ့အယူဝါဒကို ကျင့်သုံးကြတဲ့လူတွေ မဟုတ်တန်ရာဘူးကွယ့်။

ကောင်းရင်လည်း တစ်ဖက်စွန်းရောက်အောင် လုပ်တတ်တဲ့ ဉာဉ်လေးတွေလည်း ပါကောင်းပါလိမ့်မယ်ပေါ့ကွာ။ အဲ . . . လွဲမှားတဲ့ အယူအဆတစ်ခုရဲ့ အကျိုးပေးကြောင့် နတ်စိမ်းတွေဖြစ်ကြရပေမယ့် ကောင်းတဲ့ဉာဉ်လေးတွေလည်း ပါသွားတတ်တယ် ထင်ပါရဲ့ကွာ။

ဒါကြောင့် အညာနတ်ကို သက်သတ်လွတ်တင်ကြရတာဖြစ်မှာပေါ့ . . . ငါ့မြေးရဲ့။ အညာနတ်နဲ့ပတ်သက်တဲ့ အဖြစ်အပျက်လေးတစ်ခုကို အဘပြောပြမယ် . . .။ သေသေချာချာနားထောင်ကွ"

✿ ✿ ✿

# ၂

❑

ဟော . . . ဟိုမှာ မြင်းဖြူကြီးတစ်ကောင်။ ဟော . . . သူ့မျက်လုံးက စူးစူးရဲရဲ ရန်လိုတဲ့မျက်လုံးနဲ့ ငါ့ကိုကြည့်နေတာပါလား။ ဟော . . . ဟော . . . ငါ့ဆီလာနေပြီ။ ငါ့ကို ခုတ်သတ်တော့မယ်ထင်တယ်။ အို . . . ရှိသမျှအင်အားတွေ ငါ့ခြေထောက်ဆီကို စုပြုံပို့ပြီးပြေးတာတောင် မလွှယ်ပါလား။ ပြေးရင်းပြေးရင်း လမ်းကလည်း ပျောက်နေပြီ။

ကျောက်ကြိုကျောက်ကြားမှာ ကျောက်တုံးကျောက်ခဲတွေကို ဘယ်လိုနင်းရပါ့မလဲ။ ကျောက်တုံး၊ ကျောက်ခဲတွေရဲ့ အဖုအထစ်အချွန်အတက် အတွေ့အထိတွေကို အာရုံမစိုက်အား။ နင်းမိနင်းရာနင်းပြေးနေမိတယ်။ ~~

ခံ့သာ စိတ်တောနေမိတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ရှေ့ကိုကြည့်လိုက်တော့လည်း ကျောက်တောင်ကြီးတွေက ငါ့ခေါင်းပေါ်မှာ မိုးလို့။ ဒီတောင်ကြီးတွေကို ငါဘယ်လိုပတ်ပြီး ပြေးရပါ့မလဲ။ ဟူး ... မောလိုက်တာ ခြေထောက်တွေကလည်း အားအင်ချည့်နဲ့လို့လာပါပကော။ နောက်က မြင်းကြီးကလည်း ပြေးလိုက်နေဆဲ။

အမယ်လေး ... ငါ ဘယ်နေရာရောက်နေတာပါလိမ့်။ ကူညီမယ့်သူလည်း မလှမ်းမကမ်းမမြင် ငါတစ်ယောက်တည်း အားငယ်လိုက်တာ။ ဆက်မပြေးရင်လား ဒီမြင်းကြီးလက်ထဲမှာ ငါ့အသက်ကို အပ်နှံရတော့မယ်။

တစ်ကိုယ်လုံးရှိသမျှ အင်အားတွေ ခြေထောက်အစုံဆီသို့ ဖျစ်ညှစ်ပို့ပါသော်လည်း ခြေထောက်တွေက ချည့်နဲ့နေပြီ။ မောလွန်းလို့လည်း သေတော့မယ်။ အို ... ဘုရား ... ဘုရား ... ကယ်တော်မူပါဘုရား။ အင်း ... အင့် ... အင့် ... အင့် ...''

''ဟဲ့ ... ဖတ် ... ဖတ် ... ဘာဖြစ်နေတာလဲ''

''အား ... တော်သေးတာပေါ့ မမလေးရယ်။ မမလေး ... ကယ်ပေလို့။ ကျွန်တော့်ကို ရေတစ်ခွက်လောက်ပေးပါဟာ''

''ဘာလို့ပေးရမှာလဲ။ နင် အရက်တွေသောက်ပြီး အရက်မူးပျံနေတာ။ ငါက အရက်သမားကို ရေခပ်တိုက်ရမှာလား''

''ခပ်ပေးပါဟာ။ အရက်မူးပျံတာ မဟုတ်ပါဘူး။ သူငယ်ချင်းတွေတိုက်လို့ ... တစ် ... တစ်ခွက်''

''တော် ...''

ဒါနဲ့ပဲ အဘွားဖြစ်သူက သူ့မြေးအတွက် ကြားထဲကနေ ရေတစ်ခွက်ခပ်ပေးရင်း ...





''ရော့ ... ရော့ ... သားလေး ဒီမှာရေသောက်လိုက်''

ဟုပြောကာ နောက်ဘက်အိပ်ခန်းဘက်ဆီသို့ ထွက်ခွာသွားတော့ ကောင်လေးခမျာ ရေကို နှစ်နှစ်ခြိုက်ခြိုက် အငမ်းမရသောက်နေတယ်။ ပြီးတော့မှ ...

''မမလေး ... ကျွန်တော့်ကို မမလေးကယ်လိုက်လို့၊ သိလား''

''ရူးကြောင်ကြောင်နဲ့ ဘာတွေလျှောက်ပြောနေတာလဲ''

''ရူးကြောင်ကြောင်ပြောနေတာမဟုတ်ဘူး မမလေးရဲ့။ ကျွန်တော် တကယ်ပြောနေတာ''

ဒါပေမဲ့ အဲဒီညက ရူးကြောင်မူးကြောင်ဖြစ်နေတဲ့ ကောင်လေးကို ဘယ်သူကမှ အဖတ်လုပ်ပြီး စကားမပြောတဲ့အတွက် ကောင်လေးက ဘာမှပြောခွင့်မရခဲ့ပါဘူး။ နောက်တစ်ရက်ကျော်လောက်ကျတော့ ကောင်ကလေးက သူ့ရဲ့မမလေးကို ...

''မမလေး ... မမလေး ...''

''ဟို ... ဟိုညက မမလေး ကျွန်တော့်အသက်ကို ကယ်ခဲ့တာ''

''ဘာတွေ ကြောင်တောင်တောင် ပြောပြန်တာလဲ''

''ကျွန်တော် ကြောင်တောင်တောင်ပြောတာ မဟုတ်ဘူး ... မမလေးရဲ့။ တကယ်ပြောတာ''

''ဘာလဲ ....''

''ကျွန်တော် အဲဒီညက အိပ်မက်မက်သလိုလို၊ သတိလစ်သွားသလိုလိုနဲ့ ကျောက်တောင်တွေကြားဆီရောက်သွားပြီး မြင်းဖြူကြီးတစ်ကောင်က ကျွန်တော့်ကို သည်းကြီးမည်းကြီးလိုက်တာမှ မပြေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ မမလေးရယ်။ ကျွန်တော်ပြောတာ အားတွေလည်း ကုန်နေပြီ အမောလည်း ဆို့နေပြီ။ အသက်ထွက်လုနီးပါး ဖြစ်နေပြီ။ ကံကောင်းလို့ ... မမလေးရယ် ကံကောင်းလို့။ ကျွန်တော့်တင်ပါးကို မမလေး ရိုက်လိုက်လို့ ကျွန်တော် သတိဝင်သွားတာ။ အိပ်မက်မို့လို့ တော်သေး တာပေါ့"

အဲဒီလို မောင်နှမနှစ်ယောက် စကားတွေပြောနေတာကို အဘွားဖြစ်သူက ဘယ်အချိန်နားထောင်နေသည်မသိ။ ပြီးတော့မှ ...

"အဲဒါ ကောင်ကလေးရဲ့ ... နင်သောက်ပြီး မြင်းမြှူရှင်နတ် မြင်းအောက် ဝင်အိပ်နေတာကိုး။ မြင်းမြှူရှင်နတ်က သူတော်ကောင်း တဲ့။ သောက်တာစားတာ နည်းနည်းမှမကြိုက်ဘူးဆိုတာ မကြားဖူးကြ ဘူးလား"

"ဟုတ်လို့လား အဘွားရဲ့"

"ကောင်ကလေး ... မင်းမယုံရင် ထပ်လုပ်ကြည့်ပါလား"

"တော် ... တော်ပါတော့ ... အဘွားရယ်။ တစ်ခါတောင် အသက်က ထွက်လုလုဖြစ်နေပြီ။ ဒီအဖြစ်မျိုး နှစ်ခါတော့ မကြုံပါရ စေနဲ့"

ကောင်ကလေးလည်း အဲဒီအချိန်ကစပြီး မူးယစ်သောက်စား မှုမှန်သမျှ ဘာကိုမှ မလုပ်တော့ဘူး ငါ့မြေးရဲ့"

"အဘိုး ... အဲဒီအဖြစ်အပျက်က တကယ်လားဟင် အဘိုး"

"အင်း ... အဲဒါ မြင်းမြှူရှင်ဟုတ်မဟုတ်တော့ အဘိုးလည်း အသေအချာတော့ မပြောနိုင်ဘူး။ အဖြစ်ကတော့ တကယ့်အဖြစ်အပျက် ပဲ ငါ့မြေးရဲ့။ အဲဒီလိုပြောခဲ့ရတဲ့ ကောင်ကလေးကတော့ ... အင်း"





ဟုဆိုကာ အဘိုးက ကျွန်တော့်မျက်နှာကို အကဲခတ်နေဆဲ မှာပဲ ကျွန်တော်က ...

"အဘိုး ... အဲဒီကောင်လေးက ဘယ်သူလဲဟင် အဘိုး။ သူက အခုဘယ်မှာလဲ"

"အင်း ... အဲဒါ အဘိုးကိုယ်တိုင်ပဲကွ"

"ဗျာ ..."

ဟု ကျွန်တော်က အံ့သြဟန်ဖြင့် မေးသော်လည်း အဘိုးက သောပြည်လေးနဲ့ ...

"အဘိုး မူးယစ်သောက်စားမှုတစ်ခုခုကိုလုပ်တာ ငါ့မြေး မြင် ဖူးလို့လား"

"မမြင်ဖူးပါဘူး"

"အေး ... အဲဒီတုန်းက အဘိုးစိတ်ထဲမှာ အတွေးတစ်ခု စွဲ မြဲ ဝင်သွားတယ်ကွယ့်။ အဲဒါကတော့ အယူတိမ်းလို့ နတ်စိမ်းဖြစ် သွားတဲ့သူကတောင် သေရည်သေရက်ရဲ့ မကောင်းမှုကိုသိတယ်။ ငါ သားဝင်စစ်က သောက်စားမူးယစ်နေရင် ငါဟာ မိစ္ဆာထက်မိုက်တဲ့ ကောင် ... မိစ္ဆာထက်မိုက်တဲ့ကောင်ဆိုပြီး မူးယစ်သောက်စားမှုကို သောက်ထက်ဆုံး ရှောင်ရှားခဲ့တယ်၊ ပြီးတော့ အိမ်တချို့မှာ ကိုးကွယ် ကြတဲ့ နတ်တွေအကြောင်းကိုလည်း လေ့လာမိတယ် ... ငါ့မြေးရဲ့"

"ဟုတ်လား အဘိုး။ ဒီည အဘိုးနဲ့စကားပြောရတာ ဗဟုသုတ တွေ အများကြီးတိုးတယ်"

ဟုပြောနေဆဲမှာပင် အဘိုးရဲ့တိုင်ကပ်နာရီကြီးက တခင်ခင် ၁ (၁၀)နာရီတောင်ရှိုပါပကော။



www.burmeseclassic.com

www.burmeseclassic.com



''အဘိုး (၁၀)နာရီတောင် ထိုးနေပြီ၊ ပြန်မှနဲ့ထင်တယ်။ နောက် ညမှ မေးစရာရှိတာတွေ အဘိုးကိုဆက်မေးမယ်နော် အဘိုး''

''အေးကွ . . . အဘိုးလည်း ဘုရားရှိခိုး၊ ပုတီးစိပ်ရဦးမယ်။ ကောင်းကောင်းပြန်နော် ငါ့မြေး။ ကောင်းကောင်းပြန်''

''ဟုတ်ကဲ့ပါ အဘိုး''

✿ ✿ ✿

[ ၃ ]

❑

ကျွန်တော့်ကို ဒေါ်လေးက ဆေးခန်းလိုက်ပို့တယ်။ ဆေးခန်းက ...ရင်းဆေးခန်းတစ်ခုပါ။ ဆေးခန်းရောက်လို့ အရှေ့မှာတပ်ထားတဲ့ ...ဘုတ်ကိုကြည့်လိုက်တော့ . . .

'သူယောင်မယ် တိုင်းရင်းဆေးကုဌာန'တဲ့။

ဆေးခန်းထဲကိုဝင်တော့ ဆေးခန်းထဲက ဆရာမလေးက ကျွန် ...ကို ရှုန်းရှုန်းစားစားကြည့်ပြီး ကိုမောင်မောင်နဲ့ကျွန်မက ခုဘဝမှ ...တွေ့တာမဟုတ်ဘူး ကိုမောင်မောင်ရဲ့။ ဟိုး . . . ရှေးဘဝတစ်ခုမှာ ...ညီးက ကိုမောင်မောင်ရဲ့ ခြေထောက်ကအနာကို ကျွန်မကု... ...ရတာ မမှတ်မိတော့ဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကိုမောင်မောင်က ကုန်သည်တွေရဲ့ခေါင်းဆော
ကြီးပေါ့။ ကိုမောင်မောင်တို့ အရောင်းအဝယ်သွားရင်း ပါလာတဲ့မှ
သရေစာတွေနဲ့ လမ်းခရီးက အဘရုက္ခစိုးကြီးကို ပူဇော်နေကျမဟု
လား။

တစ်ခါတုန်းက လမ်းခရီးမှာ ကိုမောင်မောင်ကို အဆိပ်ရှိ
သတ္တဝါတစ်ကောင်ကိုက်လိုက်လို့ ခြေထောက်ကြီး ရောင်ကိုင်းနေထ
ကိုမောင်မောင်ရဲ့ အပေါင်းအဖော် တပည့်တပန်းတွေက အဘရုက္
ကြီးကို အကူအညီတောင်းကြတယ်။

အဘရုက္ခစိုးကြီးကလည်း မောင်ကြီးဇော်ဂျီကို အကူအ
တောင်းပေမယ့် မောင်ကြီးဇော်ဂျီက ခရီးလွန်နေတာကြောင့် မယ
ယောင်ကပဲ မောင်ကြီးကိုယ်စား ကိုမောင်မောင်ကို ဆေးကုပေးလို
ရသေးတာ။ ကိုမောင်မောင် မမှတ်မိတော့ရင် . . . ဟော . . . ဟို
ကြည့် . . . အတိတ်ကအရိပ်တွေ။ ရှင့်တပည့်တပန်းတွေ အစုံအလ
လေရဲ့။

"ဟော . . . ဟိုမှာ တို့ရုပ်ကွစိုးကြီးကို ပူဇော်နေကျဖြ
နတ်သစ်ပင်ကြီးကို ရောက်လာပြီ။

"အေး . . . ဟုတ်ပေသားပဲကွ။ ရုက္ခစိုးကြီးကို ပူဇော်
တို့သခင်ရဲ့ဝေဒနာပျောက်အောင် ဆုတောင်းကြပေတော့"

"အင်း . . . ဒီလောက်နက်နဲတဲ့ တောကြီးမျက်မည်းအလ
ရောက်တော့မှ တို့သခင်ကလည်း ဘယ်လိုအဆိပ်ရှိတဲ့ သတ္တဝါကို
လိုက်မှန်းကို မသိရပါလားကွာ။ ပါလာတဲ့ဆေးတွေနဲ့ မပျောက်လေ
ရတနာသုံးပါးကိုသာ နှလုံးသွင်းရင်း လမ်းခရီးမှာရှိတဲ့ တောစ





နတ်၊ တောင်စောင့်နတ်အပေါင်းကို ကူညီစောင့်ရှောက်ဖို့ ဆုတောင်း
ကြရတော့မှာပဲပေါ့ . . ."

"အင်း . . . ဒီနေ့ ဒီတောစခန်းမှာ တစ်ထောက်နားရင်း တို့ပူ
ဇော်နေကျ အဘရုက္ခစိုးကြီးကို မုန့်ပဲသရေစာတွေ တင်မြှောက်ရင်း
အကူအညီတောင်းကြတာပေါ့"

စသည်ဖြင့် ကျွန်တော့်တပည့်တပန်းတွေ တစ်ယောက်တစ်
ပေါက်ပြောနေတာကို ကြားနေရတယ်။ ကျွန်တော်က ကုန်သည်တွေရဲ့
အကြီးအမှူးဖြစ်နေပေမဲ့ လောလောဆယ် အနာကြီးနဲ့မို့ လူမမာတစ်
ယောက်အဖြစ်နဲ့သာ လိုက်ပါလာရတာ။ ခဏကြာတော့ ကျွန်တော့်
တပည့်တစ်ယောက်က . . .

"အရှင်ရုက္ခစိုးနတ်ကြီးခင်ဗျား . . . ကျွန်ုပ်တို့သခင်ရဲ့ ရောဂါ
ဝေဒနာကို ပျောက်ကင်းအောင် ကူညီစောင်မ,တော်မူပါ အရှင်ကြီး
ခင်ဗျား"

ဆိုရင်ပဲ ရုက္ခစိုးကြီးက ကိုယ်ထင်ပြပြီး . . .

"မောင်မင်းတို့သခင် ရောဂါပျောက်ကင်းစေဖို့ ဆေးဝိဇ္ဇာဇော်ဂျီ
ကို ရှာလိုက်ဦးမကွယ့်"

ဆိုပြီး ရုက္ခစိုးကြီး ကိုယ်ရောင်ပျောက်သွားတယ်။ ခဏကြာ
တော့ အဘိုးရုက္ခစိုးကြီးနဲ့အတူ မိန်းမချောလေးတစ်ယောက်ပါလာပြီး
အဘိုးရုက္ခစိုးကြီးက . .

"သမီး . . . မယ်သူယောင်၊ ဒီလူသားကို ဆေးကုပေးပေတော့
ကွယ်"

"ဟုတ်ကဲ့အဘိုး သမီး လူနာကိုကြည့်ပါရစေ အဘိုး"

ဟုဆိုကာ မယ်သူယောင်ဆိုသော အမျိုးသမီးက ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



အနာကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ကာ …

"အဘိုး … ဆေးမြစ်တူးရအောင် လူသားတစ်ယောက်ထ
ပေးပါ အဘိုး"

ဟုပြောသဖြင့် ကျွန်ုပ်၏တပည့်များထဲမှ နှစ်ဦးသည် မယ်
ယောင်နောက်သို့ လိုက်ပါသွားကြတယ်။ ခဏကြာတော့ ဆေးမြစ်
တစ်တုံးနှင့် ကျွန်တော့်တပည့်နှစ်ယောက် ပြန်လာတယ်။ မယ်သူယော
ဆိုသော အမျိုးသမီးကတော့ ပါမလာတော့ပါချေ။ ထိုဆေးမြစ်ကိုသ
သွေးလိမ်းပေးရန် မှာလိုက်သတဲ့။

ကျွန်ုပ်ရဲ့ တပည့်နှစ်ဦးလည်း ရောက်ရောက်ချင်းပင် ကျွန်
ကို ဆေးသွေးလိမ်းပေးကြတယ်။ အဆိပ်တက်ပြီး ပူလောင်နေတဲ့ ကျွန်
၏ခြေထောက်သည် ချက်ခြင်းပဲ အေးမြခြင်းအရသာကို ခံစားနေရ
မှာပဲ …

"မောင်မောင် … မောင်မောင် … ထ … ထတော့ …
မျက်နှာလေးဘာလေး ထသစ်ဦးလေ ဆေးခန်းသွားရအောင်"

ဆိုတော့မှ ကျွန်ုပ် အိပ်ရာက လန့်နိုးသွားတယ်။ အချိန်က
နံနက်(၅)နာရီတောင် ထိုးနေပြီ။ အိပ်မက်ကလည်း မက်နေလိုက်တာ
တန်တလျား။ ဒါနဲ့ပဲ ကျွန်တော် မျက်နှာမသစ်နိုင်သေး။ အိပ်မက်ကို
ပြန်လည်စဉ်းစားနေရင်း …

"ဒေါ်လေး … ကျွန်တော့်ကို ဘယ်ဆေးခန်းပို့ပေးမှာလဲ"

"ဒေါ်လေးမိတ်ဆွေရဲ့သမီး ဆေးခန်းလေ။ မင်းကို အစ
ကတည်းက ဒေါ်လေးကြိုပြောထားတယ် မဟုတ်လား။ မင်းခြေထောက်
က ဆရာဝန်တွေလည်း ကုနေတာကြာပြီလေ။ ဘာမှထူးခြားမလာလို့
တိုင်းရင်းဆေးခန်းကို ပို့ပေးမှာလေ"





"ဟုတ်ကဲ့ပါ ဒေါ်လေးရဲ့။ ဒါနဲ့ ဆေးခန်းနာမည်က …"

"သူယောင်မယ်"

"ဗျာ …"

"အံ့ဩသွားသလား … ငါ့တူရဲ့။ ဆေးခန်းက ဆရာမလေး
အကြောင်းသိရင် ပိုလို့တောင် အံ့ဩရဦးမှာ။ ဆရာဝန်တွေ လက်လျှော့
လိုက်တဲ့ လူနာအတော်များများ သူ့ဆီမှာ ရောဂါပျောက်ကင်းသွားကြ
တာချည်းပဲကွယ့်။ ဆရာမလေးက ဒေါ်လေးမိတ်ဆွေရဲ့သမီးလေ။

သူ့ကို ငယ်စဉ်တုန်းက မိဘတွေက မေမြတ်သူလို့ နာမည်
ပေးပေမယ့် သူက အဲဒီနာမည်ကို ဘယ်လိုမှမကြိုက်ဘူးကွယ့်။ ဒါနဲ့
ကျောင်းအပ်တဲ့နေ့မှာတော့ မိဘတွေကော၊ ဆရာမတွေရှေ့မှာတင် 'မီးမီး
နာမည်က သူယောင်မယ်။ မီးမီးနာမည်က သူယောင်မယ်' လို့ ပြော
ခဲ့တာကြောင့် မိဘတွေလည်း ဒီကလေးအမည်ကို သူယောင်မယ်
လို့ပဲတပ်ပြီး ကျောင်းအပ်ခဲ့ရတာ။ ခု … တိုင်းရင်းဆေးခန်း ဖွင့်တဲ့
အထိပေါ့"

ကျွန်တော်လည်း ဒေါ်လေးပြောသမျှကို ပါးစပ်အဟောင်းသား
နဲ့ ကြည့်နေရင်းက …

"ဆေးခန်းဖွင့်တော့ သူ့မှာ ထူးခြားတာတွေ မရှိဘူးလား။
အတိတ်က အကြောင်းတွေဘာတွေ"

"အေးကွယ့် …။ သူက ဆေးကုရင်း ရယ်သလိုမောသလို
မြူးမြူးလေနဲ့ အမြဲပြောတတ်တာကတော့ ဒီရောဂါက ပျောက်သွားမှာ
ပါ၊ ကျွန်မက မောင်ကြီးဖော်ကိုပေးတဲ့ ဆေးတွေနဲ့ ကုပေးတာလို့ အမြဲ
ပြောတတ်တာ။ ကဲ … မြန်မြန်လုပ် သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒေါ်လေးကပြောတော့မှ ကျွန်တော် တရွှေ့ရွှေ့နဲ့ ပြင်ဆင် နေတယ်။ ပြီးတဲ့အခါမှာတော့ ဆိုက္ကားနဲ့ ဆေးခန်းကို တူအရိုးနှစ်ယော သွားကြပါတယ်။ ဆေးခန်းရှေ့ရောက်လို့ ဆိုက္ကားရပ်လိုက်တယ်ဆိုရ ပဲ ကျွန်တော့် အိပ်မက်ထဲမှာ မြင်ရတဲ့အတိုင်း ...

'သူယောင်မယ် တိုင်းရင်းဆေးကုဌာန'

ဆိုတဲ့ အစိမ်းရောင်နောက်ခံပေါ်မှာ အဖြူရောင်စာလုံးကြ တွေနဲ့ ရေးထားတာ။ ဆေးခန်းထဲကိုဝင်လိုက်တော့ တိုင်းရင်းဆေးဆရာ လေး သူယောင်မယ်က ကျွန်တော့်ကို တရင်းတနှီးနှုတ်ဆက်ရင်း ရယ် သလိုမောသလို မေးလိုက်ပုံက ...

"ဟော ... ခြေထောက်ကအနာက ဘယ်လောက်ကြာပြီလဲ ဟိုးအရင်ဘဝကတည်းက ပါလာတဲ့ရောဂါတော့ မဟုတ်တန်ရာဘူးနော်"

လို့ဆိုလိုက်တော့ ကျွန်တော် ပါးစပ်အဟောင်းသားနဲ့ ဘာ စကားမှ ပြန်မပြောမိတာကြောင့် ဒေါ်လေးကပဲ ...

"နှစ်,နှစ်လောက်ရှိပါပြီ သမီးလေးရယ်။ ဆရာဝန်တွေနဲ့တော့ ပြဖြစ်ပါတယ်။ သိပ်မထူးခြားပါဘူး။ ခုမှ တူလေးက အဒေါ်တို့နဲ့ အိပ် ဆက်မိပြီး သမီးလေးဆီရောက်လာတာပါ။ တူလေးက အညာဘက်က ပါသမီးရယ်"

လို့ပြောတော့ ဆရာမလေး သူယောင်မယ်က ဒေါ်လေးပြော ပြဖူးတဲ့အတိုင်းပဲ ပြုံးပြုံးလေးနဲ့ ...

"ဖော်ကိုပေးတဲ့ဆေးနဲ့တွေ့ရင် ပျောက်မှာပါ။ ကျွန်မကလည်း သူယောင်မယ်ပဲဥစ္စာ။ ရေးရေစက်ရှိလို့ ရှင်တို့ ကျွန်မတို့က ဆုံတွေ့ ကြတာ။ ရေးရေစက်မရှိရင် ဆုံတွေ့ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး ... ဒေါ်ဒေါ်ရဲ့"

---

စိတ်ကူးသစ်စာပေ



ဟုဆိုကာ ဆေးများကို ကျွန်တော်တို့အား ပေးလိုက်ပါတယ်။ အိမ်ကိုပြန်ရောက်တဲ့အခါမှာတော့ ကျွန်တော် သူယောင်မယ်အကြောင်း ကိုစဉ်းစားရင်း 'ဩော် ... သူယောင်မယ်၊ သူယောင်မယ် ဘဝေဘဝ အဆက်ဆက်က ဖော်ကိုနဲ့ အတူနေခဲ့လို့များ ဆေးကုဝါသနာပါနေလေ ရောသလား' ၊ ကျွန်တော်ကကော ... 'အင်း ... ဘဝေဘဝအဆက် ဆက်က ကုန်သည်အရောင်းအဝယ် လုပ်ခဲ့မိလို့များ မိဘလက်ငုပ်လက် ရင်း လယ်တွေယာတွေကို မလုပ်ချင်ဘဲ ကုန်သွယ်ရောင်းဝယ်နေရော သလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

ကျွန်တော် အဘိုးအိမ်ကပြန်တော့ အဘိုးပြောတဲ့ မြင်းဖြူရှင် နတ်အကြောင်းကိုတွေးရင်း လွန်ခဲ့တဲ့သုံးနှစ်လောက်က အောက်ပြည် အောက်ရွာက ဒေါ်လေးတို့မြို့မှာ ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ ဖြစ်စဉ်ကို စဉ်းစားနေမိပါတယ်။

ခဏကြာတော့ ညဥ့်နက်လှပြီမို့ အိပ်ရာထဲဝင်ကာ တစ်ချိုးတည်း အိပ်ချလိုက်ပါတော့တယ်။ နောက်မနက် မိုးလင်းတယ်ဆိုရင်ပဲ အဖေ့ရဲ့ လယ်တွေ၊ ယာတွေကို ကူညီလုပ်ကိုင်ရင်း အတွေးထဲမှာတော့ ဒီည အဘိုးအိမ်သွားရင် မေးဖို့မေးစရာမေးခွန်းတွေ စိတ်ထဲမှာ စီရီထားလိုက်မိသေးရဲ့။ ည(၇)နာရီ ထိုးလောက်ရောက်တော့ ကျွန်တော် အဘိုးအိမ်ဘက် ထွက်လာလိုက်ရင်း ...





"အဘိုး ... အိပ်ပြီလား"

"မောင်မောင်လား ... လာကွ။ ဒီအချိန် အဘိုးဘယ်အိပ်ဦး မှာလဲကွ။ ဟိုမှာကြည့်စမ်း ...။ ကောင်းကင်မှာ ကြယ်တွေလတွေ စုံလို့။ မင်းတို့အရွယ်တုန်းကဆိုရင် ဒီအချိန် လသာသာနဲ့ ရွာထဲလျှောက် လှုပ်ရှိလှည့်တုန်း၊ ပိုးတုန်းပန်းတုန်းပဲ ရှိသေးသကွ"

"ဟာ ... အဘိုးကလည်း ညအခါ၊ လသာသာမှာ အတိတ် ကအရိပ်တွေကို မြင်ယောင်နေတာပါလား အဘိုး"

"အေး ... ကွ ..."

ဟု အဘိုးက လေးလေးတွဲတွဲ စကားနှစ်လုံးကိုသာပြောရင်း ရေနွေးကြမ်းအိုးကြီးထဲမှ ရေနွေးများကို ငှဲ့နေစဉ် ကျွန်တော်က အဘိုး အိမ်ပေါ်သို့တက်ရင်း အဘိုးအတွက် ငှက်ပျောသီးဖီးကြမ်းကြီးများကို ပေးအပ်ကာ ...

"အဘိုး ... ဒီညလည်း ကျွန်တော်သိချင်တာတွေ ပြောပြဦး နော်"

"အေးလကွာ ... မင်း ဘာသိချင်သတုံးကွ"

"ဒီလို ... အဘိုးရဲ့။ လူတွေဟာ ဘဝေဘဝအဆက်ဆက်က ချစ်ခင်ကျွမ်းဝင်ကြဖူးရင် မြင်မြင်ချင်း တစ်ဦးကိုတစ်ဦး ခင်မင်တွယ် တာတတ်ကြသလို အချင်းချင်း ဒေသစောင်မာန်ဖြစ်ခဲ့ကြဖူးရင်လည်း တွေ့တာနဲ့ အလိုလို မုန်းတီးစက်ဆုပ်စိတ်တွေ ဖြစ်တတ်ကြသလား အဘိုး"

"အေးပေါ့ ... ငါ့မြေးရဲ့။ အဲသလို ဖြစ်တတ်ကြတာပေါ့။ ထင်ရှားတဲ့ဥပမာကို ပြရရင်တော့ မြတ်စွာဘုရားနဲ့ သာဝကကြီးတွေကို ကြည့်ပေါ့ကွ။ နှစဉ်ဘဝတွေမှာ တစ်ယောက်ကမင်းဖြစ်ရင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ပညာရှိအမတ်ဖြစ်၊ တစ်ယောက်က စစ်သူကြီးဖြစ် စသည်စသည်နဲ့ ဘဝပေါင်းများစွာ အတူကျင်လည်ခဲ့ကြပြီး ဘဝပေါင်းများစွာမှာ အခက်အခဲပေါင်းများစွာကို ညီညီညွတ်ညွတ် ဖြေရှင်းခဲ့ကြတာကွ''

''ဟုတ်ကဲ့ အဘ''

''အင်း ... ဒေဝဒတ်ကျပြန်တော့ မြတ်စွာဘုရားကို ... ဟိုးရှေးရှေးဘဝကတည်းက ဖျက်ဆီးခဲ့တာမဟုတ်လား''

''ဟုတ်တယ်နော် အဘ''

''ဇာတ်တော်တွေတင်မှာမဟုတ်ဘူး ငါ့မြေးရဲ့၊ ရာဇဝင်တွေမှာလည်း ဒီသဘောတွေ ရှိဖူးတယ်ကွ''

''ဟုတ်ကဲ့ အဘိုး။ အဘိုးသိတဲ့ ရာဇဝင်တစ်ခုလောက်ပြောပြပါ''

''အေးကွ ... ပြောပြတာပေါ့''

ဟုဆိုကာ အဘိုးက သူ့ထုံးစံအတိုင်း ရေနွေးကြမ်းပန်းကန်ထဲမှ ရေနွေးများကို နှစ်ခြိုက်စွာ မော့ချလိုက်ပါတယ်။ ပြီးတော့မှ ...

''ပုဂံရာဇဝင်မှာ သူ့ရဲကောင်းဆိုလည်းဟုတ်၊ မင်းကောင်းမင်းမြတ်ဆိုလည်းဟုတ်တဲ့ ကျန်စစ်သားဆိုတာကိုတော့ လူတိုင်းသိကြသကွဲ့နော်''

''ဟုတ်ကဲ့ပါ အဘိုး''

''အေး ... အဲဒီ ကျန်စစ်သားဆိုတဲ့ ပုဂ္ဂိုလ်ကြီးအကြောင်းကိုတော့ လူတိုင်းဟာ စုံစုံစေ့စေ့သိချင်မှ သိမှာကွ''

''ဟုတ်တာပေါ့ အဘိုးရဲ့။ ပုဂံရာဇဝင် တုတ်ထမ်းပြီးပြောရတယ်လို့ ကြားဖူးသလို၊ ပုဂံနဲ့ပတ်သက်တဲ့ လေ့လာစရာတွေကလည်း





အများကြီးပဲ။ အင်း ... ကျန်စစ်သားမင်းကြီးအကြောင်း ဆိုတာကကော စိတ်ဝင်စားစရာဖြစ်ရပ်တွေ အများကြီးရှိသလို ကြားလိုက်သိလိုက်ရင်လည်း အထူးအဆန်းတွေချည်းပဲ အဘိုးရဲ့''

''အေးကွ ...။ အဲဒီအထဲမှာ အနော်ရထာမင်းကြီးက ကျန်စစ်သားကို အရိုန္နမာလုံနဲ့ပစ်တာ ကျန်စစ်သားကိုမထိဘဲ နောင်ကြိုးကိုပဲထိတယ်ဆိုတာကော ငါ့မြေးကြားဖူးတယ်မဟုတ်လားကွ''

''ဟုတ်ကဲ့အဘ ကြားဖူးပါတယ်''

''အေး ... ကြားဖူးတယ်ဆို ဇာတ်လမ်းအစက ပြောရမှာဖြင့် .... ဒီလိုကွ ... ဒီလို''

ဟု အဘိုးက သူ့ထုံးစံအတိုင်း စကားကို လေးလေးတွဲတွဲပြောပြီး ရေနွေးကြမ်းကို တစ်မော့မော့ချလိုက်ပါတယ်။ ပြီးတော့ ...

''တစ်ခုသောဘဝမှာ ရှင်အရဟံက ပုဏ္ဏား၊ ကျန်စစ်သားကမင်း။ သီရိဓမ္မာသူ (မြေးတော် အလောင်းစည်သူ)က မင်းသား၊ မင်းမဟာဂီရိနတ်က သူဌေးသားဖြစ်ပြီး၊ သက်မင်းက စစ်သူကြီးဖြစ်တယ်တဲ့ကွ။ အဲဒီဘဝမှာ သူတို့ဟာ ဆုတောင်းဖော်၊ ဆုတောင်းဖက်တွေလည်း ဖြစ်ခဲ့ကြတယ်လို့ဆိုသကွ။ ဆုတောင်းပုံတွေကိုလည်း ကြည့်ဦးလေ''

''ဘယ်လို ဆုတောင်းခဲ့ကြသလဲ အဘိုးရဲ့၊ ပြောပြဦး''

''သီရိဓမ္မာသူက ဒီလိုဆုတောင်းသတဲ့။ နောင်ဘဝမှာ ဘုန်းကြီးတဲ့မင်း၊ ဖြစ်ရပါလို၏တဲ့''

''ဒါဆို အလောင်းစည်သူမင်းကြီးက ဆုတောင်းပြည့်တာပေါ့ အဘရ။ အလောင်းစည်သူဆိုတာ မြန်မာရာဇဝင်မှာ သိဝ်ဘုန်းကြီးတဲ့မင်းဥစ္စာ''



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ . . . အားလုံးကတော့ ဆုတောင်းပြည့်ကြတာချည်း ပါပဲ။ ဒါပေမဲ့ ဆုတောင်းပုံတွေက မတူကြဘဲကိုးကွ"

"ကျန်တဲ့သူတွေက ဘယ်လိုဆုတောင်းကြလို့လဲ အဘိုး"

"ရှင်အရဟံအလောင်းအလျာဖြစ်တဲ့ ပုဏ္ဏားကတော့ မင်းတို့ ကိုးကွယ်တဲ့ မင်းဆရာဖြစ်ရပါလို၏လို့ ဆုတောင်းတာကွ"

"ဟုတ်လား အဘိုး"

"အင်း . . . ဟုတ်တယ်။ မင်းမဟာဂီရိဖြစ်မယ့် သူဌေးသား ကတော့ မင်းတို့ကိုးကွယ်တဲ့ နတ်ဖြစ်ရပါလို၏လို့ ဆုတောင်းသကွာ"

"ဆက်ပြောပါဦး အဘိုး"

"အင်း . . . သက်မင်းဖြစ်မဲ့ စစ်သူကြီးကတော့ ပြည်ထောင် ချင်း မင်းဖြစ်ရပါလို၏ ဆုတောင်းပြီး၊ ကျန်စစ်သားဖြစ်မည့် မင်းကြီး ကတော့ ဤသူလေးယောက်တို့ရဲ့ အကြီးအမှူးဖြစ်ရပါလို၏ ဆုတောင်း သကွာ"

"ဒါဆို အဘိုး အားလုံး ဆုတောင်းပြည့်ကြတာပေါ့နော်"

"အင်း . . . အားလုံး ဆုတောင်းတော့ ပြည့်ကြပါတယ်။ ဒါ ပေမယ့် အကြီးအမှူးဖြစ်ချင်တဲ့ ကျန်စစ်သားက မင်းဖြစ်တော့ ပြည် ထောင်ဖက်ဖြစ်တဲ့ သက်မင်းကို အမျက်ထွက်ပြီး သွားရောက်တိုက်ခိုက် ဖို့ အပိန့်အပေးမှာ . . ."

"ဘာဖြစ်ကြလဲအဘ  အပြန်အလှန်တိုက်ကြရောလား"

"မတိုက်ဖြစ်ကြပါဘူးကွာ"

"တော်သေးတာပေါ့အဘရယ်  အချင်းချင်းတွေကို"

"အေးပေါ့ကွာ . . . အချင်းချင်းတွေပဲဆိုတာ သိသွားလို့ပေါ့"

"ဘယ်လိုသိသွားသတုန်း အဘိုးရဲ့"

စိတ်ကူးသစ်တဝေ



"မင်းတို့ကိုးကွယ်တဲ့ ရဟန်းဖြစ်ချင်တဲ့ ပုဏ္ဏားက ရှင်အရဟံ ဖြစ်နေပြီလေကွာ။ အဲဒီအချိန်မှာ ရှင်အရဟံက ဆုတောင်းဖက်ချင်း အမျက်အငြိုးတွေ မထားကြဖို့ ဆုံးမလေတော့ အမျက်တွေပြေပျောက် သွားကြတာပေါ့ ငါ့မြေးရာ"

"တော်သေးတာပေါ့ အဘရာ။ ဆုတောင်းဖော်ဆုတောင်းဖက် ထဲမှာ သူတို့တစ်တွေကို ဆုံးမနိုင်တဲ့ ပညာရှိသူတော်ကောင်းတစ်ယောက် ပါပေလို့"

"အေး . . . အဲဒါပြောတာပေါ့ကွ။ သူတော်ကောင်းတွေနဲ့ ဘဝ ဘဝမှာ ပေါင်းဖော်မှီဝဲရတဲ့ အကျိုးကျေးဇူးက ဘယ်လောက်များသလဲ။ ဒါကြောင့်လည်း မင်္ဂလာတရားတော်ထဲမှာ ပညာရှိကို မှီဝဲဆည်းကပ်ရ ခြင်းဟာ မင်္ဂလာတစ်ပါးလို့ မြတ်စွာဘုရားကိုယ်တော်တိုင်က ဟောကြား ခဲ့တာမဟုတ်လား"

"ဟုတ်ကဲ့အဘိုး . . . အဘိုးပြောတာ မှတ်သားစရာတွေချည်း ပါပဲ။ ဒါနဲ့ အဘိုး မင်းမဟာဂီရိနတ်နဲ့ အလောင်းစည်သူအကြောင်း ကော ဆက်ပြောပါဦး"

"ဆက်ပြောပါ့မယ် . . . ငါ့မြေးရဲ့။ အလောင်းစည်သူကတော့ ထားပါတော့ကွာ။ သူ့ဆုတောင်းအတိုင်း ကျန်စစ်သားမင်းကြီးရဲ့ မြေး တော်ဖြစ်လာပြီး နောင် ဘုန်းကြီးတဲ့ မင်းတစ်ပါးဖြစ်လာတာ။ ဒါကို လူတိုင်းသိတယ်။ ဟို မင်းမဟာဂီရိနတ်ကတော့ ရှင်အရဟံက ကျန် စစ်သားကို ဆုံးမပြောဆိုနေခိုက်မှာပဲ သူလည်း ကိုယ်ထင်ပြပြီး ဆု တောင်းဖော်၊ ဆုတောင်းဖက်တွေဖြစ်ကြောင်း ထောက်ခံပြောဆိုသတဲ့ ငါ့မြေးရဲ့"

စိတ်ကူးသစ်တဝေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆို အဲဒီတုန်းက နတ်နဲ့လူစကားပြောတယ်ဆိုတာ တကယ်ရှိတာပေါ့နော်"

"မင်း ... ယုတ္တိမရှိဘူးထင်လို့လားကွ ငါ့မြေးရဲ"

"အဲ ... အဲ့သလိုလည်း မဟုတ်ပါဘူး"

"မဟုတ်ပါဘူး မလုပ်နဲ့ငါ့မြေးရဲ့။ လက်တွေ့ကျမှ ယုံတတ်တယ်ဆိုတာလည်း ကောင်းတဲ့ဘက်ကတွေးရင် အင်မတန်ကောင်းတာကွ။ ဒီမှာ အဘိုးပြောပြမယ်"

ဟုဆိုကာ စဉ်းစားသလို ခဏအာရုံခံနေတာကို တွေ့ရတယ်။ ခဏကြာတော့ သူ့ထုံးစံအတိုင်း ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သေးရဲ့။ ပြီးတော့မှ ...

"အေး ... နတ်နဲ့လူစကားပြောတာ ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာကို သိချင်ရင် 'လက်ဝဲနော်ရထာလျှောက်ထုံး' ဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်ကွ။ အဲဒီစာအုပ်က အမတ်ကြီးလက်ဝဲနော်ရထာက သူသိချင်တာတွေ ဆရာတော်ခင်ကြီးပျော်ကို မေးလျှောက်ပြီး ဆရာတော်က ပြန်ဖြေထားတဲ့ အမေးအဖြေတွေကို ထည့်သွင်းရိုက်နှိပ်ထားတာကွ။

ငါ့မြေးမေးတဲ့ မေးခွန်းမျိုးတွေလည်း ပါသပေါ့ကွာ။ ဆရာတော်ကြီးက ဥပမာသကေတွေနဲ့ ဖြေထားတာကွ။ ဒါ့အပြင် ထင်ရှားတဲ့ ဇာတ်တော်တစ်ခု ပြောရရင်တော့ မဟာဇနကမင်းသားနဲ့ မဏိမေခလာနတ်သမီးတို့ကိုပဲ ညွှန်ရတော့မယ်မဟုတ်လား"

"ဟုတ်ပါပြီ သဘောပေါက်ပါပြီ အဘိုး။ ဒါနဲ့ မင်းမဟာဂီရိနတ်အကြောင်း ဆက်ပြောပါဦး။ စိတ်ဝင်စားစရာကောင်းတယ် အဘိုးရဲ့"

---

**စိတ်ကူးသစ်စာပေ**



"အင်း ... ဒါနဲ့ ငါတို့ ဘယ်ရောက်သွားပြီလဲ လုပ်ပါဦး"

"ဟို ... အဘိုးရဲ ... ဟို ... မင်းမဟာဂီရိနတ်က ကိုယ်ထင်ပြပြီး ထောက်ခံတာ"

"သြော် ... အေး ... ဟုတ်ပြီ။ မင်းမဟာဂီရိနတ်က ထောက်ခံတော့ ကျန်စစ်သားမင်းကြီးက မင်းမဟာဂီရိနတ်ကို မေးသကွ"

"ဘာမေးတာလဲ အဘိုးရဲ့။ မဏိစန္ဒာကို သွားပြီးခေါ်ဆောင်လာတုန်းက မင်း ငါ့ကိုဘာကြောင့် အကူအညီမပေးတာလဲလို့ မေးရောလား"

"ဒီကောင်လေး အကောင်းပြောရင်းက ဖောက်လာပြီ"

"မသိဘူးလေ ... အဘိုးရယ်။ ကျန်စစ်သားနဲ့ မဏိစန္ဒာက လမ်းမှာ ..."

"ဟဲ့ ... ဒီကောင်ကလေးတော့ ..."

"ဟဲ ... ဟဲ ... အဘိုးအိပ်ချင်မှာစိုးလို့ မျက်လုံးကျယ်သွားအောင် လျှောက်ပြောတာပါ။ ကျန်စစ်သားမင်းကြီးက မင်းမဟာဂီရိကို ဘာမေးတာတုံး ဆက်ပြောပါဦး အဘိုး"

"ဒီလိုကွ ...။ အသင်နတ်မင်းတဲ့ အသင်နတ်မင်းက ငါနဲ့ဆုတောင်းဖော်၊ ဆုတောင်းဖက်ဖြစ်ပါလျက် ငါဆင်းရဲစဉ်အခါက ငါ့ကို ဘာကြောင့် မစောင့်ရှောက်တာလဲတဲ့ကွ"

"အဲဒီတော့ ... နတ်မင်းက ..."

"အဲဒီတော့ ... နတ်မင်းက အသင်မင်းကြီးတဲ့ အသင်မင်းကြီးအား အနော်ရထာမင်းကြီးက နောင်ကြိုးဖွဲ့၍ လှံနဲ့ထိုးသောအခါ ကိုယ်ကိုမထိ နောင်ကြိုးကိုသာထိသဖြင့် ကြိုးပြတ်ပြီး လွတ်သွားသည်ကား ကျွန်ုပ်ပင် ကာယ်ဆယ်စောင်မ ခဲ့သည် မဟုတ်ပါလော။

---

**စိတ်ကူးသစ်စာပေ**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ငရန်မန်ကန်းနဲ့ စစ်တိုက်စဉ်ကလည်း အရေးနိမ့်ပြီး ညှိုး နက်သန်းခေါင် မှောင်ကြီးမည်းမည်း တစ်ယောက်တည်းပြေးလာတဲ့အခါ က ဖွတ်ရေဝတ်ရုံဝတ် မြင်းကျားကြီးစီးပြီး ရှေ့က ခရီးညွှန်သူကား အကျွန်ုပ်ပင် မဟုတ်ပါလော။ စောလူးမင်းကို ခိုးယူစဉ်အခါ လူများ လိုက်၍ ပန်းဟိုက်ကြီးစွာ ရေထဲကူးစဉ် ကျွန်းငယ်တစ်ခုကိုဖန်ဆင်း ပြီး မြစ်ထွေးငှက်ယောင်ဆောင်ကာ ပြည်တွန်လမ်းညွှန်သူကား ကျွန်ုပ် ပင်မဟုတ်ပါလော။ တံငါသည်သားအဖယောင်ဆောင်၍ အောင်သာ ဘက်သို့ရောက်အောင် ပို့ဆောင်သူကား ကျွန်ုပ်ပင်မဟုတ်ပါလောလို့ မေးမြန်းခဲ့တာတဲ့ ... ငါ့မြေးရဲ့"

"ဟုတ်လား အဘ။ အဲဒီတော့ ..."

"အဲဒီအခါကျတော့ ကျန်စစ်သားမင်းကြီးက အသင်ပြော သိရပါတယ်ဆိုပြီး ကူညီစောင်မဖူးတဲ့ ကျေးဇူးတွေရယ်၊ ဆုတောင်း ဖော် ဆုတောင်းဖက်ဖြစ်တာတွေရယ်ကို ထောက်ရှုပြီး နတ်ရုပ်၊ နတ် ကွန်းတွေ အသစ်တည်ဆောက်ပေးတယ်။ နတ်ထိန်း၊ နတ်နေတွေနဲ့ လည်း ထိန်းသိမ်းစောင့်ရှောက်ထားသတဲ့ကွ"

"ဪ ... ဒါဆို ဘဝဘဝပေါင်းများစွာက မေတ္တာသက်ဝင် ချစ်ခင်ကြဖူးတဲ့ ဆုတောင်းဖော်ဆုတောင်းဖက်တွေဟာ ဘဝပေါင်းများ စွာအထိ မေတ္တာသက်ဝင်ချစ်ခင်ပြီး ကူညီစောင်မတတ်ကြတာပဲနော်"

"ဒါပေါ့ ... ငါ့မြေးရဲ့။ လူအချင်းချင်းကော၊ မြင်အပ်၊ မမြင် အပ် ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ကော တစ်ဦးကိုတစ်ဦး အမျက်အငြိုးမရှိအောင် နေထိုင်ကျင့်သုံးရတယ်ကွ။ ပြီးတော့ စိတ်တူ ကိုယ်တူ၊ ရည်ရွယ်ချက် အတူတူ ဖဝါး (၇) လှမ်းအတူလှမ်းဖူးရင်တောင် မိတ်ဆွေအဖြစ် သတ် မှတ်ရတယ်။ အချင်းချင်း မပစ်မှားကောင်းဘူးတဲ့ကွ။





တချို့ကတော့ အဲဒီလိုမဟုတ်ဘူး။ လူချင်းတွေ့ရင် အပြစ် အရင်ရှာချင်တာ။ နတ်တွေကိုလည်း ဘာထူးမလဲ မိစ္ဆာကောင်တွေ ဘာညာဆိုပြီးတော့ ဒေါသ၊ မောဟတွေနဲ့ ပြောတတ်၊ ဆိုတတ်ကြတာ ကွယ့်။ သူတို့ကို မပူဇော်ရင်နေ၊ မပသရင်နေ အဲဒီလိုတော့ မပြော သင့်ဘူးလေ။ ဥပမာ တစ်ခုကြည့် ...။

ရပ်ထဲရွာထဲမှာ မူးယစ်သောက်စားနေတဲ့ လူတစ်ယောက်ကို င်အရက်သမားပဲ ဘာပဲညာပဲနဲ့ ပြောကြည့်ပါလား။ အဲဒီလူ စိတ်ကောင်း ဝင်နေရင်တော်ရဲ့ မဟုတ်ရင် မူးပြီးရမ်းမှာပေါ့။ အစကမှ အရက်သမား မဟုတ်လား"

"ဟုတ်ကဲ့ အဘိုး။ အဘိုးပြောမှဘဲ အတော်အသင့် သဘော ပေါက်လာရတယ်"

"တစ်ခုတော့ရှိတယ် ... ငါ့မြေးရဲ့။ ဒီလိုနတ်စိမ်းတွေကို လွန် လွန်ကြူးကြူး အားကိုးအားထားပြုပြီး ပူဇော်ပသနေမယ်ဆိုရင်တော့ အယူလွဲပြီ၊ မိစ္ဆာဒိဋ္ဌိဖြစ်ပြီလို့ မှတ်ပေတော့။ ကျန်စစ်သားမင်းကြီးက င်းမဟာဂီရိနတ်ကို နတ်ကွန်းဆောက်ပြီး နတ်ထိန်း၊ နတ်နေတွေပေး ားတယ်ဆိုတာ ကျေးဇူးရှိလို့ ကျေးဇူးတုံ့ပြန်တာ။ လွန်လွန်ကြူးကြူး ားထားတာမဟုတ်ဘူး။

ဒါကိုမသိဘဲ နောက်လူတွေက ကျန်စစ်သားမင်းကြီးတောင် တ်ကိုးကွယ်တာပဲလို့ ယူဆရင်တော့ အယူလွဲပြီ၊ မိစ္ဆာဒိဋ္ဌိဖြစ်ပြီပေါ့ ယ်။ တကယ်တမ်း ကျန်စစ်သားမင်းကြီး ဘာကို အလေးအမြတ် ား ယုံကြည်ကိုးကွယ်ခဲ့တာလည်းဆိုရင်တော့ ပုဂံမှာရှိတဲ့ သူတည် ားကိုးကွယ်ခဲ့သော ဘုရားတွေ၊ စေတီပုထိုးတွေက သက်သေပဲမဟုတ် ဘူးလား.. ငါ့မြေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အဘ"

"အေးကွယ့် ...။ လောကမှာ အသက်ထက်ဆုံး ပူဇော် ကွယ်ထိုက်တာ၊ ယုံကြည်အားထားထိုက်တာ ရတနာသုံးပါးပဲကွ ရတနာသုံးပါးကို ဘယ်တော့မှမမေ့နဲ့။ ကြားလား"

"ဟုတ်ကဲ့ အဘိုး"

"အေး ... အကြောင်းတိုက်ဆိုင်လို့ တစ်ဆက်တည်းပြေ ဦးမယ်။ အင်း ... ဆုတောင်း ... ဆုတောင်း ... ဆုတောင်းမှာ လို့တယ်ကွယ့်။ ကျန်စစ်သားမင်းကြီးရဲ့ ဆုတောင်းဖော်ဆုတောင်း တွေကိုပဲကြည့်လေ ...။

မင်းတို့ကိုးကွယ်တဲ့ ရဟန်းဖြစ်လိုသော ရှင်အရဟံကဖေ ရဟန်းစစ်ရဟန်းမှန် ဖြစ်ခဲ့ပေမယ့် မင်းတို့ကိုးကွယ်တဲ့ နတ်ဖြစ်ချင် မင်းမဟာဂီရိကတော့ နတ်စိမ်းဖြစ်ရတာ။ အဲဒါ ဘာကြောင့်လဲ။ တောင်းကျင့်စဉ် စဉ်းစားစရာတွေ အများကြီး။ လမ်းမှားဖို့က အ ကြီးသကွ"

"ဟုတ်ကဲ့ အဘိုး။ အဘိုးပြောတော့မှပဲ ကျွန်တော် အ ကလေး တွေးခေါ်တတ်လာတယ်။ လောကမှာ အစစ်အမှန်နဲ့ အ အယောင်ကို တကယ်ခွဲခြားတတ်တဲ့လူက ရှားတယ်နော် အဘ။ လူ ဟာ အယူတွေလွဲပြီး ရတနာသုံးပါးကိုတော့ ကိုးကွယ်ရာ၊ လဲလျော် လို့ မမှတ်ယူကြဘဲ အစဉ်အလာက ကိုးကွယ်ခဲ့တာမို့ ဝတ်ကျေ ကျေ ကိုးကွယ်နေကြတာ။

အဲဒီလိုကိုးကွယ်ပြီး ငါဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တယ် ခံယူလိုက်ကြတယ်။ တကယ်တမ်း ဗုဒ္ဓဘာသာဝင်တွေ သိသင့်သိထိုက် တဲ့ အခြေခံဖာစ်မြစ်ကိုတော့ ဘာတစ်ခုမှမသိဘဲ အကြောင်းကြ





ခေါ်လာရင် ဘုရားကိုကိုးကွယ်တော့မလိုလို၊ နတ်ကို ပ,သတော့မလိုလို၊ ယိုးယောင်ယောင်သည်ယောင်ယောင် ကိုးကွယ်နေကြတာ။ လောကမှာ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ မှီခိုအားထားရာ အစစ်အမှန်က ရတနာ သုံးပါးပဲရှိတာ ... ငါ့မြေးရဲ့။

ရတနာသုံးပါး ... အင်း ... ရတနာသုံးပါးကိုတော့ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆသဘောထားရင် မိစ္ဆာထက်မိုက်တဲ့သူတွေဖြစ် သိမ့်မယ်။ မိစ္ဆာထက်မိုက်တဲ့သူတွေ အင်း ... ဒီလိုသာ မိုက်ကြရင် တော့ဖြင့် ...။

ကျွန်တော်တို့နှစ်ယောက် စကားပြောကောင်းနေလိုက်တာ။ အဘိုးရဲ့နာရီကြီးက တခင်ခင်ထိုးတော့မှ နာရီကို မီးထိုးကြည့်လိုက်မိ တယ်။ ဆယ်နာရီတောင် ထိုးနေပါပကော။

"အဘိုး ... ဆယ်နာရီတောင်ထိုးပြီ"

"ဟုတ်လားကွ ... စကားကောင်းနေလိုက်တာ"

"အဘိုးလည်း ပုတီးစိပ်ရဦးမယ်မဟုတ်လား။ ကျွန်တော် ပြန် တော့မယ်။ နောက်တစ်ညမှ တို့မြေးအဘိုး စကားဆက်ကြတာပေါ့"

ဟုဆိုကာ ကျွန်တော် အဘိုးကို နှုတ်ဆက်ပြန်လာခဲ့တယ်။ တောရွာကလေးဖြစ်တာကြောင့် ည(၁၀)နာရီမှာ လူခြေကလည်းတိတ်၊ ကလည်း မှိတ်ကုန်ကြပြီ။ မှိုင်းပျပျ လရောင်ရိပ်အောက်မှာ မလှုပ်မ ှက် ... ရှလျက်ရှိသော ရွာထိပ်က ကညင်ပင်ကြီးဆီသို့ အမြင်အာ ရောက်အသွားမှာတော့ ကျွန်တော်တို့ရွာရဲ့ အစဉ်အဆက်ပြောစကား ဖြစ်တဲ့ ကညင်ပင်ကြီးမှာ ရက္ခစိုးကြီးရှိတယ်ဆိုတဲ့ အသိက ကျွန်တော့် ကို နှိုးဆွနေသလိုလို။ တစ်ဆက်တည်းမှာပဲ အိမ်မက်ထဲမှာရော၊ အပြင်



www.burmeseclassic.com


www.burmeseclassic.com



မှာပါ တွေ့မြင်ဖူးတဲ့ သူယောင်မယ်ရဲ့ အပြုံးမျက်နှာက ကျွန်တော့်နှလုံးသားကို နွေးထွေးလာစေသလိုလို။ ဩ . . . သူယောင်မယ်ရယ်၊ မင်းနဲ့ငါတို့ဟာ ဘဝအဆက်ဆက်က ခင်မင်ရင်းနှီးလာခဲ့ဖူးတဲ့ မိတ်ဆွေကောင်းတွေထင်ပါရဲ့နော်။ မင်းတတ်စွမ်းတဲ့ ဆေးပညာကို ငါလေးစားပါတယ် သူယောင်မယ်ရယ်။ မင်းတတ်တဲ့ ဆေးပညာနဲ့ လောကသတ္တဝါတွေကို စောင့်ရှောက်နိုင်ပါစေ။ မင်းနဲ့ငါလည်း သံသရာဘဝတစ်ကွေ့မှာ ပြန်လည်ဆုံတွေ့နိုင်ပါစေ။

နန်းမွှေရည်

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၃၃၀၅၁၂


www.burmeseclassic.com